www.burmeseclassic.com

ဒဂုန်တာရာ

# သုံးနှစ်သုံးမိုးပိုးထီးငုဝါပွင့် အပြာနု

# THREE YEARS

ANTON CHEKHOV



www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၂၉၆/၉၆(၆) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၉၀/၉၆(၁၀) |
| ကွန်ပျူတာစာစီ | – | အရှေ့တိုင်း၊ အမှတ်၁၅၂၊၃၇လမ်း၊ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်း ဖိုတိုလစ်သို | – | ဦးထွန်းဆိုင်နှင့်အဖွဲ့ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – | ဦးကျော်စိန်၊ ကျောက်စိမ်းပုံနှိပ်တိုက် အမှတ်၁၇၁၊၃၃လမ်း၊ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဦးလှငွေ၊ လှငွေစာပေ၊ အမှတ်၂၅၁၊၂၆လမ်း၊ တာမွေ။ |
| စာအုပ်ချုပ် | – | ကိုမြင့် |
| ဖြန့်ချိရေး | – | ဝါမိုးအောင်စာပေ၊ အမှတ် ၅၀၊ ၄၃လမ်း၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | – | ပထမအကြိမ် |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၆၀ ကျပ် |

မျက်နှာဖုံးပန်းချီ–ဗဂျီအောင်စိုး
မျက်နှာဖုံးဒီဇိုင်း–ကျော်မင်းမောင်
(၁၉၉၆၊ ဒီဇင်ဘာ)



[illegible]
[illegible]
[illegible]


www.burmeseclassic.com

www.burmeseclassic.com

## ပျှန်းရွှေအိမ် မှ ထုတ်ပြီးစာအုပ်များ

စာအုပ်အမှတ် –၁/ ဝတ္ထု–၁
မိုးငြိမ်း– နွေနေအောက်မှာ ..... ကြွေ (၁၉၉၃၊ ဇူလိုင်)

စာအုပ်အမှတ်– ၂/ ကဗျာ–၁
ကောင်းသာ(မြန်မာပြန်)–တဂိုး၏နောက်ဆုံးကဗျာများ (၁၉၉၃ဒီဇင်ဘာ)

စာအုပ်အမှတ်–၃/ ဝတ္ထုတိုပေါင်းချုပ်–၁
မိုးငြိမ်း ဝတ္ထုတိုပေါင်းချုပ်–၁ (၁၉၉၄–ဇွန်)

စာအုပ်အမှတ်–၄/ ကဗျာ–၂
သိန်းသန်းထွန်း– ပန်းမွှင့်ငှက်၏တေးသံများ (၁၉၉၄၊ ဇူလိုင်)

စာအုပ်အမှတ်–၅/ ကဗျာ–၃
မောင်ချောနွယ်– ရထား (၁၉၉၄၊ နိုဝင်ဘာ)

စာအုပ်အမှတ်–၆/ ဝတ္ထုရှည်စုစည်းမှု–၁
ထင်လင်း– ချစ်သူရင်ခွင်ထက်၌အိပ်စက်ခြင်း (၁၉၉၅၊မတ်)

စာအုပ်အမှတ်–၇/ ဝတ္ထုတိုပေါင်းချုပ်–၂
ကိုဆွေ– လိမ္မော်သီးတစ်လုံး

စာအုပ်အမှတ်–၈/ ဝတ္ထု–၂
ခင်နှင်းယု– ဘယ်သို့သောအကြောင်းကြောင့် (၁၉၉၅၊နိုဝင်ဘာ)

စာအုပ်အမှတ်–၉/ ဝတ္ထုရှည်စုစည်းမှု–၂
ဒဂုန်တာရာ+ကြည်အေး– အိပ်မက်အပြင်ကလူ (၁၉၉၆၊ ဇွန်)

စာအုပ်အမှတ်– ၁၀/ ကဗျာ–၄
ကောင်းသာ (မြန်မာပြန်)– အာသီသသစ်ပင် (၁၉၉၆၊ ဒီဇင်ဘာ)

ပျှန်းရွှေအိမ် စာအုပ်အမှတ်– ၁၁/ ဝတ္ထု– ၃

# ဒဂုန်တာရာ

# သုံးနှစ်သုံးမိုးသိုးထီးငုဝါပွင့် အပြာနု

# THREE YEARS

## ANTON CHEKHOV

PRESENTED BY KO ZAW, KO AUNG & KO NAING

ပျှန်းရွှေအိမ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ထုတ်ဝေပြီးစာအုပ်များ


| | | |
|---|---|---|
| ၁။ ဓမ္မ | ပထမ | ၁၉၄၁ |
| | ဒုတိယ | ၁၉၄၇ |
| | တတိယ | ၁၉၆၃ |
| | စတုတ္ထ | ၁၉၇၄ |
| ၂။ ဒဂုန်တာရာ၏ဒဂုန်တာရာ | | ၁၉၅၁ |
| ၃။ ဂန္ထလရာဇ် | | ၁၉၅၂ |
| ၄။ ရုပ်ပုံလွှာ | ပထမ | ၁၉၅၅ |
| | ဒုတိယ | ၁၉၆၃ |
| ၅။ စပယ်ဦး* | ပထမ | ၁၉၆၁ |
| | ဒုတိယ | ၁၉၉၂ |
| ၆။ သလကဲ့ | | ၁၉၆၂ |
| ၇။ ကြာပန်းရေစင် | | ၁၉၆၃ |
| ၈။ လရောင်ရွှန်းမြသော ညတစ်ည | | ၁၉၆၄ |
| ၉။ စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု | | ၁၉၆၇ |
| ၁၀။ ဒဂုန်တာရာ၏ ဒဂုန်တာရာနှင့်သူ၏ကဗျာ | | ၁၉၆၇ |
| ၁၁။ မှူးယစ်ဝေသော နွေဦးညများ | | ၁၉၆၈ |
| ၁၂။ ဝတ္ထုတိုပေါင်းချုပ် | ပထမ | ၁၉၆၉ |
| | ဒုတိယ | ၁၉၇၄ |
| ၁၃။ အယ်ဒီတာစားပွဲ၊ စာပေ၊ အနုပညာဝေဖန်ရေးနှင့် ပန်းနုရောင်အို | | ၁၉၇၁ |
| ၁၄။ ရောဝတီ၊ ယန်စီ၊ ဗော်လဂါ | | ၁၉၇၂ |
| ၁၅။ စာလုံး၊ ဆေးစက်၊ စောင်းကြိုးနှင့်ကတ္တီပါကားလိပ် | | ၁၉၇၄ |
| ၁၆။ သစပ်သင်းပြန့်တော့ | | ၁၉၇၄ |
| ၁၇။ ဒို့ခေတ်ကိုရောက်ရမည်မှာမလွဲပါ | | ၁၉၇၉ |
| ၁၈။ မာယာ | | ၁၉၈၁ |
| ၁၉။ ကြယ်ရိပ်ပန်းနု | | ၁၉၈၃ |
| ၂၀။ စိမ်းမြရော | | ၁၉၈၄ |
| ၂၁။ လရောင်ရွှန်းမြသောညတစ်ညနှင့်အခြားဝတ္ထုရှည်များ | | ၁၉၈၅ |
| ၂၂။ စန္ဒရားဆရာ သို့မဟုတ် မဟာအချစ် | | ၁၉၈၅ |
| ၂၃။ သုနုပရန္တ | | ၁၉၈၅ |
| ၂၄။ အိုင်းမက်အပြင် ကာလ (ကြည်အေးနှင့်) | | ၁၉၈၆ |


* စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ်ဆုရစာအုပ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ဒုတိယအကြိမ်အမှာ

(က)

"သုံးနှစ်သုံးမိုးပိုးထီးငုဝါပွင့်အကြာနဲ့" ဝတ္ထုမှာသူ၏ ပင်ကိုယ်ဝတ္ထုမဟုတ်၊ ရုရှားစာရေးဆရာ ချက်ကော့၏ "သုံးနှစ်" ဆိုသော ဝတ္ထုကို မှီး၍ ဘာသာပြန်ထားသော ဝတ္ထုဖြစ်သည်။ ပင်ရင်း ရုရှားအမည်များကို မသုံးဘဲ မြန်မာအမည်များကိုသာသုံးထားသောကြောင့် မှီငြမ်းသည့် ဘာသာပြန်တစ်မျိုးဖြစ်သည်။ မူရင်းဘာသာမှာ ရုရှားဖြစ်သော်လည်း သူက အင်္ဂလိပ်ဘာသာပြန်မှ တစ်ဆင့်ယူသည်။ မူရင်းဝတ္ထုအတိုင်း ခံစားမှုပါအောင် ကြိုးစားဖွဲ့နွဲ့ထားသည်။ သူသည် ချက်ကော့၏ ဝတ္ထုတို အတော်များများကို မှီး၍ ဘာသာပြန်ဖူးသည်။ သူကြိုက်သည့် ဝတ္ထုရေး ဆရာထဲတွင် ချက်ကော့ပါသည်။ အကြိုက်ဆုံးထဲတွင် ပါသည်ဟု ပြော၍ရသည်။

**ယွန်းရွှေအိမ်**

www.burmeseclassic.com

www.burmeseclassic.com

"မူးယစ်ဝေသော နွေဦးညများ" စာအုပ်တွင် သူ ဘာသာပြန်မှီးထားသော ချက်ကော့၏ ဝတ္ထုတိုလေးများ ပါရှိသည်။ ချက်ကော့မှာ ဆိုဗီယက်ခေတ်တွင် ပေါ်ထွန်းသော စာရေးဆရာမဟုတ်၊ ဆိုဗီယက်ပြည်ထောင်စုမပေါ်မီ ဇာဘုရင်လက်ထက် ရုရှားပြည်တွင် ကျော်ကြားခဲ့သော ကမ္ဘာကျော် ဝတ္ထုရေးဆရာဖြစ်သည်။ ဥရောပစာပေတွင် ပြင်သစ်စာပေ ရုရှားစာပေတို့သည် ကမ္ဘာတွင် ထင်ရှားလှသည်။

(ခ)

ခေတ်ပေါ်ဥရောပစာပေတွင် ပြင်သစ်စာပေသည် အရေးကြီးသော အခန်းမှပါဝင်သည်။ သူ့သဘောအရဆိုလျှင် အင်္ဂလိပ်စာပေထက်ပင် အရေးကြီးသည်။ ပြင်သစ်စာပေ၏ ဩဇာမသေးလှ၊ ရုရှားစာပေ၏ ဩဇာသည်လည်း မသေးလှ။

တော်စတွိုင်း၏ "စစ်နှင့်ငြိမ်းချမ်းရေး" သည် ကမ္ဘာကျော် ဝတ္ထုကြီးဖြစ်သည်။ ဥရောပတွင်သာ ကျော်သည်မဟုတ်၊ အရှေ့၊ အနောက်၊ အာရှ၊ အာဖရိကစသည့် ကမ္ဘာတဝှမ်းတွင်လည်း ကျော်ကြားသော ဝတ္ထုဖြစ်သည်။



ချက်ကော့ဝတ္ထုကို သူကြိုက်သည်မှာ အခြားကြောင့်မဟုတ်၊ ချက်ကော့သည် လူ၏ ရုပ်ပုံ လူ၏ စိတ်နေစိတ်ထား လူပ်ရှားမှုသဘာဝတို့ကို ဖွဲ့နိုင်သောကြောင့်ဖြစ်သည်၊ လူ့အကြောင်းကို ချက်ကော့ ကောင်းကောင်းသိသည်။ လူ၏ နောက်ခံကားဖြစ်သော လူ့အဖွဲ့အစည်းကိုလည်း ချက်ကော့ ကောင်းကောင်းသိသည်။ သိသည့်အတိုင်း ကောင်းစွာဖွဲ့သဖြင့် အင်မတန်လှပသည်။ စကားပြေလည်း ကျစ်လစ်သိပ်သည်းလှပသည်။ နက်နက်နဲနဲနှင့်သရုပ်ဖော်နိုင်သည်။ ဒါကို သူကြိုက်သည်။ ထို့ကြောင့်ပင်လျှင် ချက်ကော့၏ 'သုံးနှစ်' ဆိုသော ဝတ္ထုကို ဘာသာပြန်လိုက်ဖြစ်သည်။ မြန်မာစာပေ ပရိသတ်တို့ ဝတ္ထုကောင်း ဖတ်စေလိုသောကြောင့်ဖြစ်သည်။ ဇာတ်ကောင်အမည်များကို မြန်မာအမည်များ ပေးခြင်းကတော့ ယင်း၌ခံစားမှုပို၍ ရရှိစေရန်ဖြစ်သည်။ ရုရှားအမည်များနှင့်ဆိုလျှင် စိမ်းနေမည်ဟု သူကထင်ထားသည်။

လူဆိုသည်က ရုရှားမှာဘဲဖြစ်ဖြစ်၊ အမေရိကမှာဘဲဖြစ်ဖြစ်၊ အာဖရိကမှာဘဲ ဖြစ်ဖြစ်အတူတူဘဲ၊ လူသည်လူ၊ ထို့ကြောင့်ပင်လျှင် သူသည် လူ့အကြောင်း ကောင်းကောင်းဖွဲ့နွဲ့သည့် ချက်ကော့ကို မြန်မာဆန်ဆောင် ဖွဲ့နွဲ့



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ နှလုံးသားကတော့ အတူတူပင်၊ ဘာခြားနားမှာလဲ ရင်ခုန်သံလည်း အတူတူ ဘာခြားနားမှာလဲ။

(၈)

ယခုဝတ္ထုသည် အချစ်ဝတ္ထုဖြစ်သည်။ သူက အချစ်ဝတ္ထုအဖြစ် ကြိုက်၍ ဘာသာပြန်ခြင်းဖြစ်သည်။ ချက်ကော့ဝတ္ထု၏ နောက်ခံကားမှာ ဇာဘုရင်လက်ထက် အရင်းရှင်စနစ် ဖွံ့ဖြိုးစကာလ ဖြစ်သည်။ ယနေ့ခေတ်နှင့်မဟူ။ ယင်းခေတ်မျိုးကို သူက မန္တလေးမြို့ကို သတိရကာ ချက်ကော့ထဲက ပါသော စိန့်ပီတာစဘတ် (ဆိုဗီယက်ခေတ်တုန်းကတော့လီနင်ဂရတ်) ကို ရတနာပုံဟု မြန်မာမှုပြုလိုက်သည်။

အချစ်ဝတ္ထုဆိုသဖြင့် မချစ်သည့်ကိစ္စကစ၍ပါသည်။ ဖြူကြာပွင့်သည် စန်းငွေလှိုင်ကိုကြိုက်သူမဟုတ်၊ ချစ်သည်မဟုတ်ဘဲနှင့် လက်ထပ်လိုက်ရသည်။ ဒါကိုသူကြိုက်သည်။ ထို့နောက်သူတို့နှစ်ယောက်သည် လင်မယားဘဝဖြင့် လူ့အဖွဲ့အစည်းကြီးတွင် နေထိုင်ရင်း နောက်ဆုံးတွင် သူမသည် စန်းငွေလှိုင်ကို ချစ်သွားသည်။ ဒါကို သူအကြိုက်ဆုံး။

သူကြိုက်၍သာလျှင် ဤဝတ္ထုကို ဘာသာပြန်ဖြစ်



BURMESE CLASSIC .com

သွားသည်။ အချစ်ဆိုသည်ကိုပေါ့ပေါ့ထား၍မရ။ တပ်မက်ကာမအချစ်ဟူ၍ မှတ်ယူထား၍မရ။ အမျိုးသားနှင့် အမျိုးသမီးတို့ ဆက်သွယ်ရင်း တစ်ယောက်အကြောင်း တစ်ယောက်နားလည်သိရှိသွားသောအခါ ချစ်သွားရသည်။

အချစ်ဒဿနဗေဒကို ချက်ကော့က ကောင်းကောင်းဖွဲ့နိုင်သည်။ လူ့သဘာဝဖွဲ့လျှင် လူ့အဖွဲ့အစည်းမပါ၍မဖြစ်၊ အချစ်ဝတ္ထုတွင် လူ့သဘာဝမပါ၍မဖြစ်၊ လူလူချင်း ချစ်ရာတွင် လူ့သဘာဝကို ပီပီသသ မဖွဲ့နိုင်လျှင် ဝတ္ထုရှည်မဖြစ်။ ချက်ကော့သည် အသက်ပါသော ကျစ်လစ်သော စကားပြေဖြင့် ဖွဲ့နွဲ့သည်။ ယင်းသို့ ချက်ကော့၏ အလှကို သူနိုင်သမျှ ဘာသာပြန်နိုင်လျှင် လှပအောင် ဘာသာပြန်နိုင်လျှင် သူဘာသာပြန်ရကျိုး ဖွဲ့နွဲ့ရကျိုးနပ်ပြီဟု ကျေနပ်ရပေမည်။

အချစ်ဆိုသည်မှာ မချစ်ရာမှပင် ချစ်လာနိုင်ပါတကား၊ ချစ်ခြင်းသည် ဘဝ၏ ငြိမ်းချမ်းရေး၊ ဘဝ၏ အလှအပ။

ဒဂုန်တာရာ

၁၈-၁၀-၉၆



www.burmeseclassic.com

www.burmeseclassic.com

(၁)

မှောင်လျက်ပင် ရှိနေပေသေးသည်။ ဟိုမှဒီမှ ပြတင်းပေါက်ရှိ မီးရောင်များမှတပါး၊ လမ်းတဖက် အဝေးရှိ စစ်တန်းလျားနောက်မှ ပေါ်နေသော ဖျော့တော့ တော့ လ,ဝန်း၏ အရောင်မှတပါး။ စန်းငွေလှိုင်သည် သူ၏ အိမ်ရှေ့ရှိထိုင်ခုံ၌ ထိုင်ကာ ရှင်ရဋ္ဌပိတ၏ ရှင်ပေါ်လွှသုမ္မော ဘုရားရှိုးခိုးကျောင်း ညဥ့်ဦးယံ ဆုတောင်းပတ္တနာ ပွဲအပြီးကို စောင့်လျက် ရှိနေပေသည်။ ဖြူကြာပွင့်သည်သုမ္မောမှ အိမ်အပြန် ဤလမ်းမှပင် လာရပေမည်ဟု သူမျှော်လင့်ထားသည်။ သူမကို စကားပြောရမည်။ ညဥ့်ဦးယံ တစ်ချိန်လုံးသူမနှင့်ပဲအချိန် ကုန်စေရမည်။

သူသည် တနာရီ ကျော်ကျော်ပင် စောင့်နေရကာ၊ သူ၏အတွေးသည်ရတနာပုံမြို့တော်ရှိ သူ၏ အိမ်ခန်း၊



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရတနာပုံမှ သူ့ဆွေမျိုးများ၊ သူ့လက်စွဲတော် နန္ဒိယ၊ သူ့စာကြည့်ခန်းမှ စာရေးစားပွဲ စသည်အပေါ်သို့ လွင့်ပါး နေသည်။ သူသည် မှောင်သော၊ မလှုပ်မယှက်ငြိမ် သက်သောသစ်ပင်များကို ငေးစိုက်ကြည့်ကာ တွေးနေ သည်။ အင်ကြင်းမြိုင်လိုနေရာ၌ တောအိမ်လေး ငှားထား မည့်အစား၊ ဤတောမြို့ကလေး၌ နေရတာကမှ ကောင်း သေးတော့။ ဘယ်လောက်ဆန်းသလဲ။ နွားများဖြတ်သွား လျှင်ဖုံလိပ်တွေဖြင့်ပိန်းပိတ်နေကာ၊ မနက်ကော ညနေ စောင်းကော ကျွဲချိုမှုတ်သံတို့ဖြင့်ညံစီနေပေသည်။ တဖန် သူ၏ အတွေးသည် ရတနာပုံရှိ သူ၏ မိတ်ဆွေများနှင့် အဆုံးမရှိသော ငြင်းခုံခြင်းများသို့ လွင့်သွားပြန်သည်။ အချစ်မရှိပဲ ဘဝတွင် နေလို့ရခြင်း၊ အချစ်ဆိုတာ စိတ္တဇ ရောဂါတမျိုး၊ နောက်ဆုံးတော့ အချစ်ဆိုတာ ရှိကိုမရှိတဲ့ အကြောင်း၊ ဒါပေမယ့် ရှိတာကလိင်နှစ်မျိုးချင်း၊ကိုယ်ကာ ယအားဖြင့်ဆွဲမက်တာသာရှိခြင်းစသည်......။ ခုနေ အခါ တယောက်ယောက်က သူ့ကိုအချစ်အကြောင်း မေးလာလျှင် တော့၊ ဘာပြန်ပြောရမလဲ။ ခပ်ခက်ခက်ဟု ဝမ်းနည်းစွာ တွေးနေပြန်သည်။

ဆုတောင်းပတ္တနာပွဲကား ပြီးသွားပေပြီ။ ပရိသတ် ကြီးသည် သုမဇ္ဈာဘုရားကျောင်းမှ ဖိတ်ကျလာပေပြီ။ စန်းငွေလှိုင်သည် လမ်းပေါ်ရှိ လှုပ်ရှားနေသော မဲမဲ





သဏ္ဌာန်များကို ရှာဖွေကြည့်နေသည်။ ဆရာတော်သည် သူ၏ မြင်းရထားနှင့် ပြန်ကြွသွားပေပြီ။ ချူးသံပင် မကြား ရတော့ပြီ။ ဆုတောင်းပွဲအား ဂုဏ်ပြုသောအားဖြင့် ခေါင်း လောင်းစင်၌ ထွန်းညှိထားသော အနီနှင့်အစိမ်း မီးရောင် များပင် တစ်ခုပြီးတစ်ခု ငြိမ်းသွားပေပြီ။ သို့သော် လမ်းမပေါ်၌ကား၊ လမ်းလျှောက် အိမ်ပြန်ကြသော၊ သို့မဟုတ် အိမ်ပြတင်းပေါက်နား၌ ရပ်စကားပြောကြ သော သူတို့နှင့် ပြည့်လျှက်ရှိနေပေသည်။ နောက်ဆုံး၌ ကား၊ စန်းငွေလှိုင်သည် သူကြားဘူးသော အသံကို ကြားလာရကာ၊ သူ၏ ရင်ခုန်သံသည် မြန်လာသည်။ သို့သော် ဖြူကြာပွင့်မှာ တစ်ယောက်ထဲ မဟုတ်၊ အခြား အဖော် အမျိုးသမီးနှစ်ယောက်နှင့်။

လမ်းထောင့်၌ ဖြူကြာပွင့်သည် ရပ်ကာ သူ့ အဖော်များနှင့် လမ်းခွဲပြီး ကြည့်လိုက်ရာ၊ စန်းငွေလှိုင်ကို သွားမြင်သည်။

"မဖြူကြာပွင့် အဖေဆီကို ခုပဲ လာမလို့၊ သူအိမ်မှာရှိလား ..."

"ရှိလောက်ပါတယ်၊ ကလပ်သွားဘို့က စောပါ သေးတယ်..."

လမ်းမကြီးမှာ သစ်ပင် ပန်းခြံများ တစ်ဖက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက် သွယ်တန်းလျက်ရှိသည်။ လ,ရောင်ပြက်၌ကား တစ်ဖက်ရှိ ခြံဝင်းတံခါးနှင့် ခြံစည်းရိုးများ၌ အမှောင်ရိပ် ကျလျက် ရှိနေသည်။ စီတန်းလျက်ရှိသော အရပ်ရှည်ရှည် သံပုရာပင်များ၏ အရိပ်ကြောင့် အမှောင်ထဲမှာပင် အမျိုးသမီးများ၏ တွတ်တွတ်ထိုးသံများ၊ တခစ်ခစ် ရယ်သံများနှင့် မယ်ဒလင်ခတ်သံ ညှင်းညှင်းညံ့ညံ့များ ထွက်ပေါ်လာကြသည်။ ဤအသံများ၊ သံပုရာဖူးသင်းမြမြနှင့် ကောက်လှိုင်းထုံ ရနံ့များသည် သူ့ကို စိတ်လှုပ်ရှားစေပေသည်။ သူ့အဖော်အား ဖက်ပစ်လိုက်ချင်နေသည်။မျက်နှာ၊ လက်နှင့် ပခုံးပေါ်သို့အနမ်းမိုးပက်ဆန်းလိုက်ချင်သည်။ ကိုယ်ကိုပစ်လှဲကာ သူမ၏ ခြေရင်း၌ ငိုရှိုက်ရင်း၊ ဘယ်လောက်များ ကြာကြာစောင့်နေရတယ်ဆိုတာ မင်းသိရဲ့လားကွယ်ဟု ပြောလိုက်ချင်စမ်းပါဘိကွယ်။ သူမ၏ ပုဂ္ဂလ၌ ငြိတွယ်လျက်ရှိနေသေးသော၊ သတိမရချင်သော အမွှေးတိုင် ရနံ့။ သူလဲပဲ ဘုရားသခင်ကို ယုံကြည်နေသော၊ ဆုတောင်းပွဲများကို တက်ခဲ့သော ကာလများကို အမှတ်ရစေသည်။ သန့်ရှင်းစင်ကြယ်၍ ကဗျာဆန်သော အချစ်ကို တမ်းတသော ကာလ။ တကယ်ကတော့ ဖြူကြာပွင့်က သူ့ကို မချစ်တာကိုလည်း သိနေသည်။ သူ အိပ်မက်မက်ခဲ့သော ပျော်ရွှင်ခြင်းကို ဘယ်တော့မှ ရမှာ မဟုတ်ဟု ခံစားနေပေသည်။





သူမက မကျန်းမာလျက်ရှိသော သူ၏အမ မမခင်မေဆက်လှိုင် အကြောင်းကို ကြင်နာစွာ ပြောဆိုနေပေသည်။ လွန်ခဲ့သော နှစ်လက ခင်မေဆက်လှိုင်သည် အနာ့ပဆုပ်ရောဂါကြောင့် ခွဲစိတ်ကုသခြင်း ခံခဲ့ရပြီးနောက်၊ ယခုအခါ ရောဂါပြန်ထလာသည်။

"မနက်ကတောင် ကျမ မမလှိုင်ဆီ ရောက်သေးတယ်။ ကြည့်ရတာ အရင်ကနဲ့ မတူဘူးတောင် ထင်မိတယ်။ အရင်ကထက်တော့ ပိုပိန် မသွားဘူး၊ ဒါပေမယ့် တနည်းမဟုတ်တနည်းအားဖြင့်တော့ ညှိုးကျသွားတယ်နော် ...."

"ဟုတ်တယ်ဗျ၊ ရောဂါပြန်ထတာတော့ မဟုတ်ဘူး၊ ဒါပေမယ့် တစ်နေ့တစ်ခြား အားနည်းအားနည်းလာတာတော့ တွေ့ရတယ်၊ ကြည့်ရင်းကိုဘဲ .... အဲဒါ ဘာဖြစ်တာ လဲ မသိဘူးနော်၊ သိပ်သနားတာဘဲ ...."

ဖြူကြာပွင့်သည် ခဏမျှ တိတ်ဆိတ်နေပြီးမှ "မမလှိုင်ဟာ ကျန်းကျန်းမာမာ – ဝဝကစ်ကစ် – ပါးမို့နီစွေးနဲ့နော်၊ အဲဒါများ တွေးမိရင် ... ရွှေမန်းသူလေးလို့ ဒီကသူ့ ကိုခေါ်ကြတာ၊ ခုနေ ဘယ်လောက်များ ရယ်ကြမလဲ၊ ထိုင်မသိမ်းနဲ့ မင်းသမီး အဝတ်ကလေးများ ဆင်ထားရင် သူနဲ့ သိပ်လိုက်တာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသီဟမှာ အိမ်၌ပင် ရှိနေသည်။ တောင့်တောင့်၊ မျက်နှာခန့်ခန့်၊ အပေါ်အကျီကရှည်ရှည်ဖားဖား၊ ဒူးထိရောက်သည်။ ခြေထောက်တိုသည်ဟု ထင်ရသည်။ သူ၏ စာကြည့်ခန်းတွင် အိတ်ထဲ လက်ထည့်ကာ၊ ပါးစပ်မှလည်း လုပ်နေကျအတိုင်း 'အင်–အင်–အင်–အင်' ဟု ညည်းရင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိသည်။ သူ၏ ပါးသိုင်းမွေးဖြူများမှာ ကားကားလွှင့်လွှင့်၊ သူ၏ ဆံပင်များမှာလည်း ပွယောင်းယောင်း မသပ်မရပ်၊ အိပ်ရာမှ ခုပဲ ထလာသကဲ့သို့။ သူ၏ စာကြည့်ခန်းမှာလည်း ဆရာဝန်ကဲ့သို့ပင် မသပ်မရပ်၊ ရှုပ်ပွေပွယောင်း၊ အနံ့အသက်မကောင်း။ ဆိုဖာရှိကုလားထိုင်များမှာ ဖွာလန်ကြဲ။ အခန်းထောင့်၌ စာရွက်ဟောင်းများ အထပ်လိုက်၊ ခွေးအိုမဟာက စားပွဲအောက်၌ ခွေလျက်။

သူ့သမီးက စာကြည့်ခန်းထဲ ဝင်လာပြီး သူ့အား "ဦးစန်းငွေလှိုင်က အဖေ့ကို တွေ့ချင်လို့တဲ့ အဖေ"

ဆရာဝန်သည် 'အင်–အင်–အင်–အင်' ဟု ညည်းသံပြုကာ ဧည့်ခန်းထဲသို့ သူတို့ကို ခေါ်ဆောင်သွားလေသည်။

သူသည်စန်းငွေလှိုင်အားလက်ဆွဲနှုတ်ဆက်ကာ–

"ဟုတ်ကဲ့ … ဘာသတင်းကောင်းများ ပါသလဲ"





ဧည့်ခန်းထဲ၌ကား မှောင်လျက်ရှိသည်။ စန်းငွေလှိုင်က ဦးထုပ်ကို ကိုင်ရင်း မတ်တပ်ရပ်ကာ မဖိတ်ခေါ်ပဲ ဝင်ရောက်လာရသည်ကို တောင်းပန်ပြီး၊ သူ့မမ ညကျအိပ်ပျော်အောင် ဘာလုပ်ရမလဲ၊ ဘာဖြစ်လို့တဖြည်းဖြည်းပိန်လာရသလဲ စသည်ကို မေးမြန်းနေသည်။ မေးရင်းလည်း စိတ်က မသက်မသာ ခံစားနေမိသည်။ မနက်ကပဲ ဒေါက်တာသီဟ လာစဉ်က သည်မေးခွန်းများပဲ မေးခဲ့ပြီးပြီ မဟုတ်လား ….။

"ရတနာ့ဘုံ မြို့တော်က အဓွတ္ထုကုဆရာဝန်များခေါ်ရရင် ဓါတ်တာဝင်းများ ကောင်းမလားလို့၊ အဲဒါ ဆရာ က ဘယ်လို သဘောရပါသလဲ" ဟု သူက ပြောလိုက်သည်။

ဆရာဝန်ကြီးသည်သက်ပြင်းချသည်။ ပခုံးနှစ်ဖက်ကိုတွန့်ကာ လက်များကို ဖြန့်ချလိုက်သည်။

ဆရာဝန်မှာ ရှင်းရှင်းကြီးအနိုမ်ခံရပေပြီ။တကယ်ကတော့ သူသည် လွန်စွာကို သဘောထား နုသူ။ ဆတ်ဆတ်ထိ မခံနိုင်။ သူ့ကို လူတွေက ယုံကြည်စိတ်မချကြ။ သူ့ကို ကောင်းစွာ နားမလည်ကြ၊ မလေးစားကြ။ လူနာများက သူ့ကို အသုံးချနေကျ။ သူ့အပေါင်းအသင်းများကလည်း သူ့အပေါ် အန္တရာယ်ပြုချင်ကြသည်ဟု တွေးထင်လျက် ရှိမြဲ။ သူသည်သူ့ကိုယ်ကိုမကျေမနပ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောပစ်ကာ သူ့လို အရူးတွေက ဒါမျိုးကို သည်းခံရမည်ဟု ပြောနေပေသည်။

ဖြူကြာပွင့်သည် မီးအိမ်ကို ထွန်းညှိလိုက်သည်။ သူမ၏ ဖျော့တော့တော့၊လေးတေးတေး ဟန်နှင့် မသွက်မလက်သော အမူအရာကို ကြည့်ခြင်းအားဖြင့် သူမမှာ ဆုတောင်းပွဲမှအပြန် ပန်းလျနေကာ နားနေချင်သည်ဟု စန်းငွေလှိုင်က သိလိုက်သည်။ သူမသည် ကတ္တီပါကွပ်ပျစ်ပေါ်တွင် ထိုင်ကာ၊ ပေါင်ပေါ် လက်တင်ပြီး မှိန်းနေသည်။ စန်းငွေလှိုင်က သူ့ကိုယ်သူ ရုပ်မချောဟု သိနေသည်။ လူပုံက ပုတုတု၊ ကိုယ်ခန္ဓာတည်ဆောက်ပုံက နည်းနည်းသေးသေး၊ ပန်းနုရောင်ပါးနှင့် ဆံပင်က ငယ်ထိပ်ကကျဲပြီး အအေးမခံနိုင်၊ သူ၏ မျက်နှာပုံပန်းမှာ သာမန် ချစ်စရာကြည့်ပျော် ရှုပျော်ထဲကပင် မဟုတ်။ အမျိုးသမီး များနှင့်မူ သူက မလှမပ။ ဟန်ပန်ကလွန်ကလား။ စကားများပြီး၊ သူ့အမူအရာမှာ တမင်လုပ်လုပ်ထားသည့် အမူအရာမျိုး။ ယခုအခါ သူသည် သူ့ကိုယ်သူ ကဲ့ရဲ့လျက် ရှိနေပေသည်။ သူနှင့်အတူ ရှိနေသည်ကို ဖြူကြာပွင့် ငြီးငွေ့ မသွားရအောင် သူသည် စကားစမြည်ပြောသင့် သည် ဆိုတာ သူသိပါသည်။ ဒါပေမယ့် ဘာအကြောင်း ပြောကြမလဲ။ သူ့အမေနေမကောင်းတာပဲ ထပ်ပြောရမလား။





သူသည် ဆေးသိပ္ပံအကြောင်း စတင်ပြောသည်။ ခါတိုင်း ပြောနေကျအတိုင်း၊ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထောပနာပြုသည်။ သူသည် ရတနာပုံ မြို့တော်၌ စတည်းချရိပ်သာ တစ်ခု ဖွင့်လှစ်ရန် လွန်ခဲ့သော ကာလ အတန်ကြာကပင် စီစဉ်လျာထားလျက်ရှိကြောင်း ကြေညာလိုက်သည်။ ကုန်ကျစရိတ် ခန့်မှန်းခြေ စာရင်းကိုပင် ရေးဆွဲပြီးပြီ။ အလုပ်သမားတစ်ယောက်'စတည်းချရိပ်သာ' သို့လာတည်းသော် ဂေါ်ဖီထုတ်ဟင်းချို ပူပူတပန်းကန်နှင့် ပေါင်မုန့်၊ သန့်ရှင်း နွေးထွေးသော အိပ်ရာ၊ စောင်ပါ။ အဝတ်အစား လှန်းရန် နေရာ၊ အဲဒါမှ တည်းခ တစ်ကျပ်ထဲ။

ဖြူကြာပွင့်မှာ သူရှိနေစဉ်တွင် တိတ်ဆိတ်လျက်ရှိနေသည်။ သို့သော် ထူးဆန်းသည်ကား၊ ချစ်သူတို့၏ မေတ္တာသိဖြင့် သူမဘာတွေးတောနေသည် ဆိုတာကို မှန်းကြည့်နေပေသည်။ သူမသည် အခန်းသို့ ပြန်မသွားသေး၊ အဝတ်အစား မလဲသေး၊ ဆုတောင်းပွဲက အပြန် လက်ဖက်ရည် မသောက်သေး၊ ဒါဖြင့် တစ်ခေါက်အပြင် ထွက်ဦးမည်လား။

စန်းငွေလှိုင်ကစိတ်ဂနာမငြိမ်ဖြစ်ကာ ဒေါက်တာ သီဟ အားပြောလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစတဲချရိပ်သာ စီမံကိန်းက အရင်တော့လဲ မလိုသေးပါဘူးဒေါက်တာရယ်"

ဒေါက်တာက သူ့ကို နားမလည်ကြည့်ဖြင့် ငေးစိုက်ကြည့်နေသည်။ ဘာဖြစ်လို့များ ဆေးသိပ္ပံနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဘာသာရပ်ကို ပြောနေပါလိမ့်ဟု အံ့သြလျက်ရှိသည်။

"တကယ်ကတော့လဲ ခန့်မှန်းခြေငွေစာရင်းက သိပ်လိုနေသေးတာ မဟုတ်ဖူးပေါ့လေ။ ချက်ချင်းလုပ်ရမှာ မဟုတ်ဘဲ၊ ကျွန်တော်စိုးရိမ်နေတာက စတဲချရိပ်သာ တည်ထောင်ရေးကို သာသနာတော် အကြောင်းပြုပြီး စားနေတဲ့ လူ့ဟန်ဆောင်တွေ ပရဟိတအဖွဲ့ဆောင်ရွက်တဲ့ စေတနာ့ဝန်ထမ်း အမျိုးသမီးတွေ လက်ထဲရောက်မှာ ကိုပါ၊ ဒီလို အမျိုးသမီးတွေ ပါလာရင် တကယ်ကောင်းတာတွေ ဖျက်ဆီးပစ်ကြမှာ "

ဖြူကြာပွင့်သည် ထကာ သူ့လက်ကို ဆွဲလိုက်သည်။

"ကျမကို ခွင့်လွှတ်ပါနော် ကိုစန်းငွေလှိုင်၊ ကျမ သွားစရာတစ်ခု ရှိပါတယ်၊ မမလှိုင်ကို ကျမက မေးကြောင်း ပြောလိုက်ပါ"

ဆရာဝန်ကမူ 'အင်-အင်-အင်' ဟု ညည်းဆိုလျက်ရှိမြဲ။

မှူနိုးရွှေအိမ်



ဖြူကြာပွင့်သည် ထွက်သွားပြီး မကြာခင်ပင် သူလည်း ဒေါက်တာသီဟကို နှုတ်ဆက်ကာ အိမ်ပြန်ခဲ့ပေသည်။ သံပုရာပင်များ၊ အမှောင်ရိပ်များ၊ တိမ်တိုက်များ၊ သဘာဝ၏ သာမန်ဖြစ်သော အလှများသည် သူ့အဖို့ တန်ဘိုးလဲ မရှိတော့။ လူတစ်ယောက်သည် မရေကျမနပ် ဖြစ်နေလျှင်၊ စိတ်မပျော်ရွှင်လျှင် သည်လိုဘဲ ဖြစ်တတ်သည် မဟုတ်လား။ လဝန်းသည် ကောင်းကင်ယံ၌ အမြင့်ကြီးနှင့်နေကာ သူ့အောက်ရှိ တိမ်တိုက်တို့ ကပ်ပြေး လိုက်နေကြပေသည်။ ဘယ်လောက်များ ရိုးအလိုက်တဲ့ တောမြို့ကလေးက လဝန်းပါလဲ။ ဘယ်လောက်များ သနားစရာကောင်းတဲ့ တိမ်တိုက်အလိပ်များပါလဲ။ သူသည် ဆေးသိပ္ပံနှင့် စတည်းချရိပ်သာအကြောင်း ပြောခဲ့သည်ကို သူ့ကိုယ်သူ ရှက်နေ၏။ နောက်တနေ့လည်း သူမကို မတွေ့ဘဲ မနေနိုင်၊ စကားမပြောရဘဲ မနေနိုင်။ သူမ၏ သွေးဆောင်မှုကို မခုခံနိုင်ဘဲရှိမည်ကို ကြောက်နေသည။ ဖြူကြာပွင့်ကလည်းသူကို နည်းနည်းမှ ဂရုမစိုက်တာကိုလည်းသိနေသည် မဟုတ်လား။ နောက်တနေ့လည်း ဒီလိုဘဲဖြစ်ဦးမှာဘဲ။ ဘယ်တော့များမှဆုံးတော့မှာပါလိမ့်။

အိမ်ပြန်ရောက်သောခါ သူသည် သူ့အမ အခန်းသို့

မှူနိုးရွှေအိမ်

www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

ခင်မေဆက်လှိုင်မှာ အပြင်ပန်းအားဖြင့် ကျန်းကျန်းမာမာဟုပင်ထင်ရပေသည်။ သူမကို လူမမာဟု မထင်ရ။ မျက်စိမှိတ်ကာ လဲလျောင်းနေစဉ် မျက်နှာ၏ ဖြူဖျော့ခြင်းက လူသေပုံ ပေါက်နေသည်ကိုသာ မမြင်ရလျှင်။

သူမ၏ အကြီးဆုံးသမီး အသက်ဆယ်နှစ်အရွယ် ခင်ပိတောက်။ သူမအောက်ခြေထိုင်ကာ ကျောင်းစာအုပ်ကို ဖတ်ပြနေသည်။

"ဟော...... စန်းငွေလှိုင်တောင် ပြန်လာပြီ" ဟုလူမမာ တိုးတိုး ပြောလိုက်သည်။

အတော်ကြာကပင်စကားမပြောရဘဲနေရာလည်းမှ ရထားသည့်အတိုင်းပင်ခင်ပိတောက်နှင့်သူမဦးလေးသည်လူမမာ အိပ်ရာကိုကြည့်လိုက်ကြပေသည်။ ခင်ပိတောက်သည် စာအုပ်ပိတ်ကာ စကားတခွန်းမှ မဟဘဲ အသာကလေး အခန်းထဲမှ လျှောထွက်သွားလေသည်။ စန်းငွေလှိုင်သည် မှန်တင်ခုံပေါ်မှ ရာဇဝင်ဝတ္ထုတာပုဒ်ကိုယူလိုက်ကာ၊ လိုချင်သော စာမျက်နှာကိုတွေ့၍ အသံကျယ်စွာပင် ဖတ်ပြနေပေသည်။

ဒေါ်ခင်မေဆက်လှိုင်ကား၊ ရတနာပုံမြို့တော်ချက်မြှုပ်ပင်ဖြစ်သည်။ သူမနှင့် မောင် အငယ်နှစ်ယောက်စလုံးပင် မြောက်ပြင်၊ စိန်မြရဲချယ်လမ်းရှိ ဖခင် ကုန်သည်ကြီး၏





အိမ်၌ ငယ်စဉ်ကလေးဘဝမှ အပျိုဘဝအထိ နေထိုင်ကြီးပြင်းခဲ့ကြသည်။ သူတို့၏ ငယ်စဉ်ဘဝကား စိတ်ဓာတ်ကျစရာ၊ ထိုင်းမှိုင်းရီမှောင်သော ရှည်လျားသောဘဝပင်။ ဖခင်သည် သူမ၏ ပေါ်ခြစည်းကမ်း လွန်စွာကြီးကာတစ်ကြိမ်ထက်မကသူမကို ရိုက်နှက်ဆုံးမခဲ့ဘူးသည်။ သူမ၏ အမေမှာလည်း အကြာကြီး မမာဖြစ်ပြီးနောက် ကွယ်လွန်ခဲ့သည်။အစေအပါးများမှညစ်ပတ်ပေရေ၊ မသပ်မရပ်၊ ကြမ်းကြမ်းတမ်းတမ်း။ ဟန်လည်း ဟန်ဆောင်သူများ။ သူတို့အိမ်သို့ကြွရောက်လာကြသော ဘုန်းကြီးများမှာလည်း ပယ်ပယ်နယ်နယ် စကားသောက်ကာ၊ သူ့ဖခင်အားမြှောက်ကာပင့်ကာ။ တကယ်ကတော့သူတို့သည် သူမ၏ဖခင်ကိုကွယ်ရာ၌ ကဲ့ရဲ့ကြသည်သာ။ ကလေးများကတော့ ကိုကောင်းထောက်မ,၍ ကျောင်းသို့သွားကြသည်။ သို့သော်ခင်မေဆက်လှိုင်ကတော့ ပညာကောင်းကောင်းမသင်ရ။ စာရေးတတ်ရုံ။ ရာဇဝင်ဝတ္ထုများကလွဲ၍ တခြားဘာမျှမဖတ်။ သူမအသက် ၂၂–နှစ်အရွယ်၊ လွန်ခဲ့သော ၁၇–နှစ်က ယခုယောက်ျားဦးမြတ်အေးနှင့် ရွှေရာသီပင်ယံစခန်း ကျိုက်စဲ၌ တွေ့ကာချစ်ကြိုက်ပြီး တိတ်တိတ်လက်ထပ်လိုက်ကြသည်။ သူ့ဖခင်၏ အလိုဆန္ဒနှင့်ဆန့်ကျင်၍ ။ အဖိုးကြီးကမူချောမောသော၊ မာန်ဝင့်သော၊



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်းရုပ်တုရှေ့၌ ထွန်းထားသော၊ ဖယောင်းတိုင်မှ လေချွန်ကာ၊ မီးယှူညိုကာစီးကရက် ဖွာတတ်သော၊ မြေပိုင်ရှင်ကလေးကို အလကားကောင်ဟု သဘောထားသည်။ သူ့သားမက်ကလက်ဖွဲ့ပစ္စည်းပေးပို့ပါရန် စာများ ရေးသားတောင်းဆိုနေသောခါ၊ သူ့သမီးထံသို့ စာပြန်လိုက်သည်။ သူ့အမေ၏သားမွေးအကျီများ၊ ငွေထည်ပစ္စည်းများနှင့် အခြားပစ္စည်းပစ္စယနှင့် ကျပ်ငွေ ၃၀၀၀၀- ပေးပို့လိုက်မည်ဖြစ်ကြောင်း၊ သို့သော် အဖိုးကြီးက သမီးကို ဘုရားသခင်က စောင်မ,ကြည့်ရှုတော်မူရန် ဆုတောင်းမှုကားမပေးချေ။ အတန်ကြာသောအခါ တဖန် ငွေ ၂၀၀၀၀ ပို့လိုက်ပြန်သည်။ ငွေနှင့် လက်ဖွဲ့ပစ္စည်းများကုန်သောအခါ၊ တောအိမ်ကလေးကို ရောင်းချပစ်ရသည်။ တအိမ်သားလုံးမြို့သို့ရွှေ့ကာ ဦးမြတ်အေးသည် မြို့ပြအုပ်ချုပ်ရေး၌ ရာထူးတနေရာရသည်။ သည်မြို့မှာပင် သူသည် အိမ်ထောင်သစ် တစ်ခုရသည်။ မြို့က ကဲ့ရဲ့သကြီပြော အတင်းပြောစရာ၊ သူကလည်း ဖုံးဖိထားရန် မကြိုးစားတော့ပေ။

ခင်မေဆက်လှိုင်မှာ သူ့ယောကျ်ားကို မြတ်နိုးချစ်ခင်သည်။ ယခုအခါတွင်ကား၊ သူမသည် ရာဇဝင် ဝတ္ထုတော်ကြီးကိုနားထောင်ရင်း အတိတ်နှစ်ကာလများကိုတွေးတောလျက်ရှိပေသည်။ ဝတ္ထုရေးဆရာတယောက်ကများ





သူ့အကြောင်းရေးသားဖွဲ့နွဲ့ရလျှင် ဘယ်လောက်ဝမ်းနည်းစရာ အလွမ်းဝတ္ထုတပုဒ်ဖြစ်မလဲ။ သူမ၏ရင်ဘတ်၌ အနာရှိနေပေရာ၊ပျော်ရွှင်ချမ်းမြေ့မှုမရှိသောအချစ်ကြောင့်လူမမာဖြစ်ရသည်ဟု ယုံကြည်စွဲမြဲလျက်ရှိသည်။ မျက်ရည်နှင့်မနာလိုခြင်းတို့သည် သူမထံမှ ကျန်းမာရေးကို လုယူဖျက်ဆီးခဲ့ပေသည် မဟုတ်လား။

"ပထမခန်းတော့ ပြီးသွားပြီ၊ ဘုရားသခင်ကိုချီးကျူးထောပနာ ပြုတော်မူပါ၊ မနက်ဖြန်ကျ နောက်တခန်းဆက်ကြတာပေါ့...."

ခင်မေဆက်လှိုင်သည်ရယ်မောလိုက်သည်။ သူမသည် လွယ်လွယ်ပင် ရယ်တတ်ပေသည်။ သို့သော် စန်းငွေလှိုင်ကမူ သူ့အမသည် ရောဂါကြောင့်စိတ်ကိုပါ ထိခိုက်လျက်ရှိသည်ဟု သတိထားမိစပြုလာသည်။ ဘာကလေးဖြစ်ဖြစ် ရယ်တတ်သည်။ ရယ်စရာကောင်းမှ မဟုတ်။

"ဖြူကြာပွင့်လေ... မောင်လေး မရှိတုန်းဘဲ မနက်မမဆီ ရောက်လာသေးတယ်၊ ကောင်းမလေးက သူ့အဖေကို သိပ်အယုံအကြည်ရှိပုံမရဘူးကွဲ့၊ ဖေဖေလဲလာကြည့်ပေါ့......၊ ဒါပေမယ့်ဆရာတော် တပါးပါးကိုမသိအောင်ခေါ်ပြီး ဆုတောင်းပေးတို့လဲ လုပ်ပါလို့အကြံပေးသွားတယ်၊ သိပ်စွမ်းတဲ့ ဆရာတော်တပါးမြို့ထဲမှာရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ကြားတယ်၊မင်းများသိသလား......၊ဒါထက် ကောင်မလေး သူ့မိုးထီးလေး မေ့ကျန်သွားတယ်၊ မနက်ဖြန်တော့သွား ပေးလိုက်အုံး....."

သူမသည် ခဏနားပြီးမှ "တကယ်တော့လဲကွယ်...... ကုန်ဆုံးဘို့အချိန်ကျပြီဆိုတော့လဲ ဆရာဝန်လဲ တတ်နိုင်မှာ မဟုတ်ဖူး၊ ရဟန္တာရှင်မြတ်လဲ ကယ်နိုင်မှာမဟုတ်ပါဘူးမောင်လေးရယ်......"

စန်းငွေလှိုင်က "မမ.....ညညဘာဖြစ်လို့ မအိပ်တာလဲ....." ဟု စကားပြောင်းလိုက်သည်။

"မသိပါဘူးကွယ်......... အိပ်လို့မရတာ..... နိုးနေပြီး ဟိုစဉ်းစား ဒီစဉ်းစားနဲ့ ကြောင်နေတာပါဘဲ...."

"မမက ဘာတွေများ စဉ်းစားနေရတာလဲ........"

"ကလေးတွေအကြောင်း – မင်းအကြောင်းလဲပါတာပဲ၊ နောက် မမရဲ့ ဘဝ၊မောင်လေးရယ် .... မမဘဝကအတွေ့အကြုံတွေအများကြီးကိုပါဘဲဟယ် ... ဟော .. ကြည့်ဖြစ်လာပြန်တော့လဲ....."ဟုသူမသည် ရယ်လိုက်ပြန်သည်။

"မမ ကလေးငါးယောက်မွေးခဲ့ရတယ်၊ သုံးယောက်ကို မြေမြှုပ်ခဲ့ရတယ်ကွယ်......၊ တခါတလေ ကလေးမွေးခါးနီး ဗိုက်နာနေတုန်းများ မမယောကျ်ား ကိုကိုမြတ်အေးကကောတခြားမိန်းမတယောက်နဲ့ ကြည့်နေတာမဟုတ်လား၊ ဆရာမများ ခေါ်ပေးဘို့လူတောင် အနားမှာမရှိဘူး





သိလား၊ မမကိုယ်တိုင်ခန်းမကြီးထဲ– ဒါမှ မဟုတ် မီးဖိုချောင်သွားပြီး အစေအပါး တယောက်ယောက် လိုက်ရှာရတာလေ၊ အဲဒီမှာက ရေဝတီတွေ– ဆိုင်ရှင်တွေ– ချစ်တီးတွေ၊ ကိုကို အိမ်ပြန်အလာကိုစောင့်နေကြတာဘဲတွေ့မှာ၊ အကြွေးရှင်တွေလေ...၊ သူ မမကိုမချစ်ပါဘူး...၊ ပါးစပ်ကတော့ မပြောဘူးပေါ့မောင်လေးရယ် .....၊ ခုတော့လဲ စိတ်ထဲမှာဘာမှမဖြစ်တော့ပါဘူး၊ စိတ်လဲမထိခိုက်တော့ပါဘူး၊ ငယ်ငယ်တုန်းကတော့ သိပ်စိတ်ဆင်းရဲရတာဘဲ၊ တခါက မိန်းမတယောက်နဲ့ ပန်းခြံထဲမှာ တွေ့လိုက်ရတယ်၊ တောအိမ်လေးမှ နေကြတုန်းကပေါ့၊ မမလဲ တခါထဲလှည့်ထွက်လာခဲ့ရတာ၊ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းတောင် မသိဘူး၊ သတိရတော့ ဘုရားရှိခိုးကျောင်းတံခါးဝရောက်နေပြီ ...၊ ဒူးထောက်လိုက်ပြီး ကိုယ်တော်အရှင်လို့ တိုင်တည်လိုက်ပါတယ်၊ တော်တော်တောင်မှောင်နေပြီလေ၊ လ,ကလဲ သာလိုက်တာ"

သူမသည် အသက်ရှူရှန်ရပ်နားလိုက်သည်။ ထို့နောက် နည်းနည်းနားပြီး သူ့မောင်၏လက်ကို ဆုပ်ထားသည်။

"မောင်လေး .... မင်းက မမပေါ်သိပ်ကြင်နာတရားရှိတယ်၊ လိမ်လဲလိမ်မာ ... ကောင်းလဲကောင်းပါတယ်" ဟု



www.burmeseclassic.com

www.burmeseclassic.com



သူမက အသံအနိမ့်အမြင့် မပါဘဲ ပြောလိုက်သည်။

စန်းငွေလှိုင်သည် သန်းခေါင်ယံ၌ ဖြူကြာပွင့်၏ ပိုးထီးလေးကို ယူကာ သူ့မမအခန်းမှထွက်ခဲ့ပေသည်။ ညဉ့်နက်လွန်နေပြီ ဖြစ်သော်လည်း၊ ထမင်းစားခန်းထဲ၌ လက်ဖက်ရည် သောက်နေကြသော အိမ်စေများကို တွေ့ရသည်။ အိမ်ကြီးမှာ စည်းကမ်းမရှိဟု သူက တွေးလိုက်သည်။ ကလေးများပင် နိုးနေလျက်၊ ထမင်းစားခန်းထဲ၌ ပင်ရှိနေသည်။ သူတို့သည် အသံကို နှိမ့်ကာ စိတ်ညစ်သောလေသံဖြင့် စကားပြောနေကြသည်။ ထွန်းညှိထားသော မီးအိမ်သည် မှိတ်တုတ်ဖြစ်ကာ မကြာမီ ငြိမ်းတော့မည်ကိုပင် သတိမပြုမိကြတော့.....။ လူကြီးရော ကလေးများပါမကြာမီက မြင်တွေ့ခဲ့ရသော၊ နိမိတ်မကောင်းသော အခြင်းအရာများကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေကြပေသည်။ ခမ်းမဆောင်ကြီးထဲမှ မှန်ကြေးမုံကြီးသည် အက်ကွဲသွားသည်။ လက်ဖက်ရည်ကရားသည် နေ့စဉ်ပင် လေချွန်လျက်ရှိသည်။ အညှိုးထားသကဲ့သို့ ယနေ့တိုင်ပင် လေချွန်သံပြုကာ မြည်ကျူးလျက် ရှိနေသေးသည်။ ခင်မေဆက်လှိုင်သည် ဖိနပ်စီးမည်ဟုခြေထည့်လိုက်တော့ သူမ၏ ဖိနပ်ထဲမှ ကြွက်တစ်ကောင်ခုန်ထွက်လာသည်ဟု လည်း ပြောနေကြသည်။ ကလေးများသည်ပင်လျှင် ကြောက်စရာကောင်းသော ဤအတိတ်နိမိတ်များကို သိနေ





ကြပေသည်။ ဆံပင်နက်နက်၊ ပိန်ပိန်အကြီးမခင်ပိတောက်သည် စာပွဲတွင် မလှုပ်မရှက် ငုတ်တုတ်ထိုင်လျက်၊ ကြောက်နေ၊ စိတ်မချမ်းသာနေကာ၊ နည်းနည်းဖောင်းဖောင်း၊ ဆံပင်လှလှ၊ အသက်(၇) နှစ်၊ ခင်ကုံကော်မှာ သူ့အမအေး၌ မတ်တတ်ရပ်ပြီး မီးလျှံကို မျက်မှောင်ကုပ်ကြည့်နေပေသည်။

စန်းငွေလှိုင်သည် အောက်ဆုံးထပ်ရှိ သူ၏အခန်းသို့သွားသည်။ ကျဉ်းကျဉ်းကျပ်ကျပ် မျက်နှာကြက်နိမ့်နိမ့်။ စကားပန်းရနံ့နံ့သည်။ ခင်မေဆက်လှိုင်၏ယောကျ်ားစည့်ခန်းထဲ၌ သတင်းစာဖတ်နေသည်ကို တွေ့ရလေသည်။ စန်းငွေလှိုင်က သူ့ကို ခေါင်းညိတ်ပြကာ သူနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။ ဘယ်သူမှစကားမပြောကြ။ သူတို့နှစ်ယောက်သည် ဤသို့ပင် စကားတခွန်းမျှမပြောကြဘဲ တညလုံး နေနိုင်ကြပေသည်။

သမီးများသည် ဆင်းလာကာ အိပ်ခါနီးနှုတ်ဆက်သည်။ ဦးမြတ်အေးက လေးဆေးစွာပင် စကားတလုံးမှမဟဘဲ သူ့နဖူးကို နမ်းရန်ခွင့်ပြုလိုက်သည်။ ကလေးများသည်ဒူးကိုညွတ်ကြပြီးနောက် သူ့ဦးလေးထံသွားပြန်သည်။ သူ့ဦးလေးကလည်း နဖူးကိုနမ်းစေလိုက်သည်။ ထိုအခမ်းအနားကား ညတိုင်းကျင်းပနေကျ။



www.burmeseclassic.com

www.burmeseclassic.com



ကလေးများ ပြန်ထကသွားကြသောအခါ ဦးမြတ်အေးက သတင်းစာကို ဆေးချလိုက်ကာ ပြောသည်။

“ဒီမြို့မှာနေရတာ သိပ်ပျင်းစရာကောင်းတာဘဲဗျာ၊ တကယ့်ကိုပြောတာ” ဟု သူကသက်ပြင်းတချက်ချကာ...

“ခင်ဗျားကတော့ ဒီမှာ ပျော်စရာတွေ့နေတာ သိပ်ဝမ်းသာမိတာဘဲ”

“ဘာကိုပြောတာလဲဗျာ”ဟု စန်းငွေလှိုင်က မေးသည်။

“မနေ့က ဒေါက်တာသီဟာအိမ်က ထွက်လာတာ ကျွန်တော်မြင်ပါတယ်ဗျာ၊ အဖေကို တွေ့ချင်လို့သွားတာတော့ မဟုတ်ပါဘူးနော် .... ဟုတ်ရဲ့လား”

စန်းငွေလှိုင်က မျက်နှာနီကာ “မဟုတ်တော့လား”

“ဒါသဘာဝကျပါတယ်ဗျာ၊ ဘယ်နှယ့်ဗျာ ကောင်မလေးအဖေကြီးက ကြောက်စရာဘဲနာကြီးဗျ။ ပစ္စန္တရစ်ဖဲ၊ ဘာမှလဲမထတ်၊ အမှုအရာကလဲ ကလန်ကလား၊ ပစ္စုဋ္ဌေရဘဲ၊ မြို့တော်ကလာတဲ့လူတွေကတော့ တောမြို့ကလေးရဲ့ ပန်းချီဆန်တာ သာယာလှပတာသာ မြင်ကြတာ၊ လှပတဲ့ ရှုမျှော်ခင်းတို့ ဘာတို့၊ ကျွန်တော်ပြောမယ် .... တကယ်က ပန်းချီဆန်တာ လှပတာ ဘာမှရှိတာမဟုတ်ဖူးဗျ။ ရိုင်းစိုင်းတယ်၊ အောက်တန်းကျတယ် ၊ ညစ်ပတ်ပေရေတယ်၊ ဘာမှရှိတာမဟုတ်ဖူး၊ ကျွန်တော်တို့ရဲ့ ပညာရှင် အသိုင်းအဝိုင်း- ကျွန်တော်တို့ရဲ့ ထွန်းပတဲ့ ကြယ်တွေလတွေကို





ကြည့်ပါအုံး၊ ဒီမြို့မှာ ဆရာဝန်နှစ်ယောက်ပဲရှိတယ်၊ ကောင်းကောင်းစီးပွားဖြစ်ကြတယ်၊ ကိုယ်ပိုင်အိမ်တွေနဲ့ ချည်း၊ ဒါပေမယ့် လူထုကတော့ အရင်ကလိုဘဲ အားကိုးစရာမရှိဘူး၊ လှိုင့်ကိုခွဲစိတ်ဖို့တုန်းကလဲ ခွဲစိတ်စရာက အလွယ်ကလေးပါ၊ ရတနာပုံမြို့တော်က ခွဲစိတ် ဆရာဝန်ကိုခေါ်ရတယ်ဗျာ၊ ဒီမှာ ခွဲစိတ်ဆရာဝန် တစ်ကောင်တစ်မြီးမှ မရှိဘူးတဲ့။ စဉ်းစားဘဲကြည့်စမ်းပါအုံးတော့၊ သူတို့ဘာမှလဲမသိဘူး၊ ဘာမှလဲနားမလည်ဘူး၊ ဘယ်ဟာမှလဲ စိတ်ဝင်စားတာမရှိဘူးဗျာ၊ သူတို့ကိုမေးကြည့်စမ်းပါ၊ အနာပဆုပ်ရောဂါဆိုတာဘာလဲ၊ ဘာဖြစ်လို့ဖြစ်တာလဲလို့”

ဦးမြတ်အေးသည် အနာပဆုပ်ရောဂါအကြောင်းရှင်းပြနေသည်။ သူသည် သိပ္ပံဘာသာရပ်များ၌ ကျွမ်းကျင်နှံ့စပ်သူ ပါရဂူတစ်ယောက်ဖြစ်သည်။ သူသည်သိပ္ပံနိဿကို ရှင်းပြတတ်သည်။ သွေးလှည့်ပတ်မှု သဘောတရား၌ သူ့သဘောတရားနှင့်သူရှိသည်။ ဓာတုဗေဒနှင့် နက္ခတ္တဗေဒ၊ ပညာများ၌လည်း ယင်းအတူ။ သူ့ဖာသာ သဘောတရားထုတ်သည်။ သူသည် ဖြည်းညှင်းစွာ၊ လူတဖက်သားသဘောပေါက်အောင် ညင်သာချောမွေ့စွာ၊ မျက်စိတဝက်မှိတ်လျက်ရှင်းလင်းပြောကြားနေပေသည်။ “စဉ်းစားကြည့်



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါဗျာ" ဟု ပန်းလျှသော သက်ပြင်းနှင့် ချိုသာသော အပြုံးကြား တိုးတိုးပြောလျက်ရှိနေသည်။ သူသည် လန်းဆန်းချစ်မက်ဘွယ်ကောင်းနေကာ အသက်ငါးဆယ်အရွယ်ကိုပင် လုံးဝသတိထားမိဟန်ဖြင့် .....

"ဆာပေါ့ိကိတာဗျာ၊ တစ်ခုခု ချဉ်တင်တင်လေး စားရအောင်ဗျာ၊ သစ်သီးချဉ်လိုဟာမျိုး" ဟု စန်းငွေလှိုင်က...

"ကောင်းသာဘဲ၊ ရပါတယ်"

အတန်ကြာသောအခါ စန်းငွေလှိုင်နှင့်သူ၏ယောက်ဖတို့သည် အပေါ်ထပ်ထမင်းစားပွဲ၌ထိုင်ကာ ညဉ့်နက်စာစားလျက်ရှိကြပေသည်။ စန်းငွေလှိုင်က ပထမ ယစ်ရွှေရည်တခွက်ချပြီး နှာနုတ် အရက်ချိုဖြင့်ရောလိုက်သည်။ ဦးမြတ်အေးကား ဘာမှမသောက်။ သူသည် အရက်လည်းမသောက်၊ ဖဲလည်းမကစား၊ သို့သော် သူနှင့်သူ့ဇနီးငွေကြေးကိုတော့ ကောင်းစွာသုံးဖြုန်းတတ်ပေသည်။ ထိုအခါကြွေးများဝိုင်းလျက်ရှိနေသည်။ သည်လောက်များသည့်ငွေကြေးကို သည့်လောက်အချိန်အနည်းငယ်အတွင်း ကုန်အောင်ဖြုန်းတီးပစ်တတ်သော အရည်အချင်းဟူသော ထူးခြားသောပညာရပ်ကိုကား မကောင်းမှုဟု ပြောရအခက်သား။ ဦးမြတ်အေးမှာ အကောင်းကြိုက်သော အားနည်းချက်ရှိသည်။ လှပတင့်ဆန်းစွာ တည့်ခင်းထားသော အစားကောင်း၊ ညစာစားပွဲမှ တေးဂီတ၊ မိန့်ခွန်းချွေခြင်း၊





ခေါင်းညိတ် အရှိအသေပြုသောစားပွဲထိုးများကို တံဆယ်၊ တခါတရံ အစိတ်ဆုပေးခြင်း။ သူသည် အမျိုးမျိုးသော အလှူငွေများ၊ ကံစမ်းမဲများကို ရက်ရောစွာ ထည့်ပစ်သည်။ အမျိုးသမီးမိတ်ဆွေများထံသို့ သူမတို့၏ မွေးနေ့တို့၌ ပန်းစည်းပို့ပေးသည်။ ဖန်ပဒေသာ ထည့်စရာ၊ အကျီလက်ကြယ်ဆေး၊ လည်စည်းပုဝါ၊ ကြိမ်တုတ်၊ ရေမွှေးစီးကရက်သေတ္တာ၊ ဆေးတံ၊ ခွေး၊ ကြက်တူရွေး၊ ဂျပန်တိုလီမိုလီပစ္စည်း၊ ရှေးဟောင်းအနုပညာပစ္စည်း၊ စသည်များကို အမြဲတမ်း ဝယ်မြဲ။ ပိုးဖဲ၊ ညဝတ်အကျီကိုသာ ဝတ်သည်။ သူ၏ကုတင်မှာ သင်းကနက်သားပေါ်တွင် ကနုကမာပန်းကွက်မြုပ်ထားသည်။ ရေချိုးပြီးလဲ ဝတ်သောအကျီမှာ အမရပူရဖြစ် ချိတ်အမျိုးအစစ်။ သည်အသုံးအဆောင်များအတွက် သူ့စကားနှင့် ပြန်ဆိုရလျှင် 'ငွေအိုး' ထမ်း၍ ကုန်ကျသည်။

ညဉ့်နက်စာ စားနေစဉ်မှာတွင် သူသည် သက်ပြင်းချကာ ခေါင်းယမ်းလျက်ရှိသည်။ သူသည် သူ၏မျက်လုံးနက်များကို မှေးတွေးကာ တိုးညင်သော အသံဖြင့် "ဟုတ်တယ်ဗျ၊ အပြီးသတ်ကျတော့လဲ အရာအားလုံးဟာ အဆုံးရောက်ရတာပါဘဲဗျာ၊ ပထမချစ်တယ်၊ နောက်ခံစားရမငဲ့၊ နောက်ပြီးတော့တခါအချစ်ပြယ်သွားမယ်၊ ကောင်းမ



www.burmeseclassic.com

www.burmeseclassic.com



လေးက ခင်ဗျားအပေါ်သစ္စာမရှိတော့ဘူး၊ ဒါအမျိုးသမီး တိုင်းရဲ့ သဘောဗျ၊ အနေနဲ့အမြဲ့န်ဘဲ၊ ခင်ဗျားခံစားရ မယ်၊ နောက်စိတ်ပျက်ရမယ်၊ မျှော်လင့်ချက်မရှိတော့ဘူး၊ နောက်ဆုံးကျတော့ ခင်ဗျားကိုယ်တိုင်လဲ သူ့အပေါ် သစ္စာ မရှိပြန်တော့ဘူးဗျာ၊ အဲဒီအချိန် တချိန်ရောက်လာမယ်၊ ဒီအချိန်ကျရင်ဘာမှ ဟုတ်တာ မဟုတ်တော့ဘူး၊ သတိရ စရာအဖြစ်ဖဲ ကျန်ရစ်တော့မယ်၊ ဒီဇာတ်လမ်းတွေကို ခင်ဗျာက အေးအေးစက်စက်ဖဲပြောပြီး အလကားကိစ္စတွေ ပါလို့ထင်လာရောဗျာ"

စန်းငွေလှိုင်မှာ အနည်းငယ် မှုးယစ်ရီဝေလာပြီးပန်း လျလာကာ၊ ဦးမြတ်အေး၏ ပုံပန်းကျသောကျကျနနညှပ် ထားသောမုတ်ဆိတ်မွေးအနက်နှင့် ခေါင်းပုံသဏ္ဍာန်ကြည့် ကာ ချောမောသော၊ ကြော့ကြော့ ဆင်သ,တတ်သော၊ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချသော သူ့ကိုဘာကြောင့် အမျိုးသမီးများက နှစ်သက်စွဲလမ်းကြသည်ကို နားလည်၍ လာလေသည်။

ညစ်နက်စာစားပြီးလျှင် ဦးမြတ်အေးသည် ဤအိမ်မှာ မအိပ်ပဲ သူ၏ အခြားသောအိမ်သို့ ပြန်သွားသည်။ လမ်းခုလတ်ထိ စန်းငွေလှိုင်က လိုက်ပို့သည်။ ဤမြို့၌ ဦးမြတ်အေး တယောက် သာ စိန်ကတ္တီပါ ကက်ဦးထုပ်ကို တစောင်းဆောင်းသူ။ ချောက်သွေ့သော ပြာရောင်





ခြံစည်းရိုးများ၊ သစ်သားအိမ်များ၊ ဆူးရစ်နွယ်ချုံပုတ်များ အလယ်၌ အဝတ်အစား ဂရုစိုက်သော၊ အလှကြိုက်သော ပုံပန်း၊ စိန်ကတ္တီပါ ကက်ဦးထုပ်နှင့် ငုဝါရောင်လက်အိတ် တို့သည် ဟူးဆန်းကာ သနားစရာ ဖြစ်နေပေတော့သည်။

စန်းငွေလှိုင်သည် သူ့ကို နှုတ်ဆက်ကာ၊ အိမ်သို့ ဖြည်းညှင်းစွာ လမ်းလျှောက်ပြန်ခဲ့ပေသည်။ လ,ဝန်းမှာ ရွှင်းရွှင်းမြမြ ဝင်းပပသာလျက် ရှိပေရာ၊ မြက်ပင်စိတိုင်း၏ အသွားကိုပင်ကောင်းစွာ မြင်နိုင်ပေသည်။ စန်းငွေလှိုင်ကို လ,ရောင်က သူ၏ ထိပ်ပြောင်ခေါင်းအား ကြက်မွေးနုဖြင့် ယုယစွာ ဆိသုတ်ပေးသည်ဟု ခံစားနေပေသည်။

ငါ သူ့ကို ချစ်နေပြီကောဟု သူသည် ကျယ်လောင် စွာ ပြောလိုက်လေသည်။ သူသည် ဦးမြတ်အေးထံ အမီ လိုက်ကာ သူ့ကို ဖက်လိုက်ပြီး သူ့အမှားများကိုခွင့်လွှတ်၊ ငွေများများ ပေးလိုက်ချင်သည်။ ထို့နောက် သူလည်း လယ်ကွင်းထဲ၊ သို့မဟုတ် တောထဲ ထွက်ပြေးလိုက်ချင် သည်။ နောက်ကို ပြန်မကြည့်ပဲ။

အိမ်ပြန်ရောက်သောအခါ ဖြူကြာပွင့် ကျန်ရစ်ခဲ့သော ပိုးထီးကလေးမှာ ကုလားထိုင်ပေါ်၌ ရှိနေသည်ကို မြင်လိုက်ရသည်။ သူသည် ပိုးထီးကလေးကို ကောက်ယူ တဲ့ကာပါး၌ ကပ်ထားလိုက်သည်။ ပိုးထီးကလေး။ အသစ်



www.burmeseclassic.com

www.burmeseclassic.com



တော့မဟုတ်၊ အပြာနုခံပေါ်တွင် ငုဝါပွင့်များ ဆုပ်ကြဲထားသည့်အဆင်။ လက်ကိုင်အရိုးက ဆင်စွယ်၊ တကယ့်ဆင်စွယ်ကားမဟုတ်၊ အရိုးဖြင့် လုပ်ထားသောအပေါစား။ စန်းငွေလှိုင်သည် မီးကို ဖွင့်လိုက်ကာ ဆောင်းကြည့်သည်။ ပျော်ရွှင်ခြင်းရနံ့ကို ခံစားရသည်။

သူသည် ကုလားထိုင်တွင် သက်တောင့်သက်သာထိုင်ချလိုက်ကာ၊ ပိုးထီးကလေးကို ဆုပ်ကိုင်ထားရင်း၊ ရတနာပုံမြို့တော်ရှိ သူ၏မိတ်ဆွေ တယောက်ထံသို့ စာရေးနေပေသည်။

'ငါ့ရဲ့ ချစ်စွာသော မှိုင်းဝေရေ။ မင်းအတွက် သတင်းပေးပို့ စရာရှိတယ်။ ငါ အခု ချစ်မိနေ နေပြန်ပြီကွ သိလား။ ပြန်ပြီလို့ဘဲပြောရမယ်။ ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က ငါရတနာပုံမြို့တော်က ကခြေသည်တစ်ဦးကို ချစ်မိတယ်လေ။ သူနဲ့တွေ့တောင် မတွေ့ဘူးလိုက်ရဘူး။ တွေ့အို့ကြိုးစားတာကို မအောင်မြင်ဘူးလေကွာ။အရင်နှစ်ကလဲ ငါအမျိုးသမီးတစ်ယောက်နဲ့အတူ နေခဲ့တယ်လေ။ ဒီအမျိုးသမီးကို မင်းသိပါတယ်။ သိပ်မငယ်၊ လှလဲမလှ။ အေး ...... ငါ့မှာ အချစ်ဘက်မှာ ဘယ်လောက်ကံဆိုးသလဲ သူငယ်ချင်းရယ်။ ငါ့မှာ အမျိုးသမီးနဲ့ ပတ်သက်ရင် ဘယ်တော့မှ မအောင်မြင်ခဲ့ဘူး။ ပြန်ပြီလို့ ပြောရတာ။ ထပ်ဆိုရရင်ကွာ၊ ဒါပြောရတာ





နာကျင်တယ်။ငါ့ရဲ့ ငယ်ရွယ်တဲ့ လူပျိုဘဝဟာ အချစ်မရှိဘဲ ကုန်ဆုံးသွားခဲ့ရတယ် ဆိုတာကို ငါ့ကိုယ်ငါ ဝန်ခံရလိမ့်မယ်။ ငါအခု အသက်သုံးဆယ်လေးနှစ် ကျခါမှ၊ ငါအချစ်ဆိုတာကို တကယ်သင်ကြား နားလည်ပြီဆိုတာပဲ ......။ ပြန်ပြီဆိုတာ ဒါပဲလေ။

'မင်းဒီကောင်မလေးများ သိရင်ကောင်းမှာ။ သူ့ကို အလှဇကေရီလို့တော့ မခေါ်နိုင်ဘူးကွ ......။ ပါးရိုးက ပေါ်လွင်ထင်ရှားနေတယ်။ သိပ်ပြီး ပိန်တဖ်။ ဒါပေမယ့် သူ့မျက်နှာက ကြင်နာ ချစ်ခင်တဲ့ အမူအရာရှိတယ်။ သူ့အပြုံးက အံ့ချီးဘွယ်ရာဘဲ ဟေ့၊ အံ့သြကုန်နိုင်ဘွယ်ပေါ့ကွာ။ သူ့အသံက တေးတပုဒ်။ ငါ့ကိုတော့ စကားသိပ်မပြောဘူးကွ။ ဒါပေမယ့် ငါသူ့အနားမှာ ရှိနေရင် သိပ်ကို ဉာဏ်ပညာရှိပြီး မြင့်မားတဲ့၊ ထူးခြားတဲ့၊ ရှားပါးတန်ဘိုးရှိတဲ့ ပုဂ္ဂိုလ်ရှေ့မှာ ရှိနေသလို ခံစားရတယ်လေ။ ကောင်မလေးက ဘာသာရေးတော့ သိပ်ကိုင်းရှိုင်းတယ်။ ငါ့မျက်စိထဲမှာတော့ ငါ့စိတ်ကို ဘယ်လောက်လှုပ်ရှားထိခိုက်စေတယ်၊ မြင့်မြတ်စေတယ် ဆိုတာ မင်းတွေးမိမှာ မဟုတ်ပါဘူး။ ဒီပုဏ္ဏာမှာတော့ မင်းနဲ့ ငါ အစအဆုံးမရှိငြင်းရခုံရဦးမှာဘဲဟေ့။ မင်းဘက်က မှန်တယ်ထား၊ မင်းအဖြေနဲ့ မင်းခေါက်ထားလိုက်။ ဒါပေမယ့် သူ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ရှိခိုးကျောင်းမှာ ဝတ်ပြုနေတာကိုတော့ ငါချစ်တယ်ကွာ။ ဘာဖြစ်သေးလဲ။ သူက တောမြို့သူ၊ ဒါပေမယ့် ရတနာပုံမြို့တော်မှာ ပညာသင်တာ။ သူ ငါတို့ ရွှေမန်းကို ချစ်တယ်။ ရွှေမန်းဟန်၊ ရွှေမန်း ဆင်ယင်ဝတ်စားမှုကို ကြိုက်တယ်။ ဒါအတွက်ကြောင့်လဲ သူ့ကို ငါချစ်တယ်။ သူ့ကို ချစ်တယ်၊ ချစ်တယ်။ မင်းကတော့ မျက်မှောင်ကြီးကုပ်ကာ၊ မတ်တပ်ရပ်တဲ့ပြီး မိန့်ခွန်းရှည်ကြီး မြွက်ကြားမယ်။ အချစ်ဆိုသည်ကား အဘယ်နည်း၊ ဘယ်သူ့ကိုချစ်၊ ဘယ်သူ့ကိုတော့ မချစ်ထိုက် ဘာညာနဲ့ပေါ့ ..။ အဲဒါကို မြင်ယောင်နေပါသေးတယ်။ ဒီမယ် ... ချစ်စွာသော မှိုင်းဝေရေ ..။ ငါကိုယ်တိုင် ချစ်မိတယ် ဆိုရင်တော့၊ ငါလဲ အချစ်ဆိုတာကို တကယ် တိတိကျကျ နားလည်ပြီပေါ့ကွ။

'ငါ့ မမက မင်း သတိရကြောင်း ပြောတာ ကျေးဇူးတင်ပါတယ်တဲ့။ မမက ခဏခဏ သတိရနေတယ်။ မှိုင်းဝေငယ်ကလေးကို မူလတန်းကျောင်းကို ခေါ်သွားရတာ။ အဲဒီတုန်းကလဲ မင်းက မိဘမဲ့ ကလေးငယ်ကလေးဘဲကိုး။ ကဲ မှိုင်းဝေငယ်ရေ ... ငါတော့ချစ်မိနေပြီ။ အခုထိတော့ လျှို့ဝှက်ချက်ဘဲ။ ဒီတော့ ဟိုအမျိုးသမီးကို ဘာမှ မင်းမပြောနေနဲ့အုံးကွာ။ ကျေးဇူးပြုပြီးတော့။ ဒီပြဿနာကလဲ ကျေနပ်စွာ ဖြေရှင်းပြီးစီးမှာဘဲလို့ ငါယုံ





ကြည်တယ်။ စပယ်ပင်ဦးလတ် ဝတ္ထုထဲကလို အရာရာဟာ သူ့ဟာသူ ဟုတ်သွားမှာပါဘဲကွာ'

.... စာဆုံးသွားသောအခါ စန်းငွေလှိုင်သည် အိပ်ရာဝင်လေသည်။ သူ၏ မျက်ခွံတို့မှာပင်ပန်းနွမ်းနယ်ခြင်းကြောင့် လေးကျနေသည်။ သို့သော် အကြောင်းတစ်စုံတစ်ရာကြောင့် အိပ်၍ကား မပျော်။ သူကတော့၊ လမ်းပေါ်က အသံဗလံများကြောင့် နိုးနေသည်ဟုထင်မှတ်သည်။ နွားတစ်အုပ် သူ့အိမ်ရှေ့က ဖြတ်သန်းသွားပြီး ကျွဲချိုမှုတ်သံကြားရသည်။ ထို့နောက် သုဓမ္မာ ဘုရားရှိခိုးကျောင်းမှ အာရုဏ်တက် ခေါင်းလောင်းထိုးသံ၊ ကြေးစည်ထုသံများ ပေါ်လာသည်။ ထို့နောက် နွားလှည်းတစ်စီးအသံ ဆူညံလေးတွဲ့စွာ မောင်းလာသံကြားရပြီး၊ တောသူမတို့ ဈေးသို့သွားသံ ကြားရပေသည်။ စာကလေးများသည် မဆုံးနိုင်အောင် တကျည်ကျည် မြည်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၂)

ဝင်းပ၍ ပျော်ရွှင်လန်းဆန်းသော နံနက်။ ဆယ်နာရီ၌ ခင်မေဆက်လိုင်သည် ဆံပင်ကို သေသပ်စွာ ထုံးဖွဲ့၊ အညိုရောင် အင်္ကျီဆင်ယင်ကာ ဧည့်ခန်းထဲသို့ သွားလေသည်။ အခန်းထဲ၌ နည်းနည်းလမ်းလျှောက်ကာ ပြတင်းပေါက်နား၌ မတ်တပ်ရပ်ပြီး၊ ကလေးဆန်ဆန် ကျယ်ပြန့်စွာ ပြုံးလိုက်သည်။ သူမ၏ အမူအရာကို ကြည့်ပြီး၊ ပန်းချီဆရာက ပြော၏။ သူမ၏ မျက်နှာမှာ ဘုရားတန်ဆောင်းထဲက ရုပ်ပုံတော်နှင့် တူသည်ဆိုဘဲ။ ဘုရားကားများ ရေးလျှင် သူ့ကို ကြည့်ရေးရမည်ဖြစ်သည်။ ထိုနံနက်ခင်း၌ လူတိုင်း၊ ကလေးများ၊ အစေအပါးများ၊ သူ့မောင် စန်းငွေလှိုင်၊ သူမကိုယ်တိုင်ပင်လျှင် ကျန်းမာလာတော့မည်ဟု မှတ်ရပေသည်။ ကလေးမကလေးများသည် ရှူးရှူးရှုရှု အသံဖြင့် ရယ်မောကာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဦးလေးနောက်သို့ပြေးလိုက်ကာ၊ မြူးနေကြသည်။ အိမ်ကြီးမှာပင် အသက်ဝင် လှုပ်ရှားလျက်ရှိပေသည်။

လူများသည်သူမထံလာကာလူမမာမေးကြသည်။ မုန့်ဖြူ မုန့်နီများ၊ ဆန့်ပန်းပေါက်ပေါက်များ ယူလာပေးကာ၊ မြို့ထဲရှိ ဘုရားကျောင်းတိုင်းလိုလိုတွင် သူမအတွက် တမြန်နေ့က ဆုတောင်းပွဲများ လုပ်ပေးကြောင်း ပြောကြသည်။ ခင်မေဆက်လှိုင်မှာ အလှူအတန်းဒါနရက်ရောသူ ဖြစ်လေရာ၊ သူတို့က ချစ်ကြပေသည်။ သူ့မောင် စန်းငွေလှိုင်ကဲ့သို့ပင် ခင်မေဆက်လှိုင်မှာ အလှူဒါနနှင့် လက်လွယ်သူ ဖြစ်သည်။ စန်းငွေလှိုင်မှာ ပေးသင့် မပေးသင့် စဉ်းစားမနေပဲ၊ လွယ်လွယ်ပေးတတ်သူ။ ခင်မေဆက်လှိုင်သည် ချို့တဲ့နေသူ သူခမိန်များကို ပညာသင်စရိတ် ထောက်ပံ့မြဲ။ အမယ်အိုများကို လက်ဖက်ခြောက်၊ သကြား၊ ယိုများ ပေးကမ်းတတ်မြဲ။ မပြည့်စုံသော သတို့သမီးများကိုလည်း ကူညီမြဲ။ သတင်းစာရောက်လာလျှင် ပထမဆုံး လှန်ကြည့်တတ်သည်ကား အတိဒုက္ခရောက်နေသူများက အကူအညီတောင်းခံသော ကြော်ငြာစာများပင်။

ယခု သူမလက်ထဲတွင် ကိုင်ထားသည်ကား၊ စားစရာများအကြွေးနှင့်ဝယ်ယူပြီး၊ ကုန်စုံဆိုင်ရှင်ကလေးပို့လိုက်





သော ဖြတ်ပိုင်းစာရွက်များကို ငွေလိုသူ တစ်ဦးက ကပ်ပေးလိုက်သည့် စာရွက်များဖြစ်သည်။

"ကြည့်စမ်းပါအုံးမောင်လေးရယ်....ဘယ်လောက်များ ယူထားလိုက်သလဲလို့၊ စဉ်းမှ မစဉ်းစားကြဘူးလားကွယ်" ဟု သူမ၏လက်ရေးကိုပင် ဖတ်၍မရတော့သလို "စဉ်းစားကြည့်ပါအုံး ရှစ်ဆယ့်နှစ်ကျပ်၊ မမသာမပေးရင်တော့ ..."

စန်းငွေလှိုင်က "ကျွန်တော် ကနေ့ပဲ သူ့ဆီပို့လိုက်ပါ့မယ်"

ခင်မေဆက်လှိုင်က စိတ်လှုပ်ရှားကာ "မဟုတ်ဖူးမောင်လေး၊ မဟုတ်သေးဘူး၊ မောင်လေးမပေးရပါဘူး၊ မင်းနဲ့ မင်းအကို စန်းဖေလှိုင်ဆီက တစ်လနှစ်ရာငါးဆယ်လစဉ်ရနေတာ တော်လောက်ပါပြီကွယ်၊ ဘုရားသခင်မင်းကို မေတ္တာထားတော်မူပါ"

"မမကလဲ ..... ကျွန်တော်တစ်ယောက်ထဲကို တစ်လနှစ်ထောင့်ငါးရာလောက်ကုန်နေတာဘဲဟာ၊ ကျွန်တော်ထပ်ပြောမယ်မမ၊ မမကလဲ ကျွန်တော်နဲ့အကိုစန်းဖေလှိုင်သုံးသလောက် သုံးနိုင်ခွင့်ရှိတာဘဲ မဟုတ်လားလို့၊ အဲဒါကို တသက်လုံးမှတ်ထားစမ်းပါ မမရယ်၊ မောင်နှမသုံးယောက်ထဲ ရှိတဲ့ဥစ္စာ၊ သုံးပြားရှိရင် တစ်ပြား မမပိုင်တာပဲဟာ .... မမကလဲ"



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခင်မေဆက်လှိုင်မှာ ကောင်းစွာနားမလည်နိုင်။ သူမ၏ မျက်နှာ အမူအရာမှာ ရှုပ်ထွေးသော သင်္ချာပုစ္ဆာ တစ်ပုဒ်ကို မတွက်တတ်သကဲ့သို့။ ဤကဲ့သို့ ငွေရေး ကြေးရေး ကိစ္စရပ်များ၌ မဆုပ်နိုင် မဖမ်းနိုင်သော မမကြောင့် စန်းငွေလှိုင်က အမြဲတမ်းပင် စိတ်မချမ်းမသာ ဖြစ်ရတတ်သည်။သူကတော့ မမကို သံသယ ဖြစ်မိသည်။ မမမှာ အကြွေးတွေ ဝိုင်းဝိုင်းလည်နေပြီ။ ကြွေးတူတာ လူသိမှာစိုးပြီး ခံစားနေရသည်ဟု။

ထိုအခိုက်အသက်ပြင်းပြင်း ရှူသံနှင့် ခြေသံများ လှေကားမှ ကြားလာရသည်။ ဒေါက်တာ သီဟ။ ခါတိုင်းကဲ့သို့ပင် မသပ်မရပ် ပိုသီပတ်သီ။

ဆရာဝန်က " အင်- အင်-အင်-အင်" ဟုညည်းဆိုနေသည်။

စန်းငွေလှိုင်သည် သူ့ကိုရှောင်ရန် ထမင်းစားခန်းကို ဖြတ်ကျော်ကာ သူ့အခန်းသို့ ထွက်သွားသည်။ ဆရာဝန်ကြီးနှင့်ကား ဘယ်တော့မှ ရင်းနှီးနိုင်မှာ မဟုတ်။ အမြဲတမ်းလာသောဧည့်သည်အဖြစ်။ထို့အပြင်ဦးမြတ်အေးခေါ်သလို ဘဲအိုကြီး၊ ပစ္စန္တရစ် ဘဲကြီးကိုလည်း သည်းမခံနိုင်။ ဒါကြောင့်လည်း ဖြူကြာပွင့်နှင့် အတွေ့နည်းတာ ဖြစ်မည်။ အဲဒီတော့ အဖိုးကြီးက အိမ်မှာ ရှိမှာမဟုတ်တာ





က သေချာပြီ။ အခုနေဖြူကြာပွင့်၏ ပိုးထီးလေး သွားပေးရရင်။ ကောင်မလေး အိမ်မှာ တယောက်တည်း ရှိမှာကတော့ ကျိန်းသေ။ ပျော်သွားသဖြင့် သူ၏ ရင်ခုန်သံမြန်လာသည်။ ကဲ ...... ပြောနေလို့မပြီး၊ အမြန်ယွင်းမှ။

သူသည်ပိုးထီးလေးကို ကောက်ယူကာ သိမ့်ကနဲအချစ်တောင်ပံခတ်ပြီး ပျံသန်းသွားတော့သည်။ အပြင်ဘက်တွင်ကား နေပူနေပေသည်။ နှစ်ပေါင်းများစွာကမင်ပြင်မည်ဟု ရည်ရွယ်ထားသော ဆရာဝန်၏ ဘေးဘက်ထုတ်ထားသော ယိုင်တိယိုင်နဲ့ တွဲဘက်အဆောင်တန်းလျားသုံးခုမှ ကလေးများ (ကောင်ကလေးများ) သည် ဆရာဝန်၏ ကျယ်ဝန်းသော မြေကွက်ထဲရှိ မြက်ရိုင်းချုံနွယ် ပိတ်ပေါင်းနှင့် ဆူးခရာပင်များ အလယ်၌ ဘောလုံးကန်ကစားနေကြသည်။ ရွှင်မြူး အော်ဟစ်သံများဖြင့် စည်ကားလျက် ရှိနေပေသည်။ မြေကွက်ရှိတထောင့်၊ ဝရံတာအစွန်းတခု၌ဖြူကြာပွင့်သည် ရပ်ကာ လက်နောက်ပစ်ပြီး ကစားနေကြသည်ကို ငေးကြည့်နေပေသည်။

စန်းငွေလှိုင်က " ကောင်းသော နေ့ခင်း" ဟု အသံပြု နှုတ်ဆက်လိုက်သည်။

ဖြူကြာပွင့်က သူ့ဘက်သို့ လှည့်လိုက်သည်။ သူမမှာ အခါတိုင်း တွေ့နေကျ အေးစက်စက်။ ဘာမျှစိတ်မဝင်စားသလို။ သို့မဟုတ် မနေ့တနေ့ကလို ပင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



နှမ်းလျနေသလိုမဟုတ်ပဲ။ သည်တခါ သူမ ပတ်ဝန်းကျင်ရှိ ကောင်ကလေးများကဲ့သို့ပင် သက်ဝင်လှုပ်ရှားကာ သွေးရောင်ဖြင့် နီမြန်းလန်းဆန်းလျက် ရှိပေသည်။

ဖြူကြာပွင့်သည် သူ့ထံသို့ လျှောက်လာကာ "ကြည့်စမ်းပါအုံးအကို၊ ရတနာပုံမှာ ဒီလို ပျော်စရာကောင်းတဲ့ ကစားပွဲမျိုးတွေ့ပါ့မလားဟင်၊ ဒီက ကွင်းတွေကတော့ ကျဉ်းတာပေါ့၊ မပြေးသာဘူး၊ အဖေကရှင့်အိမ်သွားပြီလေ"

"သိပါတယ်၊ ကျွန်တော်က ဖြူကြာပွင့်ကို တွေ့ဘို့လာတာပါ၊ ဒေါက်တာ့ကို မဟုတ်ပါဘူး" ဟု စန်းငွေလှိုင်က သူမ၏ ယခု တွေ့ရှိရသော နုပျိုလတ်ဆတ်ခြင်းနှင့် ရွှေလည်ဆွဲကလေးနှင့် ဖြူသွယ်လှသော လည်တံကို အံ့သြငေးမောကာ " ကျွန်တော် မဖြူကြာပွင့်ဆီ တမင်လာတာပါ" ဟု ထပ်ပြောလေသည်။

" ဖြူကြာပွင့်ရဲ့ ပိုးထီးကလေးလေ .... မမက ပို့ပေးပါဆိုလို့၊ မနေ့က မေ့ကျန်ရစ်ခဲ့တာလေ"

သူမသည်ပိုးထီးကိုယူရန်လက်လှမ်းလိုက်သည်။ သို့သော် စန်းငွေလှိုင်က မပေးသေးဘဲ ပိုးထီးကို ရင်မှာ ပိုက်ထားသည်။

" ကျွန်တော် ဒါလေးကို သိမ်းထားပါရစေဗျာ





နော်၊ ကျေးဇူးပြုပြီး ..." ဟု သူက တပ်မက်စွာ စိတ်လိုက်မာန်ပါ။ မနေ့ညက ပိုးထီးကို ဖွင့်ဆောင်းသော အခါ ခံစားထိတွေ့ရသော၊ ဆန်းကြယ်သော ပျော်ရွှင်မှုကို စွန့်ခွာပြီး ပြောလိုက်သည်။

" ကျွန်တော်တို့ နှစ်ယောက်ရဲ့ မိတ်ဆွေဖြစ် အထိမ်းအမှတ်၊ ဖြူကြာပွင့်ကို သတိတရ မြတ်နိုးစွာနဲ့..."

ဖြူကြာပွင့်က ရှက်သွေးနီလျက် "သိမ်းချင်သိမ်းထားနိုင်ပါတယ်၊ဒါပေမယ့်...ဒါက ဘာဆန်းတာ မှတ်လို့ရှင် ......"

သူသည်စကားလုံးများပင်ပေါ်မလာပဲတိတ်ဆိတ်သော ပီတိဖြင့် သူမကို ငေးကြည့်လျက်။

အတန်ကြာ တိတ်ဆိတ် ငြိမ်သက်လျက်ရှိပြီးမှ ဖြူကြာပွင့်က ရယ်မောကာ " ဟာ ... အကို့ကို နေပူကြီးထဲ ဘာဖြစ်လို့များ ရပ်ထားရပါလိမ့်၊ ကဲ .... လာပါ၊ အိမ်ထဲ ဝင်ကြရအောင်ပါရှင် ..."

"ကျွန်တော် ဖြူကြာပွင့်ကို အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူးနော် ...."

သူတို့သည် အထဲသို့ ဝင်ခဲ့ကြသည်။ ဖြူကြာပွင့်သည် လှေကားသို့ ပြေးတက်သည်။ အဖြူရောင်ပန်းပွင့်အင်္ကျီနှင့် ထမီဆင်တူ ပိုးစထိခတ်သံ မြည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်၌ ရပ်သွားရင်း သူမက “ ဟာ... အကိုကလဲ ... ဘယ်နှောင့်ယှက်ပေးတာ ဟုတ်ရမှာလဲရှင်၊ ကျမက ဘာလုပ်နေတာ မှတ်လို့၊ ကျမအတွက်ကတော့ နေ့တိုင်းဟာ ရက်အားချည်းပဲ၊ နေထွက်က နေဝင်....”

စန်းငွေလှိုင်သည် သူမဆီသို့ ခြေလှမ်းရင်း “ ကျွန်တော်ဒါတွေ နားလည်လို့ မရဘူးဗျာ၊ ကျွန်တော်က နေ့တိုင်းအလုပ်နဲ့ လက်နဲ့ မပြတ် လုပ်နေကြတဲ့ လူတွေကြားထဲမှာ ကြီးပြင်းလာရတာကိုဗျ၊ သိတယ် မဟုတ်လား ....၊ မိန်းမရော - ယောကျ်ားရော ....”

“ ကျမက ဘာမှ လုပ်စရာကမှ မရှိတာ ...၊ ဘာလုပ်ရမှာလဲ .....”

“အလုပ်လုပ်တာဟာ လိုအပ်ချက် တခုဖြစ်အောင် ကိုယ့်ဘဝကိုကိုယ် စီစဉ်လျှာထားရမှာပေါ့၊ အလုပ်မရှိပဲ သန့်ရှင်းစင်ကြယ်တဲ့၊ ပျော်စရာကောင်းတဲ့ ဘဝဟာ ဘယ်ဖြစ်လာမလဲ”

သူသည် ပိုးထီးကို ဖိကပ်မြဲဖိကပ်ကာ သူကိုယ်တိုင်ပင်လျှင် သူ့အသံကို သူမမှတ်မိလောက်အောင် နူးညံ့ပျော့ပျောင်းသော အသံဖြင့် ပြောသည်ကို အံ့သြစွာ ကြားနေရပေသည်။

“ ဒီမယ် ... ဖြူကြာပွင့်သာ ကျွန်တော်ရဲ့ ဇနီး





သည်အဖြစ် သဘောတူမယ်ဆိုရင် ကျွန်တော် ပိုင်သမျှ အားလုံးကို ပေးပါမယ်ဗျာ ....၊ လောကမှာ ဘာမှ မရှိဘူး၊ ကျွန်တော် မစွန့်လွှတ်နိုင်တာ ဘာမှ မရှိပါဘူး မဖြူကြာပွင့် လေးရယ်.....”

ဖြူကြာပွင့်သည် ရုတ်တရက် လှုပ်ရှားသွားကာ သူ့ကို ကြောက်ရွံ့ခြင်း၊ အံ့သြခြင်းဖြင့် ကြည့်လိုက်သည်။

သူမသည် ဖြူဖတ်ဖြူလျော် ဖြစ်သွားကာ “ဟင့်အင်း - ဟင့်အင်း၊ မဖြစ်နိုင်ပါဘူးရှင်၊ တကယ် ပြောတာပါ၊ ကျမကို ခွင့်ပြုပါနော် ....”

သူမသည် လှေကားထစ်များပေါ်သို့ လျင်မြန်စွာ တက်ပြေးသွားသည်။ သူမ၏ ပိုးအဖြူပွင့် ထမီသံကို ပြုလျက်။ နောက်တံခါးဝ၌ ပျောက်ကွယ်သွားလေတော့သည်။

သူ၏ ဝိညာဉ်ထဲ၌ အလင်းရောင် တမုဟုတ်ချင်း ချုပ်ငြိမ်းသွားဘိသကဲ့သို့၊ သူ၏ စိတ်အခြေအနေသည် ချက်ချင်း ပြောင်းလဲသွားလေတော့သည်၊ သူသည် အိမ်ထဲမှ အမြန်ထွက်ခွာလာခဲ့သည်။ ရှက်စိတ်ဖြင့် ပူလောင်လာသည်။ သူ့ကို မကြိုက်၊ သူ့ကို ငြင်းပယ်လိုက်သည်၊ ရှုံးခဲ့ရသည်၊ ရွံရှာမုန်းတီးခြင်း ခံရသည် စသော အတွေးများ ဝင်လာကာ၊ သူသည် အစော်ကားခံရသည်ဟု ခံစားလာသည်။



www.burmeseclassic.com

www.burmeseclassic.com



နေပူကျဲကျဲထဲ၌ လမ်း လျှောက် ပြန် လာ ရင်း 'ကျွန်တော် ပိုင်သမျှအားလုံးကို ပေးပါ့မယ်' ဟူသော သူပြောခဲ့သော စကားကိုပင် ပြောင်လှောင်ပြက်ရယ်ပြုမိလာသည်။ သူ၏ စကားလုံးများကို အသေးစိတ်အမှတ်ရလာသည်။ အားလုံးကို ပေးမယ်ဆိုပါကလား ....၊ ဘယ်လောက်များ ကုန်သည်၊ ဈေးသည် ဆန်လိုက်ပါသလဲ။ သူ့မှာရှိသမျှ ပစ္စည်းဥစ္စာ အားလုံးကိုဘဲ လိုချင်တဲ့အတိုင်း။

သူပြောခဲ့သမျှ စကားလုံးကား ပြင်းပြင်းထန်ထန်ပင် မိုက်မဲလှပါပေဘိ။ နေ့တိုင်း အလုပ်နှင့် လက်နှင့်မပြတ်အလုပ်လုပ်သူများကြားတွင် ကြီးပြင်းလာသည်ဟု ဘာကြောင့်များ လိမ်ပြောခဲ့ရပါလိမ့် ...... ဘာဖြစ်လို့များ သန့်ရှင်းစင်ကြယ်သော၊ ပျော်စရာကောင်းသော ဘဝအကြောင်း သင်ခန်းစာ ထုတ်ခဲ့ရပါလိမ့်။ ဤသည်တို့ကားမိုက်မဲသော၊ စိတ်ဝင်စားစရာမကောင်းသော၊ မမှန်ကန်သော ရတနာပုံ ရွှေမန်းဟန်စကား ဖြစ်သည်။ သို့သော် တဖြည်းဖြည်း သူ၏ စိတ်ခံစားမှုသည် လုံးဝမထူးခြားသောအဖြစ်သို့ ပြောင်းလဲလာပေသည်။ရာဇဝတ်ကျူးလွန်သူတယောက်သည် ရုံးတော်မှ စီရင်ချက်ကို သိရပြီးသကဲ့သို့။ အားလုံး ပြီးသွားသဖြင့် ဘုရားသခင်





အား ကျေးဇူးတင်မိသည်။ ကြောက်စရာ မရေရာမှု တစ်ခုသည် ပြီးဆုံးသွားခဲ့ပေပြီကော။ ယခုကား အားလုံးတို့သည် ရှင်းသွားပေပြီ။ သူ့အဖို့ရာကား ပျော်ရွှင်ချမ်းမြေ့ခြင်းမရှိတော့။ မျှော်လင့်ချက် မရှိ။ စိတ်ကူးအိပ်မက် မရှိ။ တမ်းတမှုမရှိ။ သူ့အား အော့အန်ဘွယ်ရာ ကောင်းသော၊ ငြီးငွေ့ခြင်းများကိုတိမ်းရှောင်ရန်၊အခြားသူများ၏ပျော်ရွှင်ချမ်းမြေ့မှုတို့နှင့်သာ အချိန်ကုန်ဆုံးရမည် ဖြစ်ပေသည်။ ယင်းသို့လျှင် အသက်ကြီးလာရပေမည်။ ဘာမျှ ကိစ္စမရှိတော့။ သူသည် ဘာမျှ မှုစရာလည်း မရှိတော့။ အရာရာအားလုံးတို့ကို အစွဲအလမ်း ကင်းကင်း ရှုမြင်နိုင်ပေတော့မည်။ သို့သော် သူ၏ မျက်နှာသည် လေးကျလာသည်။ အထူးသဖြင့် မျက်လုံးများအောက်မှ။ သူ၏ နဖူးပြင်သည် ကြက်ပေါင်ဘောလုံးကဲ့သို့ တင်းလာသည်။ မျက်ရည်များ သွန်ကျလာမည်ကဲ့သို့။ သူသည် ပျော့ခွေနွမ်းလျ ကျသွားကာ ကုတင်ပေါ်၌ လဲလိုက်ရာ၊ ငါးမိနစ် အတွင်း အိပ်ပျော်သွားပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

(၃)

စန်းငွေလှိုင်၏ မမျှော်လင့်ပဲ ချစ်ရေးဆိုလိုက်ခြင်းကြောင့် ဖြူကြာပွင့်မှာ များစွာ စိတ်ဆင်းရဲနေရပေသည်။

သူမသည်စန်းငွေလှိုင်ကို နည်းနည်းပဲ သိသည်။ တွေ့တာကလည်း မတော်တဆ။ သူကား လူချမ်းသာတစ်ယောက်။ ရတနာပုံမြို့တော်မှ နာမည်ကျော်ကြားပေသော 'လှိုင်နှင့်သားများကုမ္ပဏီ' ၏ သားတစ်ယောက်။ အမြဲတမ်းလေးနက်သောသူ။ မြင်သာအောင်ပင်ဉာဏ်ထက်မြက်သူ သူ့အမကျန်းမာရေးကို ဂရုပြုသူ။ ကြင်နာသူ။ တကယ်ကတော့ သူမ၏ဘဝကို စန်းငွေလှိုင် ဘာမျှ မသိဟု ယုံကြည်မိပေသည်။ သူ့အပေါ်ကို မိမိသည် စိတ်ဝင်ဝင်စားစား မရှိခဲ့သည်မှာအမှန်။ ယခုမူကား လှေကားထစ်ပေါ်၌ ချစ်ရေးဆိုခြင်း။ သနားဘွယ်ရာ ကောင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားသော မျက်နှာ အမူအရာ ....။

ရုတ်တရက် ချင်းဖြစ်ပျက်လိုက်သဖြင့် သူမမှာ အနေခင့်အယှက် ဖြစ်သွားရပေသည်။ သူက ' ဇနီး ' ဟု သုံးနှုန်းလိုက်သောကြောင့်လည်း ဖြစ်ပေသည်။ သူမက လည်း ငြင်းပယ်လိုက်သောကြောင့် လည်းဖြစ်သည်။ သူ့ကို ဘာပြန်ပြောလိုက်သည်ကိုပင် ဖြူကြာပွင့်သည် မမှတ်မိတော့။ သို့သော် မနှစ်သက်သော ခံစားမှု ဝေဒနာ သည်ကား၊ ယခုတိုင် အရှိန်မပြေသေး။ တငွေ့ငွေ့ ပူဆဲ။ တကယ်သို့တော့ သူ့ကိုကား မကြိုက်။ သူသည် အရောင်းစာ ရေးနှင့် တူသည်။ နည်းနည်းမျှ စိတ်ဝင်စားစရာလည်း မရှိ။ ချစ်ရေးဆိုခြင်းကို လက်ခံလို့ကလည်း မဖြစ်။

သို့သော် သူမှသည် မသက်မသာ ခံစားလျက် ရှိနေပေသည်။

' လေကားထစ်ပေါ်မှာတဲ့ကွယ်၊ အခန်းထဲတောင် မရောက်ရသေး ' ဟု သူမက စိတ်ပျက်စွာ ညည်းလိုက် သည်။ကုတင်ခေါင်းရင်းရှိ နံရံ၌ ချိန်ဆွဲထားသော ဘုရား ပုံတော် ချပ်ဘက်သို့ မျက်နှာမူကာ 'ပိုးပန်းတာတောင် မရှိပဲ – ဖြန်းစားကြီး အရပ်ဆိုးဆုံးကြီး လုပ်လိုက်ပုံများ .... ' ဟု စိတ်ထဲက ရွတ်ဆိုနေသည်။

တယောက်တည်း ကျန်ရစ်လျက်၊ သူမ၏ စိတ် ထကြွလှုပ်ရှားမှုမှာ နာရီလိုက်ပင်တိုးလာပေသည်။ အခြား





တယောက်ယောက်အား ဖွင့်ဟလိုက်ရရင် ကောင်းမှာ။ အဲဒီတော့လဲ ငါလုပ်လိုက်တာ မှန်သားပဲလို့ပဲ ပြောကြမှာ ပါ။သို့သော် ခက်တာက စကားပြောစရာ လူမရှိ။ သူမ၏ အမေ ကွယ်လွန်ခဲ့သည်မှာကြာပြီ။ အဖေနှင့် ကတော့ လေးလေးနက်နက် စကားပြောလို့က မဖြစ်။ အဖိုးကြီး ၏ ရုတ်တရက်ထကာ စိတ်မကြာခဏ ပြောင်းလဲရွေ့လျား တတ်ခြင်း၊ သူ၏ ဆတ်ဆတ်ထိမခံ။ စိတ်နာကျင်ခံစား လွယ်ခြင်းနှင့် မရေရာသော ပြုမူချက်များကြောင့် စိတ် အနှောင့်အယှက် ဖြစ်ရမြဲ။ ထို့အပြင် သူမက ဘာပဲ ပြောနေပြောနေ၊ စကားကို နားမထောင်ပဲ စကားက သူ့ အကြောင်းသာ ရောက်သွားစေရသည်။ အဲသည်လောက် အဖေနှင့်စကားပြောလို့က မရ။ ဘုရားထံ ဆုတောင်းဝတ် ပြုသောအခါလည်း ဘာမျှမဖွင့်ဟဟတ်။ ဘာဆုတောင်း ရမည်ကိုလည်း မသိ။

လက်ဖက်ရည်ကရား ရောက်လာသည်။ ဖြူကြာ ပွင့်သည် ဖြူလျော်ပန်းလျကာ ခိုကိုးရာမဲ့သော အမူအရာ ဖြင့် ထမင်းစားခန်းထဲသို့ ဝင်လာပြီး၊ လက်ဖက်ရည် နပ်သည်။ ဒါက သူမ၏ နေ့စဉ် ဝတ္တရား။ လက်ဖက်ရည် ရလျှင် သူ့အဖေအတွက် တဖန်ခွက် သွားချပေးလိုက် သည်။ ဒေါက်တာသီဟမှာ ဒူးရောက်အောင် ရှည်သော

www.burmeseclassic.com



ကုတ်အင်္ကျီဖားဖားကြီး ဝတ်ထားသည်။ မျက်နှာက နီရဲလျက်။ ဆံပင်မဖီးမသင်၊ ဖရိုဖရဲ၊ လက်နှစ်ဖက်ကို အင်္ကျီအိတ်ထဲနှိုက်ကာ ထမင်းစားခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိသည်။ လှောင်အိမ်ထဲရောက်နေသော သားရဲ တိရစ္ဆာန် တကောင်ကဲ့သို့ မကြာခဏဆိုသလို စားပွဲပေါ်မှ လက်ဖက်ရည် ဖန်ခွက်ကို ယူကာ အသံမြည်အောင် တကျိုက်မော့လိုက်သည်။ ထို့နောက် တဖန်ဆက်ကာစိတ်အာရုံလှုပ်ရှားပါး ထွက်ပြေးသော အမူဟန်ဖြင့် လမ်းလျှောက်နေပြန်သည်။

"အဖေ ... ဦးစန်းငွေလှိုင်က သမီးကို လက်ထပ်ခွင့်တောင်းတယ်၊ ဒီနေ့ဘဲ ... " ဟု ဖြူကြာပွင့် ပြောတာ မျက်နှာ နီရဲသွားသည်။

ဆရာဝန်သည် သူမကို ကြည့်လိုက်သည်။ အဖိုးကြီးက နားလည်ပုံမရ။

" ဦးစန်းငွေလှိုင် ... ဟုတ်လား၊ ဦးမြတ်အေးရဲ့ ယောက်ဖဟာလား .... " ဟု သူက မေးလိုက်သည်

အဖိုးကြီးသည် သူ့သမီးကို ချစ်သည်။ အနေးနှင့် အမြန် လက်ထပ်ထိမ်းမြားသွားကာ သူနှင့် ခွဲခွာသွားမည်ဟု နားလည်ထားသည်။ သို့သော် ဒီအကြောင်း စဉ်းစားရန် မကြိုးစားပေ။ သူတယောက်တည်း ဤကျယ်ဝန်းသော အိမ်ကြီး၌ နေရမည့် အလားအလာကိုကား သူ





သည်ကြောက်ပေသည်။ ဒါကို သူကိုယ်တိုင်က ဝန်ခံသော်လည်း၊ တိတ်တိတ် ရင်ထဲ၌ကား၊ သူတယောက်တည်း နေရလျှင် တနေ့နေ့၌ ကိုယ်တပိုင်း သေသောရောဂါ ရမည်ဟု ယုံကြည်နေပေသည်။

သူသည် ပခုံးတွန့်ကာ "သိပ် ဝမ်းသာတာပဲ သမီးရယ်၊ရင်ထဲကလှိုက်လှိုက်လှဲလှဲကြိုဆိုလိုက်ပါတယ်။ အဲဒီတော့ အဖေကိုခွဲခွာဘို့ သိပ်ခမ်းနား ထယ်ဝါတဲ့ အခွင့်အရေး ရတာပဲပေါ့ကွယ်။ သမီးမှန်တယ်၊ အဖေ့လို အဖေအို လူမမာ၊ အရူးတပိုင်း အကောင်မျိုးနဲ့ အတူနေရတာ သမီးလိုငယ်ရွယ်နုပျိုတဲ့ အရွယ်မျိုးအတွက် ရက်မှာပေါ့။ သမီးလုပ်တာ မှန်ပါတယ်၊ အဖေက မြန်မြန်ညည်းအော်လိုက်ရင် အဖေ့ကို မြန်မြန်ခေါ် သွားကြမှာပါပဲ၊ အဲဒီတော့လဲ လူတိုင်းပျော်ရွှင်ကြမှာ၊ ချစ်သမီးလေး ... သမီးကို ဖေဖေဂုဏ်ပြုပါတယ်ကွယ်"

"သမီးက ငြင်းလိုက်တယ် အဖေ"

ဆရာဝန်သည် တော်တော်ကြီး သက်သာရာရသွားသည်။ သို့သော် သူ့ကိုယ်သူ မထိန်း။

" ငါ့ကို ဘာဖြစ်လို့များ အရူးထောင် မပို့ကြသလဲဆိုတာ အံ့သြနေတယ် သိလား၊ ဒီကုတ်အင်္ကျီရှည်ကြီးဝတ်ရမယ့်အစား၊ လက်ချုပ် ခြေချုပ် လူမမာအဝတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ်ရမှာ၊ ငါက ခုတိုင် သစ္စာတရားကို ယုံကြည်နေတယ်၊ ကောင်းမှုတရားကို ယုံကြည်တယ်၊ အဖေဟာ သမီးစိတ်ကူးထဲက မဖြစ်နိုင်တဲ့ လူတစ်ယောက်ပါ၊ ဒီခေတ်မှာတော့၊ စိတ်မမှန်တဲ့၊ လူစားပေါ့ကွာ၊ အဲဒီ သစ္စာတရားအတွက် အဖေရဲ့ ရိုးသားမှုအတွက် ဘာများပြန်ရလို့လဲ၊ လူတွေက အဖေ့ကို ခဲနဲ့ပေါက်ကြတယ်၊ အဲဖေ့ကို အသုံးချကြတယ်၊ ဒါပဲ မဟုတ်လား၊ အဖေ့ အနီးကပ်ဆုံး ဆွေမျိုးကတောင် အဖေ့ လည်ဂုတ်ပေါ် ခွစီးပြီး၊ အဖေ့ကို ဘဲနာကြီး - အရူးအိုကြီးလို့ ကဲ့ရဲ့ သင်္ကြိုဟ်ဆိုကြသေးတာလေ”

“အဖေနဲ့ကတော့ စကားပြောလို့ မဖြစ်ပါဘူး” ဟု ဖြူကြာပွင့်က ပြောသည်။

သူမသည် စားပွဲမှ အမြန်ဆုံးထကာ အခန်းသို့ ပြန်တက်သွားသည်။ ဒေါသဖြင့် ဆူဝေလျက်။ အဖေမှာ သူမအပေါ်ကို အမြဲတမ်း မတရား၊ သို့သော် မကြာခင် သူမသည် အဖေ့အတွက် ဝမ်းနည်းမိကာ ကလပ်သွားဘို့ အချိန်ကျသောအခါ အဖေ့ကို လေ့ကားမှ တွဲခေါ်ပို့ပေးပြီး၊ နောက်မှ တံခါးကို ပိတ်ပေးလိုက်လေသည်။ လေတိုက်၍ မငြိမ်သက်သော ညပင်။ လေပြင်းတိုက်သဖြင့် တံခါးရွက်များပင် တုန်ရီနေပေသည်။ ဝရံတာ ဘက်မှလေသည် ထန်ပြင်းစွာ တိုးဝှေ့လာလေရာ၊ ဖယောင်းတိုင်မီးပင်





ညိုမ်းတော့မတတ်။ အပေါ်ထပ်ကြီးတွင်ကား ဖြူကြာပွင့်သည် အခန်းများကို ဝင်ထွက်ကာ ပြူတင်းပေါက်နှင့် တံခါးမကြီးများ၌ လက်ကိုယှက်ကာ ရှိခိုးဟန် ပြုနေပေသည်။ လေသည် အော်မြည် ဟစ်ကြွေးနေပေသည်။ တစုံတယောက်သည် အမိုးပေါ်၌ လမ်းလျှောက်နေသည်ဟု မှတ်ထင်လျက် ရှိပေသည်။ အချိန်သည် တရွေ့ရွေ့ ဒရွတ်ဆွဲသွား နေပေသည်။ တခါမျှ သည်လောက် တကိုယ်တည်း အထီးကျန် အဖြစ်ကို မခံစားခဲ့ဘူး။

သူမသည် သူ့ကိုယ်ကို သူမေးခွန်းထုတ်နေသည်။ သူ့ပုံပန်းကို မကြိုက်တာနဲ့ စန်းငွေလှိုင်ကို ငြင်းပယ်လိုက်တာဟာ မှန်မှ မှန်ရဲ့လား။ ဟုတ်သည်၊ သူ့ကိုမကြိုက်။ သူ့ကို လက်ထပ်လိုက်တာဟာ သူမစိတ်ကူးယဉ်ခဲ့သော အိမ်မက်လှလှကလေးများကိုတသက်တာ စွန့်ခွာလိုက်တာ များလေလား။ လက်ထပ်သည့် အိမ်ထောင်သည်ဘဝနှင့် ပျော်ရွှင်ခြင်းသည် အတူတူ ပဲ့ဟု စိတ်ကူး အိပ်မက် မက်ခဲ့သည် မဟုတ်လား။ သူ့အိပ်မက်ထဲက လူကိုကော တွေ့ရရဲ့လား။ သူမသည် ယခုအခါ နှစ်ဆယ့်တနှစ် ရှိပေပြီကော။ ဤတောမြို့ ကလေး၌ သူမကြိုက်သည့်သူ၊ သင့်တော်သူမရှိ။ သို့သော် ယောကျ်ားတွေကိုစဉ်းစားကြည့်သည်။တချို့ကအရာရှိ၊ကျောင်းဆရာ၊



www.burmeseclassic.com

www.burmeseclassic.com



အမှုထမ်း၊ တချို့လည်း လက်ထပ်ကုန်ကြပြီး မယုံနိုင်စရာ။ တချို့လည်း ငြိးငွေ့ဘွယ်ရာ၊ အနှစ်သာရ မရှိသော ဘဝထဲရောက်သွားကြပြီ။ တခြားလူများကား စိတ်ဝင်စားစရာ မကောင်း၊ အရောင် အသွေးကလဲမရှိ။ မိုက်မဲပြီး အကျင့်စာရိတ္တမကောင်းကြ။ တကယ်ကတော့ စန်းငွေလှိုင်မှာ ရတနာပုံ မြို့တော်သား တက္ကသိုလ် ကျောင်းတော်ကြီးမှ ဘွဲ့ရသူ၊ ပြင်သစ် စကားလဲတတ်၊ ပညာရှင်များ၊ ထင်ရှားကျော်ကြားသူများ နေသော မြို့တော်ရတနာပုံ၊ ပျော်ရွှင်ချမ်းသာနေရာ၊ ဓာတ်မဟာရုံတော်တွေ၊ ဂီတဆည်းဆာ၊ အဝတ်အစား ချုပ်လုပ်သော အထည်ဆိုင်ကြီးတွေ၊ရသစုံကိတ်မုန့်တိုက်တွေ တည်ရှိရာ။ ဓမ္မကျမ်းစာကဓနီးသည် သည်မိမိခင်ပွန်းအား ချစ်မြတ်နိုးရမည်ဟု ဟောကြားတော်မူသည်။ ဝတ္ထုတွေကလည်း သည်အတိုင်း ရေးဖွဲ့ကြသည်။ သို့သော် ဒါတွေက ချဲ့ထွင်ရေးထားတာတွေပါ။ လက်ထပ်ခြင်းဟာ အချစ်မပါပဲ မဖြစ်နိုင်ပေဘူးလား။ လူတွေကပြောတော့ အချစ်သည် ကုန်လွန်ဖြတ်သန်းသွားပြီးလျှင်၊ ပြုလုပ်နေကျ အကျင့်စခန်းသာ ကျန်တော့သည်တဲ့။ လက်ထပ်ခြင်း၏ ရည်ရွယ်ချက်က အချစ်လဲမဟုတ်၊ ပျော်ရွှင်ခြင်းလည်း မဟုတ်။ တာဝန်ဝတ္တရား၊ ကလေးတွေ ကျွေးမွေးသုတ်သင်တာတို့ ....၊ အိမ်ထောင်ကို ထိန်းသိမ်းတာတို့ စသည်။ ဓမ္မကျမ်းစာ





ထဲမှာ ပါတာအရဆိုရင်၊ လေးစားခြင်း၊ ချုပ်တည်းသည်းခံခြင်း၊ မိမိ၏ ယောက်ျားကို မိမိ၏ အိမ်နီးချင်းကဲ့သို့ ချစ်ခင်ခြင်းလို့ ဆိုထားပါကလား။

ဖြူကြာပွင့်သည် အိပ်ရာမဝင်မီ ဘုရားရှိခိုး အမျိုးမျိုး ကျမ်းစာထဲမှ ဆုတောင်းသုတ္တန်များကို သေချာ ယနေ့စွာ ရွတ်ဖတ်သရဇ္ဈာယ်သည်။ ဒူးထောက်ကာ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တင်လျက် ရုပ်တုတော်ရှေ့၌ ထွန်းညှိပူဇော်ထားသော ဖယောင်းတိုင် မီးလျှံကို ငေးစိုက်ကြည့်ကာ တိုင်တည်လိုက်သည်။

" တပည့်တော်မအား ကယ်မ, တော်မူပါ ... ကယ်မ, တော်မူပါ အရှင်မြတ်ဘုရား ....."

သူမသည် တွေ့ခဲ့ဘူးသော အထိန်းတော် လက်ပါးစေ မိန်းမကြီးများကို တွေးမိလိုက်သည်။ သနားစရာအရောင်အဆင်း မွဲခြောက်သော မိန်းမကြီးများ။ သူတို့ကို လက်ထပ်ရန် ခွင့်တောင်းခြင်းများကို ငယ်ငယ်က ငြင်းပယ်ခဲ့သဖြင့် ဝမ်းနည်းစွာ တသသ, နောင်တရနေကြသူများ။ သည်အဖြစ်မျိုးကို သူကော မတွေ့ကြုံဘူး ဟု ပြောနိုင်ပါ့မလား။မယ်သီလရင် ကျောင်းသခ်မ်းကို ခုသွားလျှင်သွား၊ သို့မဟုတ်လည်း ဆေးရုံတရုံတွင် သူနာပြုဆရာမလုပ်။ သည်လိုပဲ ဓာတ်သိမ်းသွားလေမလား။

www.burmeseclassic.com



သူမသည် အဝတ်အစားလဲကာ အိပ်ရာပေါ်၌ လှဲလျောင်းလိုက်သည်။ ဘယ်ပြန်ညာပြန် လှည့်သည်။ လေသည် သူမအပေါ် ဖြတ်သန်းသွားသည်။ ထိုအခိုက် စကြီလမ်းဘက်မှ ကျယ်လောင်သော လူခေါ်ခေါင်း လောင်းတီးသံ ကြားရသည်။

“ဘုရား ... ဘုရား” ဟု ဖြူကြာပွင့်သည် ရေရွတ် မိကာ အသံကြားသောအခါ ထိတ်လန့် တုန်လှုပ်သွားလေ သည်။ သူမသည် မလှုပ်မယှက် လှဲလျောင်းရင်း တွေးနေ မိသည်။ တော မြို့သိမ်မြို့ငယ်ကလေးမှာ နေရတာများ တယ်လဲ ငြီးငွေ့ဘွယ်ရာ၊ စိတ်ဓာတ်ကျဘွယ်ရာ ကောင်း လှပါတကား။ နောက်ပြီး ဘယ်လောက်များ အသဲတုန် အူတုန်စရာ ကောင်းလှသလဲနော်။ အမြဲတမ်း ထိတ်စရာ၊ လန့်စရာတွေနဲ့ချည်း။ ဒါမှမဟုတ်လဲ စိတ်တိုစရာ၊ ဒါမှမဟုတ်လဲ၊ ကိုယ့်ကိုယ်ကို အပြစ်ရှိနေသလိုလို၊ နောက်ဆုံးမှာတော့.... နောက်ဆုံးတော့ အာရုံကြာတွေ အစိတ်စိတ်အမွှာမွှာ ကျေကွဲလွင့်စင်ပြီး စောင်ပုံထဲမှာ ပုန်းကွယ်ရှောင်တိမ်း နေရတော့မှာ ပါကလားနော်။

နာရီဝက်ခန့်ကြာသောအခါလူခေါ်ခေါင်းလောင်း သံသည်ယခင်ကအတိုင်းပင် အဆက်မပြတ် ကျယ်လောင် ဆူညံဂျက် ရှိပြန်သည်။ အခိုင်းအစေတွေက အိပ်များ ပျော်နေခဲ့ကြပြီလား မပြောတတ်။ ကြားပဲမကြားလို့လား။





ဖြူကြာပွင့်သည် ဖယောင်းတိုင်ထွန်းညှိကာ ကပျာကရာ အဝတ်အစားလဲပြီး ချမ်းသဖြင့် တုန်လျက် ထွက်လာ သည်။ ဘယ်လိုအစေခံတွေပါလိမ့် ....။ နေနေနိုင်လွန်း။ သို့သော် တံခါးဝသို့ ရောက်သောအခါ အခန်းစောင့်က တံခါးမကြီးကို သော့ခတ်လျက် ရှိနေပေသည်။

“ကျမကဆရာကြီးလာတာမှတ်လို့ .... မဟုတ်ပါ ဘူး၊ ငမောင်တင် လာတာပါ”

ဖြူကြာပွင့်သည် သူ့အခန်းသို့ ပြန်တက်သွား လေသည်။ သူမသည် အံဆွဲထဲမှာ ဖဲချပ်များကို ထုတ်ယူ လိုက်သည်။ ဖဲတွေကို ကျကျနန ကုလားဖန် ထိုးကြည့် လိုက်မယ်၊ ပြီးတော့ ချိုးချလိုက်မယ်၊ နောက်ဆုံးဖဲက ဖဲနီ ဆိုရင် ဒါဟုတ်တယ်လို့ အဖြေပဲ ...။ စန်းငွေလှိုင်ကို လက်ထပ်ရမယ်။ ဖဲနက်ဖြစ်နေရင်တော့ မဟုတ်ဖူးဆိုတဲ့ အဖြေ။သူမသည် ဖဲကိုချိုးလိုက်ရာ၊ အောက်ဆုံးဖဲမှာ ဖူးတ ဆယ်။

သူမသည် ငြိမ်သက်သွားကာ အိပ်ပျော်သွား သည်။ သို့သော် နောက်တနေ့နံနက် နိုးလာသောအခါမူ ကား၊ ဟုတ်တယ် ... မဟုတ်ဖူး မသေချာပြန်ပေ။ အကယ် ၍ သူမသည် စိတ်ဆန္ဒရှိလျှင် သူ့ဘဝတခုလုံးကို ပြောင်းလဲပစ်ရပေမည်။ သူမသည် အဖန်တလဲလဲ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ရသည်မှာဖျားချင်၍ပင်လာလေပြီ။ ၁၁–နာရီ ထိုးပြီးသော အခါ သူမသည် အဝတ်အစားသစ်များ လဲကာ ခင်မေဆက်လှိုင်ထံ သွားလေသည်။ သူမသည် စန်းငွေလှိုင်ကို တွေ့ချင်နေပေသည်။ ယခုဆိုလျှင် သူသည် သူမကို အရင်ကထက်ပို၍ သိမြင်လာပေလိမ့်မည်။ သူ့အပေါ်ကို သူမသည် အထင်မှား အမြင်မှား ဖြစ်နေတာ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ဖြူကြာပွင့်သည် လေကိုဆန်ကာ ခဲယဉ်းစွာ လမ်းလျှောက်သွားသည်။ လွင့်လာသော ဖုံများက မမြင်ရအောင်ပိတ်လျက်။ သူမသည် တဘက်လေးဖြင့် ကွယ်သွားရပေသည်။



(၄)

သူ့အမ၏ အခန်းသို့ ဝင်လာရာ၊ မမျှော်လင့်ပဲ ဖြူကြာပွင့်နှင့် တွေ့လိုက်သော စန်းငွေလှိုင်မှာ မနေ့က တွေ့ကြုံခဲ့ရသော ခါးသီးစွာ အထင်သေးခံရခြင်းအတွက် သက်သာရာ ရသွားပေသည်။ ဖြစ်ပျက်ပြီးနောက် ဘယ်လိုမှ သဘောမထားပဲ သူ့အမထံသို့ပင် လာလည်ကာ သူနှင့် တွေ့နိုင်သေးသည်မှာ၊ သူ့ကိုပင် ဂရုမစိုက်၊ လျစ်လျူရှုတာပေလား။ ဒါမှမဟုတ်၊ အမှုမထားရလောက်အောင်အထိ၊ အောက်ရောက်နေလေသလား။ သို့သော် လက်ဆွဲနှုတ်ဆက်သောအခါ သူမ၏ ဖြူဖျော့ဖျော့ မျက်နှာနှင့် ဖုံတွေကပ်နေသော မျက်တောင်များကို သတိထားမိပေသည်။ သူမ၏ ဝမ်းနည်းဟန်၊ အပြစ်ရှိသော မလုံသော ဟန်များကို ကြည့်၍ကား၊ သူမလည်း ခံစားနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု သိနေပေသည်။

သူမသည် ကောင်းကောင်း နေကောင်းပုံ မရ၊ ဆယ်မိနစ်ခန့်သာ လူမမာ မေးပြီးနောက်၊ ထကာပြန်သည်။

"အကိုစန်း ... ကျမတို့အိမ် လိုက်ခဲ့ပါလားဟင်" ဟု ဖြူကြာပွင့်က အိမ်မှအထွက် သူ့ကို ခေါ်သည်။

သူတို့သည်တိတ်ဆိတ်စွာ လမ်းလျှောက်သွားကြသည်။ စန်းငွေလှိုင်နောက်မှ နည်းနည်းချန်၍ လိုက်လာသည်။ လေကို ကာကွယ်ပေးရန်။ လမ်းတကွေ့ ချိုးလိုက်သောအခါ၊ လေကွယ်သွားသဖြင့် သူတို့သည် ဘေးချင်ယှဉ်ကာ လျှောက်ကြသည်။

" ကျမ မနေ့က ရင့်အပေါ်မှာ ရက်စက်မိလိုက်သလားရှင်၊ အဲဒါ ခွင့်လွှတ်ပါနော် ...." ဟု သူမက စ၍ စကားပြောသည်။ သူမအသံမှာ ငိုတော့မည်ကဲ့သို့ တုန်ရီရိုက်သံပါနေပေသည်။

"ကျမ သိပ်စိတ်မချမ်းမသာ ဖြစ်မိတာပဲ၊ တစ်ညလုံးလဲ အိပ်မပျော်ဘူး ...."

စန်းငွေလှိုင်က သူမကို မကြည့်ပဲ " တကယ်ပါပဲဗျာ ကျွန်တော်ကတော့ ကောင်းကောင်းအိပ်လို့ ပျော်ပါတယ်၊ဒါပေမယ့်ကျွန်တော် စိတ်ချမ်းသာနေတယ်လို့တော့ ဆိုလိုတာမဟုတ်ဖူး၊ ကျွန်တော့ ဘဝကတော့ ပျက်စီးသွားပါပြီ၊ မနေ့ကစပြီး ကျွန်တော်ဟာ အဆိပ်သင့်သလို ခံစားနေရပါတယ်၊ အဆိုးဝါးဆုံးဟာ မနေ့က ပြီးဆုံးသွားပြီ၊ဒီကနေ့တော့ ဘာမှမဖြစ်တော့ဘူး၊ ခင်ဗျားကို ပွင့်ပွင့်လင်းလင်းကြီး ပြောနိုင်ပါပြီ၊ ခင့်ဗျားကို ကျွန်တော့် အမထက်လဲ ချစ်တယ်၊ အမေထက်လဲ ချစ်တယ် ... ကျွန်တော့ အမတို့ ~ အမေတို့ မရှိဘဲ နေနိုင်တယ်၊ ခင်ဗျား မရှိရင်တော့ ကျွန်တော့် ဘဝဟာဘာမှ အဓိပ္ပာယ် မရှိဘူး၊ ကျွန်တော်တော့ဗျာ ...."

ခါတိုင်းကဲ့သို့ပင် သူသည် ဖြူကြာပွင့်၏ ရည်ရွယ်ချက်ကို တွေးကြည့်နေပေသည်။ သူမက အိမ်ကို ခေါ်သည်။ မနေ့က စကားကိုဆက်ချင်သည်။ ဒါကြောင့် အိမ်ခေါ်တာပဲ။ သူ့ကို ငြင်းပယ်လိုက်တာကို ဘာများ နောက်ထပ် ပြောစရာ ရှိဦးမှာလဲ။ ဘာထပ်ဖြည့်စရာများ ရှိသေးသလဲ။ အခု ဘာတွေများ တွေးနေပါလိမ့်။ သူမ၏ အကြည့်များ၊ အပြုံးများ၊ သူ့ဘေးမှ လမ်းလျှောက်လိုက်လာရင်း ခေါင်းလှုပ်ပုံ၊ ပခုံးလှုပ်ပုံများကို အကဲခတ်ပြီး သူ့ကို ယခုတိုင် မချစ်သေးဟုကား၊ အာရုံ သိသိနေပေသည်။ ဒီတော့ သူ့ကို ဘာများ ပြောစရာ ရှိရဦးမှာလဲ။

ဒေါက်တာ ဦးသိဟမှာ အိမ်၌ ရှိနေပေသည်။

" လာလေ ... မောင့်ကို ကြိုဆိုပါတယ်၊ ဦးလှိုင်

www.burmeseclassic.com



စန်းငွေ .... ” ဟု နာမည်ကို အမှားမှားအယွင်းယွင်း ခေါ်ကာ နှုတ်ဆက်သည်။

“လာလည်တာ ဝမ်းသာပါတယ်”

ဆရာဝန်မှာ တခါမျှ ယခုလောက် ဖော်ရွေပျူငှာခြင်း မရှိခဲ့ဘူး။ ချစ်ရေးဆိုတာတွေတော့ သိသွားပြီဟု တွက်ကာစန်းငွေလှိုင်မှာ စိတ်လှုပ်ရှားမိပေသည်။ သူသည် ဆရာဝန်၏ ဧည့်ခန်းဆောင်တွင် ထိုင်လျက် ရှိနေသည်။ ဆန်းကြယ်သော ဧည့်ခန်း၊ မသပ်မရပ်။ ခမ်းနားထယ်ဝါသည် ထင်ရသော အိမ်ထောင်ပရိဘောဂများ၊ ပန်ချီကားအညွှံများ။ကြီးမားသော မီးအုပ်ဆောင်းကြီးများနှင့် ပက်လက်ကုလားထိုင်များဖြင့် ခင်းကျင်းထားလင့်ကစား၊ ဧည့်ခန်းဆောင်နှင့် မတူပဲ၊ ကျယ်ဝန်းလှသော စပါးစည်ကြီးနှင့် တူနေပေသေးတော့။ သူလိုဆရာဝန်မျိုးသာ သက်တောင့်သက်သာ နေတတ်သော အခန်းမျိုး။ ကပ်လျက်အခန်းမှာ ယင်းထက် နှစ်ဆကျယ်သော ခန်းမဆောင်ဟု ခေါ်သော အခန်းကြီး။ ဘာမျှမရှိ၊ အက, သင်ခန်းကဲ့သို့ နံရံ၌ ကုလားထိုင်များ တန်းစီချထား သည်။ သူသည် ဆရာဝန်အား သူ့အမအကြောင်း ပြောလျက်ရှိစဉ်၊ ဖြူကြာပွင့်က သူ့မမ ခင်မေဆက်လှိုင်ထံလာပြီး၊ သူမ စိတ်ပြောင်းကြောင်း ပြောဘို့သက်သက် အတွက် သူ့ကို အိမ်လိုက်ရန် ခေါ်သည့်အကြောင်း တွေးမိရင်း၊ စိတ်





မသက်မသာ ဖြစ်ကာ ညစ်ညူးနေပေသည်။ဘယ်လောက်များ ဆိုးဝါးလိုက်ပါသလဲ။ သို့သော် အဆိုးဆုံးသည်ကား ယင်းသို့ သံသယ ဘယ်လိုရောက်လာ သလဲ ဆိုတာကို သိနေခြင်းပင်။ ညဥ့်နက်သန်းခေါင်သား အဖနှစ်ယောက်ထိုင်ကာ ထိုအကြောင်းများကို အဘယ်ပုံ လေးလေးနက်နက် ဆွေးနွေးငြင်းခုံနေသည် ဆိုတာကို စိတ်ကူးဖြင့် မှန်းကြည့်နေသည်။ နောက်ဆုံးတော့ သည်လောက် ချမ်းသာသောသူ တစ်ယောက်အား ဖြူကြာပွင့်က ငြင်းလိုက်ခြင်းမှာ ဘယ်လောက်မိုက်သလဲဟု သဘောတူမှု ရရှိသွားပေမည်။ ဤအခါမျိုး၌ မိဘများ ပြောတတ်သော စကားမျိုးကိုပင် ကြားနေရသည်။

“ ဟုတ်တယ် ... သမီးကတော့ သူ့ကို မချစ်ဖူးပေါ့။ ဒါပေမယ့် ယူလိုက်လို့ စံစားရမယ့် ချမ်းသာသုခတွေ ကိုတော့ စဉ်းစားကြည့်ပေါ့ .....”

ဆရာဝန်သည် လူနာအိမ်များသို့ တစ်ပတ်သွားကြည့်ရန် ထလိုက်သည်။ စန်းငွေလှိုင်ကလည်း သူနှင့်အတူ ပြန်ရန် ပြင်သည်။ သို့သော် ဖြူကြာပွင့်က “နေပါအုံး အကိုစန်းရယ် .... ” ဟု တားလိုက်သည်။

ဖြူကြာပွင့်ကား နှလုံးမသာမယာ ဖြစ်နေပေသည်။ နည်းနည်းမှ စိတ်က မချမ်းသာ။ မချစ် မနှစ်



www.burmeseclassic.com

www.burmeseclassic.com



သက်တာ သက်သက်ဖြင့် ဤကဲ့သို့ ကြင်နာတတ်သူ၊ ယဉ်ကျေးနှစ်လိုဘွယ်ကောင်းသူ၊ သူ့ကို ချစ်မြတ်နိုးသူကို ငြင်းပယ်ရမှာတဲ့လား။ တကယ်တော့ သူမ၏ငြီးငွေ့ဘွယ်ရာ ကောင်းသော၊ စိတ်ခတ်ကျစရာကောင်းသော၊ ပျင်းစရာကောင်းသော ဘဝကို ပြောင်းလဲပစ်မည့် အခွင့်ကောင်းရရှိနိုင်သောအခါ၊ သူမ၏ နုပျိုရွှယ်သော ဘဝမှာ ကုန်လွန်ကာ၊ ရှေ့အနာဂတ်ကလည်း အလားအလာ မရှိနိုင်သောအခါ၊ ယင်းသို့သော အခြေအနေမျိုး၌ ငြင်းပယ်ရမှာ ရူးသွပ်သော အလုပ်၊ မိုက်မဲသော စိတ် ရက်တရက်ပြောင်းလဲခြင်းအလုပ်သာ ဖြစ်မည်။ ဘုရားသခင်က သင့်ကို ဒဏ်ခတ်ပေမည်။

ဆရာဝန်၏ ခြေသံ ပျောက်ကွယ်သွားသောအခါ၊ ဖြူကြာပွင့်သည် မျက်နှာ ဖြူဖျော့ဖျော့ဖြင့်ပင် ရုတ်တရက် စန်းငွေလှိုင်ဘက်သို့ လှည့်ကာ ရတိပြတ် လေသံဖြင့်...."

"အကိုစန်း ... မနေ့က ကျမကို လက်ထပ်ခွင့်တောင်းတာ ကျမ အကြာကြီး စဉ်းစားပါတယ်။ ကျမ လက်ခံဘို့ ဆုံးဖြတ်လိုက်ပါပြီ"

စန်းငွေလှိုင်သည် ဦးညွတ်ကာ သူမ၏ လက်ကိုနမ်းသည်။ ဖြူကြာပွင့်က သူ၏နဖူးကို သူမ၏ အေးစက်သော နှုတ်ခမ်းဖြင့် အရုပ်ဆိုးစွာ နမ်းလိုက်သည်။ ဤမေတ္တာကြေငြာချက်၌ အခြေခံကြီးတခု လိုနေသည်ဟု သူ





သည် ခံစားမိပေသည်။ ဤသည်ကား သူမ၏ အချစ်ပင် ..." ဤအခြင်းအရာကား၊ အင်မတန့်ကို အပေါ်ယံ ကျနေသည်။ သူသည် ငိုကြွေးဟစ်အော်ကာ ထွက်ပြေးလိုက်ချင်သည်။ ရတနာပုံမြို့တော်ကို ချက်ချင်း ပြန်ပြေးလိုက်ချင်သည်။ သို့သော် သူသည် ဖြူကြာပွင့်နှင့် နီးကပ်စွာ ရပ်လျက်ရှိနေသည်။ စွဲလမ်း တပ်မက်ခြင်းသည် သူ့ကို ရုတ်တရက် လွှမ်းမိုးလိုက်ပြန်သည်။ ပြန်လည် စဉ်းစားရန်ကား၊ နောက်အကျကြီး ကျခဲ့ပေပြီ။ သူသည် ဖြူကြာပွင့်နှင့် ထိကပ်ကာ ချစ်ခင်စုံမက်ကြောင်းများ၊ ရေရွတ်ရင်း၊ သူမ၏ လည်ဂုတ်ကို နမ်းသည်။ ထို့နောက် ပါးကို နမ်းသည်။ ဆံပင်ကို နမ်းသည်။

ဤယုယ ချော့မော့မှုများကြောင့် သူမသည် လန့်သွားကာ ပြူတင်းပေါက်သို့ သွားသည်။ နှစ်ယောက်စလုံးပင် ပြောပြီးသား စကားများကို ဝမ်းနည်းမိကြသည်။ သူတို့သည် ရှုပ်ထွေးကာ မိမိတို့ကိုယ်ကို မေးခွန်းများ မေးမြန်းနေကြသည်။ ဘာဖြစ်လို့များ ဒီလို ဖြစ်သွားရပါလိမ့်နော် ..."

သူမသည် နိုကိုးရာမဲ့စွာ လက်များကို ဆုပ်ပြီး "ကျမ ဘယ်လောက်စိတ်မချမ်းသာဘူးဆိုတာ အကိုစန်းများ သိရင်လေ..." ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖြူကြာပွင့် ထံသွားကာ သူ၏လက်များကို ဆုပ်ကိုင်ပြီး “ ဘာဖြစ်လို့လဲဟင် ...” ကျွန်တော့်ကို အမှန်အတိုင်းသာ ပြောပါဗျာ၊ ကျွန်တော်တောင်းပန်ပါတယ်၊ အမှန်ကိုသာ ပြောပြပါလား”

သူမက အတင်းပြုံးလျက် “ ဘာမှ မဟုတ်ပါဘူးရှင်၊ အလကားပါ၊ ရှင့်ရဲ့ သစ္စာရှိတဲ့၊ ရှင်တယောက်ထဲကိုသာ မြတ်နိုးချစ်ခင်တဲ့ ဇနီးသည် ဖြစ်ရမယ်ဆိုတာ ကျမကတိပြုပါတယ်၊ ဒီညနေလဲ အိမ်လာလည်နော် ...”

အချိန်အတန်ကြာသောအခါ သူသည် သူ့အမအား ရာဇဝင်ဝတ္ထု၊ ဖတ်ပြနေသောအခါ၊ ဖြစ်ပျက်ခဲ့သမျှတို့သည် ပေါ်လာကြပြန်သည်။ သူ၏ စိတ်လှုပ်ရှားမှု၏ ဘာအနှစ်သာရမှ မရှိပဲတုံ့ပြန်ခံရမှုကို တွေးတောမိပြီး စိတ်ထိခိုက်လျက် ရှိပေသည်။ ဖြူကြာပွင့်သည် သူ့ကို မချစ်၍သို့သော် လက်ထပ်ခွင့် ပြုသည်။ သူသည် ချမ်းသာသူဖြစ်၍၊ သူတန်ဘိုးမထားဆုံးကို သူမကနှစ်သက်ရွေးချယ်၍၊ လက်ထပ်ခြင်း ဖြစ်သည်မှာ ဘာမျှ သံသယရှိစရာမလိုပေ။ဘုရားမြတ်စွာကို ယုံကြည်သော၊ သန့်ရှင်းသော မိန်းမပျိုကလေး ဖြစ်သဖြင့် သူ၏ငွေကြေးအသပြာကို စဉ်စားမည် မဟုတ်။ သို့သော် လက်တွေ့အကြောင်း။ သည်အကြောင်းကား အခြားမဟုတ်၊ သူ့ကို လက်ထပ်လိုခြင်းပင်၊ ဆရာဝန်အိမ်ကြီး၏ လှူလတ်တန်းစားကြီး





ကျယ်ဝုဏ်ရှိလိုခြင်းနှင့် ဆရာဝန်ကိုယ်တိုင်၏ ဘိုသီဘတ်သိနိုင်သော၊ဆီဆွတ်ထားသော ကပ်စေးနဲကြီး၊ မောင်တာနော ဝတ္ထုထဲက ဦးဆုသာလို ဇာတ်ကောင်မျိုး၊ ယင်းတို့ကို စန်းငွေလှိုင် မကြိုက်၊ ရွံသည်။ ဖြူကြာပွင့်ဟူသော အမည်မှာပင် ယခုအခါ မလှတော့၊ ကြမ်းတမ်းခက်ထော်လာပေပြီ။ သူတို့သည် ဘုရားကျောင်းကန်သို့ သွားကြမည်။သူမဘာက်ကာခံစားမှုတရွေးသားမျှမရှိပဲလက်ထပ်ပွဲမှာ အောင်သွယ်၏ စီမံချက်ကဲ့သို့။ ဖြေစရာ တခု ရှိသည်ကား၊ လက်ထပ်ခြင်း ကဲ့သို့ပင် ဘာမျှ မထူးဆန်း၊ ထောင်သောင်းလူတွေ ပြောကြသလို၊ ကောင်မလေး သူ့ကို နားလည်လာရင်တော့....၊ ဖြူကြာပွင့်သည် သူကို ချစ်ရန် နားလည် သိရှိလာလိမ့်မည် ဆိုရမှာပင်။

စန်းငွေလှိုင်သည် စာ အုပ် ကို ပိတ် လိုက် ပြီး “ ရိုမီယိုနဲ့ ” ဂျူးလီယက် ” ဟု ပြောကာ ရယ်မောပြီး “မမ မောင်က ရိုမီယို ဖြစ်နေပြီမမရဲ့၊ မသိသေးဘူးလား၊ ကျွန်တော့်ကို ဝမ်းသာစကားပြောပေတော့၊ ဒီကနေ့ပဲ ဖြူကြာပွင့်ကို လက်ထပ်ဖို့ ခွင့်တောင်းလိုက်တယ်”

ခင်မေဆက်လှိုင်မှာပထမတော့နောက်ပြောင်ပြောသည်ဟု ထင်မှတ်နေသည်။ နောက်တော့ သူ့မောင်က အတည် ပြောနေသည်ကို နားလည်သွားသောအခါ ငိုရှိုက်



www.burmeseclassic.com

www.burmeseclassic.com



မိလေသည်။ သည်သတင်းကြောင့် ခင်မေဆက်လှိုင်မှာ စိတ်အနှောင့်အယှက် ဖြစ်သွားလေသည်။

" ဝမ်းသာတယ်လို့ပဲ ပြောရမှာပေါ့၊ မင်းဟာက မမြန်လွန်းဘူးလားကွယ်"

" မြန်တော့ မမြန်ပါဘူး မမရဲ့၊ မတ်လကထဲက ပဲဟာ၊ မမက သတိမထားမိလို့ပေါ့၊ မတ်လလောက်က ထဲက ကျွန်တော်သူ့ကို ချစ်နေတာ၊ မမ အခန်းထဲမှာပဲ တွေ့တာဘဲဟာ"

အနည်းငယ် ရပ်နားပြီးမှ ခင်မေဆက်လှိုင်က "မမကတော့ ရတနာနှာပုံ ရွှေမန်းသူ တယောက်ယောက်ကို ယူမယ်လို့ ထင်နေတာ၊ ဒို့အသိုင်းအဝိုင်းထဲကပေါ့၊ ဒါမှကောင်းမှာပေါ့၊ ဒါပေမယ့်ကွယ် ... ပျော်ရွှင်ဘို့က အရေးကြီးတာပါ မောင်လေးရယ်၊ မမယောကျ်ားကိုကို မြတ်အေး ကြည့်ပါအုံး၊ မမကို မချစ်ပါဘူး၊ မင်းလဲ တွေ့နေသားဘဲ၊ ဒို့ဘ ပ်လိုနေကြထိုင်ကြတယ်ဆိုတာ ....၊ ဘယ်အမျိုးသမီးမဆို မောင်လေးကို ချစ်နိုင်ပါတယ်။ မောင်လေးက ကြင်နာတတ်ရားရှိတယ်၊ ဉာဏ်ကောင်းတယ်၊ လိမ္မာရေးခြားရှိတယ်၊ ဖြူကြာပွင့်လဲ တော်သားပဲ ပညာလဲ တတ်သားပဲဟာ၊ ကြင်နာတရားတို့ ဦးနှောက်တို့နဲ့ ဘင်လဲ လုံလောက်တာ မဟုတ်ပါဘူးလေ၊ ကောင်မလေး





ကတော့ ငယ်ပါသေးတယ်၊ မင်းထက် တော်တော် ငယ်တယ်၊ ငါ့မောင်က လူချောတော့ မဟုတ်ဘူး"

နောက်ဆုံး စကားလုံးကို ပို၍ နူးညံ့သွားအောင် ပါးကို နည်းနည်း ပွတ်နေလေသည်။

"မချောပေမယ့် ငါ့မောင်က လူကောင်းတစ်ယောက်ပဲဟာ၊ သဘောသိပ်ကောင်းတာ မဟုတ်လား"

သူမသည် စိတ်လှုပ်ရှားနေသည်။ သူမ၏ ပါးများပင် ပန်းနုရောင် သမ်းလာပေသည်။ စန်းငွေလှိုင်ကို ကောင်းချီးပေးရန် လိုအပ်ပါသလား။ တကယ်ကတော့ အမကြီး အမိအရာပင် ဖြစ်ပေသည်။ သူ့မောင်၏ လက်ထပ်ပွဲသည် ထိုက်တန်အောင်ပင် ခမ်းခမ်းနားနား ဖြစ်အောင် လုပ်ပေးမည်ဟု ဝမ်းနည်းနေသော သူ့မောင်အား ဖျောင်းဖျရပေမည်။

စန်းငွေလှိုင်သည် သတို့သားအဖြစ် ဒေါက်တာ ဦးသိဟအိမ်သို့ တစ်နေ့သုံးခေါက်လောက် သွားရောက်လည်ပတ်ပေသည်။ သူ့မိခင်အား ရာဇဝင် ဝတ္ထုဖတ်ပြပေးသော ခင်ပိတောက်ကိုပင် အနားမပေးနိုင်တော့ပေ။ ဖြူကြာပွင့်သည် အိမ်ကြီး၏ တဖက်စွန်းရှိ ဧည့်ခန်းနှင့် ကွဲပြားသော သူမပိုင် အခန်းများ၌ စန်းငွေလှိုင်ကို ဧည့်ခံသည်။ သူမအခန်းများကိုတော့ သူကကြိုက်သည်။ မှောင်



www.burmeseclassic.com

www.burmeseclassic.com



သောခန့်ရုံများ၊ အခန်းထောင့်ရှိ ရုပ်ပုံတော်ကားချပ်တွင် အဖိုးတန်ရေမွှေးရနံ့နှင့် အမွှေးတိုင်ရနံ့များ၊ ဖြူကြာပွင့်၏ အိပ်ရာနှင့် မှန်တင်ခုံကို လိုက်ကာဖြင့် အဝေးမှ ကာထားသည်။ စာအုပ်ဘီရိုတံခါးများကို အဝတ်စိမ်းဖြင့် ဆင်သထားသည်။ ကြမ်းပြင်ကို ကော်ဇောထူဖြင့် ခင်းထားရာ၊ သူမ၏ ခြေသံကိုပင် မကြားနိုင်။ သူမသည် သီးသီးသန့်သန့် နေတတ်သည်ဟု မှတ်ယူရမည်။ သူမ၏ဘဝသည် တိတ်တိတ်ဆိတ်ဆိတ်၊ အေးအေးဆေးဆေး သီးခြားနေထိုင်တတ်သောဘဝ။ ယခုအထိ ဖခင်က သူမကို ကလေးသဖွယ် သဘောထားသည်။ သူပိုင် ငွေမရှိ။ လမ်းထွက်သည့် အခါ သူမထံ၌ ကြေးပြားတစေ့ပင် မရှိသည်ကို စိတ်ပျက်စွာ တွေ့ရှိရတတ်သည်။ သူ့ဖခင်က အဝတ်အစားဝယ်ဖို့၊ စာအုပ်ဝယ်ယူဖို့ တစ်နှစ်တစ်ရာထက် ပိုမပေးပေ။ ဒေါက်တာသီဟမှာ လူနာ ဆေးကုသခတော်တော်ရသော်လည်း၊ ငွေကြပ်တည်းနေမြဲ။ သူသည် ညနေတိုင်း ကလပ်၌ ဖဲကစားကာ အမြဲတမ်း ရှုံးသည်။ သူသည် ငွေချေး သမဝါယမအသင်းမှ ချေးယူကာ အိမ်များဝယ်ပြီး အိမ်ငှားချသည်။ သို့သော် ဘယ်တော့မှ အိမ်လခရသည် မရှိ။ သို့သော်သူက အမြတ်ပေါ်သည် ပြောမြဲပင်။ ယခု သားအဖနှစ်ယောက်နေသော အိမ်ကြီးမှာ ပေါင်ထားသည်။ ယင်းငွေဖြင့် မြေဝယ်ကာ နှစ်ထပ်တိုက်





ကြီးတစ်ခု ဆောက်လျက်ရှိသည်။ ပြီးလျှင် အိမ်သစ်ကြီးကို ပေါင်ဦးမည်။

စန်းငွေလှိုင်မှာမှိုင်းမှုန်ရီဝေနေပေသည်။ သူကိုယ်တိုင်မှာ သူမဟုတ်။ လူနှစ်ထပ်။ အရင်တုန်းက သူလုပ်ဖို့စိတ်ကူးတာတွေ အများကြီး လုပ်လျက်ရှိသည်။ သူသည် ဒေါက်တာသီဟနှင့် ကလပ်သို့ သုံးခါအတူသွားသည်။ ညဥ့်နက်စာ အတူစားသည်။ အိမ်များဆောက်လုပ်ရေးအတွက် ငွေပေးသည်။ ဦးမြတ်အေးနေသော အခြားတိုက်ခန်းသို့ပင် သွားလည်သည်။ ဦးမြတ်အေးက တစ်နေ့၌ သူ့အား ထမင်းစား ဖိတ်လိုက်သည်။ စန်းငွေလှိုင် ဘာမျှ စဉ်းစားမနေဘဲ ဖိတ်ကြားချက်ကို လက်ခံလိုက်သည်။ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ ဆံပင်ဖြူကျား မျက်ဝန်းနက်နက်၊ အသက် ၃၅–နှစ်ခန့် အမျိုးသမီးတစ်ဦး စည့်ခံ တွေ့ဆုံသည်။ သူမ၏ မျက်နှာကို ပေါင်ဒါများ ဖြူဖွေးအောင် ဖို့ထားသည်။ သူမသည် သကြားရည်လောင်း ချိုသာစွာ ပြုံးပြကာ၊ သူ့ကို ဆတ်ကနဲ လက်ဆွဲ နှုတ်ဆက်လိုက်ရာ၊ ဖြူသောလက်မှ လက်ကောက်သံ တချွင်ချွင်မြည်သွားလေသည်။ ယင်းသို့ အချိုဆုံး ပြုံးခြင်းမှာ တကယ်က သူမသည် မပျော်ရွှင်ခြင်းကို ဖုံးကွယ်ရအောင်၊ အခြားသူများ မသိရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြုံးခြင်းဖြစ်သည်ကို စန်းငွေလှိုင်က သိနေသည်။ ငါးနှစ်နှင့်သုံးနှစ်သမီးအရွယ်ကလေးမကလေးနှစ်ယောက်လည်း တွေ့ရသည်။ ခင်ပိတောက်နှင့် ရုပ်ချင်းဆင်ဆင်။ ညစာစားပွဲမှာ နို့မလိုင်ဟင်းချို၊ ဥနီ ဥဝါနှင့် သိုးသားကြော်၊ အချိုပွဲအဖြစ်ကား ချောကလက်နှင့် စထရော်ဘယ်ရီမွှေ။ အားလုံး ဖွယ်တယ်ဝယ်၊ အရသာမရှိ။ သို့သော် စားပွဲကား ရွှေခက်ရင်းရောင်ဖြင့် တောက်ပ၏။ အချဉ်စပ်နှင့် ငရုတ်ကောင်းမှုန့်ထည့်သော ပုလင်းများကား ဖိတ်ကြွ၏။ ရွှေရောင်ဖြင့် ပန်းပွင့်များ ဖော်ထားသော ခွက်များ၊ နို့မလိုင်ဟင်းချိုကို သောက်ပြီးတော့ စန်းငွေလှိုင်သည် သူ့အိမ်လာမိတာ လွန်မင်းစွာ အရိပ်သုံးပါး နားမလည်မိလေခြင်းဟု သိမြင်လိုက်လေပြီ။ အမျိုးသမီးမှာလည်း အထင်အရှားပင် အနေရအထိုင်ရကျပ်နေကာ၊ အမြဲတမ်း ပြုံးပြပြီး သွားများကို ဖော်ချည်းနေရသည်။ ဦးမြတ်အေးကတော့ အချစ်နှင့် မူလ အခြေခံအကြောင်းကို ရှင်းပြလျက် ရှိလေသည်။

သူသည် အမျိုးသမီးဘက်လှည့်ကာ ပြင်သစ်ဘာသာဖြင့် ပြသနာကတော့ကွာ၊ လျှပ်စစ်အချင်းအရာသက်သက်ပဲ၊ ဒို့အသားထဲမှာ မှန်ဘီလူးနဲ့ကြည့်မှ မြင်နိုင်စွမ်းရှိတဲ့ သေးငယ်လှသော အကျိတ်ကလေးတွေရှိနေတယ်၊ အဲဒီ အကျိတ်တွေက လျှပ်စစ်စီးကြောင်းတွေ





လွှတ်နေတာ၊ တက်ယ်ီလို့ ခင်ဗျားနဲ့ အခြားတစ်ယောက်နဲ့ လျှပ်စစ်စီးကြောင်းလေးများ မျဉ်းပြိုင်ယှဉ်သွားမိရင် အချစ်ဆိုတာ ပေါက်ဖွားလာတော့တာပဲ"

စန်းငွေလှိုင်သည် အိမ်ပြန်လာသောအခါ၊ သူ့အမက "ဘယ်ကပြန်လာသလဲ" ဟု မေးလိုက်တော့ သူသည် ရှက်မိကာ စကားပင် ပြန်မဖြေရဲ။

လက်ထပ်ပွဲ မတိုင်မီ ရက်သတ္တပတ်များ၌ သူသည် သူ၏ မမှန်ကန်သော အနေအထားကို သိရှိနေရသည်။ သူ၏ ချစ်ပေတ္တာသည်ကား တစ်နေ့ထက်တစ်နေ့ တိုး၍သာလာပြီး ဖြူကြာပွင့်မှာ ကဗျာဆန်နေသည်။ မြတ်နိုးဘွယ်ရာကောင်းနေသည်ဟု ခံစားနေသည်။ သို့သော် ဖြူကြာပွင့်ကတော့ သူ၏ ချစ်မေတ္တာကို မတုံ့ပြန်၊ သူမကိုယ်ကို သူ့ကို ရောင်းလိုက်တာသာဖြစ်သည်ဟူသော အချက်ကတော့ ရှိနေဆဲပင်၊ အခါများစွာပင် စိတ်ပျက်ကာ အားလုံးကို ဖျက်ပစ်လိုက်တော့မည်ဟု ကြံစည်မိသည်မှာလည်း တစ်ကြိမ်မကတော့။ သူသည် အိပ်လို့လည်း မပျော်၊ တစ်ညလုံး နိုးနေကာ တွေးတောလျက် ရှိပေသည်။ ရတနာပုံမြို့တော်တွင် ရှိနေသော သူ၏ သူငယ်ချင်းများကို စာရေးရာ၌ ဖော်ပြသော ထို အမျိုးသမီးက သူလက်ထပ်ပြီး သွားတွေ့လျှင် ဘာများ ပြောဦး



www.burmeseclassic.com

www.burmeseclassic.com



မလဲ။ အပေါင်းရခက်သော သူ့အဖေနဲ့ အကိုတို့ကတော သူလက်ထပ်တာ ဘာပြောကြဦးမလဲ။ ဖြူကြာပွင့်ကိုကော ဘာပြောကြမလဲ။ သူက ပထမဆုံးအကြိမ်တွေ့ဆုံကြသော အခါ သူ့အဖေက ဖြူကြာပွင့်အပေါ် ရိုင်းပျနေမလားဟု လန့်နေမိသေးသည်။ သူ့အကို စန်းဖေလှိုင်ကတော့ ကိစ္စ မရှိ နောက်ကျတော့ ထူးထူးဆန်းဆန်းတွေ ဖြစ်သွားမှာပဲ လေ။ သူက စာအရှည်ကြီး ရေးလိုက်သည်။ ကျန်းမာရေး၏ အရေးကြီးပုံအကြောင်း၊ မကျန်းမာခြင်းကြောင့်စိတ်ကို အကျိုးသက်ရောက်ပုံ၊ ဘာသာရေး၏ အနှစ်သာရ။ သို့သော် ရတနာပုံမြို့တော်အကြောင်း၊ လုပ်ငန်းဆောင် တာ အကြောင်း စကားတစ်လုံးမျှ မပါ။ ဤစာများကား စန်းငွေလှိုင်အား အံ့သြခြင်းအယုက် ဖြစ်စေပေသည်။ သူ့ အကို၏ သဘောသဘာဝယကား အဆိုးဘက်သို့ ပြောင်း လဲလာပေပြီ။

သူတို့သည် စက်တင်ဘာလ၌လက်ထပ်လိုက်ကြ သည်။ ထိုနေ့မှာပင် သူတို့သည် ရတနာပုံမြို့တော်သို့ ထွက်သွားကြပေသည်။ စန်းငွေလှိုင်နှင့် သူ့ဇနီးတို့သည် ဒေါ်ခင်မေဆက်လှိုင်အား သွားရောက်နှုတ်ဆက်ကြသည်။ ဖြူကြာပွင့်မှာ ကျကျနန အနက်ရောင် ဇာအင်္ကျီ ဝတ်ဆင် ထားရာ၊ အရင်ကလို မိန်းမပျိုကလေးနှင့်ပင် မတူတော့။





မမာနေသော ဒေါ်ခင်မေဆက်လှိုင်မှာ မျက်နှာတွန့်သွား သည်။ သူမ၏မျက်လုံးများကတော့ ခြောက်သွေ့လျက်။

"မမမရှိရင် မမ ခလေးတွေကိုမွေးလိုက်ပါကွယ်"

"အိုး....ကျမတာဝန်ယူလိုက်ပါ့မယ်၊ ကတိပေးပါတယ်မမ ရယ်......"

ဖြူကြာပွင့်၏ နှုတ်ခမ်းနှင့် မျက်ခွံများမှာ လှုပ် သွားပေသည်။

စန်းငွေလှိုင်ကလွန်စွာစိတ်ထိခိုက်ကာ "ကျွန်တော် လဲအောက်တိုဘာလထဲမှာ လာကြည့်ပါအုံးမယ်၊ ကိုယ့် ကိုယ်ကိုနေကောင်းအောင်နေပါမမရယ်"

သူတို့သည်ပတာမတန်းတွဲနှင့် လိုက်ပါသွားကြ သည်။ နှစ်ယောက်စလုံးမပျော်ရွှင်ကြ။ သက်တောင်သက် သာမရလှ။ သူမသည်ထောင့်တထောင့်၌ ဇိုင်ကာမျက်နှာ ပေါ်ပိုးပုပါအုပ်ပြီး၊ အိပ်ငိုက်ချင်ယောင်ဆောင်နေ၏။ သူက တော့ မျက်နှာချင်းဆိုင်၌ ထိုင်လိုင်လာပြီး စိတ် အနှောင့် အယှက် ဖြစ်စရာအတွေးများတသီတတန်းကြီးစဉ်းစားလာ သည်။ သူ့အဖေအကြောင်း၊ သူ၏အမျိုး သမီးအကြောင်း၊ ရတနာပုံရှိသူ၏အိမ်ခန်းကို ဖြူကြာပွင့်ကြိုက်မှ ကြိုက်ပါ့ မလား။ ထို့နောက်သူ့ကိုမချစ်သော သူ့ဇနီးကို ကြည့်မိ ပြန်သည်။ ဘာဖြစ်လို့များ ဒီလိုဖြစ်သွားရပါလိမ့်နော်။

www.burmeseclassic.com

(၅)

ရတနာပုံမြို့တော်ရှိ လှိုင်နှင့်သာများ၊ ကုမ္ပဏီလုပ်ငန်းကား၊ လက်ကားလုပ်ငန်း။ အထည်အလိပ်၊ ပိုးဖဲကတ္တီပါ၊ ဓာအနားတပ်၊ ဓာထိုးပန်းထိုးချည့်ထည်၊ ကြယ်စွေစသော ဝတ်စားဆင်ယင်မှု ကုန်စည်များ။ တစ်လျှင်နှစ်သန်းခန့် အရောင်းရှိသည်။ အမြတ်အစွန်းကိုကား၊ အတိုးကြီးမှတပါး၊ မည်သူမျှ မသိနိုင်ကြ။ ဦးခမ်းလှိုင်၏သားများနှင့်အရောင်းစာရေးများကမူကော့ သုံးသိန်းလောက်မြတ်မည်ဟုခန့်မှန်းကြသည်။ အကယ်၍ အဖိုးကြီးကရက်ရက်ရောရောကြွေးမပေးဘူးဆိုလျှင် တစ်သိန်းလောက်နောက်ထပ်ဖြတ်ဦးမည်ဟု သူတို့က ဆိုကြသည်။ လွန်ခဲ့သော ဆယ်နှစ်အတွင်းက ကုမ္ပဏီမှာ စိတ်ပျက် ဖွယ်ရာမျှော်လင့်ချက်မရှိသော ကြွေးစာရင်း တစ်သန်းခန့်စုပုံရှိနေသည်။ ယင်းအကြောင်းစကားစပ်လာလျှင် စာရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



သည်လျှို့ဝှက်ဟန် မျက်စပစ်ကာဝေဖန်သည်။ "ဒီရာစုနှစ်ရဲ့ စိတ္တဗေဒဆိုင်ရာ အကျိုးသက်ရောက်မှုပေါ့"

အရောင်းအဝယ် လုပ်နေ်လုပ်ရာဌာနကား၊ ကုန်လှောင်ရုံဖြစ်ပေသည်။မှိုင်းမှုန်သောရင်ပြင်တခုမှဖြတ်သန်းသွားရသည်။ ယင်းရင်ပြင်မှာ ဂုန်နီအိတ်နံ့ရပြီး၊ မြင်းခွာသံများဖြင့် ဆူညံမြည်ဟည်းနေမြဲ၊ ရင်ပြင်အဝရှိ သံပန်းဖြင့် လုပ်ထားသောတံခါးမကြီးကနေ ဝင်လိုက်လျှင် သံရာဇမတ်ကွက် ပြူတင်းပေါက်ဖြင့် ကျဉ်မြှောင်းသောအခန်းသို့ရောက်မည်။ နံရံတို့မှစွတ်စိုထိုင်းမှိုင်းပြီး မီးသွေးခြစ်ရာတို့ဖြင့်ပြည့်လျက်။လက်ဝဲဘက်၌ကား၊ အခန်းတခန်း၊ ပို၍ကျယ်သော၊ သန့်ရှင်းသောအခန်း။ ရုံးခန်းလုပ်ထားသောအခန်း။ သံမီးလင်းဖိုတခုနှင့် စာပွဲနှစ်လုံး။ အကျဉ်းထောင်က ပြူတင်းပေါက်မျိုး။ ထိုနေရာမှနေ၍အပေါ်သို့တက်သော ကျောက်လှေကားရှိသည်။ ယင်းအပေါ်ထပ်ကား အဆောက်ဦး၏ပင်မနေရာပင်။ ဤအခန်းမှာ အခုများကြီးကျယ်ဝန်းသည်။ သို့သော်ခပ်မှောင်မှောင်၊ မျက်နှာကြက်ကနိမ့်နိမ့်၊ ခြင်းကျားကြီးများ၊ အထုပ်ကြီးများဖြင့်ပြည့်နှက်စုပုံလျက်။ လူတွေကလည်း သွားလိုက်လာလိုက် ရှုပ်လျက်။ အောက်ထပ် နှစ်ခန်းကဲ့သို့ပင်ခွဲမက်စရာမရှိ။ ကုန်စည်များမှာ တန်းများပေါ်၌ အထုပ်





လိုက်၊စက္ကူသေတ္တာကပ်ထုလိုက်၊ အတန်းလိုက် ထပ်တင်ထားကြသည်။ စက္ကူထုပ်များ၏ အပေါက်တို့မှ ထွက်ပြူနေသော အနီရောင်အဝတ်စ၊ ပန်းပွားစ၊ ဓာစများကိုသာ မမြင်ရလျှင်၊ မည်သူမျှဘယ်လိုကုန်မျိုးရောင်ဝယ်သည်ကို သိနိုင်မည် မဟုတ်ပေ။ ဤတွန့်ကြေနေသောအထုပ်များ မသပ်ရပ်သောစက္ကူသေတ္တာများမှ ငွေစကြေးစများ ပေါ်ထွန်းနေသည်ဆိုသည်ကို ယုံကြည်ရန် ခဲယဉ်းလှပေမည်။ ဖောက်သည်များထည့်မရေတွက်ပဲ၊လူငါးဆယ်လောက်မှာနေ့တိုင်းအလုပ်များလျက်ရှိကြပေသည်။

ရတနာပုံမြို့သို့ ရောက်ပြီးနောက် တနေ့နေ့လယ်၌ ဤနေရာသို့ စန်းငွေလှိုင် ရောက်သောအခါ၊ အလုပ်သမားများမှာ ကုန်ထုပ်များကို ဖွင့်နေကြ၊ ပိတ်နေကြသည်။ တူရိုက်သံများက ဆူညံလျက် ရှိလေရာ၊ သူရောက်လာသည်ကို အောက်ထပ်ကရော၊ ရုံးခန်းကပါ မကြားကြ။ စာတွေ တပုံကြီးနှင့်လာသော စာပို့လုလင်ပင် ဆူညံနေသောအသံကြောင့် မျက်မှောင်ကုပ် ကြည့်နေပေသည်။ ပထမဆုံး သူ့ကို တွေ့လိုက်သည်ကတော့ သူ့အကို စန်းဖေလှိုင်။ ရုပ်ချင်းက ဆင်ဆင်။ အမွှာညီနောင်ဟု မှားကြသည်။ ရုပ်ချင်းတူချက်ကြောင့်ပင် စန်းငွေလှိုင်သည် သူ၏ရုပ်ပုံ သူပြန်သတိရစေသည်။ ယခု သူ့ရှေ့၌ မြင်ရသော ရုပ်သွင်မှာ မတောက်မပ၊

www.burmeseclassic.com



အညာတြရုပ်၊ အရပ်ကပုပု၊ ပန်းနုရောင်ပါးအို့၊ ဆံပင်ကကျဲကျဲ၊ တင်ပါးမှာ ခွက်ခွက်။ သူ့ကိုယ်သူ ပြန်မေးနေ၏။ ငါ သူနဲ့များ သိပ်တူနေသလား။

စန်းဖေလှိုင်က သူ့ညီလက်ကို ဆုပ်ကိုင်ကာ "တွေ့ရတာ သိပ်ဝမ်းသာသွားတာပဲ ငါ့ညီရာ၊ မင်းကို နေ့တိုင်းမျှော်နေရတာ၊ မင်းလက်ထပ်မယ်ဆိုတဲ့စာကို ရကတဲက စိုးက တထူးတဆန်း တွေးနေမိတယ်၊ မင်းကို မတွေ့ရတာလဲ ကြာလှပြီ၊ နှစ်တစ်ဝက်လောက်တောင် ကြာသွားပြီနော်၊ ဘာသတင်းတွေကော ထူးလဲဟေ့၊ မေလှိုင် ဘယ်နှယ်နေသလဲ၊ ဆိုးနေလားဟင်"

"ဟုတ်တယ်၊ သိပ်ဆိုးနေတယ် "

စန်းဖေလှိုင်က သက်ပြင်းတစ်ချက်ချကာ "ဒါက တော့ ကံတရားအတိုင်းပဲပေါ့ကွာ၊ ပြောစမ်းပါအုံး၊ မင်းမိန်မအကြောင်း .... သူက ချောတယ်နော်၊ ခုကတဲက အကိုက ငါ့ညီမတော်ကို ခင်နေတာပါကွာ၊ သူ့ကိုလဲ အလိုလိုက်ရမှာပေါ့"

သူဖခင်ဦးခမ်းလှိုင်၏ ကျယ်ပြန့်သော၊ ကုန်းနေသော ကျောပြင်ကြီးကို မြင်လိုက်ရသည်။ အဘိုးကြီးသည် စားပွဲအေားရှိ ခွေးခြေတစ်ခုပေါ်၌ ထိုင်ကာ ဖောက်သည် တစ်ယောက်နှင့် စကားပြောလျက်ရှိသည်။





"အဖေရေ .... ကြည့်လိုက်စမ်းပါအုံးဗျ၊ စန်းငွေ လှိုင် ပြန်လာပြီလေ"

ဦးခမ်းလှိုင်မှာ အရပ်မြင့်မြင့်၊ ဒေါက်ကောင်း ကောင်း၊ တောင့်တောင့်။ အသက် ၈၀–အရွယ်။ပါးရေများ တွန့်နေသော်လည်း၊ ကျန်းမာ သန်စွမ်းပုံပေါက်ပေသည်။ သူသည် အသံဩ ဘုယ်သံကြီးကြီးဖြင့် စကားပြောသည်။ အသံဩကြီးမှာ အဝကျယ်သော ကတော့ကြီးထဲမှ ထွက်လာသကဲ့သို့၊ ကျယ်ပြန့်သောရင်ဘတ်ဆီမှ ထွက်လာပေ သည်။ သူသည် အမွေးအမျှင်များ၊ ကောင်းစွာ ရိတ်သင် ထားသည်။ သို့သော် နှုတ်ခမ်းမွေးနှင့်၊ ဆေးပြင်းလိပ် သောက်သည်။ သူသည် အမြဲတမ်း အိုက်တတ်ပေရာ၊ တစ်နှစ်ပတ်လုံး၊ ခပ်ချောင်ချောင် အပေါ်ဖုံး အကျီကို ဝတ်ဆင်မြဲ။ မကြာခင်ကပင် သူ၏တိမ်ကို ခွဲထားသည်။ မျက်စိက မှုန်၍ သိပ်အလုပ်မလုပ်နိုင်။ ဖောက်သည်များ နှင့် စကားပြောကာ၊ လက်ဖက်ရည်ကို ယိုနှင့် သောက်မြဲ။

စန်းငွေလှိုင်သည် သူ့အဖေကို ဖက်လဲတကင်း နှုတ်ဆက်သည်။ ဖခင်၏ လက်ကို ဆုပ်ကိုင်ထားသည်။

"သားကို မတွေ့ရတာ ကြာလှပြီကော လူ..လေး ရယ် ....၊ ဟုတ်တယ် တော်တော့်ကို ကြာသွားပြီ၊ မင်းရဲ့ လက်ထပ်ပွဲကိုကြိုဆိုစေချင်တယ် မဟုတ်လား၊ အေးကွယ် ဖေဖေက ကြိုဆိုလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သား – ကောင်မလေးကို ခေါ်မလာဘူးလား"ဟု အဘိုးကြီးက မေးလိုက်ပြီး၊ အဖြေကို စောင့်မနေတော့ပဲ ဖောက်သည်တစ်ယောက်ဘက်သို့ လှည့်ကာ စကားဆက်သည်။

"အဖေ.. အဖေ့ကို အသိပေးရအုံးမယ်၊ သားလက်ထပ်ပြီးပြီ၊ ဘယ်သူဘယ်ဝါကိုပေါ့၊ အဲဒီလို ပြောနေကြတဲ့ ခေတ်ဗျ၊ ဟုတ်တယ်လေ ... ဖခင်ရဲ့ အကြံဉာဏ်တို့ – ဆုမွန်ကောင်း တောင်းပေးတာတို့ မလိုကြတော့ဘူးလေ၊ ခုခေတ်ခလေးတွေကလဲ" လိမ္မာပါးနပ်နေကြပြီဗျ၊ ကျုပ်အိမ်ထောင်ကျတော့ ၄၀–ကျော်နေပြီ...၊ ဒါတောင် ကျုပ်အဖေကို ဒူးထောက်ပြီး တောင်းပန်ရတယ်၊ အကြံတောင်းရတယ်၊ ခု – ဒါမျိုးတွေက မရှိတော့ဘူးလေ"

အဘိုးကြီးမှာ သူ့သားကို တွေ့ရကာ ဝမ်းသာသည်။ သို့သော် သူ့အား ဂရုထားကြောင်း ပြရာ၊ သို့မဟုတ်ဝမ်းသာ ပျော်ရွှင်ကြောင်း ပြရာမှာ မသင့်လျော်ဟုထင်နေသည်။သူ့အသံ၊သူ့ပြောဆိုဟန်၊'ကောင်မလေး' အကြောင်း စသည်တို့သည် လှိုင်ကုမ္ပဏီ ကုန်လှောင်ရုံသို့ ရောက်တိုင်း စန်းငွေလှိုင် ခံစားရမြဲ၊ ဇိတ်ဓာတ်ကျစရာများ ဖြစ်ပေါ်လာပေသည်။ ဤပတ်ဝန်းကျင်၏ အသေးစိတ်များသည် သူငယ်ငယ်က အရိုက်ခံရပုံ၊ ထမင်း





နှင့်ရေသာ စားရပုံတို့ကို သတိရစေသည်။ ဤနေရာ၌ ကလေးများမှာ ရိုက်ခံရ၊ အဆိုးခံရကြကာ၊သူတို့ ကြီးပြင်းလာသောအခါ၊ တဖန်သူတို့သည် အခြားသူများကိုလည်း မညှာတာကြသည်ကို သိနေသည်။ ဤကုန်လှောင်ရုံ၌ သူ့အဖို့ ငါးမိနစ်လောက် နေရရင် တော်ပေပြီ။ တချိန်ချိန်၌ တစ်ယောက်ယောက်က သူ့ကို ကြိမ်းမောင်းမလား၊ သို့မဟုတ် နားရွက်ကိုပဲ ဆွဲမလား။

ဦးခမ်းလှိုင်က "ဒီမယ်ဟေ့ ... မောင်စန်းငွေလှိုင်" ဟု ဆိုကာ ဈေးဝယ်သူ ဖောက်သည်ကို ကျောပုတ်ရင်း "မင်းကို ငါတို့ ကန်ထရိုက်တာ ဦးသူတော်နဲ့ မိတ်ဖွဲ့ပေးရအုံးမယ်၊ ဒီခေတ် လူငယ်တို့ရဲ့ စံပြပေါ့၊ အသက်က ငါးဆယ်ကျော်ပြီ၊ ခလေးတွေရဲ့ အဖေ ..."

အရောင်းစာရေးများသည် ရယ်မော လိုက်ကြသည်။ မျက်နှာ ဖြူဖျော့ဖျော့နှင့် ခပ်ဝဝ ဖောက်သည်ကြီးကလည်း လိုက်ရယ်နေသည်။

စာပွဲမှ စာရေးကြီးက "သဘာဝ တရားကြီးရဲ့ အထူးကပြုလုပ်ဆောင်ချက်ပေါ့ဗျာ၊ အထဲဝင်ရင် မလွဲမသွေ ပြန်ထွက်ရမှာပေါ့" ဟု မှတ်ချက်ချသည်။

စာရေးကြီးကားအသက်ငါးဆယ်အရွယ်၊ မျက်မှန်တပ်ထားကာ ခဲတံကို နားရွက်နောက်၌ ညှပ်ထားမြဲ။ စကားလုံး ဝေဝေဝါးဝါးနှင့် ပြောတတ်ပြီး၊ အလှမ်းဝေး



www.burmeseclassic.com

www.burmeseclassic.com



သော တင်စားချက်များ၊ ဥပမာ - ဥပမေယျများ သုံးနှုန်းတတ်သည်။ သူသည် သူ့မှတ်ချက်၏ သိမ်မွေ့မှုကို အထူးပြုသောအားဖြင့် လျှို့ဝှက်စွာ ပြုံးနေသည်။ သူသည် စာအုပ်ထဲမှ စကားလုံးများကို ယူကာသူ့ဘာသာသူ အစ်ပွားယ်ကောက်ပြီး၊ မရှင်းမလင်းသုံးရန် ဝါသနာပါသည်။ သူသည် သာမန်ရိုးရိုးစကားလုံးများကိုပင် တထူးတဆန်း သုံးတတ်သည်။ ဥပမာ၊ သည့်ပြင် အကြောင်းကတော့ ဟူသော အသုံးအနှုန်း။

"သည့်ပြင် အကြောင်းကတော့ ..." ဟု ဆိုကာ ညာလက်ကို ဆန့်တန်းပြီး အကြောင်းအရာ ကာစ်ခုတည်းကို ပြောလျက် ရှိနေသည်။

အုံသြစရာကောင်းသည်ကတော့ အခြားအရောင်းစာရေးများနှင့် ဝယ်သူများက သူ့ကို င်းကောင်း နားလည်ကြခြင်းပင်။ သို့ သိက ကိုအေ ဘ။ သူက တောင်ညိုဘက်က။

သူသည် စန်းငွေလှိုင်အား ကြိုဆိုနှုပ ဆက်သော သဘောဖြင့် " ခင်ဗျားက တော့ တကယ့် သဇ္ဇိကောင်း အလုပ်ကို လုပ်လိုက်တာဘဲ"

ကုန်လှောင်ရုံရှိ အခြား အရေးကြီးသော ပုဂ္ဂိုလ်တယောက်ကား ဦးခနွ။ တောင့်တောင့်၊ ဟင်းလင်း နဖူး





တွင် ဆံပင်ခွေများရစ်လျက်၊ ပါးသိုင်းမွေးနှင့်။ သူသည် စန်းငွေလှိုင်ထံသို့လာကာ လေးစားသော လေသံဖြင့် ပြောလိုက်သည်။

" အရှင်ဘုရား ဂုဏ်ကျေးဇူးတော်နဲ့ မိဘတို့ရဲ့ ဆုတောင်းသံကို ကြားတော်မူပါပြီ၊ကျွန်တော် တို့ ဂုဏ်ယူပါတယ်"

သူပြောပြီးနောက် အခြားစာရေးများ ရောက်လာကာ သူတို့၏ ငယ်ရွယ်သော သခင်ကို ဝမ်းသာကြောင်း နှုတ်ဆက်စကား ပြောကြဆိုကြသည်။ သူတို့သည် ခေတ်ဆန်ဆန် ဝတ်စားဆင်ယင်ထားကြပြီး၊ လွန်စွာ ဂုဏ်သရေရှိ၊ မိကောင်းဖခင် သားသမီးများ ဖြစ်ကြပေသည်။ သူတို့သည် ယဉ်ကျေးသိမ်မွေ့စွာ အသံညင်သာစွာဖြင့် ဝမ်းသာကြောင်း ပြောကြားကြပေသည်။

စန်းငွေလှိုင်မှာ မကြာမြင့်မီပင် ငြီးငွေ့သွားကာ အိမ်ပြန်ချင်လာသည်။ သို့သော် သူသည် လာမှတော့ အနည်းဆုံး နှစ်နာရီခန့်တော့ နေရပေတော့မည်။ သူသည် စာပွဲမှထကာ ဦးနနွထံသွားပြီး မေးမြန်းသည်။ ငွေတုန်းက လုပ်ငန်းတွေ အောင်အောင်မြင်မြင် ရှိရဲ့လား။ သတင်းထူးများ ဘာရှိသလဲ။ သူတို့သည် ကောင်းစွာပြောကြားကြသည်။ ဆံပင်တိုဝဲနှင့် အကျီအပြာနု မီးခိုးရောင် ဝတ်ထားသော ကောင်လေး တစ်ယောက်သည် အောက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ပြား မပါသော လက်ဖက်ရည် ပန်းကန်ဖြင့် လက်ဖက်ရည် လာချသည်။ အတန်ကြာသောအခါ ကောင်လေးတစ်ယောက်သည် သေတ္တာတစ်ခုနှင့် တိုက်ကာလဲတော့မလိုဖြစ်သွားသည်။ မျက်နှာထားတင်းမာနေသော ဦးနန္ဒသည် ကောင်လေးဘက်သို့ လှည့်ကာ ကြောက်စရာ မျက်နှာပေးနှင့် ဟောက်လိုက်သည်။

"ကြည့် ... ပြု သွားမှပေါ့ကွ ... မင်းတို့ဟာက" အရောင်းစာရေးများကား သူတို့သခင်ကလေး မိန်းမယူကာ အိမ်ပြန်လာသည်ကို ဝမ်းသာကြပေသည်။ သူတို့သည် စန်းငွေလှိုင်ကို ခင်မင်မြတ်နိုးသော အကြည့်ဖြင့် ကြည့်ကြသည်။ သူ့ကို မြတ်နိုးသူတိုင်းက တစုံတခုကို ပြောရန်ကြိုးစားကြသည်။ သူ့ကို လေးစားကြသည်။ သို့သော် စန်းငွေလှိုင်ကမူ၊ အလကား မရိုးသားကြဟု ယုံကြည်နေသည်။ တကယ်ကတော့ သူ့ကိုကြောက်၍ မြှောက်ပင့် နေကြခြင်းသာ ဖြစ်သည်။ လွန်ခဲ့သော ၁၅–နှစ်က အဖြစ်အပျက်ကို သူက မမေ့။ စာရေးတယောက်သည် စိတ်လွတ်ကာ အောက်ခံအကျီနှင့် လမ်းမပေါ်သို့ ပြေးထွက်ပြီး သူ့သခင်၏ မှန်တံခါးများကို လက်သီးဖြင့် ထုရိုက် ကိုင်လှုပ်ယမ်းသည်။ သူတို့ကို ကျိန်ဆဲသည်။ သူသည် သတိပြန်ဝင်လာသောအခါ လူများက သူ့ဘာ





လုပ်ခဲ့သည်ကို ဝမ်းသာကြကာ သူ၏ အလုပ်ရှင်အား "သွေးစုတ်ကောင်"ဟု အော်ဟစ်ရမည့်အစား 'ပွေးကုပ်ကောင်' ဟု မပီမသ ဟစ်အော်ခဲ့သည်ကို ပြောနေကြသည်။ ဈေးချိုတပြင်လုံး လှိုင် ကုမ္ပဏီ အလုပ်သမားများ ဘယ်လိုခံနေရသည်တို့ကို ပြောစမှတ်ပြုလျက် ရှိနေခဲ့ပေသည်။ အဆိုးဆုံးကား ဦးခမ်းလှိုင်သည် သူ့ အလုပ်သမားများအပေါ် ရက်စက်သည် ဟူသော သတင်းစကားပင်။ သူ့အချစ်တော်၊ လက်စွဲတော်များဖြစ်သော ဦးအောင်ဘနှင့် ဦးနန္ဒတို့ကို လခ ဘယ်လောက်ပေးသည်ကို မည်သူမျှ မသိကြ။ တကယ်ကတော့ တစ်နှစ်ကို ဆုကြေး အပါအဝင် ငွေဒင်္ဂါးသုံးထောင်ထက် ပိုမရကြ။ ခုနှစ်ထောင်လောက် ရသည်ဟု ထင်ရအောင် လုပ်ထားသည်။ ဆုကြေးငွေကို စာရေးများအား တစ်နှစ်တစ်ကြိမ် ထုတ်ပေးသည်။ သို့သော် လျှို့ဝှက်စွာ ထုတ်ပေးသည်။ စာရေးတိုင်းကမူ လခရင်းထက်ပို၍ရသည်ဟု ဂုဏ်ယူစွာ ပြောဆိုလျက် ရှိနေသည်ပင်။ အကူစာရေးက သူ့အလုပ်ရှင်က ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ သူဘယ်တော့ စာရေးကြီးရာထူး တက်ရမည်ဆိုတာ မသိရ။ ဘာမလုပ်ရဘူးဆိုတာ ရှင်းလင်းစွာ ပြောထားခြင်းမရှိ။

ဒါကြောင့် ဘာကတော့ ခွင့်ပြုတယ်ဆိုတာလည်း တိတိကျကျ မသိကြရ။ အိမ်ထောင်ပြုတာနှင့် ပတ်သက်၍

www.burmeseclassic.com



ခွင့်မပြုဟုမရှိ။ သို့သော် သူဌေးသဘောမကျမှာ ကြောက်တာ၊ အလုပ်ပြုတ်မှာ ကြောက်တာနှင့် အိမ်ထောင်မပြုကြ။ မိတ်ဆွေတွေထားတာ၊ လည်တာ ပတ်တာ ခွင့်ပြုသည်။ သို့သော် ဖြ–နာရီ ထိုးပြီဆိုလျှင် [illegible] ဝင်းတံခါးကြီးကို သော့ခတ်ထားလိုက်တော့သည်။ နံနက်တိုင်း ညက အရက်သောက် မသောက်သေချာသိရအောင် အလုပ်ရှင်က တယောက်စီသူ့ထံ ခေါ်ကာ ပါးစပ်ဟပြ၍ အသက်ရှူပြရသည်ပင်။

ခါကြီးရက်ကြီးများအရက် ဝတ်တက်သွားရကာ၊ သူ့သူဌေးက အဝေးကမြင်ရအောင် ဝတ်ကျောင်းထဲ၌ မတ်တပ်ရပ်နေကြရသည်။ ဥပုသ်လည်း စောင့်ကြရသည်။ သူဌေး၏မွေးနေ့၊ သို့မဟုတ် မိသားစုထဲက တယောက်ယောက်၏ မွေးနေ့နှင့် အခါကြီး ရက်ကြီးများ၌ စာရေးစာချီများသည်စုဝေးကြကာ၊ကိတ်မုန့်ကြီးတခု၊ သို့မဟုတ် ဓာတ်ပြားများ လက်ဆောင်ပေးကြရသည်။ သူတို့အားလုံးသည် အောက်ထပ်၌ နေကြရသည်။ စိ[illegible]မြရုံခြယ်လမ်းရှိ အိမ်ကြီး၏ ဘေးဘက် အဆောင်များ၌ ဖြစ်သည်။ တခန်း၌ သုံးလေးယောက်၊ အလယ်ရှိ ပန်းကန်ခွက်ယောက်ကြီးထဲမှ ဟင်းများ ခပ်စားကြရသည်။ ကိုယ့်ပန်းကန်နှင့်ကိုယ်။စားသောက်နေကြစဉ် သူဌေးဝင်လာသည်ဟု ကြုံပါ





က သူတို့အားလုံး မတ်တတ်ရပ်ကြရပေသည်။

အဘိုးကြီး၏ ပုံသွင်းထားခြင်းခံရသော သူလောက်ကသာ သူ့ကို သူတို့အကျိုးစီးပွား လိုလားသူဖြစ်ကြသည်။ အခြားသူတွေကတော့ သူ့ကိုရန်သူဟု မြင်ကြမည်သာဟု တော်တော်ကြာကတည်းက စန်းငွေလှိုင်က ထင်မှတ်ထားခဲ့ပေသည်။ သူမရှိခဲ့သော ခြောက်လအတွင်း ပိုကောင်းလာသော ပြောင်းလဲမှု ဘာမှမတွေ့ရ။ သိပ်မကောင်းလှပေသော အခြင်းအရာသစ်များပင် ရှေ့ပြေးသမ်းလာသည်။ အရင်တုန်းက ငြိမ်သက်သော၊ စဉ်းစားတတ်သော၊ ပွဲ့ရိယာယ်လောမသိ၊ သူ့အကို စန်းဖေလှိုင်မှာ ယခုအခါခဲတံကို နားရွက်နောက် ညှပ်လျက်၊ အရေးတကြီးသုတ်သီးသုတ်ပျာ ပြေးလွှား အလုပ်များနေသည်။ စာရေးများကို " သူငယ်ချင်း" ဟု ခေါ်နေသည်။ သူ့အကိုသည် သူ့ကဏ္ဍာ၌ ပါဝင်လှုပ်ရှားလျက် ရှိနေလေပြီ။ စန်းငွေလှိုင်က မှတ်ပင်မမှတ်မိတော့။

အဘိုးကြီး၏အသံကားအဆတ်မပြတ်ဟိန်းလျက်ရှိပေသည်။ ဘာမှ ပို၍ကောင်းအောင် မလုပ်နိုင်တော့။ သူ၏ဖောက်သည်များအား ဘယ်လို လူ့ဘဝမှာ နေရထိုင်ရသည်။ ဘယ်လိုစီမံခန့်ခွဲရသည် စသည်ဖြင့် ဟောပြောကာ၊ မိမိကိုယ်ကို စံထားပြီး သူ့ကိုယ်သူ နှစ်သိမ့်နေပေသည်။ စန်းငွေလှိုင်အဖို့ကတော့ ၁၀နှစ်၊ ၁၅နှစ်၊ အနှစ်



www.burmeseclassic.com

www.burmeseclassic.com



၂၀ ကာလကတည်းကပင် ယင်းသို့ ကြွားဝါသံကြီးကို ကြားနေရခဲ့ရသည် မဟုတ်လား။ သူ့စကားကြား ရရင်တော့ ဆုံးသွားပြီဖြစ်သော ဇနီးသည်နှင့် ဆွေမျိုးများမှာ ပျော်ရွှင်နေကြသည့်ပုံ။ သူ့သားသမီးများကိုလည်း အကျိုးကျေးဇူးပြုခဲ့သည့်ပုံ၊ သူနေသော စိန်မြရုံခြယ် တလမ်းလုံး၊ သူ့အသိ မိတ်ဆွေများကို အကျိုးကျေးဇူးပြုခဲ့သည့်ပုံ၊ သူလုပ်သမျှ အကုန်အကောင်းချည်း။ အခြားသူများ လုပ်သည့်ကိစ္စရပ်များ၌ မဟန်လျှင် သူ့အကြံဉာဏ်ကို မယူမိသောကြောင့်သာဖြစ်သည်။ သူ့အကြံဉာဏ်မပါဘဲ ဘာတစ်ခုမျှ မအောင်မြင်နိုင်၊ ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုသည့်အခါ သူက အားလုံး၏ ရှေ့ဆုံးမှ။ အကယ်၍ ရဟန်းတစ်ပါးပါးက ဒေသနာဟောကြားမှု မမှန်ဘူးထင်လျှင် သူက ပြန်၍ပင် အပြစ်တင်တတ်သေးသည်။ ယင်းသို့ပြုလုပ်ခြင်းမှာ သာသနာတော်ကို စောင့်ရှောက်ခြင်းမည်သည်ဟု သူက ယုံကြည်သည်။ သူကဘုရားသခင်၏ မေတ္တာတော် အနန္တကို ခံယူခြင်း ခံရသူ မဟုတ်လား။

၂-ချက် ထိုးသောအခါ အဘိုးကြီးမှတစ်ပါး၊ ကုန်လှောင်ရုံ၌ အားလုံး အလုပ်များလျက်ရှိသည်။ အဘိုးကြီးကတော့ ဟိန်းမြဲ။ စန်းငွေလှိုင်မှာ ဘာအလုပ်မှ မရှိပဲ ရပ်မနေချင်သဖြင့် အပ်ချုပ်သမားထံမှ အနားလုံးနေသည်





ကို စောင့်ကြည့်သည်။ ထို့နောက် ဈေးဝယ်သူတစ်ယောက်အား ကြည့်ပေးနေသည်။ ဈေးဝယ်သူက ပုဂံမြို့က ကုန်သည်။ ထို့နောက် အရောင်းစာရေးနှင့်ဆိုင်ပေးလိုက်သည်။

စာရေးများက "ဈေးရင်းပေးလိုက်" ဟု ဟာစ်အော် ပုံတင်ထပ်လျက် ရှိနေသည်။

သူမပြန်ခင် စန်းငွေလှိုင်က သူ့အကိုစန်းဖေလှိုင်အား "စိန်မြရုံခြယ်ကို ကျွန်တော့် မိန်းမ ခေါ်လာခဲ့မယ်၊ ဒါပေမယ့်လို့ တစ်ခုတော့ သတိပေးရမယ်။ အဖိုးကြီးက ကျွန်တော့် ကောင်မလေးကို တစ်ခုခုပြောရင်တော့တစ်ခါထဲ ထွက်ကိုသွားမှာဗျာနော်"

စန်းဖေလှိုင်က သက်ပြင်း ဟင်းကနဲချကာ "မင်းကတော့ အရင်အတိုင်းပါပဲ၊ မိန်းမတော့ရပြီ၊ ဒါပေမယ့် မပြောင်းလဲဘူး၊ အဖိုးကြီးကိုတော့ နဲနဲကြည်ညိုလေးစားရမယ်ကွ၊ ကောင်းပြီလေကွာ မနက်ဖြန် ၁၁ နာရီလာခဲ့လေ။ ဒို့ မျှော်နေကြမယ်၊ ဝတ်ကျောင်းအပြန်ဝင်ခဲ့ပေါ့။

"ကျွန်တော်ဘုရားကျောင်း မသွားပါဘူး"

"ဒါဖြင့် ပြီးရောပေါ့ကွာ၊ ကိစ္စ မရှိပါဘူး၊ ၁၁-နာရီထက်တော့နောက်မကျစေနဲ့ကွာ၊ ဒါမှ ဆုတောင်းဘို့လဲ အချိန်ရမယ်၊ နေ့လယ်စာလဲ အတူစားကြရတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ ဟုတ်တယ်မဟုတ်လား၊ ညီမလေးကိုလဲ ပြောလိုက်ပါ။ အကိုက သတိရပါတယ်လို့။ ငါလဲ ညီမလေးကို ချစ်မှာပါကွာ”

စန်းဖေလှိုင်က တဖန် ရီးသားစွာပင်ဖြည့်စွက်ပြီး “မင်းကို တကယ်အားကျမိတယ်ကွာ”

သူသည် သူ့ညီအား လှေကားအထိ လိုက်ပို့ပေးသည်။

ဘာဖြစ်လို့များ ငါ့အကိုက ထူးထူးဆန်းဆန်းဖြစ်နေရတာလဲ။ သူသည် တတိုင်းမွေးလမ်းသို့ လျှောက်လာရင်း တွေးနေမိသည်။ ငါ့အကို ဘာဖြစ်နေပါလိမ့်နော်၊ ပြောင်းလဲနေပါကလား။



(၆)

တနင်္ဂနွေနေ့ဖြစ်သောနောက်တစ်ရက်၌ စန်းငွေလှိုင်နှင့် သူ့ဇနီး ဖြူကြာပွင့်တို့သည် မြင်းနှစ်ကောင်က ရထားလုံးတစ်စီးနှင့် စိန့်မြရုံခြယ်လမ်းသို့ လာနေပေသည်။ သူက ယင်းသို့ သွားရောက်လည်ပတ်ခြင်းကို သိပ်တော့ အသွားကောင်းဟု ပြော်လင့်မထား။ အဘိုးကြီးက ဘာပြောလိုက်မလဲဆိုတာ လန့်နေသည်။ သူ့ယောက်ျား၏ အိမ်၌ နှစ်ညအိပ်စက်ပြီးနောက်၊ ဖြူကြာပွင့်သည် သူမ၏ အိမ်ထောင်ရေးမှာ မှားသွားပြီ၊ ပျက်စီးခြင်းတစ်ရပ်ဟု ထင်မှတ်နေခဲ့ပြီ။ ရတနာပုံမြို့တော်မဟုတ်ဘဲ၊ တခြားမြို့မှာ သွားနေရရင်တော့ နေလို့ရမှာတောင်မဟုတ်ဟု သူမက ထင်လျက်ရှိသည်။ တကယ်ကတော့ ရတနာပုံက သူမကို စွဲလမ်းစေသည်။ လမ်းမကြီးများ၊ နေအိမ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်တာများ၊ ဘုရားဝတ်ကျောင်း တန်ဆောင်းများကို သူမသဘောကျသည်။ အကယ်၍သာ တကယ့် မျိုးကောင်းပေါက်မြင်းက ရထားယာဉ်ကြီးနှင့် မနက်က ညနေမှောင်းနှင်သွားလာကာ၊အေးမြသောဆောင်းဦးပေါက်လေကို ရှုရှိုက်နေရလျှင် သိပ်တော့ မပျော်ရွှင်မှာ မဟုတ်။

ရထားသမားသည် ဆေးအသစ် သုတ်ထားသော နှစ်ထပ်တိုက် အဖြူရှေ့၌ ဇက်သက်ကာ၊ ဝင်း၏ညာဘက်သို့ ကွေ့လိုက်သည်။ သူတို့ကို စောင့်မျှော်နေကြသည် တကား။ တံခါးဝ၌ ဖိနပ်ရောင်ပြောင်လက်စွာဖြင့်ဝင်းဝင်းပပ ဆင်ယင်ထားသော ပုလိပ်နှစ်ယောက်နှင့် ခါးစည်းနီပတ်ထားသော တံခါးစောင့်တို့ ရပ်လျက် ရှိသည်။ ဝင်းဝမှ လှေကားထစ်အထိ သဲဖြူခင်းထားသည်။ တံခါးစောင့်က ဦးထုပ်ချွတ်ကာ ခေါင်းညွှတ်လိုက်သည်။ ပုလိပ်နှစ်ယောက်က လက်ဖြင့် အလေးပြုသည်။ စန်းဖေလှိုင်က သူတို့လင်မယားကို တံခါးဝမှ ကြိုလျက်။ သူ့မျက်နှာမှာ တည်ကြည်လေးနက် ခန့်ညားလျက်။

သူက ဖြူကြာပွင့်၏ လက်ကိုနမ်းကာ "ညီမလေးကို တွေ့ရတာ သိပ်ဝမ်းသာပါတယ်၊ ညီမတို့ကို ကြိုဆိုပါတယ်"

သူမကို လှေကားမှခေါ်ကာ ဝရံတာ စကြံလမ်း





သို့ပို့သည်။ စင်္ကြံလမ်းမှာ လူတွေက ကျပ်လျက်။ ခန်းမဆောင်သို့သွားရာလမ်းမှာလည်း လူတွေဖြင့် ကျပ်ကာ အမွှေးတိုင် ရနံ့က သင်းပျံ့ထုံလှိုင်လျက်ရှိသည်။

ခန့်ထယ် လေးနက်လှပသော ' တိတ်ဆိတ်ခြင်းအလယ်၌ စန်းဖေလှိုင်က လေသံတိုးတိုးဖြင့် "အကိုတို့ဖခင်နဲ့ ညီမကို မိတ်ဆက်ပေးရမယ်၊ အဖိုးကြီးက ကြည်ညိုလေးစားဘို့ ကောင်းပါတယ်"

ကျယ်ဝန်းသော ခန်းမဆောင်ကြီးရှိ အခမ်းအနားအတွက် ပြင်ဆင်ထားသော စားပွဲဘေး၌ကား ဦးခမ်းလှိုင်၊ ပိုး 'တ်ရုံ လိမ္မော်ရောင်နှင့် ရဟန်းတပါး၊ ကျောင်းတိုင်ဆရာတော်၊ အဘိုးကြီးက စကားတစ်ခွန်းမျှမပြောပဲ ဖြူကြာပွင့်အား သူ၏လက်ကို ကမ်းလိုက်သည်။ အားလုံးသည် တိတ်ဆိတ်လျက်ရှိသည်။ ဖြူကြာပွင့်မှာ အနေရခက်နေသည်။

ရဟန်းနှင့် ဆရာတော်သည် ဝတ်ရုံကို ပြင်လိုက်သည်။ မီးသွေးရဲရဲပေါ်၌ အမွှေးတိုင် အမွှေးမှုန့်များဖြူးကြဲထားသော လင်ဗန်းရောက်လာသည်။ မီးပွားကလေးများတပေါက်ပေါက် လွင့်လက် ပျံတက်ကာ မွှေးရနံ့သည် ထုံလှိုင်လာသည်။ ဖယောင်းတိုင်များကို မီးညှိလိုက်ကြသည်။ စာရေးများသည် ခြေဖျားထောက် ဝင်လာကြကာ၊ နံရံဘက်ကပ်လျက် နှစ်တန်းစီကာ ရပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာတိတ်ဆိတ်လျက်ရှိပေသည်။ ချောင်းဆိုးသံပင် မကြားရ။

"ကိုယ်တော်အရှင် ...... မေတ္တာမင်္ဂလာ ပေးတော်မူပါဘိ"

ဆုတောင်းဝတ်ပြုခြင်းမှာ အလေးနက်ဆုံး ပြီးသွားသည်။ ဘာဝတခုမျှမကျန်။ ပရိတ်ကျမ်း တနှစ်ပိုဒ် ရွတ်ဖတ်သရဇ္ဈာယ်သည်။ တစ်ပိုဒ်က အရှင်ကိုယ်တော်သို့၊ တစ်ပိုဒ်က သာဝကများသို့။ သံပြိုင် ဓမ္မတေးများကို အကြာကြီးသီဆိုကြသည်။ စန်းငွေလှိုင်က ဖြူကြာပွင့် တစ်ယောက်စိတ်ရှုပ်နေသည်ကို သိလိုက်သည်။ ကျမ်းစာ ရွတ်နေစဉ်၊ 'တပည့်တော်တို့ကို သနားစောင့်ရှောက်တော်မူပါလော့ .... အရှင်ကိုယ်တော်' ဓမ္မတေးသီဆိုနေစဉ် သူကစောင့်နေသည်။ အဘိုးကြီးသည် အချိန်မရွေး လှည့်ကာ "မင်းတို့တတွေ ဘုရားတောင် ကုလားနားကျကျ ဝတ်တက်တတ်တာ မဟုတ်ဖူး" ဟု ကြိမ်းနိုင်သည်ကို မျှော်လင့်နေသည်။ ယင်းကဲ့သို့ လူများအလယ်၊ ရဟန်းတော်များနှင့် ဓမ္မတေး သံပြိုင်သီဆိုသူများအကြား နေရခြင်းကို သူသည် သိပ်သဘောမကျပေ။ လေးပြီး ရှေးဆန်လှပေသည်။ သို့သော် ဖြူကြာပွင့်မှာ ဓမ္မကျမ်းစာကို ခေါင်းနှင့်ထိညွှတ်လျက်၊ အဘိုးကြီး၏အပါး၌ ဒူးထောက်





လျက်ရှိသည်ကို မြင်ရသောအခါ သူမမှာ စိတ်ဝင်စားနေပါကလားဟု စိတ်သက်သာရာ ရသွားသည်။

"အသက်ရှည်ရာ၊ အနာမဲ့ကြောင်း" ဓမ္မတေးကို နောက်ဆုံးဆိုနေစဉ်၊ ရဟန်းက အဘိုးကြီးနှင့် စန်းငွေလှိုင်ကို မင်္ဂလာပရိတ်ချည်ပေးလိုက်သည်။ သို့သော် ဖြူကြာပွင့်အပါးသို့ ရောက်လာသောအခါမှ လက်ကာပြလိုက်သည်။ စကားပြောမည်ဟူသော သဘော။ တယောက်က သံပြိုင်ဓမ္မတေး ရပ်လိုက်ရန် လက်ဖြင့် ပြသည်။

"သာဝကတော် သမုဒ္ဒရ၊ ကိုယ်တော်၏ ခွင့်ပြုချက်ဖြင့် ဘိသလ္လာမ မြို့တော်သို့ ကြွချီတော်မူသည်။ သူလာခြင်းကို မြို့ရှိလူကြီးများက တုန်လှုပ်ကာ ငြိမ်းချမ်းစွာကြွတော်မူခြင်းလားဟုမေးမြန်းသည်။ ထိုအခါ သာဝကတော်က မိန့်၏။ ငြိမ်းချမ်းစွာ လာခြင်းဖြစ်သည်။ ကိုယ်တော်အား အသက်ဖြင့် ပူဇော်ပသရန် လာခြင်းဖြစ်ပေသည်၊ သင်တို့အားလည်း သန့်ရှင်းကြစေ၊ ငါနှင့်အတူ ပူဇော်ရာသို့ သွားကြကုန်အံ့ ... တဲ့၊ သင်လာပါဘိ၊ ဘုရားသခင် တပည့်တော်မ ဖြူကြာပွင့်၊ ဤအိမ်သို့ ငြိမ်းချမ်းစွာ လာပါဘိ"

ဖြူကြာပွင့်မျက်နှာမှာ စိတ်လှုပ်ရှားမှုကြောင့် နီမြန်းလျက်ရှိပေသည်။ ရဟန်းတော်သည် မြွက်ကြားခြင်းပြီးသောအခါ မင်္ဂလာကောင်းချီးတော်ကို ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခြားနားသောလေသံဖြင့် "ဤအခါသမယ၌ စန်းငွေလှိုင်တို့ လက်ထပ်လိုက်ကြပြီ၊ အခါတော်ကောင်းပေဘဲ" ဟု ပြောလိုက်သည်။

မမွှေးသံ ထွက်ပေါ်လာပြန်သည်။ ပရိသတ်သည် အသက်ပြန်ဝင်လာကာ၊ ခန်းမဆောင်ကြီးသည် အသံ ဗလံ၊ လှုပ်ရှားသံဖြင့်စည်ဝေလာပေသည်။ စိတ်လှုပ်ရှားမှုကြောင့် မျက်ရည်ဖြင့် စိုစွတ်နေသော အဘိုးကြီးသည် ဖြူကြာပွင့်လက်များကို ကိုင်ထားသည်။

"ဒီဟာ သမီး အိမ်ဂေဟာပဲ၊ ကျုပ်ကတော့အဖိုးကြီး၊ ဘာမှလိုတာမရှိဘူး"

စာရေးများသည် အပါးသို့ ရောက်လာကြကာ၊ နှုတ်ဆက်စကား၊ ဝမ်းသာစကားဆိုကြသည်။ ယင်းအသံများမှာ မမွှေးသံ၌ နစ်မွမ်းသွားကြကုန်သည်။ နေ့လယ်စာ တည်ခင်းသည်။ ရှန်ပိန်အရက် ချိုချဉ်ရှလည်းပါသည်။ ဖြူကြာပွင့်သည် အဖိုးကြီးဘေး၌ ထိုင်လျက်ရှိသည်။ အဖိုးကြီးက ခွဲနေတာ မကောင်းကြောင်း၊ တစ်အိမ်ထဲတွင် စု၍ အတူတကွ နေသင့်ကြောင်း၊ ခွဲနေခြင်း- မသင့်မြတ်ခြင်းတို့သည် ပျက်စီးရာလမ်းဖြစ်ကြောင်း ပြောပြလျက်ရှိသည်။

အဘိုးကြီးက ဆက်လက်၍ "ကျုပ်ကငွေရှာ





တယ်၊ ကလေးတွေကသုံးပစ်ကြတယ်၊ သမီးကဒီအိမ်မှာ နေပြီးအဖေ့ကိုကူညီပါ၊ အဖေကတော့အိုပြီး၊ နားဘို့ အချိန်ရောက်ပြီ"

အဘိုးကြီးမှာ စန်းငွေလှိုင်နှင့် အတော်တူသည်။ သို့သော် သူ့ယောက်ျားထက် စိတ်ခံစားမှုများကာ၊ ရှက်တက်သည်။ မကြာခဏသူမ၏ လက်ကလေးကိုကိုင်ထားသည်။

"ကျုပ်တို့က လူရိုးတွေ ညီမရိုးရိုးပဲနေတယ်- စားတယ်"ဟု အနီပြောက်မျက်နှာ ထင်ပေါ်လျက် စန်းဖေလှိုင်ပြောနေသည်။

အပြန်လမ်း၌ စန်းငွေလှိုင်မှာ သက်သာရာ ရနေသည်။ အားလုံးအစစချောပြေစွာ ပြီးဆုံးသွားသည်။ စိုးရိမ်နေတာတွေလည်း ဘာမျှမဖြစ်။ ဒါကို သူ့မယားအား ပြောပြနေ သည်။

"ဖြူလေးကအံ့သြနေမှာပဲ၊ အဖေ့လိုအားကောင်းခက်ထန်တဲ့အဖေမျိုးက အကိုစန်းတို့လို သားတွေမွေးလာတာ၊ အဖြေကတော့ လွယ်ပါတယ်၊ အဖေက အမေ့ကို လက်ထပ်တော့ ၄၅ နှစ်၊ အမေက ၁၇ နှစ်ပဲရှိသေးတယ်။ အမေက အဖေ့ကို သိပ်လန့်နေတာ၊ သိပ်ကျန်းမာတုန်း အမေက မမခင်မေဆက်လှိုင်ကို မွေးတာ၊ ဒါကြောင့်လဲ မမက အကိုစန်းညီအစ်ကိုထက် သန်တယ် မာတယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



အကိုစန်းဖေလှိုင်နဲ့ အကိုစန်းကို မွေးတော့ အမေက အမြဲတန်းအဖေ့ကို ကြောက်နေရတာနဲ့ လုံးပါးပါးနေပြီ၊ အကိုမှတ်မိနေသေးတယ်၊ အဖေက သင်တယ် ကြားတယ်၊ ရိုက်တယ်ပဲဆိုပါတော့၊ အဲဒီတော့ အကိုက ငါးနှစ်သား လေးဘဲရှိသေးတာ၊ ရိုက်လိုက်တာမှ နားရွက်ဆွဲတာပါ တယ်၊ ခေါင်းကို လက်သီးနဲ့ တအားထိုးတယ်၊ မနက် မိုးလင်းတာနဲ့ ခေါင်းထဲရောက်လာတာက အဖေဒီနေ့ ရိုက်အုံးမလားဆိုတာပဲ၊ ဒါမှမဟုတ် နောက်တစ်နေ့ပေါ့ လေ။ အစ်ကိုရောအကိုစန်းရော၊ မကစားရဘူး၊ ဘယ်မှ မသွားရဘူး၊ မနက်အစောကြီးဝတ်တက်ရတယ်၊ ရဟန်း တော်တွေကို ဦးခိုက်ရတယ်၊ အိမ်မှာပရိတ်တော်ရွတ်ရ တယ်၊ ဖြူလေးက ဘာသာတရားကိုင်ရှိုင်းတယ်၊ ဒါတွေ ကို လုပ်ရမှာနှစ်သက်တယ်၊ ဒါပေမယ့်အကိုစန်းကတော့ ဘာသာဆိုတာကိုကြောက်နေတာ၊ ဘုရားဝတ်ကျောင်းနား ရောက်လာရင် ငယ်ငယ်ကဘဝ သွားသတိရပြီး ကြောက် စိတ်ဝင်လာရော၊ (၈)နှစ်သားလောက်ကတဲက ကုန်လှောင် ရုံရောက်လာပြီး၊ ဟိုပြေးဒီပြေးအလုပ်လုပ်ရတာ၊ အရိုက်ခံ ရတာကလဲနေ့တိုင်းလိုလိုပဲဆိုပါတော့၊ ဘယ်လောက်ဆိုး သလဲကွာ၊ နောက်ကျတော့ ကျောင်းပို့တယ်၊ ညနေစာ စားချိန်အထိ စာလုပ်ရတယ်၊ ကျန်တဲ့အချိန်က ကုန်





လှောင်ရုံမှာပဲ၊ အဲဒီလိုပဲနေလာရတာ အသက် ၂၂ နှစ် အထိ၊ နောက်တက္ကသိုလ်ရောက်သွားတယ်၊ အဲဒီမှာ ကိုကျန္တာနဲ့တွေ့တာ၊ သူကအိမ်ကခွာဘို့ပြောတာပေါ့။ ကိုကျန္တာက အကိုစန်းအပေါ်သိပ်ကောင်းတာ"

စန်းငွေလှိုင်က စိတ်ရှုပ်ပြလာသဖြင့် ရယ်မော ကာ " သူ့ဆီကို သွားလည်ကြရအောင်၊ အကိုစန်း သိတဲ့ အထဲမှာတော့ အတော်ဆုံးဘဲ၊ ဒို့ကို တွေ့ရင်လဲ သူသိပ် ဝမ်းသာမှာ"



www.burmeseclassic.com

www.burmeseclassic.com

(၇)

နိုဝင်ဘာလ၊ စနေတစ်နေ့၌ ရှာစားကြီးစိန်ဗေဒါသည် သံစုံတူရိယာဝိုင်းကြီးဖြင့် တေးများ တီးမှုတ်သည်။ ပဋ္ဌသိခ် ခန်းဆောင်ကြီးမှာ ပရိသတ်ဖြင့်ပြည့်ကျပ်ညပ်လျက်၊ စန်းငွေလိုင်က တိုင်လုံးကြီးများ နောက်၌ရပ်ကာ သူ့ဇနီးသည်နှင့်ကိုမှိုင်းဝေမှာ ရှေ့ဘက်အဝေးရှိတတိယစတုတ္ထတန်းတွင် ရှိကြသည်။ အားလပ်ချိန်၌ သူသည် "အမျိုးသမီး" ကိုသွားမြင်လိုက်သည်။ တော့ဥမ္မာပါလား၊ လက်ထပ်ပြီးကတည်းက သူသည် အမျိုးသမီးကို တွေ့ရမှာ တွေး၍ကြောက်နေခဲ့သည်။ ယခုသူမမျက်လုံးနှင့် တည့်တည့်ကြီးကို ရှင်းရှင်းဆုံတွေ့လိုက်ရသောအခါ မိတ်ဆွေအနေဖြင့် စာကလေးတလုံးမျှ ရေး၍အကြောင်းမကြားပဲ နေမိသည်ကို သွားသတိရလိုက်သည်။ သူလည်း



www.burmeseclassic.com

www.burmeseclassic.com



ရက်စိတ်ကြောင့်နီမြန်းလာသည်။ စောဥမ္မာ သူ့လက်ကို မြဲမြဲတင်းကျပ်စွာ ဆုပ်ကိုင်ပြီး နှုတ်ဆက်သည်။

"ကိုကျော်နွဲ့ကို တွေ့လား"

သူအဖြေပေးရန် အချိန်မရမီပင်၊ အလျင်စလို လျင်မြန်ဖျက်လတ်စွာ ခြေလှမ်းကျဲဖြင့် ထွက်ခွာသွားသည်။ တစ်စုံတစ်ယောက်က သူမအားနောက်က တွန်းလိုက်သကဲ့သို့ပင်။

အမျိုးသမီးမှာ တော်တော်ပိန်နေပေသည်။ နှာတံကရှည်ရှည်၊ မျက်နှာမှာစိတ်ပင်ပန်းပုံ သမ်းနေသည်။ မျက်စိကိုမနည်းဖွင့်ကာ၊ ခြေကိုရပ်ထားရပုံပေါက်သည်။ သူမ၏မျက်လုံးများမှာ နက်မှောင်ပြီး၊ ကြင်နာသော၊ ဉာဏ်ထက်မြက်သော အသွင်ကို ဆောင်ထားသည်။ သို့သော်သူမ၏လှုပ်ရှားပုံ အမူအရာများမှာ တောင့်တောင့်ဆတ်ဆတ်ဖြစ်နေသည်။ သူနှင့်စကားပြောရတာသိပ်မလွယ်။ သူကနားထောင်သမားသက်သက်။ အေးဆေးစွာပြန်မပြောတက်။ သူ့ကိုချစ်ရတာကလဲအခက်။ သူမ၏မျက်နှာကိုလက်များဖြင့်ဖုံးကွယ်ကာ အတော်ကြာရယ်မောနေတတ်သည်။ သူ့ဘဝမှာအချစ်ဆိုတာ အရေးကြီးတာမဟုတ်ဟုပြောနေတတ်သည်။၁၆–နှစ်သမီးလေးက မနမ်းခင်ဖယောင်းတိုင်များကို အကုန်ညှိမ်းထားမှ ဖြစ်သည်။ သူမသည်အသက်၃၀–ရှိပြီ။ သူမသည် ကျောင်းဆရာ





တစ်ယောက်နှင့် လက်ထပ်ဖူးသည်။ နောက်ကွဲသွားကြသည်မှာ ကြာလှပြီ။ သီချင်းကြီး တီးနေသောအခါ စန်ငွေလှိုင်နှင့် မတော်တဆ တွေ့မိခြင်းဖြစ်သည်။ သို့သော်ပရိသတ် ကိုကျော်၍ ရှေ့သို့ကားမရောက်။ အရင် ၂–နှစ်ကတည်းက ဘော်ပြောက်စိန်ကတ္တီပါထမီကို ဝတ်ထားသည် ဒါကို စန်းငွေလှိုင် သတိပြုမိလိုက်သည်။ ယပ်ဘောင်ကတော့ အသစ်။ သို့သော် အပေါစား။ သူမသည် ဝတ်ကောင်းစား လှဝတ်ရမှာကို နှစ်သက်သည်။ သို့သော်မဆင်တတ်။ သူမက ပိုက်ဆံကို အဝတ်၌ သုံးရမှာတွန့်တိုသည်။ သည်တော့ပေါ့ပေါ့ဆဆ ဆင်ယင်သည်။ သီချင်းသင်ရန်ခြေလှမ်းကျဲကြီးဖြင့် လမ်းလျှောက်သွားသောသူမကို မြင်လျှင် အညာတြတစ်ယောက်ဟုသာမှတ်ယူသွားကြသည်ပင်။

ပရိသတ်၏ သြဘာသံများက ဆူညံလျက်ရှိကာ၊ နောက်တခါထပ်တီးဘို့ ပွဲတောင်းကြသည်။

စောဥမ္မာသည် စန်းငွေလှိုင်ထံသို့လာကာ၊ တည်ကြည်တင်းမာသော မျက်နှာထားဖြင့် ကြည့်လျက် "ဒီညနေဒို့နဲ့အချိန်ဖြုန်းရအောင်ပါ၊ဒို့အတူတူ လက်ဖက်ရည်သောက်ပေါ့၊ ဒို့ပြောတာကြားရဲ့လား၊ သွားကိုသွားရမှာဘဲ၊ဒို့နဲ့မောင်နဲ့ဟာဆိုင်ပါတယ်ကွာ၊ ဒီလောက်တော့



www.burmeseclassic.com

မငြင်းသင့်ပါဘူး၊ အသေးအမွှားလေးဘဲဟာနော်”

“သွားလေ”ဟုစန်းငွေလှိုင်ကဘောတူလိုက်သည်။

စိန်ဗေဒါ တီးလုံးများပြီးသောအခါ ပရိသတ်မှာ တော်တော်နှင့် ထမပြန်။ ကတ္တီပါကားလိပ်မကြာခဏတင်ရသည်။ ဩဘာသံမစဲသဖြင့်နောက်တခါ ပြန်တင်ရပြန်သည်။ ကားလိပ်အတင်အချ မဆုံးနိုင်တော့။ စန်းငွေလှိုင်ကမူ သူ့အမျိုးသမီးအား မပြောပဲထွက်မသွားချင်။ ထို့ကြောင့်တံခါးဝမှ နေ၍ စောင့်မနေသည်။

စောဉမ္မာက “ဒို့တော့ ဆာနေပြီကွယ်......... ရင်ထဲမှာမီးလောင်နေတာ.............”

“သွားတာပေါ့... .ကန်သာက ဝေးရင်လဲမြသီတာကို သွားတာပေါ့၊ ကျုံးနားလေ”

“အမလေး........ ဒီလောက်ဈေးကြီးတဲ့ဟော်တယ် မသွားနိုင်ပါဘူးတော်၊ကျုပ်က သူဌေးသား မဟုတ်ပါဘူး”

သူက စောဉမ္မာအားလက်မောင်းကို ကိုင်ရန်လက်ကမ်းသည်။ သို့သော် သူမကမတွဲ၊ သူမ မကြာခဏပြောနေကျအတိုင်း၊ အားနည်းသူ မိန်းမသား မလုပ်ချင်။ ယောကျာ်းတစ်ယောက်ကို မမှီချင်ဟူသော အကြောင်းပြချက်ဖြင့်ငြင်းသည်။

စကားပြောနေစဉ်သူမသည် ထွက်လာသောပရိသတ်ထံသို့မျက်စိရောက်ကာ၊ မကြာခဏအသိမိတ်ဆွေ





များနှင့် နှုတ်ဆက်သည်။ အများအားဖြင့်မဟာဂီတကျောင်းတော်ကြီးမှ ကျောင်းနေဘက် ကျောင်းသားများ၊ နရလေခ ဂီတ တက္ကသိုလ်မှသူမ၏ တပည့်တပန်းများ၊ သူတို့နှင့် ဖက်လဲတကင်းနှုတ်ဆက်သည်။ သူမ၏ ဆတ်တတ်တတ် အမူအရာဖြင့်။ သို့သော်ဖျားသလိုလက်များက တုန်ရီနေပေသည်။

နောက်ဆုံး၌ စောဉမ္မာက လေသံတိုးညင်းဖြင့် “မောင်ကဘာယ်သူ့ကို လက်ထပ်လိုက်တာလဲဟင်၊ မောင့်မျက်စိက ဘယ်ရောက်နေလဲ၊ သိပ်အသုံးမကျတာပဲကို၊ ဒီကောင်မလေးများ ဘာမက်စရာရှိလို့လဲ၊ မောင့်စိတ်ကို ဒို့ချစ်တယ်၊ မောင့်နှလုံးကိုဒို့ချစ်တယ်၊ ဒါပေမယ့် မောင့်ယမင်းရုပ်ကလေးက ငွေမက်လို့မောင့်ကို ယူတာပါကွာ”

စန်းငွေလှိုင်က တောင်းပန်သော လေသံဖြင့် “မပြောပါနဲ့ ဉမ္မာရယ်......... တဆိတ်ကျေးဇူးပြုပြီး.... နော်....... ကိုယ့်အိမ်ထောင်ရေးအကြောင်းကို မင်းသိပါတယ်၊ နာစရာတွေကို ဘာလို့ပြောကြမလဲ”

ဖြူကြာပွင့်သည် မြကြယ်များ ပြောက်ထားသော မဟူရာဇာအင်္ကျီ၊ ဇာဖဲထမီနှင့် ပေါ်လာသည်။ စိန်မြရုံခြယ်လမ်းကအိမ်မှ ဆုတောင်းပွဲအပြီး၊ ယောက္ခမကြီးပို့လိုက်သောစိန်လည်တုံ ဆင်ထား၍ အရောင်တဖျတ်ဖျတ်နှင့်။

www.burmeseclassic.com



သူမ၏နောက်မှ မိတ်ဆွေများပါလာသည်။ ကိုဏှာနွှာ၊ မိတ်ဆွေ ဆရာဝန်နှစ်ယောက်၊ ဗိုလ်မှူးတစ်ယောက်နှင့် အနောက်တိုင်းဝတ်စုံဝတ်ထားသော ပညာတော်သင် တစ်ယောက်။

စန်းငွေလှိုင်ကသူ့အမျိုးသမီးအား "ဖြူလေး...... ကိုမှိုင်းဝေနဲ့ အိမ်ပြန်နှင့်တော့နော်...... အကိုစန်းကကိစ္စ တစ်ခုရှိလို့"

ဖြူကြာပွင့်သည် ခေါင်းညိတ်ကာ ထွက်သွားသည်။ စောဥမ္မာမှာ တုန်လှုပ်ချောက်ချားကာ၊ မနှစ်မြို့သောမုန်းတီးရွံရှာသော၊ နာကျည်းသော မျက်လုံးဖြင့် ဖြူကြာပွင့်သွားရာနောက်သို့လိုက်ကြည့်လျက် ရှိသည်။

စန်းငွေလှိုင်ကား သူမ၏အိမ်သို့ လိုက်ရန် ဝန်လေးနေသည်။ ဟိုရောက်လျှင် စိတ်မချမ်းမြေ့ဘွယ် များတွေ့ရမည်။ မျက်ရည်နှင့် နာကျည်းသော စကားလုံးများ။ ဟော်တယ်တစ်ခုခုသွားရန် သူကပြောသည်။

"မရဘူးကွာ ဒို့အိမ်ပဲလိုက်ရမှာပဲ၊ ဟော်တယ် အကြောင်းပြောရရင်ပြောစမ်း"

စောဥမ္မာက ဟော်တယ်များကို မကြိုက်။ ဆေးလိပ်နံ့နှင့် ယောကျာ်းသားတို့၏ အသက်ရှူသံဖြင့်၊ လေသည်ညစ်ညမ်းကာ အဆိပ်တို့ဖြင့် ပြွမ်းသည်ဟု သူမက ထင်နေသည်။ သူမက သူမ မသိသော ယောကျာ်းများကို





တဖက်သတ် မုန်းနေသည်။ ယောကျာ်းတွေအားလုံးဟာ မိန်းမတွေကိုဆွယ်နေကြတာပဲဟု အောက်မေ့ လျက်ရှိသည်။ သူမကိုစော်ကားမှာပဲဟု ထင်နေသည်။ ဟော်တယ် တေးဂီတများမှာလည်းသူမကို ခေါင်းကိုက်စေသည်။ အလကား ဂီတတွေ။

သူတို့သည် ရထားလုံးတစ်စီးနှင့် ထွက်လာခဲ့ကြသည်။ တစ်လမ်းလုံး စန်းငွေလှိုင်က သူမအကြောင်း တွေးလာသည်။ မာယာဒေဝီရုပ်သာ တစ်လျှောက်လုံး။ ထို့နောက် စောဥမ္မာနေသော စိန့်ပန်းပြာလမ်းသို့ ချိုးကွေ့လိုက်သည်။ ဘုတ်သည်။ သူမပြောတာ မှန်သည်။ သူသည် စောဥမ္မာနှင့်ဆိုင်သည်။ သူမကို သူ့သူငယ်ချင်း ကိုမှိုင်းဝေအိမ်၌ တွေ့ခဲ့ခြင်းဖြစ်သည်။ စောဥမ္မာက ကိုမှိုင်းဝေကို စန္ဒယားနှင့် ဂီတသဘောတရားများသင်ပေးသည်။ စောဥမ္မာက သူ့ကို ချစ်သည်မှာ တကယ့်မေတ္တာစစ်။ ကိုယ်ကျိုးမပါ။ သူမကတော့ စန္ဒယားသင့် ဆရာမအဖြစ်လုပ်ကိုင်နေဆဲပင်။ ဘယ်ယောက် ပင်ပန်းလည်း သင်ဆဲပင်။ သူ့ကို ဂီတအကြောင်း နားလည်အောင် စောဥမ္မာက သင်ပေးသည်။

စောဥမ္မာက သူမ၏လက်ကို ငှက်ခါးမွှေးယပ်တောင်ဖြင့် ကာလျက် "ဒို့ကတော့ လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ကျကျ တစ်ခွက်သောက်ချင်လိုက်တာကွာ၊ အမောပြေ” ဟု အသံသြသြဖြင့် ပြောလိုက်သည်။

“ဒီကနေ့ အတန်းလေးတန်း သင်ပေးခဲ့ရတယ်၊ စိတ်ပျက်စရာ သိပ်ကောင်းတာဘဲ၊ သင်တန်းသားတွေက သိပ်ညံ့တယ်၊ ညဖက်ကလဲထိုင်း၊ ဒို့ဖြင့် စိတ်ပျက်တာ သေတော့မယ်၊ အဲဒီ ကျွန်ဘဝက ဘယ်တော့ ကျွတ်မလဲ မသိဘူး၊ ငွေဒင်္ဂါးသုံးရာလောက် စုမိရင်တော့ ဒီအလုပ်တွေ အကုန်စွန့်ပစ်ပြီး မုတ္တမကမ်းခြေသွား အေးအေးနေတော့မယ်၊ သဲငွေသောင်ပေါ်မှာ အိပ်ပြီး အောက်စီဂျင်လေကို တဝကြီး ရှူလိုက်မယ်ကွယ်၊ တကယ်ပဲ ...ဒို့က ပင်လယ်ကို သိပ်ချစ်တာ .... မဟုတ်လား”

“ဦမ္မာ ဘယ်မှ သွားဖြစ်မှာ မဟုတ်ပါဘူး၊ ကိုယ်သိပါတယ်၊ ငွေစုမိမှာလဲ မဟုတ်ဖူး၊ နောက်ပြီးရတောင်သုံးရမှာ ကပ်စေးနဲနေမှာ၊ ဒီလိုပြောတာ စိတ်မဆိုးနဲ့နော်၊ အကြောင်းသိချင်းမို့ ပြောရတာပါ ဦမ္မာရယ်၊ ပျင်းပျင်းရှိတာနဲ့ စန္ဒယားသင် -ဂီတသင်္ကေတတွေ သင်နေတဲ့ လူပေါ်ကြော့တွေဆီက ဆယ်တန်ချင်း စစ်ယူနေရတာ မဟုတ်လား၊ ဒါ့ထက်တော့ ဦမ္မာ့မိတ်ဆွေတွေဆီက ငွေချေးရတာထက်တော့ ကော်အုံးမယ် ထင်တာဘဲဗျာ ...”

“ဦမ္မာ့မှာ မိတ်ဆွေ မရှိပါဘူးတော်” ဟု စောဦမ္မာက ချက်ချင်း ဒေါသလေးနှင့် ပြန်ပြောလိုက်သည်။





“ပေါက်ကရတွေ လျှောက်ပြော မနေပါနဲ့တော့ကွယ်၊ ဒို့က လုပ်သား လူတန်းစားထဲကပါ၊ ဒီလူတန်းစားက အထူးအခွင့်အရေးတစ်ခုတော့ ရှိတယ်ရှင့်၊ ဒါက ဘယ်တော့မှ ချော့လို့မပျော့ဘူး၊ ငွေနဲ့ဖျက်လဲ မပျက်ဘူးဆိုတဲ့ခိုင်မာခြင်းပဲ၊ ဘယ်သူဌေးဘယ်ကုန်သည်တွေဆီကမှ ငွေမချေးတဲ့ အခွင့်အရေး၊ နောက်ပြီးပြောစရာရှိ ပြောမှာပဲဆိုတဲ့၊ ရွတ်ချစရာရှိ ရွတ်ချနိုင်တဲ့ အခွင့်အရေးတွေပဲ၊ မရဘူးတော့်ရေ့ ... ကျုပ်ကို ဝယ်လို့တော့ မရဘူးမှတ်ပါ။ ကျုပ်က ဖြူကြာပွင့် မဟုတ်ဘူး၊ စောဦမ္မာလေ”

စန်းငွေလှိုင်သည် ရထားခ မရှင်းပေ။ ရှင်းလိုက်ရင် ပြဿနာ တစ်ခုတက်ကာ၊ သူမကို နိမ်သလိုဖြစ်ပြီး ယခင်အခါကာလပေါင်းများစွာက ကြားခဲ့ဘူးသော စကားလုံး မုန်တိုင်းဖြင့် တိုက်ခတ်ပေဦးမည်။ ရထားခကို သူ့ဘာသာပေးပစေ။

စောဦမ္မာသည် အိမ်ထောင်ပရိဘောဂအပြည့်အစုံနှင့် အိမ်ခန်းကလေးတစ်ခန်း ငှားထားသည်။ သူမ၏ ကြီးမားသော ဗေလုဝ စန္ဒယားကြီးမှာ မဟာဘောဂလမ်းရှိ ကိုဏ္ဏန္တာအိမ်တွင် ထားသည်။ အတီးလေ့ကျင့်ရန် နေ့တိုင်း ကိုဏ္ဏန္တအိမ်သွားရသည်။ သူမ၏ ဧည့်ခန်း၌ ကုလားထိုင် ဖုံးနှင့် ကုလားထိုင်များ ချထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာကို အိပ်ရာဖုံးအဖြူဖြင့် လွှမ်းထားသည်။ အလှပြင်စားပွဲ မရှိ၊ စာအုပ် မရှိ စာရေးစားပွဲပင် မရှိ။ အိမ်ရောက်လျှင် အိပ်ရာဝင်ပြီး၊ မနက်အစောကြီး ထ,ထွက်သည်မှာ ထင်ရှားသည်။

ထမင်းချက်က ငွေလင်ဗန်းဖြင့် လက်ဖက်ရည်ဖျော်ရန် ပစ္စည်းများ ထည့်ယူလာသည်။ စောဥမ္မာက ကိုယ်တိုင် လက်ဖက်ရည်ဖျော်သည်။ အေးသဖြင့် အနည်းငယ်ပင် တုန်နေသည်။ စိန်ဇေဒါ ဘူရိယာဝိုင်းက အဆိုများကို ဝေဖန်နေသည်။ သူမ၏ မျက်တောင်တို့မှာ ပန်းလျသဖြင့် အောက်သို့စိုက်ကျနေသည်။ သူမသည် လက်ဖက်ရည်ကို တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်သည်။ တတိယခွက်။

"အင်း ... ရှင်ကတော့ မိန်းမရသွားပြီပေါ့လေ၊ ဒို့ကို မပူပါနဲ့၊ တမ်းတလဲ မနေချင်ပါဘူးကွယ်၊ မောင့်ကိုလဲ ဒို့အသဲထဲက ဖဲ့ထုတ်ပစ်လိုက်မှာပါ၊ မောင်လဲ ဒို့ပြင် ယောကျ်ားတွေလို မကောင်းဘူး၊ မောင်ချစ်တာက မိန်းမရဲ့ စိတ်နှလုံးမှ မဟုတ်ပဲလေ၊ လိုချင်တာက မိန်းမရဲ့ ကိုယ်ကာယ၊ မိန်းမရဲ့အလှ၊ မိန်းမရဲ့ နုပျိုခြင်း၊၊ အိုငယ်ရွယ်တာတွေကိုး၊ငယ်ငယ်ရွယ်ရွယ် ..... ငယ်ငယ်ရွယ်ရွယ် ...."





စောဥမ္မာက ထပ်ကာထပ်ကာ ရွတ်ဆိုပြီးနောက်၊ ကုလားထိုင်နောက်မှီကို ဆောင့်ကာ ဟက်ဟက်ပက်ပက် ရယ်မောနေသည်။

"ငယ်ငယ်ရွယ်ရွယ်"

အရယ်ရပ်သွားသောအခါ သူမ၏ မျက်လုံးအိမ်ထဲ၌ မျက်ရည်များဖြင့် ပြည့်လျှံနေတော့သည်။

"ရှင် ပျော်နေတယ်ပေါ့လေ"

"ဟင့်အင်း .... မပျော်ပါဘူး"

"သူကကော ရှင့်ကို ချစ်ရဲ့လား"

"ဟင့်အင်း"

သိပ်စိတ်အနှောက်အယှက်ဖြစ်သော၊ မပျော်မရွှင်ဖြစ်သွားသော စန်းငွေလှိုင်နေရာမှထကာ၊ ကြမ်းပြင်ပေါ်၌ လမ်းလျှောက်နေသည်။

"ဟုတ်တယ် ဥမ္မာ၊ တကယ်ကတော့ ကိုယ်လဲ မပျော်ပါဘူးကွာ၊ ဒါပေမယ့် ဘာလုပ်လို့ရမလဲ၊ အမှားတစ်ခုကို လုပ်လိုက်မိပြီ၊ ဘာတတ်နိုင်တော့မလဲ၊ လောကနီတိဆရာဖြစ်ရတော့မှာပေါ့ကွာ၊ သူကလဲ မချစ်ပဲ ကိုယ့်ကို လက်ထပ်လိုက်တာပဲ၊ ဘယ်လောက် မိုက်လိုက်သလဲလို့၊ ငွေအတွက် ဖြစ်မှာပေါ့၊ ဒါပေမယ့် လုံးလုံးတော့ မဟုတ်ပါဘူးလေ၊ အခုတော့ သူလဲ သူ့အမှားကို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူသိသွားပါပြီ၊ သူလဲ ခံစားနေရတယ်၊ ဒါကို ကိုယ်သိပါတယ်၊ သူလဲ ကိုယ်နဲ့ နှစ်ယောက်ထဲ အတူနေရမှာ ကြောက်နေတယ်နဲ့တူတယ်၊ ငါးမိနစ်တောင် နေချင်ပုံမရဘူး၊ အဲဒီတော့ အပျော်အပါးရှာတာပေါ့၊ ပွဲလမ်းသဘင် အပေါင်းအသင်း၊ သူက ကိုယ်နဲ့နေရမှာကို ကြောက်လဲကြောက်၊ ရှက်လဲရှက်တယ်နဲ့ တူပါတယ်"

"ရှင့်ပိုက်ဆံတွေ ယူရတာတော့ မရှက်ဘူးတဲ့လား"

စန်းငွေလှိုင်က အော်လိုက်သည်။ "ဒီလိုမပြောပါနဲ့ကွာ၊ ကိုယ့်ဆီက ပိုက်ဆံယူတာကတော့ သူ့မှာ ပိုက်ဆံရှိဘာမရှိတာ ဘာမှ ထူးတာ မဟုတ်ပါဘူး၊ သူက သဘော သကာယတော့ ကောင်းတယ်၊ ရိုးတယ်၊ သန့်တယ်၊ ကိုယ့်ကို သူ လက်ထပ်တာကတော့ သူ့အဖေကြီးနဲ့အတူမနေချင်လို့ အဖေဆီက ထွက်ပြေးတာပါပဲ၊ ဒါပါပဲ"

"ရှင်သေချာရဲ့လား၊ ရှင်သာ မချမ်းသာဘူးဆိုရင် သူက ရှင်ကို ယူပါ့မလား၊ အဲဒါရှင်သိရဲ့လား" ဟု စောဥမ္မာက မေးသည်။

စန်းငွေလှိုင်က စိတ်ညစ်ညူးစွာ ဖြေသည်။ "ဘယ်ဟာမှတော့ မသေချာဘူးပေါ့ ဥမ္မာရယ် .... ကိုယ် ဘာမှမသိဘူး၊ ကဲ ... ဒါတွေထားလိုက်ပါတော့"





"ရှင် သူ့ကို ချစ်လား...."

"အရူးအမူးကို ချစ်တယ်"

အကြာကြီး တိတ်ဆိတ်သွားသည်။ သူမသည် စတုတ္ထမြောက် လက်ဖက်ရည်ကို ကျိုက်ချလိုက်သည်။ စန်းငွေလှိုင်ကတော့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း၊ သူ့မိန်းမအကြောင်း တွေးနေပေသည်။ အခုနေ ဖြူကြာပွင့်တစ်ယောက် ဆရာဝန်ကလပ်တွင် ညစာစားနေပေရော့မည်။

စောဥမ္မာက ပခုံးကို တွန့်ပြီး "ဘာကြောင့်မှန်းမသိပဲနဲ့များ ချစ်လို့ရသလားရှင်၊ မဖြစ်နိုင်ဘူးရှင့်၊ မဖြစ်နိုင်ဘူး၊ အဲဒါ တိရစ္ဆာန်အချစ်မျိုး၊ ရာဂသက်သက်၊ ရှင်ဟာရမက်သမားကြီးပဲ၊ ကိုယ်ကာယအလှကိုတက်မက်နေတဲ့ မောဟကောင်ကြီးပဲ၊ သွား .... ရှင် ... ထွက်သွား၊ ကျမအနေနဲ့ ရှင်ဟာ ညစ်ညမ်းတယ်၊ ရှင့်ကောင်မဆီပဲသွားနေ"

စောဥမ္မာသည် တံခါးကို လက်ညှိုးညွှန်ပြသည်။ ထို့နောက် စန်းငွေလှိုင်၏ သက္ကလပ်ဦးထုပ်ကို ယူကာ သူ့ကို ပစ်ပေါက်လိုက်သည်။ စန်းငွေလှိုင်လည်း ဘာမျှမပြောပဲ ငြိမ်သက်စွာ ထွက်သွားသည်။ သို့သော် စောဥမ္မာသည် သူ့နောက်သို့ ပြေးလိုက်ကာ၊ သူ၏ ပခုံး



www.burmeseclassic.com

www.burmeseclassic.com



ကို တအားဖက်ပြီး ရှိက်ကြီးတငင်ငိုကြွေးသည်။

"စန်းငွေလှိုင်က စောဉမ္မာ၏ လက်များကို ဖြေချကာ "မငိုပါနဲ့ ဉမ္မာရယ် .... ပြီးတာတွေလဲ ပြီးပါပြီ၊ စိတ်ကို ထိန်းမှပေါ့၊ ကိုယ်တောင်းပန်ပါတယ်"

သူမသည် မျက်စိကို မှိတ်ထားသည်။ မျက်နှာမှာ ဖြူဖပ်ဖြူရော်။ သူမ၏ ရှည်သော နှာခေါင်းမှာ ဖယောင်းကဲ့သို့ ဖွေးသွားပြီး လူသေကောင် အသားလို ဖြစ်သွားသည်။ စန်းငွေလှိုင်သည် သူမ၏ လက်ချောင်းများကို ဖြေချ၍ မရတော့။ သူမသည် သတိမရတော့။ စန်းငွေလှိုင်သည် သူမကို အသာပွေ့ယူကာ အိပ်ရာပေါ်သို့ ချပြီး၊ အိပ်ရာဘေး၌ ထိုင်ကာ သတိပြန်လည်လာသည်အထိ စောင့်နေသည်။ဆယ်မိနစ်ခန့်ကြာသွားသည်။ သူမ၏ လက်များမှာ အေးစက်နေကာ၊ ရင်ခုန်သံမှာ နှေးဖျော့ပြီး သွေးတိုးမမှန်။

စောဉမ္မာက မျက်လုံးဖွင့်ကြည့်ကာ "သွား ... သွား ကျမပြန်ငိုမိလိမ့်မယ်၊ ရှင်အိမ်ပြန် ကျမဖာသာ ကျမ နေတတ်တယ် သွား"

စန်းငွေလှိုင်က အိမ်သို့ တန်းပြန်သည်။ သူ့ကို စောင့်မျှော်နေကြမည် ဖြစ်သော ဆရာဝန်ကလပ်သို့လည်း မသွားတော့။ တစ်လမ်းလုံး သူ့ကိုယ်သူ ရင်နာစွာ မေးခွန်းများ မေးဟသည်။ သူ့ကို တကယ်ချစ်တဲ့ အမျိုး





သမီးကို ဘာကြောင့်များ လက်မထပ်ဖြစ်ရပါလိမ့်။ တကယ်တော့ သူနဲ့တစ်ခါက မိန်းမလည်း မိန်းမ၊ မိတ်ဆွေလည်း မိတ်ဆွေ၊ သူမလာလျှင် သူ့ကို အတွယ်တာဆုံး မဟုတ်လား။ ဉာဏ်လိမ္မာရေးခြားရှိသော၊ မာနကြီးသော၊ အလုပ်လုပ်သော အမျိုးသမီးအား ပျော်ရွှင်ခြင်း၊ အိုးအိမ် ဂေဟာနှင့် ငြိမ်းချမ်းသော ဘဝကို ပေးသင့်တယ် မဟုတ် လား။ ငါကကော။ ငါကကော ဘယ်သူလဲ။ သူ့ကိုယ်သူ မေးကြည့်သော မေးခွန်း၊ အလှမက်သူ၊ အငယ်မက်သူ၊ စိတ်အပျော်မက်သူ၊ ဟုတ်ရဲ့လား။ တကယ်ကတော့ ဒါတွေ ဘာမှ မရှိ။ သူ့ကို အပြစ်ဒဏ်ခတ်တာပဲလား။ ဒါမှမဟုတ် သူ့ကို ပြောင်လှောင်တာဘဲလား။ သုံးလရှိပြီ မှိုင်းရီမှောင်လျက် စိတ်မာတက်ကျစရာ ခံစားနေရသည် မဟုတ်လား။

သူတို့၏ မင်္ဂလာဦးခရီးကား ကုန်လွန်ခဲ့ပေပြီ ကော။ သူ့မိန်းမဟာ ဘယ်လိုဟာဆိုတာ ခုထက်ထိ မသိတာက ခက်သေးသည်။ သူ့မိန်းမသည် သူမ၏ ကျောင်းနေဘက် သူငယ်ချင်းများထံ ငါးမျက်နှာခန့် ရှည်လျားသောစာများရေးလျက်ရှိသည်။ ဖခင်ထံသို့လည်း ရေးသည်။ စာရေးပြောစရာတွေက တပုံတပင်ကြီး၊ သို့သော် သူ့ကျတော့ ရာသီဉတုအကြောင်း၊ မနက်စာစားဘို့၊

www.burmeseclassic.com



ညစာစားဘို့လောက်သာ ပြောနေသည်။ ဖြူကြာပွင့်သည် ညအိပ်ရာဝင်ခါနီး ဘုရားဝတ်ပြုကာ၊ ရှေ့၌ အမွှေးတိုင်ထွန်းကာ အာရုံပြု ဆုတောင်းနေသောအခါများ၌ သူမသည် ဘာတွေများ ဆုတောင်းနေသလဲဟု မတွေးဘဲ မနေနိုင်။ သည်လို တွေးရမှာ သူမုန်းနေသည်။ အိပ်ရာထဲ၌ အတူတူအိပ်ကာ ပွေ့ဖက်ရတာပင် ဈေးနှာပေး၍ ဝယ်ယူရတာပါကလားဟု တွေးနေမိသည်။ သည်လို တွေးမိတာကပင် သူမကိုရော၊ သူ့ကိုရော စော်ကားသည်ဟု ခံစားနေသည်။ ဝမ်းနည်း ကြေကွဲစရာပါကလား။တကယ်လို့သာ သူမသည် သန်သန်မာမာ၊ရဲရဲတင်းတင်း၊ လည်လည်ပတ်ပတ် အမျိုးသမီးတစ်ယောက်ဆိုလျှင် တစ်မျိုး၊ သို့သော် ဖြူကြာပွင့်လေးမှာငယ်လည်းငယ်၊ ဘာသာတရားလည်း ကိုင်းရှိုင်း၊ နူးညံ့ပျော့ပျောင်းသူမို့ ခက်နေသည်။ သူမ၏ မျက်လုံးများကလည်း အပြစ် ကင်းစင်သောမျက်လုံးများ၊သူ၏သတို့သမီးအဖြစ် ဘုရားတရား၊ ကြည်ညိုကိုင်းရှိုင်းသူလေးအဖြစ် တွေ့ရသောအခါ စိတ်၌ ထိခိုက်မိသည်။ သို့သော် အစဉ်အလာအတွေးအခေါ်နှင့် ယုံကြည်ချက်တို့က တံတိုင်းကြီးသဖွယ် အမှန်တရားကို ကာဆီးထားပေသည်။တကယ်ကတော့ သူ့ဘဝဟာ စိတ်ဆင်းရဲခြင်း တစ်ရပ်ပါပဲလား။ ဓာတ်သဘင်ပွဲများ၌ သူ့မိန်းမသည် သူနှင့် ဘေးက





ယှဉ်တွဲထိုင်ကြည့်နေသောအခါ သက်ပြင်းချသည်။ဒါမှမဟုတ် ဟက်ဟက်ပက်ပက် ရယ်မောသည်။ အော် ဘူနှင့်ဝေမျှ ခံစားခြင်းမရှိပဲ၊ သူ့ဖာသာ သူ ပျော်ရွှင် ခံစားနေပါကလားဟု ရင်ခုန်ရသည်။ ထူးခြားတာကတော့ သူမိန်းမသည် သူ၏ အပေါင်းအသင်းများနှင့် သင့်မြတ်ရောနှောနေနိုင်ခြင်းပင်။ သူ့အပေါင်းအသင်းတို့က သူမကို ကောင်းကောင်း နားလည်ကြသည်။ သို့ရာတွင်သူကတော့ နားမလည်။ သူ့မှာ တိတ်ဆိတ်စွာပင် မနာလိုစိတ်ဖြင့် စိတ်ဆင်းရဲနေရပေသည်။

အိမ်ပြန်ရောက်သောအခါ စန်းငွေလှိုင်သည် သိုးမွှေးအင်္ကျီအပါးလေးနှင့် ကတ္တီပါရှေ့ထိုး ဖိနပ်စီးကာ စာကြည့်ခန်းထဲ၌ ထိုင်ပြီး ဝတ္ထုတစ်ပုဒ် ဖတ်နေသည်။ ဖြူကြာပွင့်ကား အိမ်ပြန်မရောက်သေး။ သို့သော် နာရီဝက်ခန့်ကြာသောအခါ ခေါင်းလောင်းသံ ကြားရပြီး၊ နန္ဒယသည် ကမန်းကတမ်း တံခါးသွားဖွင့်သည်။ ဖြူကြာပွင့်၊သူမသည် ခရမ်းနုရောင် သားမွေး အပေါ်ရုံနှင့်။ စာကြည့်ခန်းထဲသို့ ဝင်လာသည်။ အေးနေသဖြင့် သူမ၏ ပါးအို့များမှာ ပန်းနုရောင် သမ်းလျက်။

ဖြူကြာပွင့်က အသက်မရှူပဲ "မောင်ရေ ... စန်းငွေရောင်ဘက်မှာ မီးလောင်နေတယ်၊ မိုးတခြမ်းလုံး



www.burmeseclassic.com

www.burmeseclassic.com



ရဲနေတာပဲ၊ အဲဒါ ကျမ ကိုမှိုင်းဝေနဲ့ လိုက်ကြည့်ချင်တယ်နော် ...."

"သွားလေ ... ရပါတယ် ..."

ဖြူကြာပွင့်၏လန်းဆန်းခြင်း၊ကလေးလိုကြောက်တတ်ခြင်းများကို သူမ၏ မျက်လုံး၌ တွေ့လိုက်ရသောအခါ၊ သူသည် စိတ်ငြိမ်သက် ပျော့ကျသွားသည်။ နာရီဝက်ခန့် စာဖတ်နေပြီး အိပ်ရာသို့ ဝင်လိုက်သည်။

နောက်တစ်နေ့၌ စောဉမှာက တခါက ယူထားခဲ့သော စာအုပ်နှစ်အုပ်၊ သူ၏ စာများနှင့် ဓာတ်ပုံများကို စန်းငွေလှိုင်ရှိရာ လှိုင်ကုမ္ပဏီကုန်လှောင်ရုံသို့ ပို့လိုက်သည်။ စာတကြောင်းသာ ရေးထည့်လိုက်သည်။ ဒါကတော့ ... 'ရှင့်လဲ တော်ပြီ' တဲ့။



(၈)

အောက်တိုဘာလကုန်၌ကား၊ ဒေါ်ခင့်မေဆက်လှိုင်၏ အခြေအနေသည် ရက်တရက် အဆိုးဘက်သို့ ပြောင်းသွားပေသည်။ ကိုယ်အလေးချိန်သည် အမြန်ကျဆင်းလာသည်။ လူလည်း ကျလာသည်။ အနာက ပြင်းလာသော်လည်း သူ့ကိုယ်သူ သက်သာလာသည်ဟု စိတ်ကူးနှင့်တွေးကာ တကယ့် လူကောင်းကဲ့သို့ မနက်တိုင်း ဂဝ်ကောင်းစားလှ ဝတ်ဆင်ပြီး တစ်နေ့လုံး အဝတ် မလဲပဲ အိပ်ရာထဲ၌ လဲလျောင်းနေသည်။ စကားကလည်း သိပ်ပြောလာသည်။ အိပ်ရာထဲ လဲလျောင်းရင်း အသံတိုးညှင်းစွာပင် စကားပြောနေသည်။ အားထုတ်၍ ပြောရသည်။ သေခြင်းသည် ရုတ်ခြည်း ရောက်လာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လဝန်းကား ရွှန်းရွှန်းမြမြ တောက်ပလျက်ရှိပေသည်။ ဝင်းပသော နှင်းလရောင်၌ လမ်းမပေါ်မှ ယာဉ်ရထားမောင်းသံ၊ အသံဗလံများကို အိပ်ခန်းထဲမှပင် ကြားနေရပေသည်။

ခင်မေဆက်လှိုင်မှာ အိပ်ရာထဲ၌လဲလျောင်းလျက်ရှိပြီး ဘယ်သူမှ အနားတွင် မရှိသဖြင့် တစ်ယောက်တည်းရှိနေသော သမီး ခင်ပိတောက်က သူ့မိခင်၏ အိပ်ရာဘေး၌ လူမမာစောင့်ရင်း အိပ်ငိုက်လျက်။

ခင်မေဆက်လှိုင်က အေးဆေးညှင်းညံ့စွာ ပြောနေသည်။

"နာမည် အပြည့်အစုံတော့ မမှတ်မိတော့ဘူးကွယ်၊ မေမေတို့ ခေါ်တာက ကိုစိမ်းဝေ၊ သူက အစိုးရအရာရှိတစ်ယောက်၊ ဒါပေမယ့် မွဲတယ်၊ ကုန်းကောက်စရာတောင် မရှိဘူးဆိုရမယ်၊ သောက်ချည်းပစ်တာကို၊ အရက်သမားကြီးလေ။ နေ့တိုင်း ဒို့ဆီကို မှန်မှန်လာတယ်၊ ဒို့က သကြားနဲ့ လက်ဖက်ခြောက် အမြဲပေးတယ်၊ တစ်ခါတစ်လေလဲ ပိုက်ဆံလေး ဘာလေး ပေးတယ်၊ တစ်နေ့တော့ အရက်အသောက်လွန်ပြီး သေပါလေရော၊ ခေါင်းရည်က သူ့ကို လောင်ကျွမ်းပစ်လိုက်တာပေါ့...။ သူ့မှာ ခုနစ်နှစ်သားအရွယ် သားလေးတစ်ယောက် ကျန်ရစ်ခဲ့တယ်။ သနားစရာ အမိမဲ့ သားကလေးပေါ့။ အဖေက ဘာမှ မသိဘူး၊ တစ်နှစ်သာကြာပါရော .....။ နောက်ကျ သိသွားတော့လဲ အဖေက ဘာမှ မပြောတော့ပါဘူး။ သူ့နာမည်ကိုတော့ ကိုမှိုင်းဝေလို့ ပေးထားတယ်၊ အဲဒီ ကောင်လေး ကိုးနှစ်သားရောက်လာရော၊ ဒို့က စေ့စပ် ကြောင်းမွှာမ်း ပြီးပြီ။ ဒို့က ကျောင်းတွေခေါ်သွားတယ်၊ ဘယ်သူမှ လက်မခံချင်ကြဘူးကွယ်၊ ကောင်လေးက ပိုလို့ပေါ့၊ ဒါနဲ့ မငိုပါနဲ့ ဘာလို့ ငိုရမှာလဲလို့ ချော့ရတယ်၊ ဒါနဲ့ ငုဝါမြိုင်က ကျောင်းရောက်မှ သူ့ကို လက်ခံတယ်၊ ကောင်လေးခများ စိန်မြရုံခြယ်က ငုဝါမြိုင်၊ ငုဝါမြိုင်က စိန်မြရုံခြယ်ခြေလျင် လျှောက်သွားရရှာတယ်၊ ကျောင်းလခကိုတော့ မောင်လေး စန်းငွေလှိုင်က ထောက်ပံ့တယ်၊ အဲဒီလို ခက်ခက်ခဲခဲနဲ့ ပညာသင်လာရတော့ ခုတော့ ဟန်ကျနေပြီလေ၊ ရတနာပုံမြို့တော်မှာ ဝတ်လုံတော်ရတစ်ယောက်ပေါ့၊ စန်းငွေလှိုင်လိုပဲ ပညာကတ်တစ်ဦးဖြစ်နေပြီ၊ စန်းငွေလှိုင်ရဲ့ သူငယ်ချင်းလဲ သူငယ်ချင်းပေါ့။ သူ့ကို မေမေတို့က လူ ဖြစ်အောင် လုပ်ပေးတယ်၊ သူ ဒို့ကို သတိရနေမှာပဲ"

သူမ၏ အသံသည် ပြောရင်းပြောရင်းကဖြည်းဖြည်း တိုး၍တိုး၍ လာသည်။ ခဏခဏလည်း နားရ





ယွန်းရွှေအိမ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အတန်ကြာ ငြိမ်သက်နေပြီးမှ ထလိုက်သည်။

"မေမေ သိပ်နေမကောင်းဘူးကွယ်၊ ဘုရား ... ဘုရား၊ အသက်ရှူလို့တောင် မဝတော့ဘူး"

ခင်ပိတောက်က သူ့အမေ သေတော့မည်ဟု နားလည်လိုက်သည်။ ကြည့်နေရင်းပင် ပါးတို့မှာ ချိုင့်ဝင်သွားသည်။ သေချိန်နီးကပ်လာပြီဟု ထင်ကာ ကြောက်လာသည်။

"မေမေ နေပါအုံး" ဟု ခင်ပိတောက်က ရိုက်လိုက်သည်။

"သမီးလေး မီးဖိုချောင်ထဲကို သွား၊ တစ်ယောက်ယောက်ကို ဖေဖေ့ အခေါ်လွှတ်လိုက်၊ မေမေသိပ်နေလို့ မရဘူးကွယ်"

ခင်ပိတောက်သည် တစ်ခန်းဝင် တစ်ခန်းထွက် အစေခံများကို လိုက်ရှာသည်။ အိမ်ကြီးထဲတွင် တစ်ယောက်မျှ မတွေ့။ ညီမလေးခင်ကံ့ကော်တစ်ယောက်သာ ထမင်းစားခန်းထဲရှိ ကွပ်ပျစ်ပေါ်၌ အဝတ်အစား အသစ်အလွှင်များနှင့် အိပ်ပျော်လျက်ရှိသည်ကို တွေ့ရသည်။ ခေါင်းအုံးပင် မပါ။ ခင်ပိတောက်သည် ခြံဝင်းထဲမှ ထွက်ကာ လမ်းမသို့ ပြေးထွက်လာသည်။ သူနာပြု ဆရာမမှာ ခြံစင်းတံခါးအပြင်ဘက်ရှိ ခုံရှည်၌ အကျအန ထိုင်ကာ၊ နှင်းထဲ၌ ကလေးများ ကစားနေသည်ကို ငေး





ကြည့်နေသည်။ မြစ်ကမ်းဘက်မှ စစ်ဘင်ခရာ တီးဝိုင်းက တီးမှုတ်လျက်ရှိနေပေသည်။

ခင်ပိတောက်က ငိုသံပါနှင့် "ဆရာမ ...ဆရာမ၊ မေမေသေတော့မယ်၊ ဖေဖေ့ကို သွားရှာရအောင်"

ဆရာမသည် အပေါ်ထပ်ရှိ အိပ်ခန်းသို့ ပြေးတက်သွားကာ လူမမာကို ကြည့်လိုက်သည်။ သူမသည် သန္တာပုတီးတစ်ကုံးကို ယူကာ လူမမာ လက်ထဲသို့ ထည့်ပေးသည်။ ကုတင်နှင့် ကပ်လျက် ခုံပေါ်၌ ဘုရားမီးပူဇော်ရန် ဖယောင်းတိုင်တစ်တိုင် ထွန်းညှိသည်။ ခင်ပိတောက်ကား အလန့်တကြား ထွက်ပြေးနေသည်။ တွေ့သူတိုင်းကို သူ့အဖေအားရှာပေးရန်တောင်းပန်သည်။ ဆွယ်တာတစ်ထည် ထပ်ဝတ်ကာ အပြင်ဘက်သို့ထွက်သွားသည်။ အစေခံများက သူ့ဖခင်တွင် အခြားမိန်းမတစ်ယောက်နှင့်ကလေးနှစ်ယောက်ရှိကြောင်း၊ ဟိုပုံးလမ်း၌ နေထိုင်ကြောင်းပြောသံကြားရသည်။ခင်ပိတောက်သည် ငိုယိုကာ လမ်းပေါ်၌လူများကို တိုက်မိလျက် နှင်းထဲတွင်လျှောက် ပြေးလျက်ရှိသည်။ အေးလှသဖြင့် ခိုက်ခိုက်တုန်လျက်။

မြင်းရထားတစီးရှေ့မှ ဆင်းလာသည်။ သို့သော် မခေါ်။ မြို့အပြင်သို့ အတင်းမောင်းပြေးကာ လုယက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းထဲ ပစ်ထားခဲ့မည်ကို ကြောက်သောကြောင့်ဖြစ်ပေသည်။ အစေခံများက ယင်းပုံပြင်မျိုး ပြောသည်ကို လက်ဖက်ရည် သောက်ရင်း ကြားခဲ့ရသောကြောင့် ဖြစ်သည်။ ကလေးမလေးသည် အသက်ပင်မရှူနိုင်၊ တအား ပြေးသည်။ ပြေးရင်းလည်း ရှိုက်ငိုလျက်။ ဟိုပုံးလမ်း ရောက်သောအခါ လမ်း၌တွေ့သော မိန်းမကြီးတစ်ဦးကို ဦးမြတ်အေး ဘယ်နားရှိသလဲဟုမေးသည်။ မိန်းမကြီးက နေရာကိုအသေးစိတ်ပြောပြသည်။ ကလေးမကသူပြောတာ ဘာတခုမျှ နာမလည်းမှန်းသိသောအခါ၊ လက်ကိုဆွဲကာ တစ်ထပ်တိုက်တစ်တိုက်ရှေ့သို့ခေါ်သွားပြသည်။ တံခါး ပွင့်လျက်ရှိသဖြင့် ခင်ပိတောက်သည် ပြေးဝင်ကာလှူသွား လမ်း စကြိုကကျော်ပြီးနွေးထွေး၍ မီးများလင်းနေသော အခန်းထဲသို့ဝင်လိုက်သည်။ သူ့ဖခင်မှာ ငွေလင်ဗန်းပေါ်၌ ငွေလက်ဖက်ရည်းအိုးဖြင့်ငှဲ့ကာ လက်ဖက်ရည်သောက်လျက်၊ သူ့ဘေးက အမျိုးသမီးကြီး တစ်ယောက်နှင့် ကောင်မလေးနှစ်ယောက်။ ခင်ပိတောက်မှာ သူ့ဖခင်ကို တွေ့သောအခါ စကားမပြောနိုင်၊ ရှိုက်၍သာနေသည်။ ဦးမြတ်အေးမှာ ချက်ချင်းဘာကြောင့်သူ့သမီးလာသည်ကို သိလိုက်သည်။

"ဟင်...... မေမေ ဘာဖြစ်လဲ၊ မေမေနေမကောင်းဘူးလား၊ပြောစမ်းပါအုံးသမီးလေးရယ်၊မေမေသိပ်ဆိုးနေလား"





သူသည် ချက်ချင်းထကာ ရထားခေါ်လိုက်သည်။ သူတို့ အိမ်ရောက်ကြသောအခါ၊ ခင်မေဆက်လှိုင်မှာ အိပ်ရာထက်၌ နောက်ကခေါင်းအုံးတထပ်ကြီးကိုမှီလျက် တွေ့ရသည်။ လက်ကလည်း ပုတီးတစ်ကုံးကိုင်လျက်။ မျက်နှာမှာ ညိုကာ မျက်လုံးကို မှိတ်ထားသည်။ အိပ်ခန်းထဲ၌ လူများအပြည့်။ ဆရာမ၊ ထမင်းချက်၊ အိမ်စောင့်သူ၊ အခြားမျက်နှာစိမ်းများကိုလည်း အဝ၌တွေ့ရသည်။ သူနာပြု ဆရာမက တိုးတိုးတိုးတိုးနှင့် ညွှန်ကြားနေသည်။ သို့သော် ဘာတွေသူလိုချင်မှန်းလည်း ဘယ်သူမှမသိ။ အခန်းထောင့်ရှိ ပြတင်းပေါက်၌ ခင်ကံ့ကော်ရပ်လျက်။ မျက်နှာက ဖြူဖပ်ဖြူရော်ဖြစ်လျက်၊ အိပ်ရာကထစမို့၊ မျက်လုံးက မပွင့်တပွင့်။

ဦးမြတ်အေးကဘေး၌ ဘုရားမီး ပူဇော်ထွန်းညှိထားသောဖယောင်းတိုင်ကို ယူကာ၊ မနှစ်မြို့သောဟန်ဖြင့် မျက်မှောက်တချက်ကုပ်ကာ၊ မှန်တင်ခုံပေါ်သို့ပစ်တင်လိုက်သည်။

"လှိုင်......လှိုင်...... အသာလှဲနေ၊မှီမနေနဲ့နော်" ဟု ဦးမြတ်အေးကကြင်နာစွာပြောကာ၊အိပ်ရာပေါ်၌လဲလျောင်းနေစေသည်။ ခင်မေဆက်လှိုင်က သူ့ကိုလှမ်းကြည့်သည်။ သို့သော်သူမှန်းမသိတော့။



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော်နှင့် ဒေါက်တာသီဟတို့ဝင်လာကြသော အခါ၊ အစေခံများမှာ အသံတိုးတိုးဖြင့် သူတို့၏သခင်မ ကျန်းမာရေးအတွက် ဆုတောင်းလျက်ရှိကြပေပြီ။

ဒေါက်တာသီဟက သတိလွတ်သလို "ဝမ်းနည်းစရာ သိပ်ကောင်းတယ် ........ ငယ်သေးတာဘဲ၊ လေးဆယ် တောင်မပြည့်ရှာသေးဘူးဗျာ"

ထို့နောက်သူသည်စည့်ခန်းထဲသို့ ထွက်သွားသည်။ သမီးများ၏ ရှိုက်ကြီးတငင်ငိုကြွေးသံကို သနားကာ မျက်လုံးများစိုစွတ်လျက်၊ ဒေါက်တာသီဟထံသို့လျှောက် လာပြီး တုန်ရီဖျော့တော့သော အသံဖြင့် ....................

"ဆရာ .....ကျွန်တော့်ကိုတစ်ခုလုပ်ပေးပါဗျာ၊ ရတနာ ပုံကို သံကြိုးရိုက်ပေးပါ။ ကျွန်တော်တော့အားအင်လဲ မရှိတော့ဘူးခင်ဗျာ"

ဒေါက်တာသီဟသည် ချက်ချင်း စာရွက်တရွက် တောင်းပြီး သူ့သမီးထံသို့ပို့ရန် သံကြိုးစာတစ်စောင် ရေးချလိုက်ပေသည်။

ခင်မေဆက်လှိုင် ညဥ့်ရှစ်နာရီက ကွယ်လွန်သွားပြီ။ နှင့်ယောကျ်ားကိုပြောလိုက်။ မြရာကုန်းကအိမ် အကြွေးနဲ့ ရောင်းလိုက်ရပြီ။ ၁၂-ရက်နေ့လေလံပစ်မည် .......။ မပျက်စေနဲ့။



(၉)

စန်းငွေလှိုင်တို့မှာ ပုဇွန်တောင်ရုံကျောင်းတိုက်နှင့် မလှမ်း မကမ်း၊ မဟာရာဇာရိပ်သာရှိ လမ်းမြောင်ကလေး၌ နေကြသည်။ အိမ်ကြီး၏ဘေးရှိဝင်းထဲမှ နှစ်ထပ်တိုက် အဆောင်တစ်ဆောင်ကို သူ့သူငယ်ချင်းမှိုင်းဝေ အတွက် ငှားပေးထားသည်။ သူ့နာမည်အပြည့်အစုံကတော့ မြမှိုင်းဝေ။ သို့သော် ငယ်စဉ်ကတည်းက မှိုင်းဝေဟုသာ ခေါ်ခဲ့ကြသည်။ ငယ်ရွယ်သောဝတ်လုံတော်ရ။ ယင်းတိုက် နှင့်မျက်နှာချင်းဆိုင်မှာပင် ပြင်သစ် လင်မယားနှင့် သမီး ငါးယောက်လည်းနေကြသည်။

အလွန်အေးမြသောနေ့ဖြစ်၍ ပြတင်းတံခါးများအကုန် ပိတ်ထားကြသည်။ ကိုမှိုင်းဝေသည် နံနက်အစောကြီး



www.burmeseclassic.com

www.burmeseclassic.com



နှိုးနေကာပူပန်သော မျက်နှာဖြင့် ဆေးတစ်ခွက်သောက်သည်။ ထို့နောက် စာအုပ်စင်ပေါ်၌ တင်ထားသော ဒန်ဘဲယ်ကိုယူကာ ကိုယ်လက်လေ့ကျင့်ခန်းယူသည်။ သူကားအရပ်ရှည်ရှည်၊ ပိန်ပိန်၊ နှုတ်ခမ်းမွေးရေးရေးနှင့်။ ထင်ရှားပေါ်လွင်နေသည်ကား သူ၏ ရှည်သောခြေတံများပင်။

လက်စွဲတော်နန္ဒိယသည် ပင်နီအပေါ်ဖုံး၊ ပင်နီဘောင်းဘီဝတ်ထားကာ၊ လက်ဖက်ရည်များယူလာသည်။

"ဒီကနေ့ နေသာတယ် ခင်ဗျာ" ဟုနန္ဒိယကဆိုသည်။

"အေး ..... သာယာတယ်၊ ဒါပေမယ့်ဗျာ ..... ဘာထူးတာလိုက်လို့"

နန္ဒိယကယဉ်ကျေးစွာ ပြုံးနေသည်။

"ကလေးတွေကော" ဟု ကိုမှိုင်းဝေမေးလိုက်သည်။

"ရဟန်းတော်လဲ ကြွမလာသေးဘူး၊ ဆရာစန်းငွေလှိုင်ကိုယ်တိုင်သင်ပေးနေတယ်"

ကိုမှိုင်းဝေသည် မှန်ပြတင်းပေါက်မှ ပြင်သစ်အိမ်ဘက်သို့ ပွဲကြည့်မှန်ပြောင်းဖြင့်လှမ်းကြည့်နေကာ "ဘာမှမမြင်ရဘူး၊ နှင်းတွေဝေနေတာ"

ထိုအခိုက်တွင် စန်းငွေလှိုင်သည် ခင်ပိတောက်နှင့် ခင်ကုံကော်အားဓမ္မကျမ်းစာများ သင်ပေးလျက်ရှိပေသည်။ သူတို့ရတနာပုံရောက်နေကြသည်မှာ ခြောက်ပတ်လောက်





ပင်ရှိပေပြီ။ အောက်ထပ်အဆောင်တစ်ခု၌ သူတို့စောင့်ရှောက်ပြုစုသော အထိန်းတော်ဆရာမနှင့် အတူနေကြသည်။ အလွတ်ကျောင်းမှ ကျုရှင်ဆရာတစ်ဦးနှင့် ရဟန်းတော်တစ်ပါးက တစ်ပတ်သုံးကြိမ် စာသင်ပေးသည်။ ခင်ပိတောက်က မဟာဝင်ကျမ်းတက်နေပြီး ကုံကော်က ရာဇဝင်တက်နေသည်။ ခင်ကုံကော်ကမ္ဘာဦးကျမ်းစနေပြီ။

စန်းငွေလှိုင်က "ဗြဟ္မာကြီးလေးပါးနာမည်တွေ ပြောစမ်း" ဟုခင်ကုံကော်အားမေးလိုက်သည်။ ပါဠိစကားလုံးများဖြစ်၍ အသံထွက်မှန်အောင်မဆိုတတ်။ ခင်ကုံကော်မှာ မျက်နှာလေးညှိုးနေကာ စားပွဲကို စိုက်ကြည့်လျက်ရှိပြီး၊ ပါးစပ်ကလည်း တလှုပ်လှုပ်တရွရွဖြစ်နေသည်။ အမကြီးခင်ပိတောက်က အငယ်မကိုစိုးရိမ်သော အမူအရာနှင့် ကြည့်နေသည်။

"ကဲ ......ဒါဖြင့်ရေကြီးဖျက်လို့ ကမ္ဘာကြီးပျက်ရတာ ပြောစမ်းပါအုံး"

ခင်ကုံကော်၏ပါးပြင်သို့မျက်ရည်များလိမ့်ကာစာအုပ်ပေါ်သို့တပေါက်ပေါက်စီးကျလာသည်။ ခင်ပိတောက်မှာလည်းငိုမဲ့မဲ့ဖြစ်လာလျက် မျက်လုံးကိုအောက်စိုက်ထားပြီး၊ မျက်နှာကြီးနီရဲလာသည်။ စန်းငွေလှိုင်မှာ သနားသဖြင့် စကားပင်ဆက်မပြောနိုင်တော့။ ကလေးများက မတ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကာ သူ့ကို နှုတ်ဆက်ကြသည်။

စန်းငွေလှိုင်က သူ့ကိုတောင်းပန်းသည်။ "မှိုင်းဝေရေ ..... ကလေးတွေကို စာဖတ်သင်ပေးလိုက်စမ်းပါကွာ၊ ငါတော့ မတတ်နိုင်တော့ဘူး၊ ဆက်သင်ရရင် ငါလဲ မျက်ရည်ထိန်းနိုင်မှာမဟုတ်ဖူး၊ နောက်ပြီးကုန်လှောင်ရုံလဲ သွားစရာရှိတယ်"

"သွားလေ......ရပါတယ်၊ ကျွန်တော်ဆက်သင်လိုက်ပါ့မယ်"

စန်းငွေလှိုင်ထွက်သွားသည်။ ကိုမှိုင်းဝေသည်မျက်နှာထားတည်တည်နှင့်စားပွဲတွင် ထိုင်လိုက်ကာစာအုပ်များကို လှန်ကြည့်သည်။

"ဘယ်ရောက်နေပြီလဲဟေ့"

"သူကတော့ ကမ္ဘာကြီးကို ရေကဖျက်လို့ ပျက်တဲ့အကြောင်း ရောက်နေပြီ" ဟု ခင်ပိတောက်က ဝင်ပြောသည်။

"အစရှိသေးတာပဲ၊ ကမ္ဘာကြီးတည်တဲ့အကြောင်း ပျက်တဲ့အကြောင်းတွေပေါ့၊ မီးကြီးဖျက်လို့ ပျက်တယ်၊ ရေကြီးဖျက်လို့ ပျက်တယ်၊ ဒီမယ် ဦးလေးပြောပြမယ်၊ ရေလွှမ်းမိုးတယ်ဆိုတာ၊ ကမ္ဘာကြီးတစ်ခုလုံးတော့ မလွှမ်းမိုးနိုင်ပါဘူး၊ သမီး ဘာမှမကြောက်နဲ့၊ တောင်တွေ တောင်ကုန်းတွေတော့ ဘယ်ရေက လွှမ်းနိုင်မှာလဲကွယ်၊





ဟုတ်တယ်မဟုတ်လား၊ သမီးတို့ ဘာမှ ကြောက်စရာမရှိပါဘူး"

ခင်ကံ့ကော် မျက်လုံးမှ မျက်ရည်များကျလာသည်။ ထို့နောက် စိတ်မထိန်းနိုင်တော့ဘဲ အော်ကြီးဟစ်ကျယ် ငိုချလိုက်သည်။ ကိုမှိုင်းဝေလည်း လန့်သွားကာ နေရာမှ ထလိုက်သည်။

ရှိုက်ရင်း ခင်ကံ့ကော်က "အိမ်ပြန်ချင်တယ်၊ ဖေဖေ့ဆီ သွားချင်တယ်"

ခင်ပိတောက်လည်းငိုလာသည်။ ကိုမှိုင်းဝေသည် အပေါ်ထပ်တက်ကာ ဖြူကြာပွင့်ထံသို့ တယ်လီဖုန်းဆက်ရသည်။

"မဖြူဖြူ ... ကလေးတွေ ငိုကုန်ကြပြီ၊ ကျွန်တော်လဲ ဘာမှ မလုပ်တတ်ဖူး"

ဖြူကြာပွင့်သည် အိမ်ကြီးမှ ကမန်းကတမ်း ရောက်လာသည်။ ကသို့ယ သားမွေးခြုံစောင်ကိုလွှမ်းထားသည်။ အပြင်ဖက်တွင် အေးမြလျက်ရှိသည်။

ဖြူကြာပွင့်က ကလေးများကို ရင်ခွင်ထဲ သွင်းကာ "ဖေဖေ ဒီကနေ့ဘဲ လာလိမ့်မယ်၊ ဒေါ်လေးဆီ သံကြိုးစာရောက်တယ်၊ တိတ်ကြပါကွယ်၊ ဒေါ်လေးလဲ သမီးတို့မေမေကို သတိရတာဘဲ၊ ကံအကြောင်းပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ကံပြုပြင်ရာ ခံကြရတာပေါ့ကွယ်"

အငိုတိတ်သွားကြသောအခါ ဖြူကြာပွင့်သည် ကလေးနှစ်ယောက်ကို မြင်းရထားပေါ် တင်ခေါ်သွားပြီး မြို့ထဲလျှောက်လည်သည်။ မဟာရာဇာရိပ်သာမှ ထွက်ပြီး သရဖီလမ်းဖြတ်၊ နောက် စမ်းမြသီတာဘက်မောင်းသည်။ မြစာရံ တန်ဆောင်းသို့ ဝင်ပြီး ဆင်းတုတော်ရှေ့၌ ဖယောင်းတိုင်ထွန်းကာ မီးပူဇော်ကြသည်။ ဆုတောင်းကြသည်။ အပြန်၌ 'နတ်သုဒ္ဓာ' ဝင်ကာ ကလေးများအတွက် ကြာဇေ့ ဌာပနာ မလိုင်မုန့်ဝယ်ကာ ပြန်လာကြပေသည်။

စန်းငွေလှိုင်တို့ အိမ်သားများမှာ တစ်နာရီ၊ နှစ်နာရီမှ ထမင်းစားကြသည်။ နန္ဒိယက အားလုံး စားပွဲပြင်ပေးသည်။ နေ့လယ်တွင်လည်း စာတိုက်ပြေးရ၊ ကုန်လှောင်ရုံပြေးရ၊ ကိုမှိုင်းဝေအတွက် တရားရုံးပြေးရ၊ ညကျတစ်ခါ ထမင်းပြင်ရ၊ ညဘက်လည်း တံခါးစောင့်ဖွင့်ပေးရသေးသည်။ မနက် ၇-နာရီလောက် ထကာ ရေနွေးအိုးတည်သည်။ ဘယ်အချိန်များ သူအိပ်သည်ကို ဘယ်သူမှ မသိ။ ဆော်ဒါပုလင်းတို့ ဘာတို့ ဖွင့်ရာမှာ တစ်စက် မှ ဝေမကျရ၊ သိပ်လျှင်သည်။

"ဖွင့်စမ်းပါအုံးဗျာ" ဟုဆိုကာ ကိုမှိုင်းဝေသည် ပေဖူးလွှာ ထန်းအရက် ဖန်ခွက်ကို မြှောက်ပြပြီး သောက်တတ်သည်။ ဖြူကြာပွင့်သည် အစကတော့ ကိုမှိုင်းဝေကို





မကြိုက်။ သူ၏ အသံကြမ်းကြမ်း 'ကန်ထုတ်လိုက်စမ်းကွာ' 'မျက်နှာကို ဆော်ပစ်လိုက်စမ်း၊' 'အပုတ်တွေ' စသော စကားလုံးကြမ်းများဖြင့် သုံးနှုန်းတတ်ခြင်း၊ အရက် ဖန်ခွက် တချွင်ချွင်လာထိရင်း၊ မသောက်ခင်မိန့်ခွန်းစကားပြောကြားခြင်းများကို မကြိုက်။ သို့သော် သူနှင့်ပိုကျွမ်းလာသောအခါ သူနှင့် သွားရတာ၊ စကားလက်ဆုံပြောရတာကိုပင် အဖော်ရနေသည်ဟု ခံစားလာမိသည်။ သူသည် ဖြူကြာပွင့်နှင့် စကားပြောလျှင် ပွင့်ပွင့်လင်းလင်း ပြောသည်။ ညဥ့်ဦးယံ၌ သူမနှင့် အေးအေးဆေးဆေး စကားစမြည်ပြောရတာ ကြိုက်သည်။ သူရေးထားသော ဝတ္ထုစာမူကြီးကိုပင် သူမအား ပေးဖတ်သည်။ သူဝတ္ထုရေးတာကို လျှို့ဝှက်ထားသည်။ ရင်းနှီးချစ်ခင်သော စန်းငွေလှိုင်တို့ ကိုဉာဏ္ဍတို့ကိုပင် အသိမပေး၊ ဖြူကြာပွင့်သည် ဖတ်ပြီးလျှင် ဝတ္ထုကောင်းကြောင်း ပြောသည်။ တကယ်ကတော့ မကောင်းတာ ပြောလျှင် ကိုမှိုင်းဝေ စိတ်ထိခိုက်မှာ စိုးရိမ်ဖြစ်ပေသည်။ ဒါကို သူကလည်း သဘောကျသည်။ သူက အနေးနှင့်အမြန် ကျော်ကြားသော ဝတ္ထုရေးဆရာ တစ်ယောက်ဖြစ်ရမည်ဟု သူ့ကိုယ်ကိုသူယုံကြည်လျက်ရှိနေသည်။ သူက လယ်သမား၊ တောသားများအကြောင်း၊ မြေရှင်ကလေးများ အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းစာဖွဲ့တတ်သည်။ သို့သော် သူသည်တောတွင်နေသူမဟုတ်၊ တောရှိမိတ်ဆွေများရှိရာသို့ပင် သူ့တစ်သက်နှင့်တစ်ကိုယ် တစ်ခါသာ ရောက်ဖူးသည်။ ဥပဒေ ကိစ္စ၊ အမှုကိစ္စနှင့် ပတ်သက်၍ 'ကညင်တော' သို့ သွားစဉ်ဖြစ်သည်။ သူသည် အချစ်အကြောင်းကိုတော့ မရေးရှောင်သည်။ သူက သဘာဝအကြောင်းကို ဖွဲ့သည်။ 'တောင်ကုန်းတို့၏ စိတ်ကူးယဉ် ဆန်းကြယ်သော မျဉ်းကြောင်းများ'၊ 'တိမ်တိုက်တို့၏ ထူးဆန်းလှသော ပုံပန်းများ'၊ 'ဟိဿဒ်အသံတို့သံစုံတေး' စသော စကားလုံးအဖွဲ့အနွဲ့တို့ကို နေရာမရွေးသုံးတတ်သည်။ သူ့ဝတ္ထုများမှာပုံနှိပ်ခြင်းမခံရ။ သူကစိစစ်ရေးဌာနကို အပြစ်ဖို့သည်။

သူသည် ရှေ့နေဖြစ်ရခြင်းကို ကြိုက်သည်။ သို့သော် ဥပဒေက မဟုတ်၊ စာပေကသာ သူ့အလုပ်ဟု သူက ယုံကြည်နေဆဲ။ အနုပညာကသာ သူ့ကို ဆွဲဆောင်မှု ရှိနေသည်။ သူ့၌လည်း တကယ်ပြောင်မြောက်သော၊ ပညာဆန်သော စရိုက်သဘာဝ ရှိနေသည်ဟု ထင်မှတ်နေသည်။ သူသည် သီချင်းမဆိုတတ်၊ ဘာတူရိယာမှလည်း မတီးတတ်၊ မမှုတ်တတ်။ သူ့၌ ဂီတနားဆိုတာလည်း တစ်စက်မျှ မရှိ၊ သူသည် သံစုံတူရိယာဝိုင်းများ၊ ဂီတကပွဲများကို အမြဲတမ်းသွားသည်။ ဂီတသမားများနှင့်လည်း မိတ်ဖွဲ့သည်။





ထမင်းစားပွဲ၌ကား စကားတော်တော် ပြောဖြစ်ကြသည်။

စန်းငွေလှိုင်က 'ယုံချင် ယုံ မယုံချင် နေကြတော့ကွာ၊ ကိုယ့်အကိုကတော့ အံ့သြစရာတစ်ခု လုပ်လိုက်ပြန်ပြီကော၊ သူက လှိုင်နှင့်သားများ ကုမ္ပဏီရာပြည့် အထိမ်းအမှတ်ပွဲလုပ်ချင်နေတယ်။ ရာပြည့်ပြီးရင် မှူးတော်မတ်တော် အဆင့်မြှင့်ပေးဘို့ လျှောက်သွားတင်မယ်တဲ့..၊ သူက တကယ့်ကို လေးလေးနက်နက် လုပ်ကိုင်နေတာ၊ ကိုယ်တော့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး ဖြစ်နေတယ်၊ ကြောက်နေရတာ"

သို့နှင့် စန်းဖေလှိုင်အကြောင်း စကားရောက်သွားပေသည်။ ယခုခေတ်၌ နေရာဌာနကို ရအောင်ယူကြခြင်းမှာ ခေတ်စားနေသည်။ စိန်းဖေလှိုင်ဆိုလျှင် တကယ့်သူဌေးသူကြွယ် ကုန်သည်ကြီးတစ်ယောက်ပမာ။သို့သော် သူသည် မဟုတ်။

ထမင်းစားပြီးသောအခါ ဘာမျှ လုပ်စရာမရှိကြသဖြင့် စာကြည့်ခန်းသို့ သွားထိုင်ကြသည်။ သူတို့သည် ဆုတ်ယုတ်နေသူများ အကြောင်း၊ မောင်ရင်မောင်၊ မမယ်မ ဝတ္ထုကြီးအကြောင်း ပြောကြသည်။ ကိုမှိုင်းဝေက မဏိသုန္ဒရပြဇာတ်က စန္ဒာဒေဝီ တစ်ကိုယ်တည်း ညည်း

www.burmeseclassic.com



ခန်းတမ်းချင်းစာပိုဒ်များကိုရွတ်ဆိုပြနေသည်။ ထို့နောက် သုံးပုံဖဲရိုက်ကြသည်။ ကလေးများဖြစ်သော ခင်ပိတောက်နှင့် ခင်ကံ့ကော်ညီအမသည် သူတို့အိပ်ခန်းသို့ မပြန်ကြသေးဘဲ ဝမ်းနည်းညှိုးလျော်သောမျက်နှာဖြင့် ပက်လက်ကုလားထိုင်၌မှီထိုင်ကာ၊ လမ်းမပေါ်မှ ရထားသံကြားလျှင် သူတို့၏ဖခင်များ လာပလားဟု ထကြည့်ကြသည်။ ကလေးများမှာ ညဘက်နေဝင်ချိန်၌ မပျော်ရွှင်ကြ။ လူကြီးများ ဖဲဝိုင်း၌ စကားပြောသံ နန္ဒိယ ခြေသံနှင့် မီးလင်းဖိုမှ မီးသွေးမီးစများ ထပေါက်သော မြည်သံတို့သည် ကလေးများအားစိတ်အနှောက်အယှက်ဖြစ်စေသည်။ သူတို့သည် ရဲနေသော မီးခဲများကို ကြည့်နေရမှာပင် စိတ်မချမ်းမြေ့ကြ။ သူတို့သည် နောက်ထပ် မငိုနိုင်ကြတော့။ သို့သော် သူတို့၏ စိတ်နှလုံးတို့မှာ လေးလံနေကြပေသည်။ မိခင်သေဆုံးပြီးနောက် ဘာလို့များ စကားပြောကြ၊ ရယ်မောကြ လုပ်နေကြပါလိမ့် နားမလည်ဖြစ်နေကြသည်။

"နေပါအုံး၊ ကိုမှိုင်းဝေ၊ မနက်စောစော ပွဲကြည့်မှန်ပြောင်းနဲ့ အိမ်ရှေ့အိမ်ကြည့်တော့ ဘာတွေများမြင်ရသလဲ" ဟု ဖြူကြာပွင့်က မေးလိုက်သည်။

"ဒီကနေ့တော့ ဘာမှ မမြင်ရဘူး၊ မနေ့ကတော့ ပြင်သစ်ကြီး ရေချိုးနေတယ်"





၇–နာရီထိုးသောအခါ ဖြူကြာပွင့်နှင့် ကိုမှိုင်းဝေတို့ မာလာဇာတ်ရုံတော်သို့ ထွက်သွားကြသည်။ စန်းငွေလှိုင်မှာ တူမလေးများနှင့် အိမ်တွင် ကျန်ရစ်ခဲ့သည်။

စန်းငွေလှိုင်က လက်ပတ်နာရီကို ကြည့်လျက် "တူမတို့ဖေဖေ ရောက်ဖို့ကောင်းပြီ၊ မီးရထားက နဲနဲနောက်ကျတယ် ထင်တယ်"

ကလေးများမှာ ငြိမ်သက်စွာထိုင်နေကြပေသည်။ ချမ်းနေသော တိရစ္ဆာန်များလို ပက်လက်ကုလားထိုင်တစ်လုံးထဲ၌ ခွေကာပူးကပ်ထိုင်နေကြသည်။ စန်းငွေလှိုင်ကမူ သည်းမခံနိုင်သလို နာရီကို မိနစ်လိုက် လိုက်ကြည့်နေသည်။ အိမ်ကြီးမှာ လွန်စွာ ငြိမ်သက်လျက်ရှိသည်။ ဆယ်နာရီထိုးသောအခါ တံခါးမှ ခေါင်းလောင်းသံ ကြားရသည်။ နန္ဒိယသည် တံခါးဖွင့်ရန်ထွက်သွားသည်။

ကလေးများသည် ဖခင်အသံကြားရသည်နှင့် အပြေးဖက်သည်။ တအားငိုကြသည်။ ဦးမြတ်အေးမှာ အဖိုးတန်လုပခန့်ညားသော သားမွေးအပေါ်ဝတ်ရုံ အင်္ကျီကို ဝတ်ထားပေသည်။ သူ၏ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွင် နှင်းစများ တင်နေသည်။

"ဟင်း ... ဟင်း" ဟု သူသည် စန်းငွေလှိုင်ဘက်ကုန်းကာနှုတ်ဆက်စဉ်၊ ခင်ကံ့ကော်မှာ ငှိုရင်းလည်း ရယ်



www.burmeseclassic.com

www.burmeseclassic.com



မောပြန်ကာ ဖခင်၏ အေးသောလက်၊ ဖခင်၏ဦးထုပ်နှင့် ဖခင်၏ သားမွေးအကျီကိုပါ ဂါရုပ်ရှုပ်နမ်းလျက်ရှိပေသည်။ ချောမောသောပျော့ပျောင်းသော အချစ်ဖြင့် ချို သာရှော့ရည်းသော ဦးမြတ်အေးသည် သူ၏သမီးငယ် ကလေးများကို သတိလွတ်နေသလို ယုယပွေ့ဖက်သည်။ ထို့နောက်စာကြည့်ခန်းသို့သွားသည်။ သူသည်လက်များ ကိုပွတ်ရင်း "ကျုပ်–ဒီမှာကြာကြာနေနိုင်မှာမဟုတ်ဖူးဗျ၊ မနက်ဖြန်ဘဲ ပီတာပူရမြို့တော်ကိုသွားရမယ်၊ အဲဒီမှာ ရာထူးတစ်ခုရတယ်"



(၁၀)

ကိုက္ကန္ဒာမှာ စန်းငွေလှိုင်တို့အိမ်သို့ မကြာခဏလာရောက်လည်ပတ်သူဖြစ်ပေသည်။ သူသည် တောင့်တင်း သန်မာသည်။ သူ၏မျက်နှာမှာချိုသာ၍ ဥာဏ်ကောင်း သောအသွင်ဆောင်သည်။ သူ့ကိုချောမောသူတယောက် ဟုအယူရှိကြသည်။ သို့သော်နောက်တွင် တောင့်တင်းကြီး ခိုင်လာပြီး၊သူ၏ပုံပန်းကိုပျက်စေတော့သည်။ တက္ကသိုလ် ကျောင်းသားဘဝကမှ သူ၏အားကစားသမားဟန်သန်မာ ထွားကျိုင်းခိုင်ခံ့သော ပုံကြောင့် သူ့ကို 'အငှားလူမိုက်' ဟု ပြောင်လှောင်ခေါ်ကြသည်။

သူသည် လှိုင်ညီအကိုများနှင့် အတူ တက္ကသိုလ်မှ ဘာသာဗေဒဖြင့် အောင်ခဲ့သည်။ နောက်သာဘာဝသိပ္ပံ ဘက်လိုက်ကာ ဓာတုဗေဒဖြင့်ဘွဲ့ရခဲ့သည်။ သူသည် ဓာတုဗေဒ မဟာဌာနၡ် ပါမောက္ခအဖြစ် မှန်းသူကား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ခေတ်ခွဲခန်းတွင်ပင် မလုပ်။ ကုန်ကူးသန်းရောင်းဝယ်ရေးသိပ္ပံကျောင်းတွင် ရူပဗေဒနှင့် သဘာဝသမိုင်းဘာသာရပ်သင်သည်။ အမျိုးသမီး သဒ္ဒါကျောင်း နှစ်ကျောင်းတွင်လည်း စာပြသေးသည်။ သူသည် သူ၏တပည့်များအပေါ်စိတ်ဝင်စားသည်။ အထူးသဖြင့် ကျောင်းသူတပည့်မများ။ သူက တောက်ပသော မျိုးဆက်သစ်သည် ဖွံ့ဖြိုးတိုးတက်လာပြီဟု ယုံကြည်နေသည်။ သူသည်သူ့သဘောနှင့်သူ ဓာတုဗေဒအပြင် လူမှုဗေဒနှင့် သမိုင်းဘာသာရပ်များကိုလည်း ဆည်းပူး လေ့လာသည်။ ဂျာနယ်မဂ္ဂဇင်းများတွင် 'ဣဒ' ဟူသော အတိုကောက်နာမည်ဖြင့်ဆောင်းပါးများရေးသည်။ သူသည် ရက္ခဗေဒနှင့် ဇီဝဗေဒ အကြောင်းပြောသောအခါ သမိုင်းဆရာလေသံထွက်နေပြီး၊ သမိုင်းပြဿနာများကို တင်ပြသောအခါ သဘာဝသိပ္ပံဆရာဟု သူ့ကို ထင်မှတ်ဖွယ်ရာ ဖြစ်နေပေတော့သည်။

စန်းငွေလှိုင်တို့တတွေ၏ အခြားမိတ်ဆွေတစ်ယောက်ကားကိုမင်းယာ။ သူ့ကို 'ထာဝရကျောင်းသား' ဟုသိနေကြသည်။ သူသည် ဆေးတက္ကသိုလ် ဒွိသုံးနှစ်တက်သည်။ ယို့နောက်သင်္ချာဘာသာယူကာ နှစ်နှစ်ဆက်နေသည်။ သူ့ဖခင်မှာ ဘယဆေးဆိုင်ရှင်ဖြစ်သည်။ သူ့ဖခင်က တစ်လ လေးဆယ်ပို့သည်။ ဒါကို မိခင်လုပ်သူက ဖခင်





မသိအောင်ငွေဒင်္ဂါးတစ်ဆယ် ထပ်ဖြည့်၍ ပို့လိုက်သည်။ သည်ငွေနှင့် ခိမ်ဖြင့်နေထိုင်သည်။ ယုန်မွေး အပေါ်ရုံ၊ ကတ္တီပါလက်အိတ်၊ ရေမွှေးစပယ်နှင့် တသားတနား။ ခေတ်ပုံကလည်း ရိုက်သေးသည်။ သူ့ခေတ်ပုံကိုအပေါင်းအသင်းရောင်းရင်းများအား လက်ဆောင်ပေးလိုက်သေးသည်။သူသည်သပ်သပ်ရပ်ရပ်ဝတ်စားနေထိုင်တတ်သည်။ လူကသေးသေး၊ နဖူးကမဟာနဖူး။ နှိမ့်ချသော၊ နူးညံ့သိမ်မွေ့သောအမူအရာရှိသည်။ သူတစ်ပါးအကျိုးကိုဆောင်ရွက်ပေးချင်သည်။ ကူညီတတ်သည်။ အလှူငွေစာရင်းကြီးကိုင်ကာမြို့လုံးပတ်လည် ကောက်ခံပေးမည်၊ သို့မဟုတ် သူ့အသိအမျိုးသမီးတစ်ယောက်အတွက် လက်မှတ်ရုံတွင် ချမ်းချမ်းစီးစီးနှင့် တန်းစီးပေးကာ ပွဲခေတ်လက်မှတ်ဝယ်ပြုပေးမည်၊ သို့မဟုတ် တစ်ယောက်ယောက်အတွက်ပန်းခွေတစ်ခွေ၊ ဒါမှမဟုတ် ပန်းစည်းတစ်စည်းကိုအလျင်စလို ဝယ်ပေးမည်။ လူတွေက သူ့ကို– ကိုမင်းယာ သွားလိမ့်မယ်၊ ကိုမင်းယာလုပ်ပေးလိမ့်မယ် ကိုမင်းယာ ဝယ်ပေးလိမ့်မယ်ဟု ပြောတတ်ကြသည်။ သူ့ကိုခိုင်းကြသူများသဖြင့် ကမန်းကတန်းဟိုပြေး သည်ပြေးအမိုပြေးရသည်များလည်းရှိသည်။ ထိုအခါ လူတွေက သူ့ကို အပြစ်တင်ချင်ကြသေးသည်။ ဘာလေးတော့



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျလို့၊ ဘာလေးတော့ ပြောတဲ့အတိုင်းမဖြစ်လို့။ ထို့နောက် သူတို့အတွက်ဝယ်ပေးရတာကိုပင် ပိုက်ဆံပေးရမှာ မေ့သွားကြလေတော့သည်။ ထိုသည်မျိုးတွင် ကိုမင်းယာကတော့ဘာမျှမပြော။ သက်ပြင်းသာချတတ်မြဲ။ သူကဝမ်းသာသွားတာ။ သို့မဟုတ် စိတ်အနှောင့်အယှက်ဖြစ်သွားတာ ဘယ်တော့မှမပြ။ သူနှင့်စကားပြောရတာ ငြီးငွေ့ လေးလံဘွယ်ရာကောင်းပြီး၊ စကားတို့ကလည်း ရှည်ရန်ကော။ သူပြက်လုံးထုတ်လျှင်လူတွေကရယ်တော့ရယ်သည်။ သူ့ဟာသက မရယ်ရသောကြောင့် ရယ်ကြခြင်းဖြစ်သည်။ "ပော့.....နန္ဒိယ မင်းဟာ မြင်းကောင်းတစ်စီးဘဲကွ" ဟုနန္ဒိယအားပြောဘူးသည်။ လူတွေကရယ်ကြသည်။ ဒါကို-ကိုမင်းယာက သူ့ဟာသကြောင့်ဟုထင်ကာ ကျေနပ်နေပေသည်။ ပါမောက္ခတစ်ဦးဦး၏အသုဘတွင် သူ့ကို အခေါင်းထမ်းသူအဖြစ် တွေ့မြင်ရပေလိမ့်မည်။

ညနေဘက်၌ကား၊ ကိုဣန္ဒာနှင့် ကိုမင်းယာတို့သည်လက်ဖက်ရည်သောက်လာလေ့ ရှိတတ်ကြမြဲ။ အိမ်ရှင်များ ပြစာက်၊ သို့မဟုတ် ကပွဲတစ်ခုခုသို့ သွားလျှင်အတော်ညဥ့်နက်အထိ လက်ဖက်ရည်ဝိုင်းက မထကြ။ ဖေဖော်ဝါရီလကစ်ညနေ၌ သူတို့သည်ထမင်းစားခန်းထဲ၌ထိုင်လျက် ရှိကြသည်။ စကားဝိုင်းသည် အနုပညာသို့





ရောက်သွားသည်။

ကိုမှိုင်းဝေကကိုဣန္ဒာအား ခပ်ထန်ထန်တင်းတင်းကြည့်လျက် "အနုပညာဆိုတာ တကယ်လေးနက်တဲ့လူမှုပြဿနာတွေကို ကိုင်တွယ်မှသာ တန်းဘိုးရှိတာဗျ၊ အနုပညာရပ်ဆိုပါတော့၊မြေရှင်ပဒေသရာဇ်စနစ်ကို ကန့်ကွက်တာ ဒါမှမဟုတ် လူ့အထက်တန်းစား အဖွဲ့အစည်းရဲ့ပျက်ပြား ပုပ်သိုးနေပုံ စာရေးဆရာက ရှုတ်ချတာမျိုးကမှ အရေးလဲ ကြီးတယ်၊ တန်ဘိုးလဲရှိတယ်၊ အို.... ဟာ.....နဲ့ ဝမ်းနည်းရတာ၊ အံ့သြရတာ၊ ရင်ဖိုသဲလှိုက်ဖြစ်ရတာမျိုး၊ ကောင်မလေးက ကောင်လေးလိုချင်တာ၊ ကောင်လေးက နောက်တော့ချစ်မရတာ၊ ဒီလိုဝတ္ထုမျိုးတွေက– ကျုန်တော်ပြောမယ်၊ ဘာမှ အသုံးကျတဲ့ မဟုတ်ဖူး၊ အလကားဟာတွေ၊ ဒါတွေကို ရှုတ်ချကြရမယ်ဗျ"

"ကျမလဲ ရှင်နဲ့ သဘောတူတယ် ကိုမှိုင်းဝေ" ဟု ဖြူကြာပွင့်က ပြောလိုက်သည်။

"ကျမတို့ဆီက စာရေးဆရာကချစ်သူတို့ရဲ့ ချိန်းတွေ့တဲ့နေရာကိုဖွဲ့နွဲ့ကြတယ်၊ တစ်ယောက်က သစ္စာဖောက်သွားတဲ့ချစ်သူကိုဖွဲ့တယ်၊ တတိယစာရေးဆရာက ချစ်သူတို့ပြန်ပေါင်းတာကိုဖွဲ့တယ်၊ သည့်အပြင်များ ရေးစရာမရှိတော့တဲ့ဘူးလားရှင်၊ ဟင်း ..... ဒီမှာက မြားနှာ



www.burmeseclassic.com

www.burmeseclassic.com



နေသူတွေ၊စိတ်မချမ်းသာနေသူတွေ၊ဆင်းရဲနွမ်းပါးသူတွေ၊ ဒါတွေက အများကြီးမဟုတ်လား၊ ဒါတွေများ ဖတ်ရရင် သည်ပြည်သူတွေဟာ ထကြွ တော်လှန်ကုန်ကြမှာ ...” ခုမှအသက် ၂၂-နှစ် မျှသာရှိသေးသော၊ ပျို့ရွယ်သော၊ သူ့အမျိုးသမီးထံမှ ဤကဲ့သို့ ယုတ္တိရှိသော စကားများကို ကြားရသည်မှာ စန်းငွေလှိုင်ကသိပ်မကြိုက်။ နောက်ပြီး အချစ်အကြောင်းလည်း အေးစက်စွာ ပြောသေးသည်။ သူဘာကြောင့် သည်လိုတွေးမိသည်ကို စဉ်းစားနေသည်။

ကိုဏ္ဍကနွာက“ သည်လောက် ခင်ဗျားအဖို့ အရေးကြီးနေတဲ့ပြဿနာ တွေကို ကဗျာလက်ာက မဖြေရှင်းနိုင်ဘူးဆိုရင်၊ နိဿယဗေဒဆိုင်ရာ ဘက်တွေ၊ ဥပဒေရေးရာ၊ ဒါမှမဟုတ် ငွေကြေးစနစ်အကြောင်း၊ ဒါမှမဟုတ်သိပ္ပံရေးရာဆောင်းပါးတွေ ရေးပါလားဗျာ၊ ရိုမီယို- ဂျူးလီယက်ဇာတ်လမ်းမျိုးကတော့၊ ဆိုပါတော့ ...ကျောင်းသင်ခန်းစာသင်ကြားရေး၏လွတ်လပ်မှုများ၊အကျဉ်းထောင် သန့်ရှင်းရေးတို့အကြောင်း ဘယ်ကိုင်တုယ်မလဲ၊ အချစ်အကြောင်းကိုး၊ ဒီဘာသာရပ်နဲ့ပတ်သက်လို့ကတော့ အထူးဆောင်းပါးတွေ၊ အကိုးအကားကျမ်းသွန်းတွေမှာမှ တွေ့နိုင်တာပေါ့ဗျာ၊ ဟုတ်တယ် မဟုတ်လား”

ကိုမှိုင်းဝေက ကြားဖြတ်လျက် “ကိုယ့်လူ......... ဒါကော့တဖက်အစွန်းရောက်ပြီ၊ ဘျွန်တော်တို့က ရိုတ်စ





ပီးယားလို၊ ဂါထေးလို၊ ဦးပုညလို၊ နတ်ရှင်နောင်တို့လို၊ ဒိတ်ကြီးတွေကိုမပြောပါဘူးဗျာ ရာနဲ့ချီရှိတဲ့တော်လဲတော်တဲ့၊ အလတ်စားရွက်ကြမ်းရေချို စာရေးဆရာတွေကို ပြောချင်တာပါ၊ အချစ်ဇာတ်လမ်းကိုသာ အဓိကမထားပဲ သည့်ထက်ကောင်းတာတွေ ရေးနိုင်တာပဲ မဟုတ်လား ... လူထုအတွက်အသိဉာဏ်တိုးစေတာ၊ လူသားအကျိုးပြုစေတဲ့မေတ္တာတရား အတွေးအခေါ်ပေးတာတွေကို လဲအာရုံပြုရေးဖွဲ့နိုင်တာပဲ မဟုတ်လားဗျာ”

ကိုမင်းယာကနည်းနည်းနှာသံပါပါ၊ ခပ်ရှုရှုလေသံဖြင့် သူမကြာခင်လေးက ဖတ်ခဲ့ရသော ဝတ္ထုဇာတ်ကြောင်းကို ပြန်ပြောင်းပြောပြနေသည်။ သူသည် ဖြည်းဖြည်းလေးလေး၊ ကျကျနန အသေးစိတ် ပြောပြနေသည်။ သုံးမိနစ်။ ငါးမိနစ်။ ဆယ်မိနစ်။ သူကားပြောမြဲပြောလျက်။ ဘယ်သူမှ သူပြောတာကို နားမလည်ကြ။ ဘာအကြောင်းပြောနေတာပါလိမ့်။ ပြောလေပြောလေ သူဖွဲ့နွဲ့ပုံမှာ ထိုင်းထိုင်းလေးလေး၊ မာကျောလာလေ။

“ကိုမင်းယာ .... ရှင့်ဝတ္ထုကို မြန်မြန်အပြီးသတ်ရှင်” ဟုသည်းမခံနိုင်တော့သဖြင့် ဖြူကြာပွင့်က ဝင်ကာပြောရသည်။

“ကျမတို့ကိုညှဉ်းဆဲနေတာလားရှင်...” “ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ပြုပြီးတော့ ဆက်မပြောရင် ကောင်းမယ်ထင်တယ် ...” ဟုကိုမှိုင်းဝေက အသံကျယ်ကျယ်ဖြင့်ပြောလိုက်သည်။

အားလုံးဝိုင်းရယ်မောကြသည်။ ကိုမင်းယာလည်း သူ့ဖာသာသူရယ်နေသည်။

ထိုအခိုက်စန်းဖေလှိုင်ရောက်လာသည်။ မျက်နှာမှာပန်းနုရောင်ပြောက်ထားသည်။သူတို့အားလုံးနှင့်ကမန်းကတန်းလက်ဆွဲနှုတ်ဆက်ကာ၊ သူ့ညီအား စာကြည့်ခန်းထဲသို့ခေါ်သွားသည်။ စန်းဖေလှိုင်သည် နောက်ပိုင်း၌ လူစုလူဝေးကို ရှောင်တတ်လာသည်။

သူသည်မီးတိုင်နှင့်ခပ်ဝေးဝေး ပက်လက်ကုလားထိုင်၌ အကျထိုင်ကာ“လူငယ်တွေသူတို့ဖာသာနေကြပါစေ၊ သူတို့ဖာသာပျော်ပျော်ပါးပါးပေါ့၊ ကဲ ...... ငါ့ညီ၊ မင်းနဲ့မတွေ့ရတာတောင် အတော်ကြာသွားပြီကွ ... ကုန်လှောင်ရုံကို နောက်ဆုံး ဘယ်တုန်းကရောက်သေးလဲ၊ တစ်ပတ်ကျော်ကျော်တောင် ကြာပြီထင်တယ်ကွ၊ ဟုတ်တယ် မဟုတ်လား”

“ဟုတ်တယ်လေ ...... ကျွန်တော်လဲဘာမှလုပ်စရာမှမရှိတာ၊ နောက်ပြီး အဖိုးကြီးကလဲ တယ်လောင်တာပဲ၊ ရှင်းရှင်းပြောတာလေ၊ အကိုလဲသိသားနဲ့”

“ဟုတ်တော့ဟုတ်ပါတယ်၊ အကိုရော .... ငါ့ညီရောမရှိလဲ လုပ်ငန်းက ဖြစ်နေတာပါပဲ၊ ဒါပေမယ့် တစ်ခုတစ်ခုတော့





ယူလုပ်ရမှာပေါ့ကွာ၊ မိမိလုပ်အား၊ စွမ်းပကားဖြင့်၊ စားရသည်မှာ၊ မွေတာတည်းလို့ နီတိကျမ်းမှာ ဆိုထားသားပဲကွာ၊ ဘုရားလဲအကြိုက်ပေါ့”

နန္ဒီယသည် ငွေလင်ဗန်းဖြင့်လက်ဖက်ရည်ခွက်လာချသည်။ စန်းဖေလှိုင်သည်တခါတည်း ကျိုက်ချလိုက်ကာ၊ နောက်တစ်ခွက် တောင်းပြန်သည်။ သူသည် အများကြီးသောက်သူဖြစ်သည်။ တစ်ညနေခင်းကို ဆယ်ခွက်ပင်တစ်ခါတစ်လေသောက်သူ။

စန်းဖေလှိုင်သည်သူ့ညီထံသို့ထသွားကာ “အကိုပြောစမ်းပါ့မယ်၊ ငါ့ညီမြို့တော်အုပ်ချုပ်ရေးလွှတ်တော်မှာ အရွေးခံပါလားကွ၊ တဖြေးဖြေး တစတစနဲ့အုပ်ချုပ်ရေးအဖွဲ့ဝင်လုပ်မယ်ကွာ၊ နောက်တဆင့် တက်ပြီးဒုတိယမြို့တော်ဝန် .... ဘယ့်နှယ့်လဲကွ၊ မင်းကဉာဏ်လဲထက်မြက်တယ်၊ ပညာလဲတတ်တယ်၊ အချိန်ကျလာရင်မင်းကိုလူတွေက သိကြမှာ၊ အဲဒီတော့ ပီတာပူရမင်းနေပြည်တော်ကိုခေါ်ကြတာပဲမဟုတ်လား၊ ငါ့ညီလဲ အထက်လွှတ်တော် မင်းတိုင်ပင်အမတ်ဖြစ်လာရမှာပေါ့၊ အသက်ငါးဆယ်မပြည့်ခင် စလွယ်, လွယ်ရမှာပါ၊ ဟုတ်တယ် .... မဟုတ်လား”

စန်းငွေလှိုင်ကဘာမျှမပြော။သူက သူ့အကိုဒါမျိုး



www.burmeseclassic.com

www.burmeseclassic.com



မက်သည်ကို သိနေသည်။ အထက်လွှတ်တော်၊ မင်းတိုင်ပင်အမတ်၊စလွယ်။ သူသည်ဘာပြန်ပြောရမှန်းမသိ။

ညီအကိုနှစ်ယောက်သည် ငြိမ်သက်စွာထိုင်နေကြသည်။ စန်းဖေလှိုင်က ခါးပိုက်ဆောင်နာရီထုတ်ကာ အကြာကြီး စိုက်ကြည့်လျက်ရှိသည်။ နာရီလက်တံများ ရွေ့လျားသည်ကို မျက်ခြည်မပြတ် ကြည့်နေသည့်ပုံ။ သူ့အမူအရာဆန်းသည်ဟု စန်းငွေလှိုင်က ထင်လျက်ရှိနေသည်။

ညနေစာ ပြင်ထားပြီဖြစ်ကြောင်း လာပြောသည်။ စန်းငွေလှိုင်က ထမင်းစားခန်းသို့ ထွက်သွားသည်။ စန်းဖေလှိုင်ကမူ စာကြည့်ခန်းထဲ၌ကျန်ရစ်သည်။ ထမင်းစားပွဲ၌ ဘာငြင်းအခုံမျှမရှိ။ ကိုဏှာနွှာတယောက်သာ ကထိက လေမျိုးဖြင့်ပြောလျက်ရှိပေသည်။

"တန်းတူညီမျှမှုဆိုတာက ရုပ်အားဖြင့်ကို မဖြစ်နိုင်ပေဘူးဗျ၊ ရာသီဥတု၊ ပတ်ဝန်းကျင်၊ စွမ်းအား၊ အရသာခံစားမှု၊ အသက်အရွယ် စတဲ့ခြားနားမှုတွေကြောင့်ဗျ၊ ဒါပေမယ့်တတ်သိယဉ်ကျေးတဲ့ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ကတော့ ဒီမညီမျှမှုကို ဘေးအန္တရာယ် မပေးအောင်လုပ်နိုင်ပေသဗျ၊ စိမ့်စမ်းမြေတို့၊ ဝက်ဝံတို့ကို နိုင်လိုက်နိုင်သလိုပေါ့၊ကြောင်၊ကြွက်၊ သိန်းငှက်၊ စာကလေးတို့ကို တစ်ပန်းကန်ထဲအစာအတူမစားနိုင်လောက်အောင်သင်ပေး





တဲ့သိပ္ပံပညာရှင်ကိုကျုပ်တို့အားလုံးသိကြသားပဲ၊ လူသားတွေအတွက်လဲ ပညာသင်ကြားရေးစနစ်ဆိုတာ ဒီသဘောပဲပေါ့ဗျာ၊ လူ့ဘဝကြီးကတော့အမြဲတမ်းရှေ့ကိုလှမ်းတက်နေတာ၊ ယဉ်ကျေးမှုဟာလဲ အကြီးအကျယ် တိုးတက်နေတယ်၊ ဥပမာဆိုပါတော့၊ အလုပ်ရုံကအလုပ်သမားတွေရဲ့လက်ရှိအဆင့်အတန်းဟာ မြေကျွန်တွေလိုအလကားအသုံးမကျဖြစ်ရမယ့်အချိန်ဟာ ရောက်တော့မှာ၊ လယ်သူမတွေဟာ ခွေးနဲ့ အလဲခံခဲ့ရတယ် မဟုတ်လား"

ကိုမှိုင်းဝေကရယ်မောလျက် "ဒီချိန်ရောက်ဖို့လ၊ အကြာကြီးလိုပါသေးတယ်ဗျာ၊ ရောသိဂီါလ ဘဏ်သူဌေးရဲ့ရွှေတုံးတွေ အလကားအသုံးမကျ ဖြစ်ပြီလို့ထင်ဘို့က လိုပါသေးတယ်၊ ဒီအတွင်းမှာ သနားစရာအလုပ်သမားကတော့ခါးကိုညွှတ်ပြီးတောင်းရမ်းငတ်မွတ်နေရမှာ၊ဒါမျိုးလဲမဖြစ်ပါဘူးဗျာ၊ ဒီလိုစောင့်နေလို့ မဖြစ်ဖူး၊ တွန်းလှန်ရာမှာကြောင်ဟာကြွက်နဲ့ တစ်ပန်းကန်ထဲ ထားတယ်ဆိုရင် သူ့အမှားကိုသူသိမြင်တယ်လို့ ဆိုချင်သေးလား၊ မဟုတ်ဖူးဗျာ၊ သိပ်ကိုမဟုတ်သေးဘူး၊ လုပ်ကိုလုပ်ရမယ်၊ ဖွတ်လုပ်ရမယ်"

စန်းငွေလှိုင်ကနဖူးကိုပွတ်လျက် "အကိုစန်းဖေလှိုင်နဲ့ကျုပ်တို့ဟာချမ်းသာကြတယ်၊ကျုပ်အဖေဟာအရင်းရှင်



www.burmeseclassic.com

www.burmeseclassic.com



သန်းကြွယ်သူဌေးကြီး၊ ဒီတော့ လူတွေက ကျုပ်တို့ကို တိုက်ကြမှာ၊ ကျုပ်တော့ နားမလည်တော့ဘူး၊ ဟုတ်တယ် ကျုပ်ချမ်းသာတယ်၊ ဒါပေမယ့်ချမ်းသာလို့ကျုပ်ဘာများ အမြတ်ရသလဲ၊ ကောင်းကျိုးရသလဲ၊ ကျုပ်က ခင်ဗျားတို့ ထက်ပိုများ ပျော်ရွှင်မယ်ထင်သလား၊ ကျုပ်ကလေးဘဝက တကယ့် ကျေးကျွန်ဘဝဘဲ၊ ငွေတွေက ကျုပ်ကို အရိုက် အနှက်မခံရအောင် ကယ်တင်ခဲ့တာမဟုတ်ဖူး၊ မမခင်မေ ဆက်လိုင်နေမကောင်းတုန်က သေချင်ပေါင်းလဲ ဖြစ်နေ တုန်းက ကျုပ်ငွေတွေက သူ့ကိုကယ်နိုင်တာမဟုတ်ဘူး၊ ကျုပ်ကိုဘယ်သူကမှမချစ်ရင် ကျုပ်ကိုချစ်လာအောင်ငွေနဲ့ လုပ်လို့ရတာမဟုတ်ဖူးဗျ၊ တစ်သန်းပေးတောင်ရမှာလား"

"ဒါပေမယ့် ကောင်းတာတွေအများကြီးလုပ်နိုင် တာဘဲ" ဟု ကိုမင်းယာက ဝင်ပြောလိုက်သည်။

"အလကားပါ၊ အဓိပ္ပာယ် မရှိပါဘူး .............၊ မနေ့ကတောင်ခင်ဗျားက သင်္ချာဗေဒ ပညာရှင်တယောက် ကို ရားထူတစ်နေရာရအောင် လုပ်ခိုင်းသေးတယ်မဟုတ် လား၊ တကယ်ပြောတာ၊ ယုံပါ၊ ခင်ဗျား လုပ်သလောက်ပဲ လုပ်နိုင်တာပါ၊ ကျုပ်ကသူ့ကို ငွေတော့ ပေးနိုင်တာပေါ့၊ ဒါပေမယ့်သူကငွေလိုချင်တာမှမဟုတ်တာ၊တစ်ခါတုန်းက နာမယ်ကျော် ဂီတပညာရှင်တစ်ဦးကို မွဲနေတဲ့တယော ဆရာတစ်ယောက်အတွက် အလုပ်ရှာပေးစမ်းပါလို့ ပြော





ဘူးတယ်၊ သူကကျုပ်ကိုပြန်ပြောတယ် .......၊ ခင်ဗျားသာ ဂီတပညာတစ်ယောက်သာဆိုရင် ဒီလိုပြောမှာမဟုတ်ဖူးငဲ့ အခုလဲခင်ဗျားကိုပဲ ကျုပ် ဒီလိုပြန်ပြောရမှာပဲဗျ ......၊ အကယ်၍ ခင်ဗျားလူချမ်းသာ တယောက်ဖြစ်ရင် ကျုပ်ဆီ လာပြီးအကူအညီတောင်းခဲ့မှာလဲ မဟုတ်ဖူး"

ဖြူကြာပွင့်ကနီမြန်းကာ "ကျမတော့ ဒီနှိုင်းယှဉ် ချက်ဥပမာကိုနားကိုမလည်းဘူး၊ နာမည်ကျော် ဂီတပညာ ရှင်က ဘာလုပ်ရမှာလဲ"

သူမ၏မျက်နှာမှာ မှန်းတီးခြင်းဖြင့် တွန့်ယှက် သွားသည်။ သူမသည် ဒါကိုဖုံးကွယ်ရန် မျက်လုံးကို အောက်စိုက်လိုက်သည်။ သူမ၏ယောကျ်ားသို့မဟုတ် စားပွဲရှိလူများသည်သူမ၏ ဟင်းအကြည့်ကို သတိမပြုမိ သူ မရှိကြ။

ဖြူကြာပွင့်က အသံကိုနိမ့်ကာထပ်၍ ပြောနေ သည်။ "နာမည်ကျော်ဂီတပညာရှင်က ဘာလုပ်ရမှာတဲ့ ဘုန်း၊ ဆင်းရဲတဲ့ လူတစ်ယောက်ကို ကူညီမစရတာဟာ အပျော်ယ်ဆုံး အလုပ်ပါ ......."

အားလုံး တိတ်ဆိတ်သွားကြသည်။ နန္ဒိယက ငန်းသားဟင်းလာချသည်။ ဘယ်သူမှုမတို့ကြ။ အရွက် များသာစားကြသည်။ စန်းငွေလှိုင်မှာ သူပြောခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



တွေမေ့သွားသည်။ အရေးလဲ မကြီးလှပါ။ သူ၏စကားလုံးများ မဟုတ်၊ သို့သော် သူပြောသမျှ အချက်တို့က သူမကိုမှန်းစရာကောင်းစေသည်ကို သူက သိနေရသည်။

ညစာ စားပြီးသောအခါ သူသည် စာကြည့်ခန်းသို့သွားကာထိုင်နေသည်။ ဧည့်ခန်းမှ စကားသံများကို အာရုံစိုက်နားထောင်ရင်း ရင်ခုန်မြန်လာသည်။ နောက်ထပ်စော်ကားနှိမ့်ချမှုတစ်ခုကို စောင့်နေရသည်။ သူတို့သည် ငြင်းခုံနေကြပေသည်။ ကိုဏှာသည် စန္ဒယားခုံ၌ထိုင်ကာ အလွမ်းတေးတစ်ပုဒ်ကို သီဆိုနေသည်။ သူကားစွယ်စုံသမား။ စန္ဒယားတီးတတ်သည်။ သီချင်းဆိုတတ်သည်။ မျက်လှည့်လက်လှည့်ပင် တတ်သည်။

"ရှင်တို့အကြောင်းတော့ကျမမသိဘူး၊ ကျမတော့အိမ်မှာ မနေချင်ဘူး" ဟု ဖြူကြာပွင့်က ကြေငြာသည်။

"ကျမတို့ တစ်နေရာရာ သွားကြရအောင်ပါ"

သူတို့သည် မြို့ပြင်သို့ ရထားစီးထွက်ရန်ဆုံးဖြတ်လိုက်ကြသည်။ ကိုမင်းယာကို သူကြွယ်ကလပ်သို့ သွားကာ မြင်းသုံးကောင်က, ရထားငှားရန် လွှတ်လိုက်သည်။ စန်းငွေလှိုင်ကို မည်သူမျှလိုက်ရန် မဖိတ်ခေါ်ကြ။ သူကလည်းမြို့ပြင် ရထားထွက်စီးတာမျိုးလည်း လုပ်လေ့လုပ်ထမရှိ။ ဒါ့အပြင် သူ့အကို စန်းဖေလှိုင်ကလည်း သူနှင့် အတူ ရှိနေသောကြောင့်ဖြစ်သည်။ ကျန်လူများက





သူနှင့် သွားရမှာ ပျင်းစရာ ဖြစ်နေပါကလားဟုသူကမှတ်ယူထားလိုက်သည်။ ဤကဲ့သို့ ရွှင်ပျမြူးပျော်သောလူငယ်များအလယ်၌ သူသည် နေရာမရှိပေ။ သူသည် နာကျည်းစွာခံစားနေရကာ ငိုတောင်ငိုချင်သည်။ တစ်ဖက်ကလည်း သူတို့က သူ့အပေါ်သည်လိုသဘောထားတာ၊ ပစ်ပယ်တာကိုပင် ဝမ်းသာမိပြန်သည်။ ငြီးငွေ့ဘွယ်ရာလင်တုံးတယောက်။ အလကားပိုက်ဆံအိတ်ကြီး။သူ့မိန်းမသည် သူ့အပေါ်သစ္စာမရှိတာကပင် ကောင်းသေးတော့ဟုတွေးနေသည်။ သည်ညပင် သူ့အချစ်ဆုံးသူငယ်ချင်းနှင့်လိုက်ပြေး၊ ထို့နောက် အမုန်းဖြင့်ပြီးသော မျက်လုံးဖြင့်အပြစ်ဝန်ခံ၊ ဘယ်လောက် ကောင်းမလဲ။ သူသည် လူတိုင်းကိုမနာလိုဖြစ်နေသည်။ သူမ၏မိတ်ဆွေကျောင်းသားများ၊ ကချေသည်မင်းသားများ၊ အဆိုတော်များ။ ကိုဏှာကိုလည်းမနာလို။ လမ်းမှဖြတ်လျှောက်သွားသူများကိုမနာလို။ စန်းငွေလှိုင်သည် ဖြူကြာပွင့် သစ္စာမရှိမှာကို တမ်းတနေသည်။ လိုချင်နေသည်။ ဒါမှ တစ်ယောက်ယောက်နှင့်ဖမ်းမိကာ အဆိပ်သောက်လိုက်ပြီး ချောက်အိပ်မက်ကြီး အဆုံးသတ်သွားမည်မဟုတ်လား။

စန်းဖေလှိုင်သည် လက်ဖက်ရည်ကို အသံမြည်စွာတပျတ်ပျတ် သောက်လျက် ရှိပေသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ သူသည် ထကာ ပြန်ရန်ပြင်သည်။

သူကအပေါ်ဝတ်ရုံအင်္ကျီကို ဝတ်ရင်း“ အဖိုးကြီးကတော့မျက်စိကွယ်တော့မယ်ထင်တယ်ငါ့ညီ၊ အကိုစိုးရိမ်တယ်၊ မျက်လုံးက မမြင်တော့ဘူး”

စန်းငွေလှိုင်လည်းထကာ အပေါ်အင်္ကျီကောက်ဝတ်သည်။ သူသည် သူ့အကိုအား သရဖီလမ်းသစ်ပင်တန်းရိပ်အထိ လိုက်ပို့ပြီး၊ ရထားလုံးတစ်စီးငှားကာ မေမြို့လမ်းဘက်သို့ ထွက်သွားသည်။

သူက သူ့ကိုယ်ကို ပြန်ပြောင်သျောင်လိုက်သည်။ အဲဒါလက်ထပ်ထိမ်းမြားခြင်း၏ သုခချမ်းသာဆိုတာပေါ့ဗျာ။ ဒါမှ အချစ်။

သူ၏သွားများသည် အသံမြည်နေကြသည်။ မနာလိုစိတ်ကြောင့်လား၊ အခြားသူမသိသော အကြောင်းကြောင့်လားမသိ။ ‘ထင်းရှူးတော’ပျော်ပွဲစားရုံသို့ ရောက်သောအခါ၊ သူသည်စားပွဲများအကြားဟိုမှ ဒီမှလှည့်လည်သည်။ ခန်းမကြီးထဲမှ သီချင်းသံကို နားထောင်သည်။ အကယ်၍များ သူ့မိန်းမနှင့် သူမ မိတ်ဆွေများကို သွားတွေ့လျှင် ဘာများပြောမိမလဲဟု အံ့သြစွာ တွေးတောနေမိသည်။ သူ ဘာလုပ်ဖြစ်မည်ဆိုတာကို သူသည် ကြိုတင်သိနေပေသည်။ သူတို့ကို တွေ့လျှင် သူသည် ဝမ်းနည်းငြိုငွေ့စွာ ပြုံး၍ပြလိုက်မည်။ လူတိုင်းကတော့ သူ





ဘာကြောင့် သည်ကိုလာရသည် ဆိုတာကိုသိပြီးဖြစ်ကြပေလိမ့်မည်။ ခင်းထိန်သောမီးရောင်များ၊ ကျယ်လောင်သောသီဆိုတီးမှုတ်သံများ၊ မျက်နှာလိမ်း၊ ပေါင်ဒါမွှေးရနံ့များ၊ မိန်းမများက သူ့ကို စိုက်ကြည့်ပုံများကြောင့် မှားချင်နေပေသည်။ သူသည် တံခါးဝ၌ ရပ်ကာ၊ ကန့်လန့်ကာနှင့်ကာထားသည့် သီးသန့်အခန်းများကိုလိုက်စူးစမ်းသည်။ သီးသန့်အခန်းလေးများထဲတွင် ဘာများမြင်ရမလဲ၊ ကြားရမလဲ။ သူနှင့်အဆိုတော်နှင့် အခြားအမျိုးသမီးများသည် မိမိနှင့်အတူ အောက်တန်းကျ၍ ဂုဏ်သရေထိခိုက်သော ကစားဝိုင်းတွင် ကစားနေကြသည်ဟု ခံစားနေမိသည်။ အတန်ကြာသော် သူသည်ကျိုင်းတုံလမ်းဘက်သို့ ထွက်ခဲ့သည်။ သူ့ဇနီးကိုမတွေ့ပေ။ သို့သော် အိမ်ဘက်လှည့်မပြန်၊ မေမြို့လမ်းဘက်သို့ပြန်အရောက် ဆူညံစည်ဝေသောမြင်းသုံးကောင်က, ရထားတစီးက သူ့ကိုကျော်တက်သွားသည်။ အရက်မူးနေသော ရထားမောင်းသမားလျှာလေးအသံကြီးကို လွှမ်း၍ကိုဏ္ဍနာ၏ ကျယ်လောင်သော“ဟိုး......... ဟိုး .........” ဟူသောအသံကို ကြားလိုက်ရသည်။

နောက်ဆုံးအိမ်ပြန်ရောက်တော့ လေးနာရီပင်ထိုးတော့မည်။ ဖြူကြာပွင့်မှာ အိပ်ရာထဲရောက်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဖြူကြာပွင့်အိပ်မပျော်သေးပဲရှိနေသည်ကို သိ၍စန်းငွေလှိုင်ကပြတ်ပြတ်ပင်ပြောလိုက်သည်။

"မင်းရဲ့စက်ဆုပ်မှု–မုန်းတီးမှုတွေကို ငါနားလည်နိုင်ပါတယ်၊ဒါပေမယ့် တစိမ်းတွေရှေ့မှာတော့ ငါ့ကိုညာဘို့ကောင်းပါတယ်"

သူမသည် ထလိုက်သည်။ သူမ၏မျက်လုံးများသည်ရုပ်ထုတော်ရှေ့၌ထွန်းညှိပူဇော်ထားသော ဖယောင်းတိုင်မီးရောင်၌ ကျယ်ကာနက်မှောင်နေပေသည်။

"ကျမဝမ်းနည်းပါတယ်ရှင်" ဟုသူမကပြောလိုက်သည်။

စန်းငွေလှိုင်သည် မလှုပ်မယှက် ရပ်နေသည်။ စိတ်လှုပ်ရှားလွန်းသဖြင့် ဘာပြောရမှန်းပင်မသိ။ သူမမှာလည်း တုန်လှုပ်နေသည်။ အပြစ်ရှိသော အမူအရာဖြင့် သူ့ရှေ့၌ ထိုင်နေပေသည်။

သူကခေါင်းကို ဆုပ်ကိုင်ကာ "အကိုစန်းလဲ စိတ်မချမ်းသာပါဘူးကွယ်၊ မခံနိုင်တော့ဘူး၊ ကြာရင်ရူးလိမ့်မယ်ထင်တယ်" "ကျမအဖို့ရာကော လွယ်တယ်ထင်သလား၊ ကျမ ဘယ်လိုခံစားနေရတယ်ဆိုတာကို ဘုရားသိပါတယ်ရှင်..."

"မင်းကျုပ်ဇနီးဖြစ်နေတာ နှစ်တဝက် ကျိုးပါပြီ၊ ဒါတောင် မင်းအသဲနှလုံးထဲက အချစ်ရောင်တစ်ချက်





မလက်လာဘူး၊ တစ်စက်ဝင်းပမလာဘူး၊ ဒါဖြင့်ဘာဖြစ်လို့များကျုပ်ကိုလက်ထပ်သေးသလဲကွာ၊ ဟင်း ......" ဟုစန်းငွေလှိုင်က ဆက်လက်၍ စိတ်ပျက်စွာဖြင့် "ကျုပ်အပေါ် ဘာများအညိုးရှိလို့လဲကွယ်၊ ပြောစမ်းပါအုံး၊ ဖြူလေး အကိုစန်းဆီကဘာများလိုချင်လို့လဲ ဟင်......"

သူမသည် ထိတ်လန့်စွာဖြင့် စန်းငွေလှိုင်ကိုစိုက်ကြည့်လျက်။ သူမကိုများ ထသတ်လိုက်လေမလား။

စန်းငွေလှိုင်က လေးပင်စွာအသက်ရှူလျက် "ခင်ဗျားကျုပ်ကိုဂရုစိုက်ရဲ့လား၊ ချစ်ရဲ့လားလို့၊ ဂရုလဲမစိုက်ဖူး ...... ချစ်လဲမချစ်ဖူး"

သူ၏အသံသည်ကျယ်လာသည်။

"ဒါဖြင့်ဘာဖြစ်လို့လဲ၊ ပြောလိုက်စမ်းပါအုံး၊ ပိုက်ဆံကြောင့်၊ အဲဒီကျိန်စာသင့်ထားတဲ့ ဘုရာစူး ပိုက်ဆံကြောင့်လားဟင် ......"

"မဟုတ်ပါဘူးရှင်၊ဘုရားမှာ သစ္စာဆိုဝံ့ပါတယ်"

ထို့နောက်သူမသည်စော်ကားမှုကြောင့်နောက်သို့ပြန်ကျသွားသည်။ ထို့နောက်သူမသည် ရှိုက်ငိုသည်။ ပထမဆုံးအကြိမ် သူသည် ဖြူကြာပွင့် ငိုကြွေးသည်ကိုကြားရခြင်းဖြစ်ပေသည်။

သူမကထပ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရပါဘူးရှင်၊ ကျမဘုရားမှာ သစ္စာဆိုပါ့မယ်၊ အကိုစန်းပိုက်ဆံတွေကို မစဉ်းစားပါဘူး၊ လိုလဲမလိုချင်ပါဘူးရှင်၊ ကျမအကိုစန်းကို ငြင်းလိုက်ရင်ကျမမှားမှာဘဲလို့စဉ်းစားမိလို့ပါ၊ ဒါပါဘဲ၊ ကျမတို့ဘ၀၊ အကိုစန်းရော- ကျမဘ၀ကကော ပျက်စီးသွားမှာသိပ်ကြောက်ပါတယ်ရှင်၊ အခုတော့ကျမ မဟုတ်တာလုပ်မိလို့ဒုက္ခခံနေရပါပြီ၊ ဒါကိုကျမ မခံနိုင်တော့ဘူး"

ဖြူကြာပွင့်သည် ရှိုက်ကြီးတငင် ငိုလျက်ရှိပေသည်။ စန်းငွေလှိုင်က သူမအဘယ်မျှ စိတ်ထိခိုက်နေရသည်၊ ခံစားနေရသည်ကို နားလည်သွားပေပြီ။ သူသည် ဘာပြန်ပြောရမှန်းမသိပဲဖြစ်နေပြီးမှ သူမရေ့၌ ဒူးထောက်ချလိုက်သည်။

"မငိုပါနဲ့ဖြူလေးရယ်၊ ဖြူလေးကိုချစ်လို့ပြောမိတာပါ၊ စော်ကားမိတာပါ၊ တကယ်ကတော့ အကိုစန်းဖြူလေးကို အရူးအမူးကိုချစ်နေတာ"

ရုတ်တရက် သူသည် သူမ၏ ခြေသလုံးကိုနမ်းလိုက်သည်။ ထို့နောက်တပ်မက်စွာ ဖက်ထားသည်။

သူကတိုးတိုးကလေးပြောနေသည်။

"အကိုစန်းလိုချင်တာကအချစ်ရောင်လေးတပြတ်လောက်ပါဘဲ၊ လိမ်ပြောလိုက်စမ်းပါ၊ ကျေးဇူးပြုပြီးလိမ်ပြောလိုက်ပါ၊ မှားမိတာလို့ မပြောလိုက်ပါနဲ့"





သို့သော်သူမသည် ဆက်လက်၍ငိုနေသည်။ သူမကိုယုယသမျှကြင်နာသမျှတို့သည် သူမ၏အမှားကိုပြစ်ဒဏ်ခတ်ခြင်းဟု ခံစားနေသည်ကို စန်းငွေလှိုင်ကတွေ့နေသည်။ ဖြူကြာပွင့်သည်သူနမ်းလိုက်သော ခြေသလုံးကို ငှက်ကလေးလိုခေါက်ချိုးထားလိုက်သည်။ စန်းငွေလှိုင်ကမှ သူမအတွက်ဝမ်းနည်းနေပေသည်။

သူမသည် လှဲချလိုက်ကာ စောင်ကိုခေါင်းအထိလွှမ်းခြုံလိုက်သည်။ စန်းငွေလှိုင်က အ၀တ်အစားလဲကာသူမဘေး၌ဝင်လှဲချလိုက်သည်။ နောက်တစ်နေ့မနက်တွင်နှစ်ယောက်စလုံး အနေရခက်နေကာ၊ တယောက်နှင့်ယောက်စကားမပြောကြ။ ဘာပြောရမှန်းလည်းမသိကြ။ စန်းငွေလှိုင်က သူနမ်းလိုက်သော ခြေထောက်များကို သူမသည် လျှော့လျှော့ကလေးလွှမ်းနေသည်ဟု စိတ်ကူးယဉ်တွေးလျက်ရှိနေသည်။

ညနေစာမစားခင် ဦးမြတ်အေးသည် နှုတ်ဆက်

www.burmeseclassic.com



ရန်ရောက်လာသည်။ ဖြူကြာပွင့်မှာရုတ်တရက်သူ့မွေးရပ်မြို့သို့ပြန်ချင်စိတ် ပေါ်လာသည်။ ကိုယ့်မြို့ကိုယ် ခဏလောက်ပြန်ရရင် ဘယ်လောက်ကောင်းမလဲ။ ဤကဲ့သို့အကျည်းတန်သော အခြေအနေ၊ သူမ၏ အမှားကိုအမြဲတမ်းသတိရနေခြင်းမှလွတ်မြောက်ကြောင်း ရှာဦးမှပဲ။ ညနေစာ စားနေစဉ် သူမသည် သူမ၏ ဖခင်နှင့် တစ်ပတ်နှစ်ပတ်ခန့်အတူသွားနေရန် ဆုံးဖြတ်လိုက်လေသည်။



(၁၁)

ဖြူကြာပွင့်နှင့် ဦးမြတ်အေးတို့သည် ရထားတွဲ၌ တစ်ခန်းထဲ နေရာယူထားကြသည်။ ဦးမြတ်အေးက ပုံဆန်းဆန်း သိုးမွေးဦးထုပ်ကို ဆောင်းထားသည်။

"ဟုတ်တယ်၊ ကျုပ်က ပီတာပူရကို သိပ်ကျေနပ်လှတာ မဟုတ်ဖူး၊ အလားအလားတွေကတော့ ရှိတယ်၊ ဒါပေမယ့် ဘာမှသေချာတာမဟုတ်ပါဘူး ကျုပ်ငြိမ်းချမ်းရေးတရားသူကြီးလုပ်ဖူးတယ် တောကျေးလက်တရားရုံးရဲ့အမြဲတမ်းအဖွဲ့ဝင်၊ နာယက၊ နောက်ဆုံးအလုပ်ကတော့ အုပ်ချုပ်ရေးကောင်စီဝင်.....၊ကျုပ်တိုင်းပြည်အတွက် ထမ်းဆောင်ခဲ့ပါတယ်ဗျာ၊ ကျုပ်လိုလူကို စဉ်းစားတဲ့အထဲမှာ ထည့်သွင်းရမယ်လို့ ကျုပ်ကိုကျုပ် ယုံကြည်တယ်၊ ဒါတောင်ကြည့်ပါလား၊ ကျုပ် တခြားမြို့ ပြောင်းရွှေ့ခွင့်မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူသည် မျက်လုံးများကို မှိတ်ကာ ခေါင်းကိုသာ ခါနေသည်။ လေးပျော့စွာ ဆက်ပြောနေ၏။

"ကျုပ်ကိုနားမလည်ကြဘူးဗျာ၊ဟုတ်တယ်၊ ကျုပ်က သိပ်ထက်မြက်တဲ့ အုပ်ချုပ်ရေးသမား တယောက်တော့ မဟုတ်ဖူး၊ ဒါပေမယ့်ကျုပ်ကရိုးသားတယ်၊ ယုံယုံကြည်ကြည်နဲ့ တက်တက်ကြွကြွရှိတယ်၊ ဒါမျိုးဟာဒီခေတ်မှာ၊ ရှားပါးတဲ့ အရည်အချင်းတစ်ရပ်မဟုတ်ဖူးလားလို့၊ ဟင်–ကျုပ်ဟာ အမျိုးသမီးတွေနဲ့ ပတ်သက်လို့ သစ္စာမရှိတာကို ကျုပ်ဝန်ခံချက်ပေးပါတယ် .................၊ ဒါပေမယ့် အစိုးရနဲ့ ဆက်ဆံရာမှာတော့ ကျုပ်ဟာအမြဲတမ်း လူကြီးလူကောင်းတယောက်ပီသပါတယ်ဗျာ၊ မဟုတ်ဖူးလားလို့"

သူကမျက်လုံးကိုပြန်ဖွင့်လိုက်သည်။

"ကဲလေ....ဒါတွေထားလိုက်ပါတော့၊ ဖြူကြာပွင့်အကြောင်းပြောရအောင်ပါ၊မင်းအဖေအိမ်ချက်ချင်း ထပြန်တာ ဘာဖြစ်လို့ပါလိမ့်နော်"

"ကျမယောက်ျားနဲ့ နဲနဲနားလည်မှုလွဲကြလို့ဆိုပါတော့လေ" ဟု ဖြူကြာပွင့်က သူ၏ဦးထုတ်ကိုငေးကာ ပြောလိုက်သည်။

ဟုတ်တယ် ..... စန်းငွေလှိုင်က နဲနဲတော့ ဆန်းသလားဘဲကွယ့်၊ ဦးခမ်းလှိုင် သားသမီးတွေကအကုန်ဒီလိုပါဘဲ၊ ဖြူကြာပွင့် ယောက်ျားက သိပ်မဆိုးပါဘူး၊





ဒါပေမယ့်သူ့အကို စန်းဖေလှိုင်ကတော့ တကယ့်သောက်ရူးဘဲ"

ဦးမြတ်အေးသည် သက်ပြင်းချလိုက်သည်။ ထို့နောက်ရိုးသားစွာ ရူးစမ်းသည်။

"ဖြူကြာပွင့်မှာ ချစ်သူမရှိဘူးလား"

ဖြူကြာပွင့်သည် သူ့ကို အံ့သြစွာ ကြည့်ကာ ရယ်မောလိုက်သည်။

"ဘုရားရေ ......... ဘာပြောရမှာလဲရှင်"

၁၁–နာရီလောက်ဟွင်ဘူတာကြီးတခု၌ မီးရထားရပ်သည်။ သူတို့သည်ဘူတာရုံရှိ ပျော်ပွဲစားရုံ၌ ညစာစားအတူစားသောက်ကြသည်။ သူတို့အခန်းသို့ပြန်ရောက်ကြသောအခါ၊ ဦးမြတ်အေးသည် အပေါ်ဝတ်ရုံအကျီနှင့် ဦးထုပ်ချွတ်ကာ၊ ဖြူကြာပွင့်၏ အပါး၌ ဝင်လိုက်သည်။

"ကျုပ်ပြောချင်တယ်၊ မင်းဟာ သိပ်ချောတယ်၊ ချစ်စရာကောင်းတယ်၊ကျုပ်ရဲ့ကဗျာမဆန်တဲ့အသုံး အနှုန်းကိုတော့ခွင့်လွှတ်ပါနော်၊ မင်းကခပ်ဆတ်တောက်တောက် လတ်လတ်ဆတ်ဆတ် အချဉ်စိမ်ထားတဲ့ သခွားသီးကို သတိရစေတယ်၊ ဒါပေမယ့် စိမ်းနုနုရန့်ကလေးကမွှေးနေသေးတယ်လေ၊ မင်းမှာ မိန်းမကောင်းတို့ရဲ့ အင်္ဂါရပ်တွေရှိနေတယ်၊ လှတယ်၊ ချစ်ရာကောင်းတယ်၊ လွန်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါးနှစ်လောက်ကသာ မင်းနဲ့ခရီးအတူသွားရရင်တော့ကွာ"

သူသည်သက်ပြင်းတချက်ချသည်။

"မင်းအလှကို ကိုးကွယ်တဲ့ ပရိသတ်ထဲမှာ ကျုပ်လဲ ရောက်နေမှာ သေချာတယ်၊ တကယ်ပြောတာပါ၊ အခုတော့ ကျုပ်က လူမမာဖြစ်နေပြီ"

သူသည် ဝမ်းနည်းသော၊ သို့သော် ရွှန်းပသော အပြုံးဖြင့် ပြုံးလိုက်ပြီးဖြူကြာပွင့်၏ ခါးကို သိမ်းဖက်လိုက်သည်။

သူမက လန့်သွားကာ နီမြန်းလျက် "ရှင် ရူးနေသလား ဦးမြတ်အေး၊ ကျမကို လွှတ်လိုက်ပါ"

ဦးမြတ်အေးက ညင်သာ တိုးညှင်းစွာပင် "မကြောက်ပါနဲ့ဗျာ၊ ဘာဖြစ်လို့လဲ မင်းက အထိအတွေ့နည်းနေသေးလို့ပါ"

အမျိုးသမီးတစ်ဦးသည် သူ့ကို ငြင်းဆန်နေလျှင် အမျိုးသမီးသည် သူ့ဘက်ပါပြီဟု တထစ်ချ တွက်သည်။ ငြင်းဆန်ခြင်းကိုကသူ့အောင်ပွဲအမှတ်လက္ခဏာ။ သူသည် ဖြူကြာပွင့်၏ခါးကို မြဲမြဲစွာဖက်ကာ၊ သူမ၏ပါး၊ သူမ၏ နှုတ်ခမ်းတို့ကိုနမ်းသည်။ သူကသူမကိုကြည်နူးသာယာမှု အများကြီးပေးလိုက်ပြီဟု သူက သူ့ကိုယ်သူ ယုံကြည်လျက်ရှိသည်။





ဖြူကြာပွင့်သည် ကြောက်ရွံ့ခြင်း၊ ရှက်ခြင်းတို့မှ ဖြေဖျောက်ကာ ရယ်မောနေသည်။

သူသည် ဆက်လက်နမ်းနေပြီ၊ ရယ်စရာ ဦးထုတ်ကို ဆောင်ပြီး ...

"လူမမာတစ်ယောက်ဆိုတာ ဒါလောက်ပဲ မျှော်လင့်လို့ရမှာ ....၊ ဒါအကုန်ပေးတာပဲ၊ တစ်ခါတုန်းကတဲ့၊ တူရကီဘုရင်ခံတစ်ယောက် ရှိသတဲ့၊ လူက လူကောင်းသဘောကောင်း၊ လူအိုတစ်ယောက်၊ သူ့ကို အမျိုးသမီး အပျိုတော် တစ်ဆောင်လုံး လက်ဆောင်အဖြစ် ပေးဆက်ထားတယ်၊ ဒါမှမဟုတ် အမွေရသတဲ့၊ ဘာဆိုတာတော့ မေ့သွားပြီ၊ တစ်ခုမဟုတ် – တစ်ခုပေါ့ကွယ်၊ သူ့ရှေ့မှာ သူရဲ့ မယားတွေက အကုန်တန်းစီရပ်နေကြတယ်၊ သူက တစ်ယောက် တစ်ခါနမ်းပြီး ပြောလိုက်သတဲ့၊ ကျုပ်ပေးနိုင်တာ အကုန်ပဲတဲ့၊ အဲသလိုပဲပေါ့၊ ကျုပ်လဲဒါပြောတာပါပဲ ဖြူကြာပွင့်ရယ် ...."

သူမက ထူးထူးဆန်းဆန်း၊ ရူးရူးနှမ်းနှမ်းဟု သဘောထားသည်။ သို့သော် သူမသည် ပျော်သွားပေသည်။ သူမသည် တစ်ခုခု ရှုပ်ရှုပ်ပွေပွေ ကစားချင်သော စိတ်ပေါ်လာသည်။ သူမသည် သူမ၏ အိပ်ရာထက်သို့ တက်လိုက်ကာ ပါးစပ်မှ သီချင်းညည်းသလို ညည်းပြီး



www.burmeseclassic.com

www.burmeseclassic.com



စင်ပေါ်ရှိ သကြားလုံး စက္ကူသေတ္တာထဲမှချောကလက်များကို ဦးမြတ်အေးထံ ပစ်ပေးကာ ...."

"ဖမ်းစမ်း" ဟု ပြောလိုက်သည်။

သူက ဖမ်းမိသည်။ သူမသည် နောက်တစ်ခု ပစ်လိုက်ကာ ရွှင်ပျစွာ ရယ်မောနေသည်။ နောက်တတိယ တစ်ခု။ သူသည် အားလုံးကို ဖမ်းမိကာ သူ၏ ပါးစပ်ထဲ သူပစ်တည့်လိုက်ပြီး၊ သူမကို ငေးကြည့်နေသည်။ နောက်တစ်ခု ပစ်ဦးလေ။ သူမကား သူ့ကို ကြည့်ပြီးတွေးနေသည်။ သူ့မျက်နှာနှင့် အမူအရာမှာ မိန်းမဆန်ဆန်၊ ကလေးဆန်ဆန်ပါကလား၊ သူမသည်ထိုင်လိုက်ကာ သူ့ကို ရွှင်မြူးစွာ ကြည့်နေလိုက်သည်။

ဦးမြတ်အေးက ဖြူကြာပွင့်၏ ပါးနှင့် လက်နှစ်ချောင်းထိကာ၊ ပျော်ပြက်ပြက် အမူအရာဖြင့် "သိပ်နောက်တဲ့ ကောင်မလေးပဲကွာ"

ဖြူကြာပွင့်က စက္ကူသေတ္တာကလေးကို သူ့ ပေးကာ "အကုန်ယူလိုက်တော့၊ ကျမက သကြားလုံးတို့ ချောကလက်တို့ကို သိပ်အရေးထားတာ မဟုတ်ပါဘူး"

သူသည် သကြားလုံးများကို ပါးစပ်ထဲ စုပြုံသွင်းလိုက်ပြီး သေတ္တာအလွတ်ကို သူ၏ ခရီးဆောင် သေတ္တာထဲ၌ ထည့်လိုက်သည်။ သူသည် အရုပ်များပါသော စက္ကူသေတ္တာ လှလှလေးများကို သိမ်းထားတတ်သည်။





သူ၏ အားနည်းချက်။

"ကဲ ဒီလောက် အရှုးအနှမ်းလုပ်ကစားရတာ တော်ပြီ၊ ဒါ လူမမာရဲ့ အိပ်ချိန်ပဲဗျို့"

သူသည် အမရပူရလုပ် ကြိုးကြီးချိတ် ညဝတ်အင်္ကျီကိုဝတ်လိုက်ကာ၊ အိပ်ရာပေါ်၌ လှဲချလိုက်သည်။

"ကောင်းသော ညချိုချိုကလေးရေ" ဟု သူသည် ကိုးတိုးနှုတ်ဆက်ပြီး၊ သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်သည်။ သူ၏ တစ်ကိုယ်လုံး တွန့်လိမ်သွားသလို။

မိနစ်အနည်းငယ်အတွင်း သူသည် တခေါခေါ ဟောက်နေတော့သည်။ ဖြူကြာပွင့်မှာလည်း နည်းနည်းမှ ရှက်မနေတော့ပဲ အိပ်ရာထဲ၌ လှဲချလိုက်ရာ၊ မကြာမင်ပင် အိပ်ပျော်ခြင်းသို့ ရောက်သွားတော့သည်။

နောက်တစ်နေ့နံနက်၌ကား သူမသည် သူမ၏ အိမ်သို့ ရထားဖြင့် သွားနေသည်။ သူမ၏ မွေးရပ်မြို့ကလေးမှာ လူသူ ကင်းမဲ့၍ ခြောက်ကပ်နေသည်ဟု ထင်ရပေသည်။ နွင်းများမှာ မီးခိုးရောင် ထနေပြီး၊ အိမ်တို့မှာလည်း သေးငယ်ကာ ပြားချပ်နေသည်ဟု ထင်ရသည်။ လမ်း၌ အသုဘတစ်ခုနှင့် ရင်ဆိုင်တိုးသည်။ အခေါင်းကိုဖွင့်ထားပြီး အလောင်းစင်ပေါ်၌ ဘုရားဝတ်ကျောင်း အလံတံခွန်များ တလွင့်လွင့်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ အသုဘနဲ့တွေ့တာဟာ ကံကောင်းတဲ့ နိမိတ်ပဲဟု သူမက တွေးလျက်ရှိသည်။

ခင်မေဆက်လှိုင်တို့ နေခဲ့သောအိမ်မှာ 'ငှားရန်' ဟူသော စာတန်းကို ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ရင်ခုန်သံမြန်စွာဖြင့် သူမ၏ အိမ်ဝင်းထဲသို့ မောင်းဝင်လာကာ၊ လူခေါ်ခေါင်းလောင်းကို လှုပ်လိုက်သည်။ တံခါးလာဖွင့်သူကား အိမ်ဖော်အသစ်၊ ဝဝအိအိ အိပ်ချင်သော မျက်လုံးနှင့် ကောင်မလေး။ ဂွမ်းကပ်အင်္ကျီကို ဝတ်ထားသည်။ ညစ်ပတ်၍ တံမြက်စည်း လှဲမထားသောလေ့ကားထစ်များကို လှမ်းတက်ရင်း သည်နေရာ၌ စန်းငွေလှိုင်က သူမကို ချစ်ရေးဆိုခဲ့တာပါကလားဟု သူမက သတိရနေသည်။ စကြံလမ်းဝရံတာ၌ သူ့ဖခင်၏ လူနာများ စီရီ အလှည့်စောင့်နေကြသည်။ သူတို့သည် ထူထပ်သော အနွေးထည် အပေါ်အင်္ကျီများ ဝတ်ကာ တစ်ယောက်နှင့်တစ်ယောက် ကပ်ညပ်လျက်၊ အကြောင်းတစုံတရာကြောင့် သူမ၏ ရင်သည် အခုန်မြန်လာကာ အကြောအခြင်များ အားနည်းလာသည်ဟုခံစားမိနေသည်။

ဆရာဝန်ကြီးမှာအရင်ကထက်ပင်ပိုမိုတောင့်တင်း နေကာ၊ သူ၏ မျက်နှာမှာ အုတ်နီခဲကဲ့သို့ပင် နီပြီး ဆံပင်များ ဖြီးသင်ထားခြင်းမရှိ။ ဆရာဝန်သည် လက်ဖက်ရည်သောက်လျက် ရှိနေသည်။ ဒေါက်တာသီဟ





သည် သူမကို တွေ့ရာ၌ ဝမ်းသာသွားသည်။ နည်းနည်းပင်လျှင် ငိုမိသည်။ အဘိုးကြီး၏ ဘဝ၌ သူမသာလျှင် ပျော်ရွှင်သာယာမှု မဟုတ်လား။ သူမသည် ဖခင်အား စိတ်လှုပ်ရှားစွာဖြင့် ပြေးဖက်ကာ၊ ဒီမှာ အကြာကြီး ဝါဆိုပွဲတော်အထိ ဖခင်နှင့်အတူ နေမည်ဖြစ်ကြောင်း ပြောသည်။ သူမသည် အဝတ်အစားလဲပြီးလျှင် ထမင်းစားခန်းသို့လာကာ လက်ဖက်ရည်သောက်သည်။ သို့သော် ဒေါက်တာသီဟကမူ လက်များကို အင်္ကျီအိတ်ထဲ၌ ထည့်ကာ၊ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိသည်။ ပါးစပ်ကလည်း အင် ... အင် ... အင် ... အင် ဟု ညည်းနေသည်။ သဘောမကျသော အထိမ်းအမှတ်။

"သမီးက ရတနာပုံမြို့တော်မှာ ပျော်ပျော်ရွှင်ရွှင် နေရတယ် မဟုတ်လား။ ဒါ့အတွက် အဖေကလဲ ဝမ်းသာပါတယ်။ အဖေ့အဖို့ကတော့ အဖိုးကြီးအတွက်က ဘာလိုမှာလဲ၊ ငါက ဖားအော်သလို အော်ပြီး နောက်တော့ လူတိုင်းဟာ စိတ်သက်သာရာ ရသွားကြမှာ ....၊ အံ့ဩစရာကောင်းတာက အဖေ့ ရုပ်ကလာပ်ကောင်ကြီးက မတရား သန်မာတောင့်တင်းနေတာပဲ၊ အံ့ဩစရာ မကောင်းဘူးလား"

ဒေါက်တာသီဟက သူသည် အိုမနေသော၊



www.burmeseclassic.com

www.burmeseclassic.com



အလုပ် အင်မတန်လုပ်သော လူတကာ တက်စီး၍ရသော မြင်းကြီးဟု ဆိုသည်။ မခင်မေဆက်လှိုင်ကို ကုသခဲ့သည်။ ကလေးတွေကိုလည်း စောင့်ရှောက် ယုယခဲ့သည်။ ဒါ့အပြင် ခင်မေဆက်လှိုင်၏ အသုဘကိုပင် ချခဲ့ရသည်။ အဝတ်အစား တပ်မက်သူ ပေါ်ကြော့သမား ဦးမြတ်အေးကတော့ ဘာတစ်ခုမျှ မလုပ်။ အဖေက ငွေတစ်ရာတောင် သူ့ကို ချေးလိုက်ရသေး။ ခုထက်ထိ ပြန်မဆပ်။

"အဖေ့ကို ရွှေမန်းခေါ်သွားပြီး အရှုးထောင် ပို့လိုက်ပေတော့။ ငါက အရူးပဲဟာ။ အအ တုံးတုံး ကလေးငယ်ပဲဟာ၊ ငါက သစ္စာမမှုနှင့် တရားမှုကို ယုံကြည်သူကိုးကွ ...."

ထို့နောက် သူသည် သူ့သားမက်အကြောင်း အပြစ်တင်နေပြန်သည်။ အမြော်အမြင်မရှိ။ အိမ်တွေ ချေးပေါနေပါလျက် ဘာကြောင့် ဝယ်မထားရသလဲ။ ဖြူကြာပွင့်ကမူ အဘိုးကြီး၏ ဘဝ၌ သူမသာလျှင် ပျော်ရွှင်သာယာမှု ဆိုသော ခံစားမှု မရှိတော့။ ဒေါက်တာသိဟက လူနာများကို မေးမြန်းကုသနေစဉ်၊ သူမသည် အိမ်ကြီးထဲရှိ အခန်းတွေ လျှောက်လှည့်ကြည့်သည်။ သူမသည် သူမ၏ မွေးရပ်မြို့နှင့် သူမ၏ အိမ်၌ တမျိုးတဖုံ ခံစားနေမိသည်။ အပြင့်လဲ မထွက်ချင်။ ဘယ်သူ့ဆီမှလဲ





သွားမလည်ချင်။ ငယ်ငယ်ကလေးဘဝသူငယ်ချင်းများနှင့် လက်မထပ်ခင် အပျိုဘဝကို တွေးလိုက်သောအခါ နည်းနည်းမှ ဝမ်းမနည်းမိ။ မတမ်းတမိ။

ညနေစောင်း၌ကား သူမသည် အကောင်းဆုံး အဝတ်အစားကို ဆင်ယင် ခြယ်သကာ ညဥ့်ဦးယံ ဘုရားဝတ်ကျောင်းတော်၌ တရားနာသွားသည်။ သူမမှာဘုရားဝတ်ကျောင်းတော်၌ ဘယ်သူမျှ မတွေ့။ တောသူဟောင်းသားများသာ။ သူမ၏ ခမ်းနားထယ်ဝါသော အဝတ်အစားကို ဘယ်သူမျှ မစွဲလမ်းကြ။ ဘုရားရှိခိုးကျောင်း၌ လည်းကောင်း၊ သူမ၏ ကိုယ်တွင်း၌လည်းကောင်း တစုံတရာ ပြောင်းလဲနေပြီဟု ထင်ရသည်။ ညဥ့်ဦးယံ တရားနာရာ၌ နိပါတ်တော်ကျမ်းစာ၊သုတ္တန်ကျမ်းစာများကဘယ်လောက်ကောင်းသလဲ။ "အဟံ – ငါသည် အသံကို မြင့်ကြအံ့" မမွှတေးကို ဘယ်လောက် ကြိုက်ခဲ့သလဲ။ ထို့နောက် သူမသည် တန်ဆောင်းကြီး အလယ်သို့ သွားသည်။ ရဟန်းတော်မှာ ရပ်လျက် ...။ ဘုရားဆီမီးတိုင်၏ အပူငွေ့ပင် ရလျက်။ သူမသည် တရားဒေသနာပြီးအောင်ပင် သည်းမခံနိုင်တော့။ ဘုရားရှိခိုးကျောင်းမှ ထွက်လာသောအခါ သူတောင်းစားများ ဆီး၍ အလှူမခံကြပါစေနဲ့ဟု မျှော်လင့်နေသည်။ ရပ်ကာ အိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံရှာရတာ သိပ်အနှောင့်အယှက်ဖြစ်သည် မဟုတ်လား။ သူမသည် ကြေးပြားစေ့များကိုမယူခဲ့။ အိတ်ထဲတွင် ငွေဒင်္ဂါးများသာရှိသည်။

သူမသည် အိပ်ရာသို့ တန်းဝင်သည်။ သို့သော် တော်တော်နှင့်အိပ်လို့မပျော်နိုင်။ အိပ်ပျော်သွားသောအခါလည်း အိပ်မက်တွေ မက်နေကြသည်။ အိပ်မက်ထဲတွင် ရုပ်ပုံလွှာကားချပ်များ။ နံနက်က တွေ့ခဲ့ရသောအသုဘ။ အဖုံးဖွင့်ထားသော ခေါင်းကြီးကို အိမ်ဝင်းထဲသို့ ယူလာကြသည်။ ခေါင်းကြီးမှာ ဟိုယမ်း ဒီယမ်း လှုပ်ယမ်းယိမ်းလိုက်ကာ ရုတ်တရက် တံခါးကို ပစ်ပေါက်လိုက်သည်။ သူမသည် လန့်နိုးကာ အိပ်ရာမှ ထထိုင်လိုက်သည်။ အောက်ထပ်၌ကား တစ်စုံတစ်ယောက်က တံခါးကို ခေါက်လျက်ရှိသည်။ လူခေါ်ခေါင်းလောင်းကြိုးမှာ နံရံနှင့်ပွန်းကာ အသံမမြည်တော့။

သူမသည် ဒေါက်တာ သီဟ ချောင်းတစ်ချက်ဆိုးသံကြားကာ၊ အိမ်ဖော်မသည် အောက်သို့ဆင်းပြီး နောက် ပြန်လာသည်။ သူမ၏ တံခါးကို လာခေါက်သံကြားရသည်။

"မမ .... မမ"

"ဘာလဲဟေ့" ဟု ဖြူကြာပွင့်က လှမ်းမေးသည်။

"မမ့အတွက် သံကြိုးစာ"





ဖြူကြာပွင့်သည် ဖယောင်းတိုင် ထွန်းကာ အပြင်သို့ ထွက်လာသည်။ အိမ်ဖော်မ နောက်၌ ဆရာဝန်ကို ပါတွေ့ရသည်။ ဆရာဝန်က ညဝတ်အင်္ကျီ ပေါ်တွင် အနွေးထည် ထပ်ဝတ်ထားသည်။ သူကလည်း ဖယောင်းတိုင်တစ်တိုင် ကိုင်ထားသည်။

ဆရာဝန်က တစ်ချက်သမ်းကာ "ခေါင်းလောင်းက ပျက်နေတာ၊ ပြင်ဘို့ကောင်းတာ ကြာလှပြီ"

ဖြူကြာပွင့်က သံကြိုးစာကို ဖွင့်ကာ ဖတ်လိုက်သည်။

မဖြူကြာပွင့် ကျန်းမာရေးအတွက် ကျွန်တော်တို့ ဆုတောင်းအရက်သောက်လိုက်ကြတယ် ....။

ဣန္ဒာ–မိုင်းဝေ

"အရူးတွေ" သူမက ညည်းသံ့ကာ တအားရယ်လိုက်သည်။ သူမသည် ရုတ်ခြည်း စိတ်ပေါ့ပါးကာ ပျော်ရွှင်လာသည်။

သူမ၏ အိပ်ခန်းဝသို့ ပြန်ရောက်သောအခါ ဖီးလိမ်း ဝတ်ဆင်သည်။ ပြန်မအိပ်တော့။ ထုပ်ပိုးပြင်ဆင်သည်နှင့် မိုးလင်းတော့သည်။ နောက်တစ်နေ့မွန်းတည့်တွင်ကား သူမသည် ရတနာပုံမြို့တော်သို့ပြန်ခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

ဝါဆိုရက်အတွင်း တစ်နေ့၌ စန်းငွေလှိုင်တို့ အိမ်သားများသည် အနုပညာကျောင်းတော်ကြီး၌ ကျင်းပသော ပန်းချီပြပွဲသို့ သွားကြသည်။ ရွှေမန်းမလေ့ ထုံးစံအတိုင်း တစ်အိမ်သားလုံး သွားကြည့်ကြသည်။ ခင်ပိတောက် ခင်ကံ့ကော်ကလေးနှစ်ယောက်၊ သူ့အထိန်းနှင့်ကိုမှိုင်းဝေ။

စန်းငွေလှိုင်မှာ ပန်းချီဆရာအားလုံး၏ နာမည်များကို သိနေသည်။ ပန်းချီပြပွဲဆိုလျှင် တစ်ခါမျှ လွတ်မပေး။ သူ့ကိုယ်တိုင်ပင် နွေဘက် တောသို့လည်လျှင် ရှုမျှော်ခင်း ပန်းချီကားများ ရေးဆွဲတတ်သည်။ သူသည် အနုပညာ အများကြီး ခံစားတတ်သူဟု သူ့ကိုယ်သူ ယုံကြည်လျက်ရှိပေသည်။ အကယ်၍များ လေ့လာလိုက်စားလျှင် ပန်းချီဆရာကောင်း တစ်ယောက်ဖြစ်မှာ မလွဲဟု ယုံကြည်လျက်ရှိပေသည်။ နိုင်ငံခြား ရောက်သည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရှေးဟောင်း အနုပညာပစ္စည်းများရောင်းသော ဆိုင်များသို့ ဝင်တတ်သည်။ အနုပညာ ပစ္စည်းများကို အနုပညာအကဲဖြတ်ဆရာ၏ဟန်ဖြင့် ကြည့်ရှုတတ်သည်။ သူ၏ ထင်မြင်ချက်များကို ပြောသည်။ နောက်ဆုံး၌ ဆိုင်ရှင်က သူ့စိတ်ကူးထဲရှိသော ဈေးနှင့် ရောင်းသည်ကို ဝယ်ယူလိုက်သည်။ နောက်ကျတော့ ဝယ်ထားသော ပစ္စည်းမှာ ရထားထဲရှိ အထုပ်သေတ္တာထဲ၌ လဲလျောင်းနေပြီး၊ နောက် ဘယ်ပျောက်သွားသည်ကို ဘယ်သူမှ မသိကြတော့။ ဒါမှမဟုတ်လျှင် သူသည် လက်ထွင်းပန်းချီဆိုင်သို့ သွားမည်။ ဒါမှမဟုတ် ပုံနှိပ် ပန်းချီကို လေ့လာမည်။ ဒါမှမဟုတ် ကြေးရုပ်များကို ကြည့်မည်။ အနုပညာလက်ရာတို့ကို ဘာဘာညာညာနှင့် ဝေဖန်၊ သို့မဟုတ်ဈေးပေါပေါဘောင်များဝယ်မည်။ စက္ကူသေတ္တာ ခပ်ညှံ့ညှံ့ဝယ်မည်။ သူ့အိမ်ရှိ ပန်းချီကား ချပ်များမှာ ကြီးကြသည်။ သို့သော် လက်ရာက အလွန်ညံ့။ ပန်းချီကားကောင်းများမှာလည်း မလှမပ ချိတ်ဆွဲထားပေသည်။ သူသည် ပန်းချီကားအတွက် ငွေကြေးတော်တော်များများ အကုန်အကျခံသည်။ နောက်ကျတော့ မူရင်းလက်ရာမဟုတ်ဘဲ ပုံတူ ကူးယူထားသော ကားတုများ ဖြစ်နေကြသည်။ ထူးခြားမှတ်သားဖွယ်ကောင်း





သည်ကား အခြားသောကိစ္စရပ်များ၌ မရှုံ့မရဲရှိသလောက် ပန်းချီပြပွဲ၌ကား သူသည် ထူးထူးကဲကဲပင် ရဲရင့်ပိုင်နိုင်လှပေသည်။

ဖြူကြာပွင့်သည်လည်း သူ့အမျိုးသားကဲ့သို့ပင် ပန်းချီကားများကို ကြည့်ရှုစစ်တမ်းထုတ်သည်။ ပွဲကြည့်မှန်ပြောင်း၊ သို့မဟုတ် လက်ကို ဝိုင်းကာ ကြည့်သည်။ ကားထဲက လူတွေဟာ တကယ့် အပြင်က လူတွေလိုပါပဲ။ သိပ်အံ့သြချီးမွမ်းဖို့ကောင်းတယ်။ တကယ့် အသက်ရှင်နေသလိုပဲလား။ သစ်ပင်တွေကလည်း တကယ့် သစ်ပင်တွေလိုပဲ။ သို့သော် ပန်းချီကားအားလုံးမှာ သူမအဖို့ တကယ်နှင့် တူနေပေသည်။ အနုပညာ၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ကားပေါ်ရှိ လူနှင့် အရာဝတ္ထုများသည် တကယ်ဟု မှတ်ထင်ရခြင်း ဖြစ်သည်ဟု ယုံကြည်ပေသည်။ မျက်လုံး တစ်ဖက်မှိတ်ကာ၊ လက်များကို ဝိုင်း၍ ကြည့်ကြည့် တကယ်ရှိသည်ဟု မှတ်ထင်ရသည် မဟုတ်လား။

သူမအမျိုးသားကသူမဘက်လှည့်၍ "ဒါဟာ .... မောသစ်တောဘဲ၊ ဘာမှလဲ မပါဘူး၊ ကြည့်စမ်းပါအုံး။ နှင်းတွေက ခိုပြာရောင်တဲ့၊ နှင်းဟာ ဘယ်တော့မှ ခိုပြာရောင်မရှိဘူး၊ဒီကောင်လေး လက်ဝဲလက်မောင်းက လကျာဘက်ထက်တိုနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ကားမောပန်းလျှသွားကြကာ၊စန်းငွေလှိုင်သည် အိမ်အတူပြန်ရန်အတွက်ကိုမှိုင်းဝေကို လိုက်ရှာသည်။ ဖြူကြာပွင့်သည် ရှုမျှော်ခင်းကားတချပ်ရှေ့၌ရပ်နေမိသည်။ အမှတ်တမဲ့ကြည့်လိုက်သည်။ ချောင်းကလေးကိုသစ်သားတံတားတစ်ခု ကဖြတ်ထားသည်။ တစ်ဖက်ကမ်းရှိ လမ်းမြောင်ကလေးက စိမ်းညိုသောမြက်ခင်းကြားမှထွက်ပေါ်လာသည်။ မြက်ခင်းကိုသစ်တောက အနားသတ်ပေးထားသည်။ စခန်းမီးပုံတစ်ပုံလည်း တွေ့ရသည်။ နွားကျောင်းသားများဖိုထားတာဖြစ်ပေသည်။ ကောင်းကင်မှာမိုးကုပ်စက်ဝိုင်း၌ အရောင်ရဲရဲသည် ဖျော့မှိန်စ။

ဖြူကြာပွင့်သည် စိတ်ကူးထဲ၌တံတားကိုဖြတ်ကာလမ်းမြောင်ကလေးအတိုင်း လျှောက်၍ လျှောက်၍ လာသည်။ ငြိမ်သက်တိတ်ဆိတ်နေသော ဆည်းဆာရောင်၌ သီးနှံကိုက် ကျေးငှက်ကလေးများ၏ အိပ်ချင်စွာ ကျည်ကျည် အော်ကျူးလျက်၊ အဝေး၌ မီးလျှံကတောက်လင်းလျက်။ ဤတိမ်တိုက်များ၊ သစ်တောများ၊ မြက်ခင်းများမှာလည်းမြင်နေကျထင်ရသည်၊ ဘယ်မှာများ မြင်ဘူးပါလိမ့်နော်။ အကြိမ်ကြိမ်အခါခါ ရှေးကာလကတည်းက သူမသည် မြင်ဘူးသည်မှာတော့အမှန်။ ပြင်းထန်သောတစ်ကိုယ်တည်းစိတ်သည် သူမထံသို့ ဝင်ရောက်လာပေ





သည်။ သူမသည် ဤလမ်းမြောင်ကလေးမှ နေဝင်လုအထိ၊ ဆန်းကြယ်လျှို့ဝှက်သော ကောင်းကင်အနားသတ်ကလေးဆီအထိ လမ်းလျှောက်သွားချင်သော စိတ်ဆန္ဒပေါ်လာသည်။

ဖြူကြာပွင့်က ပန်းချီကားကိုနားလည်သည် ဟူသောတွေ့ရှိချက်ကို အံ့သြလျက်" သိပ်အံ့သြစရာကောင်းတဲ့ပန်းချီကားပါပဲ၊ ကြည့်လိုက်စမ်းပါအုံး အကိုစန်းရယ်"

သူမသည်ဘာ့ကြောင့်ဤရှုခင်းကားကို ကြိုက်နှစ်သက်သည်ဆိုတာကိုသူမအမျိုးသားနှင့်ကိုမှိုင်းဝေအားရှင်းပြသည်။ သို့သော် နှစ်ယောက်စလုံး သူမ၏ရှင်းလင်းချက်ကိုနားမလည်းကြ။ သူမသည်ရှုခင်းကားကို ဝမ်းနည်းသောအပြုံးဖြင့်ငေးကြည့်လျက်၊ ဘယ်သူမှ ဤကား၏ထူးခြားချက်ကို မတွေ့ရှိကြသဖြင့် စိတ်ပျက်နေမိသည်။ သူမသည် ခန်းမကြီးထဲသို့ ပြန်သွားကာပန်းချီကား အားလုံးကို ပြန်၍ကြည့်ရှုသည်။ အားလုံးသည်တူသည်ဟုမထင်တော့။ အိမ်ပြန်ရောက်သောအခါ ဧည့်ခန်းထဲရှိစန္ဒယားအထက်၌ချိတ်ဆွဲထားသော ပန်းချီကားအကြီးကြီးကို ပထမအကြိမ် သတိပြုမိလေတော့သည်။

"ဒီလိုကားကြီးမျိုးများ ဘာဖြစ်လို့များ ဝယ်ထားပါလိမ့်" ဟု သူမကရုတ်တရက် မနှစ်သက်စိတ်နှင့်ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်၌ကား မှန်စီရွှေချ ကနုတ်ပန်းခွေများ၊ ပန်းပွင့် အကြွလေးဖြင့်ကွပ်ထားသော ကြေးမုံနှင့် စန္ဒယား အထက်က ချိတ်ထားသော ပန်းချီကားချပ်မျိုးများ။ သူမ အမျိုးသားနှင့် ကိုမှိုင်းဝေတို့တတွေ၏အနုပညာဆွေးနွေး ငြင်းခုံချက်များကို စိတ်ပျက်မိလာသည်။ ရွံရှာလာသည်။ မုန်းတီး၍ပင် လာသည်။

ဘဝသည် ရှေ့အလားအလာရှိမလာပဲ၊ ထူးခြား သောအဖြစ်အပျက်များ ရှိမလာပဲ၊ တစ်နေ့ပြီးတစ်နေ့ စီးဆင်းကုန်လွန်သွားပေသည်။ ဆောင်းဟေမန္တ၏ ဓာတ် သဘင်ရာသီပြီးဆုံးကာပူနွေးလာပေပြီ။ သာယာတင့်တယ် သော ရာသီဥတုသည် ရောက်လာပေပြီ။

တစ်နံနက်၌ကား စန်းငွေလှိုင်တို့ အိမ်သားများ သည် ဖောက်ထွင်းခိုးယူမှုဖြင့် ရုံးတင်ခြင်းခံရသော အရံ တပ်သားတစ်ဦး၏ အမှုတွင် ကိုမှိုင်းဝေ၏ ချေပချက်ကို နားထောင်ကြရန်ဟောသို့လာခဲ့ကြသည်။ သူတို့အိမ်က အထွက်နောက်ကျနေလေရာ ရုံးတော်သို့ရောက်သောအခါ သက်သေများကိုပင်စစ်ဆေးလျက်ရှိနေပေပြီ။ သက်သေ အများစုမှာခဝါသည် အလုပ်သမားများ ဖြစ်ကြပေသည်။ သူတို့က တရားခံဖြစ်သူသည်သူတို့၏ သခင်မခဝါသည် လုပ်ငန်းပိုင်ရှင်၏ အိမ်သို့ မကြာခဏလာရောက်လည်





ပတ်ကြကြောင်းသက်သေခံကြသည်။ ထိုပွဲတော်နေ့ညက အရံတပ်သားဟောင်းကြီးသည်အရက်မူးပြီး ညဥ့်နက်သန်း ခေါင်ရောက်ကာ နောက်တစ်ပွဲသောက်ရန်အတွက် အရက် ဖိုးပိုက်ဆံတောင်းသည်။ သူ့သခင်မက မပေးလိုက်၊နောက် တစ်နာရီခန့်ကြာသောအခါ ကောင်မလေးများ အတွက် ဘီစကွက်၊ ဘီယာနှင့် ပူရှိန်းများယူပြီးပြန်လာသည်။ တစ်ညလုံးသောက်စားရင်း သီချင်းဆိုရင်းဖြင့် နံနက်လင်း သောအခါ၊ အမိုးအပေါ်ထပ်ခိုးမှာ ဖောက်ထွင်းထားပြီး ယောကျ်ားဝတ်အင်္ကျီသုံးထည်၊ ဂါဝန်တစ်ထည်နှင့်အိပ်ရာ ခင်းထည်များ အခန်းတည်းမှ ပျောက်ဆုံးနေသည်ကို တွေ့ ရှိကြောင်းဖြင့်ထွက်ဆိုကြသည်။ ကိုမှိုင်းဝေက လှောင်ပြုံး ဖြင့်သက်သေတိုင်းကိုမေးမြန်းလေသည်။ သူမတို့တွင် ပွဲတော်ညကတရားခံ ယူလာသည်ဆိုသော ဘီယာများရှိ သလား။ သူကခဝါသည် အလုပ်သမားလေးများကိုယ်တိုင် ပင်အဝတ်များကို ခိုးခြင်းဖြစ်ကြောင်း ထင်ရှားအောင် သက်သေထူနေခြင်းဖြစ်ပေသည်။ သူသည် လျှောက်လဲ ချက်များကို ပြောကြားသောအခါ စိတ်လှုပ်ရှားမှုအလျဉ်း မပါဘဲ ဂျူရီလူကြီးများပေါ်သို့သာ မျက်လုံးကိုတည် ကြည်လေးနက်စွာစိုက်လျက် ပြောကြားသွားပေသည်။

သူက ဖောက်ထွင်းခိုးယူမှုနှင့် သာမန်ခိုးယူမှု၏ ခြားနားချက်ကို ရှင်းလင်းပြောပြသည် သူသည် မှန်ကန်



www.burmeseclassic.com

www.burmeseclassic.com



ရွာနှင့် အရှည်ကြီးပြောသည်။ လေးနက်သောအမှုအရာ ဟန်ပန်ဖြင့်၊ ထူးကဲသောစွမ်းဆောင်ချက် ဉာဏ်ရည်ဖြင့် ဆွေးနွေးတင်ပြခြင်းဖြစ်သည်။ ယင်းသို့ ဆွေးနွေးခြင်းသည် အသားကျနေပြီဖြစ်၍ အမှုအရာမှာ ခန့်ငြားလှပေသည်။ သို့သော် ပြောသောအကြောင်းအရာကိုကား နားလည်ရန် ခက်ပေသည်။ ဂျူရီလူကြီးမင်းသည် သူ၏မိန့်ခွန်းမှ ရရှိကောက်ယူနိုင်သည်ကတော့ ဖောက်ထွင်းမှုကားမှန်သည်၊ သို့သော်ခိုးယူမှု ကျူးလွန်ခြင်းမရှိဆိုတာပင်။ ဘာ့ကြောင့်ဆို ခိုးယူခြင်း ခံရသောအဝတ်အထည် များမှာ ခဝါသည်မလေးများသောက်သောဘီယာအဖြစ် ကူးပြောင်းသွားသောကြောင့်ဖြစ်သည်။ အကယ်၍ ခိုးမှုဖြစ်လျှင်ဖောက်ထွင်းမှု မပါဝင်ပေ။ ဂျူရီလူကြီးမင်းများနှင့်ပရိသတ်မှာ ကိုမှိုင်းဝေ၏မိန့်ခွန်းကိုများစွာ ဘဝင်ခိုက်သွားကြပုံရပေသည်။ မိန့်ခွန်း၏အောင်မြင် ချက်ပင်။ ရုံးတော်က ပြန်ထိုင်သောအခါအပြစ်မရှိလွှတ်စေဟု စီရင်ချက်ချမှတ်လိုက်လေသည်။ ဖြူကြာပွင့်ကခေါင်းညိတ်ကာ ကိုမှိုင်းဝေနှင့် နွေးထွေးစွာ လက်ဆွဲနှုတ်ဆက်လိုက်သည်။

မေလ၌ကား စန်းငွေလှိုင်တို့ အိမ်သားများသည် အင်ကြင်းမြိုင်တောအိမ်ကလေးသို့ ပြောင်းသွားကြသည်။ ယခုအခါ၌ ဖြူကြာပွင့်မှာ ကိုယ်ဝန်နှင့် ဖြစ်နေပေပြီ။



(၁၃)

နောက်တစ်နှစ်ကျော်ကြာသောအခါ၊ ဖြူကြာပွင့်နှင့်ကိုကုန္ဒာတို့သည် ကျောက်မဲမီးရထားလမ်းနှင့် မလှမ်းမကမ်းအင်ကြင်းမြိုင်ရှိ စိမ်းလန်းမြက်ခင်းပြင်၌ထိုင်လျက်ရှိကြပေသည်။ သူတို့အနီး၌ကားမှိုင်းဝေသည်လက်မောင်းပေါ်၌ခေါင်းတင်းပြီး ပက်လက်လှန် လဲလျောင်းကာ၊ ကောင်းကင်အား ငေးကြည့်လျက်ရှိသည်။ သူတို့သည် လမ်းလျှောက်ရတာမောနေကြပြီ။ ၆–နာရီရထားအဝင်ကို စောင့်နေကြသည်။ ရထားလာပြီးလျှင် အိမ်ပြန်လက်ဖက်ရည်သောက်ကြမည်။

ဖြူကြာပွင့်က ပြောနေသည်။

"အမေတွေက သူတို့ကလေးတွေဟာ ထူးခြားတယ်လို့ထင်နေကြတာ၊ အဲဒါသဘာဝပဲရှင့်၊ အမေတွေဟာ ကလေးပုခက်ရှေ့မှာ နာရီအကြာကြီး ရပ်နေနိုင်ကြတယ်ရှင့်၊ နာရွက်ကလေးတွေကို ကြည့်မယ်၊ မျက်လုံးကို

www.burmeseclassic.com



ကြည့်မယ်၊ နှာခေါင်းကိုကြည့်မယ်၊ ကြည့်လို့ကိုမဝဘူး၊ ကလေးကိုနမ်းရတာဟာ အကြီးကျယ်ဆုံးပျော်ရွှင်မှုပဲပေါ့၊ စကားပြောရင်လဲ ကလေးအကြောင်းပဲပြောနေချင်တာပဲ၊ အခြားအကြောင်း မပြောချင်ဘူး၊ အဲဒါမိခင်ရဲ့အားနည်းချက်ပဲဆိုပါတော့၊ ကျမကိုယ်တိုင်လဲ ကျမစောင့်ကြည့်မိတယ်၊ ကျမသမီးငယ် ချောအိအိညက် ကလေးကတော့တကယ်ကိုထူးခြားပါတယ်ရှင်........၊ မဟုတ်ဖူးလားလို့၊ သူ့မျက်နှာလေးကသိပ်ရည်မွန်တာ၊ သူ့ရုပ်ပုံကလေးကလဲချစ်စရာ၊ သူ့ရယ်ပုံကလေးကလဲတစ်မျိုး၊ ဒါတောင် ရှစ်လသမီးပဲရှိသေးတာ၊ သည်လောက်ရည်မွန်တဲ့ မျက်လုံးရှိတာ တွေ့ကိုမတွေ့ဘူးဘူး"

ကိုဏ္ဍနှာက "ဒါထက် စကားဖြတ်ပြောရအုံးမယ်၊ ကျွန်တော့်ကို ပြောစမ်းပါ၊ ခင်ဗျား ယောကျ်ားနဲ့ ကလေး ဘယ်သူ့ ပိုချစ်သလဲလို့"

ဖြူကြာပွင့်က ပခုံးကို တွန့်လိုက်သည်။

"မသိပါဘူးရှင်၊ ကျမယောကျ်ားကိုတော့ သိပ်မချစ်ဘူး၊ ချောအိအိညက်ကတော့ ကျမရဲ့ ပထမအချစ်အချစ်ဦးဆိုပါတော့လေ၊ ရှင်တို့ သိပါတယ် ...၊ ကျမ သူ့ကို လက်ထပ်တော့ ... သူ့ကို ချစ်တာမှ မဟုတ်ပဲ၊ အဲဒီတုန်းက ကျမက သိပ်မိုက်မဲတာ၊ သူ့ဘဝရော ကျမဘဝရော ပျက်စီးပြီလို့ ထင်ပြီး သိပ်စိတ်မချမ်းမသာဖြစ်မိတာ၊ ဒါပေမယ့် အခုတော့ အချစ်ဟာ အဓိကမဟုတ်ဖူးဆိုတာ သိရတယ်ရှင့်၊ ဒါတွေက အဓိပ္ပါယ်မရှိတာတွေပါရှင် ..."

"ခင်ဗျားယောကျ်ားကို မချစ်ရင် သူ့ကို ဘာအနှောင်ဖွဲ့ထားတာလဲဟင် ....။ ဒါဖြင့် ဘာကြောင့် ခင်ဗျားတို့အတူတူ နေကြသေးသလဲ"

"ကျမလဲ မသိဘူး၊ အကျင့်ဘဲ ထင်တာပဲရှင်၊ သူ့ကို ကျမလေးစားတယ်၊ သူနဲ့ အကြာကြီးမတွေ့ရရင် သူ့ကို လွမ်းတယ်၊ ဒါပေမယ့် အချစ်မဟုတ်ဘူးရှင့်၊ သူဟာ လိမ္မာရေးခြားရှိတယ်၊ ရိုးသားဖြောင့်မတ်တယ်၊ ဒါတွေဆိုရင် ကျမ ပျော်ရွှင်ဘို့ လုံလောက်နေပါပြီ၊ နောက်ပြီး သူဟာ ကြင်နာတတ်ရှိတယ် ...၊ သဘောကလဲ သိပ်ကောင်းတာ"

ကိုမှိုင်းဝေက ခေါင်းကို ပျင်းရိစွာ ညိတ်လျက် အသံပျော့ပျောင်းလေးတွဲ့ဖြင့် ...

"စန်းငွေလှိုင်ဟာ လိမ္မာရေးခြားရှိတယ်၊ ကြင်နာတတ်ရှိတယ်၊ ဒါပေမယ့် ငါချစ်သော ညီမလေး၊ သူဘယ်လောက် လိမ္မာရေးခြားရှိတာ၊ ကြင်နာတတ်ရှိတာ၊ စိတ်ဝင်စားစရာကောင်းတာကို သိရအောင် သူနဲ့အတူဆား ၃-ပိဿာလောက် စားနေရတော့မှာပေါ့၊ ကြင်နာ







www.burmeseclassic.com

www.burmeseclassic.com



တရားရှိတာတို့၊ လိမ္မာရေးခြားရှိတာတို့၊ သဘောကောင်းတာတို့က ဘာမျှားကောင်းလို့လဲ၊ ခင်ဗျားကို ခင်ဗျားလိုချင်သလောက် ပိုက်ဆံ သူကပေးတယ်၊ ဒါတွေ သူတတ်နိုင်တာပဲ၊ ဒါပေမယ့် တကယ်တမ်း ပြတ်သားခိုင်မာမှု လိုအပ်လာပြီဆိုရင်တော့၊ လူဆိုးလူသွမ်းတွေနဲ့ ဆက်ဆံတဲ့ ကိစ္စမျိုးမှာတော့ သူ့အခွံထဲ ရှောင်တိမ်းနေမှာပါဗျာ၊ စန်းငွေလှိုင်လို လူမျိုးဟာ လူတော်လူကောင်းတွေ၊ ဒါပေမယ့် တိုက်ရေးခိုက်ရေးသမား အနေနဲ့ကတော့ အလကားပဲ၊ ဘာမှအသုံးကျမှာ မဟုတ်ဘူး၊ ယေဘူယျ ပြန်ကြည့်ချင်ရင်တော့ ဒီလိုလူမျိုးက ဘာမှ ကောင်းတာ မဟုတ်ပါဘူး"

နောက်ဆုံး၌ ရထားဝင်လာသည်။ ခေါင်းတိုင်မှ ပန်းနုရောင် မီးခိုး မှုတ်ထုတ်အန်ချလိုက်ပြီးနောက်၊ သစ်တောဘက်သို့ ပျံ့နှံ့သွားလေသည်။ နေရောင်၌ နောက်ဆုံးရထားတွဲ ပြတင်းပေါက်မှာ ဝင်းပစ္စာလက်သွားသည်။ ကြည့်ရတာပင် မျက်စိကျိန်းသွားသည်။

"လက်ဖက်ရည်သောက်ချိန်" ဟု ဖြူကြာပွင့်က နေရာမှ ထကာ ပြောလိုက်သည်။ သူမသည် ပြောလိုသမျှ ပြောပြီးနောက်၊တကယ်ရင့်ကျက်သော အမျိုးသမီးကြီး၏ အမူအရာဖြင့် နည်းနည်းမောပန်းသွားဟန်ဖြင့် လမ်း





လျှောက်လာသည်။

ကိုဏ္ဍာနွှာက သူမ၏နောက်မှ ကပ်လိုက်ရင်း "ဒီလိုပါပဲလေ၊ အချစ်မရှိပဲနဲ့တော့ မကောင်းပါဘူးဗျာ၊ ကျွန်တော်တို့တတွေ အချစ်အကြောင်း ပြောခဲ့ပေါင်းများလှပြီ၊ ဖတ်ခဲ့ပေါင်းလဲ များလှပါပြီ၊ ဒါပေမယ့် ကျွန်တော်တို့ ကိုယ်တိုင်ကတော့ နဲနဲပဲ ချစ်ကြတာ မဟုတ်လား၊ ဒါတော့ ကောင်းတဲ့ဟာ မဟုတ်ဘူးဗျာ"

ဖြူကြာပွင့်က "ဒါတွေအားလုံးဟာ အလကားပါ၊ ဘာမှ အသုံးကျတာတွေ မဟုတ်ဘူး"

သူတို့သည် ပန်းခြံထဲ၌ လက်ဖက်ရည်သောက်ကြသည်။ စပယ်၊ ပုန်းညက်၊ သော်ကပန်းများက ပွင့်နေရာ မွှေးကြိုင်လျက်ရှိသည်။ ထုံယစ်ပန်းကလည်း ဖူးပွင့်စပြု၍ ရနံ့တစ်လှိုင်လှိုင်။ ကိုဏ္ဍာနွှာနှင့် ကိုမှိုင်းဝေတို့သည် ဖြူကြာပွင့်၏ မျက်နှာပေါ်၌ ကျေနပ်နှစ်သိမ့်မှု၊ ပျော်ရွှင်ချမ်းသာမှုကို တွေ့ရသည်။ သူမတွင် ရရှိသမျှထက် ဘာမျှ ပို၍ မလိုချင်သော ပုံကို တွေ့မြင်ရသည်။ ဒါကို ကြည့်ပြီး သူတို့သည် ကမ္ဘာလောကကြီးကား ငြိမ်းချမ်းသာယာနေပါတကားဟု ခံစားလျက် ရှိကြပေသည်။ သူမပြောသမျှမှာ အားလုံးကောင်းမွန်၍ လိုရင်းရောက်သည်။ ချက်ကြသည်။ ထင်းရှူးပင်များက လှုပနေကြပေသည်။ ထင်းရှူးရနံ့မှာ ခါတိုင်းထက်ပင် ဖြိုးဝေလျှံနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မလိုင်ကလည်း အလွန်ကောင်း၊ ခင်ပိတောက်ကလည်း သိပ်တော်တဲ့ကောင်မလေး။

လက်ဖက်ရည်သောက်ပြီးကြသောအခါ အိမ်ထဲသို့ ဝင်ကြကာ ကိုဏ္ဍနွှာ့က စန္ဒယားနှင့် အချစ်သီချင်းတစ်ပုဒ်ဆိုတီးလျက်ရှိသည်။ ဖြူကြာပွင့်မှာ နေရာမှထကာ အခန်းထဲသို့ ခြေဖျားထောက်ဝင်ပြီး သူ့ကလေးကို ကြည့်သည်။ ခင်ကုံ့ကော်ကိုလည်း ကြည့်သည်။ ခင်ကုံ့ကော်မှာ ဖျားတာ နှစ်ရက်ရှိသွားပြီ။ ဘာမျှ မစား။

"အချစ်ရေ ....အမြတ်နိုးဆုံးချစ်ရပါတဲ့အချစ်ရေ" ဟု ကိုဏ္ဍနွှာ့က သီဆိုလိုက်ပြီးနောက် "မဟုတ်ဘူး၊ သူငယ်ချင်းတို့ရေ အချစ်မရှိဘူး" ဟု ကြေငြာလိုက်သည်။

ထို့နောက် သူသည် ခေါင်းကိုမော့လိုက်ပြီး "ခင်ဗျား ပြောချင်တာပြောတော့၊ ကျွန်တော်တော့ နားမလည်ဘူးဗျာ၊ ဘာဖြစ်လို့ အချစ်ကို ဆန့်ကျင်ရတယ်ဆိုတာ ကျွန်တော် တစ်နေ့ ၁၅–နာရီသာ အလုပ်များမနေရင် ချစ်မိမှာပဲဗျို့ .."

ညစာကို အိမ်ရှေ့ လှေကားထစ်ခုံကလေး၌ တည်ခင်းထားသည်။ နွေးထွေး၍ ငြိမ်သက်သော ညခင်းဖြစ်သည်။ သို့သော် ဖြူကြာပွင့်ကမူ ကသီယစောင်





ကလေးခြုံထားသည်။ ရာသီဥတုက ခပ်ထိုင်းထိုင်းအေးအေးကို သူမ သိပ်မကျေနပ်၊ အမှောင်များ လွှမ်းလာသောအခါ သူမက သိပ်မနေတတ်၊ တုန်နေသည်။ ဧည့်သည်များကိုလည်း တော်တော်နှင့် မပြန်ကြရန် တားထားသည်။ သူမက အစေခံများကို စပျစ်ချိုဝိုင် အရက်လာပို့ရန် မှာသည်။ ညဥ့်နက်စာလည်း ကျွေးလိုက်သေးသည်။ ညဥ့်နက်စာစားပြီး တဖန် ပြင်သစ်အရက်ကော့ညက်၊ သူမသည် ကလေးများနှင့် အစေခံများချည်းသာ နေမရစ်ချင်။

ဖြူကြာပွင့်က "ကျမ အိမ်နားနီးချင်းတွေနဲ့ တိုင်ပင်ထားတယ်၊ ကလေးတွေအတွက် ပြဇာတ်တစ်ပုဒ်လောက်ကကြည့်မယ်၊ ဇာတ်ရုံလေးလဲ ရှိတယ်၊ ကျမတို့လိုတာ အကုန်ရှိတယ်၊ ဇာတ်သားတွေလဲ ရှိတယ်၊ ကပြမယ့် ကခြေသည် ဇာတ်သားတွေလဲ ရှိတယ်။ ကျမတို့လိုတာ အကုန်ရှိတယ်၊ ပြဇာတ်ပဲမရှိတာ၊ ရှိတဲ့ ပြဇာတ်ကလဲ သိပ်မသင့်လျော်ဘူး" ဟု ကိုဏ္ဍနွှာဘက်သို့ လှည့်၍ "ရှင် ပြဇာတ်ကြိုက်ပါတယ်၊ ရာဇဝင်လဲ သိတယ်၊ ဒီတော့ ရာဇဝင် ပြဇာတ်တစ်ပုဒ်လောက် ရေးပေးပါလား"

ဧည့်သည်များသည် ကော့ညက် ပြင်သစ်အရက်အားလုံးကို သောက်ပစ်ကြပြီးနောက်၊ ပြန်ရန် ပြင်ဆင်ကြသည်။ ဆယ်နာရီပင် ကျော်ပေပြီ၊ တောအရပ်ဒေသအဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နှာရီမှာအတော် ညဉ့်နက်နေလေပြီ။

ဖြူကြာပွင့်သည် သူတို့အား ငင်းတံခါးအထိ လိုက်ပို့ရင်း 'သိပ်မှောင်တာပဲနော်၊ ကျမတော့ ဘာမှ မမြင်ရဘူး၊ ရှင်တို့ ဘယ်လိုများ အိမ်ရောက်အောင် ပြန်ကြမလဲ၊ ကျမတော့ အေးသလားလို့"

သူမသည် ခြုံစောင်ကို ပို၍ တင်းကျစ်အောင် ဆွဲလိုက်သည်။ နောက် အိမ်ဘက်သို့ လှည့်သည်။

"ကျမအကိုစန်းကတော့တစ်နေ့ရာရာမှာ ဖဲကစားနေတယ်နဲ့ တူတယ်၊ ကဲ – သွားကြပေတော့နော်"

ဖြူကြာပွင့်က လှမ်းအော် နှုတ်ဆက်သည်။

မီးရောင် ထိန်လင်းသော အခန်းထဲမှ ထွက်လာခဲ့ကြပြီးနောက်၊ ကိုဏ္ဍနွှာနှင့် ကိုမှိုင်းဝေမှာ ဘာမျှ မမြင်ရတော့။ မီးရထားလမ်းဆီသို့ စမ်းတဝါးဝါး သွားကြကာ၊ နောက်သံလမ်းကို ဖြတ်ကျော်လိုက်ကြသည်။

ကိုမှိုင်းဝေက ရပ်ကာ ကောင်းကင်ကို မော့ကြည့်ပြီး "ကျွန်တော်တော့ ဘာမှ မမြင်ရတော့ဘူးဗျာ၊ ကြယ်တွေကို ကြည့်လိုက်စမ်းပါအုံး၊ ငွေမတ်စေ့လေး ကျနေတာဘဲ"

"ဘာပြောတာလဲ" ဟု ကိုဏ္ဍနွှာ၏ အသံက အမှောင်ထုထဲမှ ထွက်လာသည်။





"မှောင်မဲနေတာပဲ၊ ခင်ဗျား ဘယ်ရောက်နေလဲ"

ကိုဏ္ဍနွှာသည် လေချွန်ကာ သူ့အနားရောက်လာပြီး သူ၏ လက်မောင်းကို ဖမ်းဆုပ်လိုက်သည်။

"ဟေး .. တွေ့ပြီ၊ ဒီလူကြီး"

ကိုမှိုင်းဝေက ရုတ်တရက် အသံကုန် ကျုံး၍ အော်လိုက်သည်။ "သူတို့ ဆိုရှယ်လစ်တစ်ယောက်ကို မိနေပြီဗျို့..."

သူသည် အရက်မူးနေလျှင် အမြဲတမ်းဆူဆူညံညံ လုပ်တတ်သည်။ အရမ်းအော်တတ် ဟစ်တတ်သည်။ ပုလိပ်များ၊ ရထားမောင်းသမားများနှင့် ရန်ဖြစ်လား ဖြစ်တတ်သည်။ သီချင်းဟဲတတ်ပြီးကျယ်ကျယ်လောင်လောင် ဟားတိုက် ရယ်တတ်သည်။

"သဘာဝတရား ဒီကော်င်ကြီးက ခင်ဗျားကို ခေါ်သွားလိမ့်မယ်" ဟု သူက ဟိန်းလိုက်သည်။

ကိုဏ္ဍနွှာက ကန့်ကွက်လိုက်သည်။ "ကဲ တော်ပါတော့ဗျာ ..."

သူတို့၏မျက်လုံးများသည်အမှောင်ထဲ၌ကြည့်နေကျသွားကြပေပြီ။ မြင့်မားသော ထင်းရှူးပင်များ၊ ခေတ်ကြီးများ၏ ပုံပန်းသဏ္ဌာန်တို့ပင်လျှင် ပေါ်လာကြပေပြီ။ မကြာခဏပင် ရတနာပုံ မီးရထား ဘူတာရုံဝင်းအတွင်းမှ ဥသြမှုတ်သံများ လွင့်လာသည်။ ခေတ်ကြီးများမှလည်း



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းလွှမ်းဆွေးဆွေး၊ အသံပြန်လာ၏။ သို့သော် တောထဲမှတော့ ဘာအသံမျှ ထွက်ပေါ်မလာ။ မာနကြီးသော၊ အားကောင်းသော၊ လျှို့ဝှက်ဆန်းကြယ်သော တိတ်ဆိတ်ငြိမ်သက်ခြင်း၊ ထင်းရှူးပင်တို့၏ ကိုင်းစွန်ဖျားတို့သည် ကောင်းကင်ကို ထိနေကြသည်။ သူငယ်ချင်းနှစ်ယောက်သည် လမ်းမြောင်ကလေးကို တွေ့သွားကာ ချိုးလိုက်ကြသည်။ ဤနေရာ၌ အမှောင်ထုကြီးသည် ကြယ်ပြောက်ကောင်းကင်၏ မျဉ်းဖြောင့်များကလေးနှင့် သူတို့ ခြေအောက်ရှိ မြေကြီးအကြားတွင် ပြီးဆုံးသွားကာ၊ လမ်းမှန်ရောက်ပြီဟု ပြောနိုင်တော့သည်။ သူတို့သည်တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြပဲ ဘေးချင်းယှဉ်ကာ လမ်းလျှောက်လာကြသည်။ အမှောင်ထုထဲ၌ကား တစ်စုံတစ်ယောက်သည် သူတို့ဆီသို့ လာနေကြသည်ဟု မှတ်ထင်လျက်ရှိကြပေသည်။ စပျစ်ချိုပိုင်အရက်၏ တန်ခိုးကား ပြယ်သွားလေပြီ။ ကိုဏှ္ဌာ၏ စိတ်ထဲ၌ကား ရတနာပုံမြို့တော်မှ ကော်ဘုရားများ၊ မြို့စားများ၊ သာသနာပိုင်များ၏ ဝိညာဉ်တို့သည် တောမြိုင်ကြီးအား ခြောက်လှန့်နေသည်ဟု မှတ်ထင်မိလေသည်။ သည်အကြောင်းကို မှိုင်းဝေအား ပြောမည်ဟု စိတ်ကူးမိပြီးမှနောက် သူသည် စိတ်ပြောင်းသွားသည်။ မပြောတော့ပေ။





သူတို့သည် မြို့တော်၏ဆင်ခြေဖုံးသို့ဝင်မိသောအခါ နေ့သစ်၏ အရုဏ်ရောင်သည် ကောင်းကင်၌ ဝင်းပလာပေပြီ။ သူတို့သည် သစ်သားအိမ်များ၊ ထမင်းဆိုင်များ၊ သစ်ဆိုင်များကို ဖြတ်လာကြသည်။ မီးရထားတံတားအောက်မှ လမ်းလျှောက်လာရသည်။ ဤနေရာ၌ စိုထိုင်းထိုင်း မွှေးပျပျ ရနံ့ကလေး ပက်ဆန်းလိုက်သည်။ ထို့နောက်ကား ရှည်လျားကျယ်ဝန်း၍ လူသူကင်းမဲ့ပြီး မှောင်သော လမ်းမတော်ကြီး၊ ကျုံးထိပ်သို့ ရောက်သောအခါ မိုးစင်စင် လင်းလေပြီ။

ကိုဏှ္ဌာက မြတောင်ကျောင်းတိုက်ကို ဖြတ်လာသောအခါ "ရတနာပုံ ရွှေမန်းကတော့ ဒုက္ခအဖုံဖုံကို တွေ့ကြုံကျော်လွှားရအုံးမယ်" ဟု မှတ်ချက်ချလိုက်သည်။

"ဘာဖြစ်လို့ ခင်ဗျားက ဒီလိုတွေးရတာလဲ"

"မသိပါဘူးဗျာ၊ ကျွန်တော်ကတော့ ရတနာပုံကို သိပ်ချစ်တယ်"

သူတို့နှစ်ယောက်စလုံးသည် ရတနာပုံ၌ မွေးဖွားကြသည်။ ရတနာပုံကို ချစ်ကြသည်။ ဘာကြောင့်မှန်းမသိ။ အခြားမြို့များကို တယ်အကောင်းမထင်၊ ရတနာပုံသည် ထူးခြားသော မြို့ဖြစ်သည်ဟု ယုံကြည်ကြသည်။ မချမ်းသော၊ ကော့သောင်း၊ ဒါမှမဟုတ်လည်း ဖင်းမယ်ရောက်နေသည့်အခါ အထာမကျ၊ နေလို့ထိုင်လို့ မရ၊



www.burmeseclassic.com

www.burmeseclassic.com



ငြိုးငွေ့ပျင်းရိဘွယ်ရာသာ၊ ရှာနာပုံလောက် ကျန်းမာရေးနှင့် မညီညွတ်၊ ပျော်စရာမကောင်းဟု ထင်မှတ်နေသည်။ ရတနာပုံ ရာသီဥတုကပင် နေလို့ကောင်း၊ အေးမြသော မိုးရေတို့က မှန်ပြတင်းပေါက်များကို ရိုက်ခတ်ပက်သော၊ ညနေဆည်းဆာ အစောကြီး ကျရောက်နေသော နေ့များရှိသည်။ ထိုအခါ တိုက်တာအိမ်ရာ၊ ဘုရားကျောင်းတိုက်နံရံများသည် ညိုမှောင်ရီမှိုင်းနေတတ်ရာ၊ အပြင်ထွက်လျှင် ဘယ်အရောင် ဝတ်ဆင်ထွက်ရမည်ကို မသိဖြစ်နေတတ်သည်။ ဒါကပင် စိတ်ပျော်မြူး ရွှင်ပျစရာပင် မဟုတ်လား။

နောက်ဆုံး၌သူတို့သည် ဘူတာရုံသို့ ရောက်ကာ မြင်းရထားတစ်စီး ငှားသည်။ ကိုဣန္ဒာက "ကျွန်တော်သာ တကယ် ရာဇဝင်ပြဇာတ် ရေးရရင်တော့ မောင်မောင်လတ်တို့၊ ခေါင်ခေါင်တို့ ဆိုတဲ့ ဇာတ်ကောင်တွေမျိုး ဘယ်တော့မှ မသုံးဘူး၊ ပြူမင်း ပြုးမင်း ခေတ်လဲ မသုံးဘူး၊ ကျွန်တော်က ရာဇဝင်ပြဇာတ်တွေကို သိပ်မုန်းတာဗျ။ အနုရုဒ္ဓာရဲ့ တကိုယ်တော် ညည်းချင်းတွေပဲကြိုက်တယ်၊ ရာဇဝင်ထဲက အကြောင်းအရာတွေက သိပ်ကိုထူးထူးကဲကဲတွေ၊ အကုန်ဉာဏ်ကောင်း ပညာကောင်းတွေချည်းပဲ၊ စွဲမက်စရာတော့ ကောင်းပါရဲ့၊ ဒါပေမယ့် ရာဇဝင်ပြဇာတ်





တွေကြည့်ရင် သမိုင်းထဲက လူ့ဘဝဟာ အားနည်းနေတယ်၊ ကျန်းမာရေးချို့တဲ့နေကြတယ်၊ ပင်ကိုယ်အားမဲ့နေတယ်"

သူငယ်ချင်းနှစ်ယောက်သည် ဘုံလယ်မြနန်းရပ်၌ လမ်းခွဲကြသည်။ ကိုဣန္ဒာက စပယ်နီလမ်းရှိ သူ့နေအိမ်သို့ မြင်းရထားဖြင့် သွားသည်။ သူသည် ရထားပေါ်၌အိပ်ငိုက်ကာ၊ ကိုယ်ကလည်း ဟိုယိမ်းဒီယိမ်းနှင့် ပါလာသည်။ တလမ်းလုံး သူရေးမည့်ရာဇဝင်ပြဇာတ်ကို စဉ်းစားလာသည်။ ရုတ်တရက်သူသည် ကြောက်စရာ အသံဗလံများကိုကြားလာရသည်။ သံချပ်ကာ တန်ဆာနှင့် ထိခတ်သံ တချွင်ချွင်ကြားရကာ ထူးဆန်းသော အသံဝါကြီးဖြင့် အော်သံများကြားလာရသည်။ မြတ်လေး ရွှေဓားဗိုလ်ဖြစ်မှာပဲ။ ရွာကြီးမှာ မီးလျှံထဲ၌ လွှမ်းခြုံလျက်ရှိသည်။ ပတ်ဝန်းကျင်ရှိ နှင်းဖုံးလွှမ်း သစ်တောကြီးမှာ မီးရောင်တွင် နီဝါရောင် ထင်ရှားစွာ ပေါ်နေပေသည်။ သစ်ပင်တစ်ပင်ချင်း ပုံသဏ္ဌာန်ပင်လျှင် ပြတ်သားခြားနားစွာ ပေါ်နေပေသည်။ ရွာထဲတွင်လည်း မြင်းစီးလျက်လူဆိုးများ ကဆုန်ပေါက်ပြေးလျက် ရှိသည်။ လမ်းပေါ်မှ လူများ၊ မြင်းများကို ထင်ရှားစွာ မြင်နေရသည်။

"ခမြကြီးဗိုလ်မိုးသီးပဲ" ဟုကိုဣန္ဒာကတွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူများထဲမှ ကြောက်စရာကောင်းသော နီရဲသော မျက်နှာ၊ တစ်ကိုယ်လုံးလည်း မီးလောင်ရာနှင့် အဖိုးကြီးသည် ကောင်မလေးကို ကြိုးနှင့် ချည်ကာ မြင်းကုန်းနှီးပေါ်သို့ တင်နေသည်။ အဖိုးကြီးမှာ ကြမ်းတမ်းစွာ အော်ဟစ်လျက်၊ ကောင်မလေးမှာ ဝမ်းနည်းသောတွေနေသော မျက်လုံးများဖြင့် ငေးလျက် ....

ကိုဣန္ဒြာသည် သူ့ဖာသာသူ နိုးလာသည်။

"အချစ်ရေ၊ အမြတ်နိုးဆုံး ချစ်ရပါတဲ့အချစ်ရေ" ဟု ညည်းဆိုနေသည်။

သူသည် ရထားခပေးကာ အပေါ်ထပ်ရှိ သူနေသော အခန်းသို့ လျှောက်သွားသည်။ သို့သော် အိပ်မက်ကား ကောင်းကောင်း မပြယ်တတ်သေး။ တစ်ရွာလုံးကား မီးဟုန်းဟုန်းတောက်လောင်လျက်ရှိသေးသည်။ သစ်တောကြီးမှာ မီးခိုးလုံးဖြင့် မှုန်ဝေကာ တကျွတ်ကျွတ် မြည်နေသည်။ ဝက်သိုးကြီးသည် ကြောက်လှသဖြင့် သွေးရူးသွေးတမ်းဖြစ်ကာ ရွာထဲသို့ တအားဝင်တိုးလာသည်။ ကောင်မလေးမှာ မြင်းကုန်းနှီးတွင် ချည်နှောင်လျက် ပါလာသည်။

သူ၏ အခန်းသို့ ရောက်သောအခါ ထိန်ထိန်လင်းသော တကယ့်နေ့ ဖြစ်နေပေပြီ။ ဖယောင်းတိုင်နှစ်တိုင်မှာ ပွင့်နေသော ဂီတသင်္ကေတ စာအုပ် ဘေးစားပွဲ





ပေါ်၌ လောင်ကျွမ်းကုန်ဆုံးလျက်ရှိပေသည်။ စောဥမ္မာမှာ အဝတ်အစားအနက် ဆင်ယင်ထားကာ၊ လက်ထဲတွင် သတင်းစာကိုင်လျက် ဆိုဖာပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်လျက်ရှိပေသည်။ သူမသည် သူ့ကို စောင့်ရင်း တော်တော်ကြာကြာ စန္ဒယားတီးနေတာ ဖြစ်မည်။ စောင့်ရင်း အိပ်ပျော်သွားကာ ဖြစ်မည်။

"သနားပါတယ် –မောပန်းသွားတယ်နဲ့တူတယ်" ဟု သူက တွေးသည်။ သူသည် အသာအယာသတင်းစာကို သူမလက်ထဲမှယူကာ၊ စောင်တစ်ထည်နှင့် လွှမ်းခြုံပေးလိုက်သည်။ ဖယောင်းတိုင် မီးစများကိုလည်း ညှိမ်းဖိလိုက်ပြီး သူ့အိပ်ခန်းသို့ သွားလေသည်။ သူသည် အိပ်ရာပေါ်၌ ရာဇဝင်ပြဇာတ်ကို တွေးကာ 'အချစ်ရေ အမြတ်နိုးဆုံး ချစ်ရပါတဲ့ အချစ်ရေ' သီချင်းသံသည် နားထဲတွင်ပြန့်ကျူးလျက်ရှိသည်။

နှစ်ရက်ခန့်ကြာသောအခါ စန်းငွေလှိုင်သည် သူ့ထံဝင်ကာ ခင်ကဲ့ကော် ဆုံဆို့နာရောဂါဖြင့် ဖျားနေကြောင်း၊ ခင်ကဲ့ကော်ထံက ကူး၍ ဖြူကြာပွင့်နှင့် သူ့ကလေး ချောအိအိညက်တို့ ဆုံဆို့နာဖြစ်နေကြောင်း၊ ငါးရက်ခန့် ကြာသောအခါ ခင်ကဲ့ကော်နှင့် ဖြူကြာပွင့်မှာ ပျောက်သွားပြီး၊ ကလေးလေးကတော့ သေဆုံးသွားကြောင်း ပြောပြသည်။ ယခုအခါ စန်းငွေလှိုင်တို့အိမ်သားများမှာ မြို့သို့ပြန်ရောက်နေပြီ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

စန်းငွေလှိုင်သည် အိမ်တွင် နည်းနည်းမှ နေလို့မရတော့ပေ။ သူ့ဇနီးမှာလည်း ကလေးများကို စာသင်ပေးရန်ဟု အကြောင်းပြကာ တခြားအခန်းများသို့လည်း သွားတတ်သည်။ တကယ်ကတော့ ကိုမှိုင်းဝေ၏ အခန်းသို့သွားကာ ငိုနေခြင်းဖြစ်သည်ကို သူသိနေရသည်။ သမီးလေးချောအိအိညက် သေဆုံးသော ကိုးရက်မြောက်နေ့၊ နှစ်ဆယ်ရက်မြောက်၊ လေးဆယ်ရက်မြောက်နေ့များတွင် မြတောင်သုသာန်သို့သွားကာ ဆုတောင်းစာရွတ်သည်။ စန်းငွေလှိုင်အဖို့ကား ကလေးအား သတိရခြင်း မပြေ။ ကံမကောင်းသော ကံလေးကိုသာ တွေးမိနေသည်။ သူ့ဇနီးသည်အားလည်း လောကဓမ္မတာ ဖြစ်ရိုးဖြစ်စဉ်များဖြစ်ကြောင်းဖြင့် နှစ်သိမ့်စကား အမျိုးမျိုး ဆိုလျက်ရှိသည်။ သူသည် ကုန်လှောင်ရုံသို့ သိပ်မရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့။ အများအကျိုးဆောင်ရွက်သော ပရဟိတ ဝန်ထမ်းကိစ္စများလုပ်သည်။ ကြံဖန်အလုပ်ရှာကာ လုပ်သည်။ ကိစ္စအသေးအမွှားကလေးနှင့်ပင် တစ်နေ့လုံးအချိန်ကုန်အောင် ရထားလျှောက်စီးနေသည်။ မျှေးပေါ်ပေါ်နှင့် တည်းခိုနိုင်သော တည်းခိုခန်းလုပ်ငန်း လေ့လာရန် နိုင်ငံခြားသို့သွားဘို့ စီစဉ်နေသည်။ ယင်းကိစ္စကို သိပ်စိတ်ဝင်စားလျက် ရှိနေသည်။

ဆောင်းဟေမာန်သို့ မရောက်ခင် နေ့တစ်နေ့။ ဖြူကြာပွင့်မှာ အိမ်၏ အခြားအခန်းတစ်ခန်းသို့ သွားကာ ငိုနေသည်။ စန်းငွေလှိုင်မှာ စာကြည့်ခန်းထဲရှိ ဆိုဖာပေါ်၌ လဲလျောင်းရင်း၊ ဘယ်များ သွားရပါ့မလဲဟု စဉ်းစားနေသည်။ ထိုအခိုက် နန္ဒိယက စောဥမ္မာလာကြောင်းလာပြောသည်။ စန်းငွေလှိုင်သည် ဝမ်းသာသဖြင့် ထခုန်ကာ မမျှော်လင့်သော ဧည့်သည်အားတွေ့ရန် အမြန်ထွက်လာသည်။ သူသည် သူ၏ 'မိန်းမဟောင်း' အကြောင်းလုံးဝမစဉ်းစားမိတော့။ သူမမှာ နောက်ဆုံး ခွဲခွာစဉ်ကအတိုင်းပင် ရှိနေသည်ကို တွေ့ရပေသည်။

သူသည် စောဥမ္မာ၏ လက်ကို ဆုပ်ကိုင်ကာ "ဥမ္မာရယ် မတွေ့တာ ကြာပြီကော၊ ဥမ္မာကို တွေ့ရတာ သိပ်ဝမ်းသာတာပဲကွယ် ...၊ လာ ... လာ ...."

စောဥမ္မာသည် နှုတ်ဆက်ပြီးနောက်စာကြည့်ခန်း





ထဲသို့ တန်းဝင်ကာ ထိုင်လိုက်သည်။

သူမက "ဒို့ဒီမှာ တခဏလောက်ပဲ နေနိုင်မယ်၊ ဒို့မှာ စကားပြောဖို့အချိန်က သိပ်ရတာ မဟုတ်ဘူး၊ ကိုက ထိုင်ပြီး တဆိတ် ဒို့ပြောတာ နားထောင်စမ်းပါ၊ ဒို့ကို တွေ့ရလို့ ဝမ်းသာတာ မသာတာက အကြောင်းမဟုတ်ဘူး၊ ယောကျ်ားသားတွေရဲ့ ခင်တာမင်တာတို့ကို တန်ဘိုးမထားတော့ကတည်းက လုံးဝစိတ်မရှိတော့ဘူး၊ ဒို့ဒီကိုလာရတဲ့အကြောင်း ဒီလိုအခြား ငါးနေရာ ရောက်ခဲ့ပြီလေ၊ ဘယ်နေရာကမှ မဟန်ဘူး၊ ကိစ္စက အရေးကြီးနေတယ်"

စောဥမ္မာသည် သူ့ကို တည့်တည့်ကြည့်ကာ ဆက်လက်၍ "ဒို့အသိထဲက ကျောင်းသား ငါးယောက်၊ သိပ်မိုက်တဲ့ ကောင်လေးတွေ၊ အသုံးတော့ မတတ်ကြဘူး၊ ဒါပေမယ့် ဆင်းရဲကြတာအမှန်ပဲ ...၊ အခု ကျောင်းလခ မပေးနိုင်လို့ ကျောင်းက ထုတ်ပစ်တော့မယ်ကွယ်၊ အဲဒါမောင်က လူချမ်းသာဆိုတော့ အဲဒါ တက္ကသိုလ်ကို သွားပြီး ကျောင်းလခတွေ ပေးပေးစမ်းပါ"

"ရပါတယ် ဥမ္မာ၊ ဝမ်းပန်းတသာနဲ့ ပေးလိုက်ပါ့မယ် ...."

စောဥမ္မာက စာရွက်တစ်ရွက်ကို သူ့လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ထည့်ရင်း "ဟောဒီမှာ နာမည်တွေ၊ ခုချက်ချင်း သွားလိုက်ပါ။ ရှင့်အိမ်တွင်း ပျော်ရွှင်မှုကတော့ နောက်ခံစားရမှာပါ .."

ထိုအခိုက် ဧည့်ခန်းသို့ သူရောက်သောအခါ နောက်မှ အဝတ်ချင်းထိခတ်သံ ခပ်တိုးတိုး ထွက်ပေါ်လာသည်။ ခွေးတစ်ကောင် ခြစ်တာလဲ ဖြစ်မည်။ စောဥမ္မာမှာ မျက်နှာကြီးနီကာ ချက်ချင်း ထိုင်ရာမှ ထလိုက်သည်။

"ရှင့်အမျိုးသမီးက ချောင်းနားထောင်နေပြီ ထင်တယ်၊ သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲကွာ"

စန်းငွေလှိုင်မှာ ဖြူကြာပွင့်အားစော်ကားသည်ကို စိတ်ထိခိုက်သွားသည်။

"သူ ဒီမှာ မရှိပါဘူး၊ တစ်ဖက်အိမ်မှာ ရောက်နေတယ်၊ သူ့ကို ဒီလို မပြောပါနဲ့ကွာ၊ တလောကတင် ကိုယ်တို့ ကလေးဆုံးလို့ သူ့ခမျာ စိတ်မကောင်း ဖြစ်နေရာတယ်"

စောဥမ္မာမှာ မခံနိုင်ပဲ "ရှင်ပဲ ရှင့်ဟာမကို နှစ်သိမ့်တော်မူပေတော့၊ နောက်လဲကလေးတစ်ဒါဇင်ကျော် ရအုံးမယ်၊ ကလေးမွေးရတာက ဦးနှောက်သုံးရတာ မဟုတ်ပါဘူး"

ရှေးရှေးကာလကတည်းက ဒီစကားမျိုး ကြားရသည်များကို သတိရလာကာ၊ အတိတ်၏ သာယာသော





နေ့ရက်များကို အောက်မေ့မိခြင်းဖြင့် စိတ်လှိုင်းထသွားသည်။ လူပျိုဘဝ လွတ်လပ်သော နေ့ရက်များ၊ ထိုအခါများတွင် သူကလည်း ယယ်ရှယ်နုပျိုသေးသည်။ ဘာမဆိုလုပ်၍ မရတာမရှိခဲ့။ သူ့ဇနီးအပေါ် အချစ်မရှိတော့တာဖြင့် ကလေးကို သတိရတာလည်း မရှိချင်တော့။

"ဒို့အတူတူ သွားကြတာပေါ့" ဟု သူက ပြောလိုက်သည်။

စန်းငွေလှိုင်က ရုံးခန်းသို့ သွားနေစဉ်၊ စောဥမ္မာမှာ တက္ကသိုလ်အပြင်က စောင့်နေပေသည်။

သူမကို ငွေရဖြတ်ပိုင်းငါးခု ကမ်းပေးရင်း "ဒီကနေ့ ဘယ်သွားအုံးမလဲ"

"ကိုလ္လူနွာဆီကိုပေါ့"

"ဒါဖြင့် ကိုယ်လဲ လိုက်ခဲ့မယ်လေ"

"သူ အလုပ်လုပ်နေတယ်၊ ရှင် သူ့ကိုနှောင့်ယှက်ရာကျမှာပေါ့"

ဟင့်အင်း ကိုယ်သူ့ကို အနှောင့်အယှက်မပေးပါဘူး၊ ကိုယ် ကတိပေးပါတယ် ဥမ္မာရယ်" ဟု သူက သူမကို တိုးလျိုးသော လေသံဖြင့် ပြောလိုက်သည်။

သူမသည် အနက်ရောင် ဆင်မြန်းထားသည်။ ဝမ်းနည်းသော သဘောကဲ့သို့။ သူမ၏ နှာခေါင်းမှာ ပို၍



www.burmeseclassic.com

www.burmeseclassic.com



ရှည်လာသည်ဟု ထင်ရသည်။ နှင်းများ ရှိနေသော်လည်း သူမ၏ မျက်နှာမှာ အရောင်တစ်စက်မျှ မရှိ၊ စန်းငွေလှိုင်မှာ စောဥမ္မာနောက်က ညင်သာစွာ လမ်းလျှောက်ရတာ၊ သူမအမိန့်ပေးတာ နာခံရတာ၊ ဗျစ်တောက်ဗျစ်တောက်နှင့် ပြောသံကို နားထောင်ရတာ သူပျော်သည်။ စန်းငွေလှိုင်က လမ်းအတူလျှောက်ရင်း၊ သည်မိန်းမ၏ အတွင်းစိတ် အင်အားကြီးမှုကို အံ့သြရသည်။ သူမ၌ စွဲလမ်း တပ်မက်စရာ ရုပ်မရှိခြင်း၊ ပိန်ပိန်လျလျရှိခြင်း၊ တကုပ်ကုပ် လုပ်နေတတ်ခြင်း၊ အဝတ်အစား သိပ်ပုံပန်းမကျခြင်း၊ ဆံပင် မသေမသပ် ဖရိုဖရဲရှိခြင်းနှင့် ကဗျစ်ကညစ် ပုံပန်းရှိသည့်တိုင်အောင် သူမ၌ တစုံတရာသော အံ့သြဖွယ် ဆွဲဆောင်မှု ရှိနေသည်ကား အမှန်။

သူတို့သည် ကိုဏ္ဍနှာ၏ အိမ်ခန်းသို့ နောက်ဖေးတံခါးမှ ဝင်ကြသည်။ သူတို့သည် မီးဖိုချောင်ကို ဖြတ်၍ သွားရသည်။ မီးဖိုချောင်၌ ဆံပင်လိပ်ခွေဖြူဖြူနှင့် ကိုယ်လုံးသေးသေး၊ သေသေသပ်သပ် ထမင်းချက်မိန်းမကြီးနှင့် တွေ့သည်။ မိန်းမကြီးမှာ သူတို့ကို တွေ့သောအခါ ကသိကအောက်ဖြစ်သွားသည်။

"တဆိတ် ဒီကကြွပါရှင်" ဟု မိန်းမကြီးက သကြားလောင်းထားသော အပြုံးဖြင့် ပြောလိုက်သည်။ သူ့မျက်နှာမှာ မုန့်စိမ်းပေါင်းကဲ့သို့ရှိနေသည်။





ကိုဏ္ဍနှာမှာ အိမ်တွင်မရှိချေ။ စောဥမ္မာသည် ဗန္ဒယားခုံ၌ ထိုင်ကာ မဆုံးနိုင်သော စိတ်ညစ်ညူးစရာကောင်း၍ ခက်ခဲသော တီးလုံး လေ့ကျင့်ခန်းများကိုတီးနေသည်။ စန်းငွေလှိုင်ကိုလည်း သူ့ကိုအနှောင့်အယှက်မပေးရန် မှာထားသည်။ သူသည် သူမအား စကားပြောရန်အား မထုတ်၊ ထောင့်တစ်ထောင့်၌ ထိုင်ကာ 'ဓင်းမယ်ရေ့တော်ပြေး' သတင်းစာကို လှန်လျက် ရှိသည်။ သူမသည် နေ့စဉ် လေ့ကျင့်နေကျ ၂-နာရီ လေ့ကျင့်တီးနေပြီးနောက် မီးဖိုချောင်သို့ ဝင်ကာ ကမန်းကတန်း ထမင်းစားသည်။ ထို့နောက် စန္ဒယား သင်ရန်ထွက်သွားသည်။ စန်းငွေလှိုင်ကား ဝတ္ထုအဆက်ကို ဖတ်နေသည်။ ပြီး လျှင် မဖတ်ပဲ အချိန်အတော်ကြာကြီး ထိုင်၍ နေသည်။ ငြီးငွေ့ခြင်းမရှိ၊ ညစာစားရန် အိမ်ပြန်ရမှာ နောက်ကျနေသည်ကို ဝမ်းသာနေမိသည်။

ကိုဏ္ဍနှာ၏ ကျယ်လောင်သော "ဟိုး ... ဟိုး .. ဟိုး" ဟူသော အသံ၊ ခန်းမကြီးမှ ကြားလာရကာ ဝင်လာသည်။ သူသည် ကျန်းမာသန်စွမ်း၍ ပါးအို့များ နီနေကာ တောက်ပသော ကြယ်စေ့များပါသော အပေါ်ရုံအင်္ကျီအသစ်ကို ဝတ်ဆင်ထားသည်။

သူငယ်ချင်းနှစ်ယောက် ညစာအတူစားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပြီးနောက် စန်းငွေလှိုင်က ဆိုဖာပေါ်၌ ကိုယ်ဆန့်လက်ဆန့် လှဲကာ ကိုကျန္နာက သူ့ဘေး၌ ထိုင်ပြီး စီးကရက် မီးညှိသောက်ဖျက်ရှိနေသည်။ ညနေဆည်းဆာမှောင်ကျလာပေပြီ။

သူတို့သည် သေခြင်းတရား အကြောင်း၊ ဝိညာဉ်၏ မမြဲခြင်းအကြောင်း ပြောကြသည်။ အကယ်၍များ သေပြီးနောက် ပြန်ရှင်ကာ အင်္ဂါဂြိုဟ်သို့ ပျံသွားရလျှင် ဘယ်လောက်များ ကောင်းလိုက်မလဲ၊ ဒါမှမဟုတ် တခြားတစ်နေရာရာတွင် ဘာမှ မလုပ်ဘဲ ပျင်းခွေကာ ပျော်ပျော်နေရရင် ဘယ်လောက်ကောင်းမလဲ၊ ဒါ့အပြင်လိပ်ပြာသစ်နှင့် လွတ်လွတ်လပ်လပ်နေရရင် ဘယ်လောက်ကောင်းမလဲ။

ကိုကျန္နာက တိုးညင်းစွာဖြင့် "ကျွန်တော်တော့ မသေချင်သေးဘူးဗျာ၊ သေခြင်းတရားကို ဖြေသိမ့်စေစပ်ပေးနိုင်တဲ့ အဘိဓမ္မာ မရှိသေးဘူးဗျ၊ သေခြင်းဆိုတာ အရာအားလုံးရဲ့ အဆုံးသတ်ပဲဗျ၊ ကျွန်တော်တို့ အသက်ရှင်နေချင်သေးတယ်"

"ခင်ဗျားက ဘဝကို ချစ်နေသလား"

"ဟုတ်တယ်၊ ကျွန်တော်တော့ ဘဝကို ခင်တွယ်တယ်"

ကျွန်တော့်အတွက်ကတော့ ကိုယ့်ကိုယ်ကိုတောင်





နားမလည်နိုင်တော့ဘူး၊ ကျွန်တော်တော့ဗျာ မျှော်လင့်ချက် မရှိခြင်းနဲ့ စွဲလမ်းကပ်ငြိမှု မရှိခြင်းကြားမှာ အမြဲတမ်း ဒုက္ခရောက်နေရတာပဲ၊ ကျွန်တော်က ကြောက်တတ်တယ်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှု မရှိဘူး၊ ကျွန်တော့် စိတ်ဓာတ်ကိုက မရှုံမရဲ၊ ဘဝကို အံဝင်ခွင်ကျဖြစ်အောင် မနေတတ်၊ ကိုယ့်ကြမ္မာကို ကိုယ်အစိုးရအောင် မလုပ်တတ်၊ ဘာမှ အစွမ်းမရှိဘူးဗျ။ ဒီပြင်လူတွေကတော့ သိတယ် မဟုတ်လား၊ မဟုတ်က ဟုတ်ကတွေ လျှောက်ပြော၊ တစ်ယောက်ကိုတစ်ယောက် လိမ်လိုက် ညာလိုက်ကြ၊ ဒါကိုပဲ ပျော်နေကြတာ၊ ကျွန်တော်ကတော့ ကောင်းတာတွေကို စိတ်ထားမှန်မှန်နဲ့ လုပ်တာတောင် တယ်ပြီး စိတ်က ဖြောင့်တာ မဟုတ်ဘူး၊ ဘာမှလဲ စွဲစွဲလမ်းလမ်း ရှိတာမဟုတ်ဘူး၊ ဒါ ဘာကြောင့်လဲ သိလား၊ ကျွန်တော်ဟာ ကျေးကျွန်တစ်ယောက်၊ မြေကျွန်ရဲ့ မြေးတစ်ယောက်ဖြစ်လို့ပဲထင်တယ်၊ ကျွန်တော်တို့ ဆင်းရဲသား ပြည်သူတွေဟာ ကိုယ့်ဘဝ လွတ်မြောက် ကယ်တင်ရေးမလုပ်နိုင်ခင် ပျက်စီးသွားလိမ့်မယ် ထင်တယ်လေ"

ကိုကျန္နာက သက်ပြင်းချကာ ပြောလိုက်သည်။

"သူငယ်ချင်းရယ် အဲဒါသိပ်ကောင်းတာပဲ၊ ဒါဟာ ကျွန်တော်တို့ ရုစကဝတီတိုင်းပြည်ရဲ့ ဘဝဟာ ကြွယ်ဝ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဘဝပုံစံအမျိုးမျိုးရှိတယ် ဆိုတာ ပြတာပေါ့ဗျ၊ အား ဘယ်လောက် ပြည့်ဖြိုးဝေနေသလဲ၊ ကျွန်တော်တော့ တစ်နေ့ထက်တစ်နေ့ ကြီးကျယ်တဲ့ အောင်ပွဲကြီး တစ်ခု ပေါ်ပေါက်မယ့် ဆဲဆဲခေတ်မှာ နေရတာလို့ ယုံကြည်လာ တယ်ဗျ၊ အဲဒါ အောင်ပွဲလှုပ်ရှားမှုကြီးမှာ ပါဝင်နိုင်ဘို့ ဘဝ အသက်ရှင်ချင်တယ်၊ ယုံချင်ယုံ မယုံချင်နေ၊ မှတ် လောက်သားလောက်တဲ့ မျိုးဆက်သစ်ကြီးကတော့ ပေါက် ပွားနေပြီဗျ၊ အဲဒီလို ကျွန်တော်ခံစားနေရတယ်၊ အထူး သဖြင့် ကလေးတွေကို စာသင်ပေးတယ်၊ အထူးသဖြင့် ကလေးမလေးတွေ ကျွန်တော်ဖြင့် သိပ်ပီတိဖြစ်တာပဲ၊ သိပ်အံ့ဩစရာကောင်းတဲ့ ခလေးတွေ"

ကိုဏ္ဍွာသည် စန္ဒယားနားသို့သွားကာ မိဿက အသံတွဲတစ်ခု တီးလိုက်သည်။

ထို့နောက် သူက ဆက်လက်၍ "ကျွန်တော်က ဓာတုဗေဒသမား၊ ဓာတ်ခွဲသမား၊ ဓာတုဗေဒအမြင်နဲ့ပဲ မြင်ရမှာပဲ၊ ကျွန်တော်တော့ ဓာတုဗေဒသမားအဖြစ်နဲ့ပဲ သေမှာပဲ ထင်တယ်၊ ဒါပေမယ့် ကျွန်တော့်ဟာဘယ်တော့ မှ အာသာပြေတယ်လို့ မရှိဘူး၊ ကျွန်တော်လုပ်ချင်တာ တွေ အားရအောင် မလုပ်ရပဲ အလို မပြည့်ခင်ပဲ ကျွန်တော်တို့ သေသွားမယ်လို့ ထင်နေတယ်၊ ကျွန်တော့် အဖို့ ဓာတုဗေဒနဲ့တင် လုံလောက်နေပြီလို့ မထင်နဲ့၊





ကျွန်တော်ကိုယ့် တိုင်းပြည်ရဲ့ ရာဇဝင်ကို လေ့လာရမယ်၊ နောက်ပြီး အနုပညာရပ်ရဲ့ သမိုင်း၊ အာသေယဝေဒ၊ ဂီတ၊ တခါတလေကျဆိုပါတော့၊ မနှစ်နွေရာသီက ခင်ဗျား အမျိုးသမီးက ကျွန်တော့ကို ရာဇဝင်ပြဇာတ် တစ်ခု ရေးဘို့ အကြံပေးတယ်၊ ဘယ်မှ မထဘဲ သုံးနေ့နဲ့ သုံးည ဆက်တိုက်ထိုင်ရေးလိုက်ရင်ရမယ်လို့ ယုံကြည် နေတယ်၊ ကျွန်တော့ခေါင်းထဲမှာ စိတ်ကူးစိတ်သန်း တွေနဲ့ပြည့်ညပ်နေတယ်၊ ပေါက်ကွဲ ထွက်အန်ကျလာ တယ်လို့ထင်နေတယ်၊ ခုတောင် တရှူရှူနဲ့ တသိမ့်သိမ့် ခုန်နေတာကို ခံစားနေရသေးတယ်၊ တကယ့်အကောင်းဆုံး လက်ရာတစ်ခုလို့တော့ မမျှော်လင့်ထားပါဘူး၊ ကျွန်တော် က လူ့ဘဝကို နေချင်တယ်၊ အိပ်မက်တွေ မက်ချင်တယ်၊ မျှော်လင့်ချက်တွေထားချင်တယ်၊ ဘာတစ်ခုမှ ချန်မထား ချင်ဘူး၊ ဒါပါပဲ သူငယ်ချင်း၊ လူ့ဘဝဆိုတာဟာ လွန်စွာတိုတောင်းလှပါတယ်၊ အဲဒီထဲက အကောင်းဆုံးကို ရအောင် ယူရမှာပေါ့"

ထိုညက ညဥ့်နက်အထိ သူငယ်ချင်းနှစ်ယောက် စကားစမြည် ပြောပြီးကြပြီးနောက် စန်းငွေလှိုင်သည် ကိုဏ္ဍွာထံသို့ နေ့တိုင်းလောက် လာလည်လေသည်။ သူ့ကို စွဲသွားပြီ။ သူသည် ညနေခင်းဘက်လောက်



www.burmeseclassic.com

www.burmeseclassic.com



လာတတ်ပြီး ဆိုဖာပေါ်တွင် ထိုင်ကာ ကိုဏှာ့အလာကို သည်းခံ၍ စောင့်နေတတ်သည်။ ညစာစားပြီးသောအခါ ကိုဏှာ့က ထိုင်ကာ သူ့အလုပ်သာ လုပ်မြဲ၊ အတန်ငယ်ကြာသောအခါ စန်းငွေလှိုင်က မေးခွန်းများ သူ့ကို မေးတတ်မြဲ။ ထိုကစ၍ စကားဝိုင်းဖွဲ့မိကာ အလုပ်ကိုလည်း သတိမရတော့။ သန်းခေါင်ယံ၌ သူငယ်ချင်း နှစ်ယောက်လူချင်းခွဲခွာကြသည်။တစ်ယောက်နှင့်တစ်ယောက် ကျေနပ်နှစ်သက်စွာဖြင့်။

သို့သော် သိပ်မကြာပေ။ တစ်နေ့၌ စန်းငွေလှိုင်သည် ကိုဏှာ့ထံသို့အလာတွင် စောဥမ္မာနှင့် တိုးနေသည်။ သူမသည် စန္ဒယား လေ့ကျင့်လျက်ရှိပေသည်။

စောဥမ္မာက လက်ပင်မကမ်းတော့ပဲ သူ့ကိုလည်း ရန်လိုစွာကြည့်ရင်း ...

"ရှင် .... ဒါဘယ်တော့ရပ်မှာလဲ"

စန်းငွေလှိုင်က အံ့သြကာ"ဘာပြောလိုက်တာလဲ"

"ဘာပြောရမှာလဲရှင့်၊ ရှင် ဒီကို နေ့တိုင်းလာပြီး ကိုဏှာ့ အလုပ်လုပ်လို့ မရအောင် လုပ်နေတာပေါ့၊ ကိုဏှာ့က ရှင့်လို ကုန်သည် သူဌေး မဟုတ်ဘူးရှင့်၊ သိပ္ပံပညာရှင်၊ သူ့ဘဝမှ မိနစ်တိုင်းဟာ အဖိုးတန်နေတယ်၊ ဒါကို သိဖို့ကောင်းပါတယ်၊ တဆိတ်လဲ အလိုက်ကန်းဆိုး သိအုံးမှပေါ့ရှင် "





"ဒီလို တကယ်ထင်ရင် ကျုပ်ဒီကို မလာတော့ပါဘူး" ဟု စန်းငွေလှိုင်က တုန်ရီစွာပြောလိုက်သည်။

"သိပ်ကောင်းတယ်၊ ကျေးဇူးပြုပြီး ကြွတော်မူ၊ သူပြန်လာရင် ရှင်နဲ့ တွေ့နေအုံးမယ်"

သူမ ပြောသောအသံ၊ သူမ မျက်လုံးများ၏ မထေမဲ့မြင် အကြည့်တို့သည် သူ့ကိုစိတ်ထိခိုက်စေတော့သည်။ သူမသည် သူ့အပေါ်၌ ခံစားမှု တစ်စက်မျှ မရှိတော့သည်ကို သူသည် တွေ့ရှိရသည်။ သူ့ကိုသာ ပြန်စေချင်နေပေသည်။ အရင်တုန်းကနဲ့ ဘယ်လောက်များ ကွာသွားသလဲ၊ သူသည် နှုတ်ပင်မဆက်တော့ပဲ ထွက်လာခဲ့သည်။ ပြန်များခေါ်မလားဟု မျှော်လင့်လျက်။ သို့သော် သူမသည် ချက်ချင်းပင် သံစဉ် လေ့ကျင့်ခန်းများကို ဆက်လက် တီးနေသည်။ သူသည် လေ့ကားထစ်များမှ ဖြည်းညှင်းစွာ ဆင်းသက်လာရင်း၊ တစိမ်းပြင်ပြင် ဖြစ်နေပါကလားဟု ခံစားလျက်ရှိနေပေသည်။ သုံးရက်ခန့်ကြာသောအခါ ကိုဏှာ့သည်သူ့ထံ လာလည်ကာ တစ်ညခင်းလုံး နေလေသည်။

ကိုဏှာ့က နည်းနည်း ရယ်ကျဲကျဲနှင့် "ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



အတွက် သတင်းတစ်ခု ပါလာတယ်ဗျို့၊ မစောဥမ္မာ ကျွန်တော်နဲ့ အတူလာနေပြီ"

သူသည် နဲနဲကြောင်သွားကာ အသံကို တိုးလိုက်ပြီး "ဟင်း … ပြောရရင်တော့၊ ကျွန်တော်တို့ တစ်ယောက်နဲ့ တစ်ယောက်ကြိုက်ကြတာတော့ မဟုတ်ဘူးဗျ၊ ဒါပေမယ့် ဒါက အရေးကြီးလှတာ မဟုတ်ဘူးဗျ။ ကျွန်တော့်အနေနဲ့ကတော့ သူ့အတွက် အိမ်ကလေး ပေးရတာ၊ သူဖျားရင် နာရင် အလုပ်မလုပ်ပဲ နေလို့ရတာကိုပဲ ဝမ်းသာနေပါတယ်၊ သူထင်တာက သူ ကျွန်တော်နဲ့ လာနေရင် ကျွန်တော့် ဘဝဟာ ပိုပြီး စနစ်တကျ နေသားတကျရှိမယ်လို့ သူက ယုံကြည်နေတယ်လေ၊ နောက်ပြီး သူ့သြဇာ သူ့သြဝါဒနဲ့ ကျွန်တော်ဟာ တကယ့် သိပ္ပံပညာရှင်ကြီး ဖြစ်လာရမယ်လို့ ယုံကြည်နေလေရဲ့၊ သူက အဲဒီလိုပဲ ထင်နေတာ၊ ထင်ပါစေလေ၊ အရူးတစ်ယောက်ဟာ သူ့စိတ်ကူးနဲ့သူ စိတ်ချမ်းသာနေတယ်ဆိုတဲ့ စကားပုံလိုပေါ့ဗျာ၊ ဟေး …. ဟေး …"

စန်းငွေလှိုင်က ဘာမျှ ပြန်မပြော၊ ကိုဏ္ဏနွှာမှာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ၊ အရင်က အကြိမ်ပေါင်းများစွာ ကြည့်ခဲ့သော ပန်းချီကားများကို





ရပ်၍ ငေးကြည့်နေသည်။

သူက သက်ပြင်းတစ်ချက်ချကာ ဆက်လက်ပြီး "ဟုတ်တယ် သူငယ်ချင်း၊ ကျွန်တော်က ခင်ဗျားထက် သုံးနှစ် ကြီးတယ်၊ တကယ့် အချစ်စစ်ကို ရှာဘို့ကတော့ နှောင်းနေပြီဗျာ၊ တကယ်ကတော့ မစောဥမ္မာလို အမျိုးသမီးမျိုးက ဘုရားသခင်က လွှတ်လိုက်တာပဲ ဆိုပါတော့၊ ကျွန်တော်ကတော့ အသက်မှည့်ရင့်လာတဲ့ အရွယ်အထိပဲ သူနဲ့ အေးချမ်းစွာ နေတော့မယ်လေ၊ တစ်ခုခုလိုနေတယ်လို့တော့ ခံစားနေလို့မဖြစ်တော့ဘူး၊ဒါမတတ်နိုင်တော့ဘူး၊ တစ်ခုခုကို တမ်းတနေတာ ရှိချင်လဲ ရှိမှာပေါ့ဗျာ၊ ကျွန်တော်လဲ စိတ်ကူးယဉ်နေနိုင်တာပေါ့ဗျာ၊ ဆိုချင်တာက လူဆိုတာ သူ့မှာရှိနေတာထက် ဘယ်မှာ ကျေနပ်အားရတယ်ရယ်လို့ ရှိမှာလဲ"

ထို့နောက် သူသည် ညှော်ခန်းသို့ သွားကာ အချစ် သီချင်းများ သီဆိုနေသည်။ ဘာမျှ မဖြစ်သလို၊ စန်းငွေလှိုင်ကမူ စာကြည့်ခန်းထဲ သွားထိုင်ကာ မျက်လုံးစုံမှိတ်ပြီး ဘာကြောင့် စောဥမ္မာ ကိုဏ္ဏနွှာနှင့် အတူသွားနေသည်ကို နားလည်ရန် ကြိုးစားလျက်ရှိနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဝမ်းနည်းစွာ တွေးလျက်ရှိသည်။ လောကကြီးမှာ ခိုင်မာတည်မြဲသော ချစ်ခင်တွယ်တာမှုဆိုတာ မရှိပါကလား။ သူသည် စောဥမ္မာ ကိုဏ္ဍနှာနှင့် အတူ သွားနေသည်ကို စိတ်ဆိုးသည်။ တခါ သူ့မိန်းမကို သူ တစ်ခါက ချစ်ခဲ့ပြီး ယခုသူသည် မချစ်တော့သည်ကိုလည်း သူ့ကိုယ်သူ စိတ်ဆိုးနေပေသည်။



(၁၅)

စန်းငွေလှိုင်သည် ပက်လက်ခေါက်ကုလားထိုင်၌ ယိမ်းလှုပ်ကာ ထိုင်လျက် စာဖတ်ရင်း တွေးတောနေပေသည်။ ဖြူကြာပွင့်မှာလည်း စာဖတ်လျက်ရှိနေသည်။ မနက်ကတည်းက သူတို့နှစ်ယောက်သည်တစ်ယောက်နှင့်တစ်ယောက် စကားမဆိုဖြစ်ကြ။ ပြောစရာ စကားလည်း မရှိဟု ထင်မှတ်ရပေသည်။ စန်းငွေလှိုင်သည် ဖြူကြာပွင့်ကို စာအုပ်ပေါ်မှ ကျော်၍ မကြာခဏ လှမ်းကြည့်ကာ လူတစ်ယောက်ဟာ ချစ်လို့ လက်ထပ်ခြင်း ဟုတ်တာ မဟုတ်တာ ဘာများ ခြားနားလို့လဲဟု တွေးနေသည်။ သူ မနာလို သဝန်တိုနေခဲ့ရသော ရက်များ ဘယ်လောက်ဝေး သွားခဲ့ပြီလဲ။ စိုးရိမ်ရသော၊ စိတ်မချမ်းမသာ ခံစားရသော ရက်များပေတကား။ သည်ရက်များကား ကြာခဲ့လေပြီ။ ထိုကတည်းက သူသည် နိုင်ငံခြားသို့ သွားခဲ့သည်။ ယခု



www.burmeseclassic.com

www.burmeseclassic.com



အခါ ခရီးပန်းသဖြင့် အနားယူနေသည်။ သူသည် အင်္ကျီလန်ကို နှစ်သက်သည်။ နွေဦးပေါက်တွင် တစ်ခေါက် ပြန်သွားရဦးမည်။

ဖြူကြာပွင့်မှာ ယခုအခါ ဝမ်းနည်းခြင်းကို ကျင့်သားရသွားပေပြီ။ တစ်ခန်းခန်းမှာ မငိုကြွေးတော့ပြီ။ ထို ဆောင်းဟေမာန်က သူမသည် ခေတ်ပေါ် ဆိုင်ကြီးများသို့ မြင်းရထား စီးမသွားတော့။ ဇာတ်ပွဲများသို့လဲ မသွား ကပွဲဆိုပွဲများသို့လဲ မသွားတော့။ သူမမှာအခန်းကျယ်ကြီး များကို မကြိုက်သဖြင့် သူ့ ယောကျ်ား စာကြည့်ခန်း၊ ဒါမှ မဟုတ် သူမ၏ အခန်းတွင်သာ အချိန်ကုန်လေသည်။ သူမအခန်းမှာ ရုပ်တုတော်များနှင့် ပန်းချီပြပွဲများတွင် သဘောကျ၍ ဝယ်ခဲ့သော ရှုမျှော်ခင်း ပန်းချီကားများရှိသည်။ သူမအတွက် ဘာမျှ ငွေကြေးမသုံးပေ။ သူမ၏ ဖခင်နှင့် နေစဉ်ကထက် မသုံးပေ။

ဆောင်းရာသီကား လွန်စွာ ပျင်းရိစရာကောင်းသည်။ ထိုရာသီ၌ ရတနာပုံမြို့တွင် လူတိုင်း ကစားကြမြဲ၊ သီချင်းဆိုခြင်း၊ စာဖတ်ခြင်းဖြင့် ပျော်စရာ ပေါသော်လည်း၊ ဒါက ပို၍ ငြီးငွေ့စရာကောင်းသေးသည်။ ရတနာပုံတွင် ထူးကဲ ပြောင်မြောက်သော အနုပညာရှင်က အနည်းငယ်သာ ရှိပေရာ၊ နေရာတိုင်းတွင် ဤအဆိုတော်ချည်း၊ ဤစာပြောဆရာချည်း ဖြစ်နေသည်။ အနုပညာ





သည်ပင်လျှင် အားနည်းလာသည်။ လူအများအတွက် ငြီးငွေ့စရာနှင့် ပင်ပန်းသော ဝတ္ထုရား ဖြစ်နေသည်။

ထို့အပြင် နေ့တိုင်းပင် လှိုင်အိမ်သားစုများသည် ဒုက္ခအသစ်များနှင့် တွေ့ကြုံနေကြသည်။ဦးခမ်းလှိုင်မှာ မျက်စိ တော်တော်ပင် မွဲလာပြီ။ ကုန်လှောင်ရုံသို့ပင် မသွားတော့၊ ဆရာဝန်က မကြာခင် မျက်လုံးကွယ်မည်ဟု ပြောထားသည်။ စန်းဖေလှိုင်မှာလည်း အကြောင်းတစ်ခုခု ကြောင့် ကုန်လှောင်ရုံသို့ မသွား။ အိမ်တွင်နေကာ တချိန်လုံး စာတွေ ရေးချွတ်နေသည်။ ဦးမြတ်အေးမှာ တခြားမြို့၌ အလုပ်ပြောင်းရွှေ့ရပြီးနောက် နိုင်ငံတော် အုပ်ချုပ်ရေးကောင်စီဝင်အဖြစ် ရာထူးတက်သွားသည်။ သူသည် ရာဇဟိုတယ်၌ နေထိုင်ကာ နေ့တိုင်းစန်းငွေလှိုင် ထံ လာ၍ ဗိုက်ဆံချေးလျက်ရှိသည်။ ဟိုမင်းယာမှာ တက္ကသိုလ်မှ ဘွဲ့ရပြီး သူသည် အလုပ်တစ်ခုခုရရန် အတွက် စန်းငွေလှိုင်ကို တွေ့ရန် စောင့်နေ၏။ သူတို့ အိမ်သို့ တစ်နေ့ကုန်လာကာ သူ၏ မဆုံးနိုင်သော ဇာတ်ကြောင်းများကို ပြောပြလျက်ရှိသည်။ ယင်းအတွက် စန်းငွေလှိုင်မှာ စိတ်ညစ်ကာ အနှောင့်အယှက်ဖြစ်နေသည်။ သူ၏ ဘဝကို ပို၍ မသာမယာ ဖြစ်စေပေသည်။

နန္ဒိယသည် စာကြည့်ခန်းထဲသို့ ဝင်လာကာ



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ယောက်က တွေ့လိုကြောင်း လာပြောပြီး စန်းငွေလှိုင်လက်ထဲသို့ နာမည် ကတ်ပြားကလေး တစ်ခု ပေးသည်။ ကတ်ပြားပေါ်တွင် 'ခင်သက်ထားမေ' ဟု အမည်ရေးထိုးထားသည်။

ဖြူကြာပွင့်သည် ညင်သာစွာ ထကာ ထွက်သွားသည်။ ခြေကျဉ်သဖြင့် နည်းနည်းဒရွတ်ဆွဲ၍ လှမ်းသွားလေသည်။ တံခါးဝ၌ အနက်ဝတ်စုံ ဝတ်ထားသော အမျိုးသမီးတစ်ဦးရပ်လျက်ရှိသည်။ ပိန်ပိန်လျလျ။ မျက်တောင် အနက်မှာ ဖြူဖျော့သော မျက်နှာပေါ်တွင် ထင်ရှားနေလျက် ....။

အမျိုးသမီးသည် သူမ၏လက်များကို ရင်ဘတ်တွင်ဖိလျက်၊ "ဦးစန်းငွေလှိုင်ရယ် .... ကျမခလေးတွေကို ကယ်ပါရှင် ...."

ဘယ်သူများပါလိမ့်နော်။ လက်ကောက်သံတချွင်ချွင်နှင့်ပေါင်ဒါကွက်များကိုကား သိပ်မစိမ်းလှ။ မြင်ဘူးနေသည်။ အော် .... သူ လက်မထပ်ခင်က မသင့်လျော်စွာပင် ညစာစားသောက်ခဲ့သောအိမ်က အမျိုးသမီးပါလား။ ဦးမြတ်အေး၏ ဒုတိယဇနီး။

"ကလေးတွေကို ကယ်ပါအုံးရှင်...."

ဟု သူမသည် ထပ်ပြောလိုက်သည်။ သူမ၏ မျက်နှာမှာ တုန်လှုပ်နေကာ ရတ်တရက်အိုစာသွားသည်





ဟု ထင်ရသည်။ မျက်လုံးများမှာ နီလာကာ သနားစရာဖြစ်သွားသည်။

"ရှင်တယောက်ပဲ ကျမတို့ကို ကယ်နိုင်တော့ပါတယ်ရှင်၊ ကျမနောက်ဆုံးပိုက်ဆံနဲ့ ရတနာပုံကို လာခဲ့ရတာပါ၊ ကျမကလေးတွေ ငတ်လို့ သေရပါတော့မယ်"

သူမသည် ဒူးထောက်ချတော့မည့်ကဲ့သို့ပင်။ စန်းငွေလှိုင်က လန့်သွားကာ၊ သူမ၏လက်မောင်းကို ဖမ်းကိုင်လိုက်သည်။ စန်းငွေလှိုင်က ကုလားထိုင်ကို ညွှန်ပြကာ၊ အသံတိုးတိုးဖြင့် ....

"ထိုင်ပါအုံးခင်ဗျာ...၊ တဆိတ်ထိုင်ပါ၊ ကျွန်တော် တောင်းပန်ပါတယ်"

သူမက "ကျမတို့မှာ ဆန်ဝယ်စရာတောင်မရှိပါဘူး၊ ကိုမြတ်အေးကလဲ အဝေးကြီးမှာရာထူးအသစ်ဝင်ဘို့ သွားရတော့မယ်၊ ကျမနဲ့ ကလေးတွေကို သူက အတူခေါ်မသွားချင်ဘူး၊ ရှင်ရက်ရက်ရောရော ပို့လိုက်တဲ့ ငွေတွေကလဲ သူတစ်ယောက်ထဲ သုံးပစ်တယ်လေ၊ ကျမတို့ ဘာလုပ်ရမလဲရှင် ....၊ ကံဆိုး ကျမကလေးငယ်တွေလေ...."

"စိတ်ထိန်းမှပေါ့ဗျာနော်၊ သက်သက်သာသာ နေပါ၊ ကျွန်တော် တောင်းပန်ပါရစေ၊ ကျွန်တော် စာရေးကို



www.burmeseclassic.com

www.burmeseclassic.com



အမကြီးဆီငွေပို့လိုက်ဘို့ ညွှန်ကြားလိုက်ပါ့မယ်၊ မပူပါနဲ့.....”

သူမသည်ကျယ်လောင်စွာငိုနေသည်။ သို့သော် ချက်ချင်းပင်တိတ်သွားသည်။ ပေါင်ဒါများထူထပ်စွာ ဖို့ထားသောပါးပြင်မှ စီးဆင်းလျက်၊ မျက်ရည်လမ်းကြောင်းဖြစ်လျက်၊ သူမတွင်နှုတ်ခမ်းမွှေးပေါက်နေသည်ကို သူသည်သတိထားမိလိုက်သည်။

“ဦးစန်းငွေလှိုင်ကတော့ သိပ်ပြီးစေတနာဖြူးဝေပါတယ်။ ကျွန်မတို့ရဲ့ ကယ်တင်ရှင် တမန်တော်ပါဘဲ၊ တဆိတ်သာ ဦးမြတ်အေး ကျွန်မကိုပစ်မသွားဘို့ ပြောပေးပါရှင်၊ ကျွန်မကို ခေါ်သွားဘို့လဲ ပြောပေးပါနော်။ ကျွန်မသူ့ကိုချစ်တယ်၊ သူ့ကို အရူးအမူးကိုချစ်ပါတယ်၊ သူဟာ ကျွန်မရဲ့ တစ်ဦးတည်းသော နှစ်သိမ့်ရာပါပဲရှင်”

စန်းငွေလှိုင်က သူမအား ငွေတစ်ရာထုတ်ပေးပြီး ဦးမြတ်အေးအား ပြောပေးပါမည်ဟု ကတိပေးသည်။ သူသည်ဒေါ်ခင်သက်ထားမေအား တံခါးဝသို့လိုက်ပို့ခဲ့သည်၊ လိုက်ပို့ရင်းလည်း ဘယ်တော့မျက်ရည်များ ကျဆင်းကာ ဒူးထောက်ထိုင်ချလိုက်မလဲဟု လန့်နေသည်။

သူမထွက်သွားပြီးနောက်၊ ကိုမင်းယာရောက်လာသည်။ ထို့နောက်မှိုင်းဝေ ကင်မရာနှင့် ရောက်လာသည်။ သူသည် မကြာခင်ကပင်ဓာတ်ပုံများ ရိုက်ခဲ့သည်။ အိမ်ရှိ





လူကုန် တစ်နေ့အကြိမ်များစွာရိုက်နေသည်။ ဤဝါသနာသစ်က သူ့အား ဒုက္ခပေးလျက်ရှိသည်။ ကိုယ်အလေးချိန်ပင်ကျနေပြီ။

လက်ဖက်ရည်ချိန်မရောက်ခင်စန်းဖေလှိုင်ရောက်လာပြန်သည်။ သူသည် စာကြည့်ခန်းထောင့် တစ်နေရာ၌ထိုင်ကာ စာအုပ်တစ်အုပ်ကို လှန်ပြီး အကြာကြီးထိုင်ကာ စာအုပ်ကိုစိုက်ကြည့်နေသည်။စာကိုကားဖတ်သည်မဟုတ်၊ လက်ဖက်ရည်သောက်နေသောအခါ ငေးကာ အကြာကြီး ထိုင်နေသည်။ သူ့မျက်နှာနီလာသည်အထိ၊သူရှိနေခြင်းမှာ စန်းငွေလှိုင်အဖို့စိတ်ဓာတ်ကျစေသည်။တိတ်ဆိတ်နေခြင်းမှာစိတ်မသက်သာစရာ။

စန်းဖေလှိုင်က“သတင်းစာဆရာသစ်တစ်ယောက်မွေးပေးနိုင်တာ ငါတို့အမိတိုင်းပြည်ကို ကြိုဆိုရလိမ့်မယ်ကွ၊ နောက်နေတာပါစန်းငွေလှိုင်ရာ၊ အကို အခု ဆောင်းပါး တစ်ပုဒ် ရေးနေတယ်၊ ကလောင်စမ်းမှုပဲဆိုပါတော့၊ ငါ့ညီကိုပြဘို့အခု ယူလာခဲ့တယ်၊ ဖတ်ကြည့်စမ်းပါ၊ ငါ့ညီ ဘယ်လိုထင်သလဲဆိုတာပြောစမ်းပါ၊ ပွင့်ပွင့်လင်းလင်းပြောတာကို ကြားချင်တယ်ကွာ”

သူသည် အကျီအိတ်ထဲမှ မှတ်စုစာအုပ်တစ်အုပ်ကို ထုတ်လိုက်ပြီး၊ သူ့လက်ထဲသို့ကမ်းပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါးခေါင်းစဉ်မှာ 'ရှစကဝတီပြည်၏ဝိဉာဉ်' တဲ့။ ထူးကဲသောဉာဏ်ရည်မရှိသူ။ သို့သော် လူမသိသူမသိ အနှစ်ကင်းမဲ့သူများ သုံးတတ်သော၊ အရောင်အသွေးကင်းမဲ့သော စကားအသုံးအနှုန်းများဖြင့် မရှင်းမလင်း ရေးသားထားသည်၊ အဓိကအတွေးအခေါ်မှာအသိပညာရှင်တို့သည် သဘာဝလွန်အရာများ၌ မယုံကြည်ခွင့်ရှိကြောင်း တင်ပြထားခြင်းဖြစ်သည်၊ သို့သော်မိမိ၏မယုံကြည်မှုကိုဖုံးကွယ်ထားရမည်။ သို့မှသာ အခြားသူများက လမ်းစပျောက်ကာ စိတ်ပျက်မသွားမည်ဖြစ်သည်။ လူတို့၏ယုံကြည်မှုတရားကိုကိုင်မလှုပ်မည်ဖြစ်သည်။ ယုံကြည်မှုမရှိဘဲလူတို့သည် စိတ်ကူးမျှော်မှန်းချက်ရှိနိုင်မည်မဟုတ်ပါပေ။ ယင်းစိတ်ကူး မျှော်မှန်းဝါဒသည် သိုးဆောင်းတိုင်းကို ကယ်တင်နိုင်မည်။ လူ့ဘောင်ကြီးအား လမ်းမှန်ရောက်အောင်ညွှန်ပြနိုင်ပေမည်ဟု သူကဆိုထားသည်။

စန်းငွေလှိုင်က " သိုးဆောင်းတိုင်းရဲ့ ဘာက ကယ်တင်မယ်ဆိုတာတော့ အကိုကပြောမထားပါလား"

"ဟုတ်တယ်"

စန်းငွေလှိုင်သည် နေရာမှထကာ ကြမ်းပေါ်တွင် လမ်းလျှောက်လျက် .....

"ဘာမှမပါဘူး၊ ဘာဖြစ်လို့ဒီဆောင်းပါးကို ရေးရသလဲဆိုတာလဲမပါဘူး၊ ဒါကို ဘာလုပ်မှာလဲ"





"တာတန်းကလေးအဖြစ်ပုံနှိပ်မယ်"

"လုပ်လေ ..... ဒါကအကို့အလုပ်ပဲလေ"

နှစ်ယောက်စလုံး အတော်ကြာစကားမဆိုဖြစ်ကြ။

"တကယ့်ကိုပြောတာ၊ အကိုဖြင့် သိပ်ဝမ်းနည်းမိတာပဲ၊ ငါ့ညီနဲ့အကိုနဲ့ အယူအဆချင်းမတူကြတာ၊ ငါ့ညီ စန်းငွေလှိုင်၊ငါ့ညီနဲ့အကိုနဲ့ဟာရှစကဝတီပြည်သားတွေပါ၊ နှလုံးကြီးသားတွေ၊ ဘာမှသုံးမရ ပုပ်သိုးနေတဲ့ စာမဏနဲ့ ရေဝတာအတွေးအခေါ်တွေက ဘာ ဒို့ကို ကောင်းကျိုးပြုနိုင်မှာလဲကွာ၊ ငါ့ညီနဲ့အကိုနဲ့ဟာ အစေအပါး လူစားမဟုတ်ဘူးသိလား၊ ထင်ရှားကျော်စောသော ကုန်သည်မိသားစုရဲ့ သားသမီးတွေ မဟုတ်လား....."

စန်းငွေလှိုင်က သူ၏ ဒေါသကိုထိန်းချုပ်ကာ "ဘာထင်ရှားကျော်စောသော မိသားစုလဲ၊ ကျွန်တော်တို့အဖိုးဟာ မြေပိုင်ရှင်တွေက ကြိမ်နဲ့ရိုက်တာခံရတယ်၊ ဘာမှအသုံးမကျတဲ့အရာထမ်းငယ်ကလေးတိုင်းကတဲတွေနဲ့ထွေးကြတယ်၊ အဖိုးကအဖေ့ကိုရိုက်တယ်၊ အဖေက အကိုနဲ့ ကျွန်တော်တို့ကို ရိုက်တယ်၊ ကျွန်တော်တို့ရဲ့ ထင်ရှားကျော်စောသော မိသားစုက ဘာများကျွန်တော်ဘို့ကိုပေးလို့လဲ၊ ဘာအာရုံကြောတွေ၊ ဘာသွေးတွေကို ကျွန်တော်တို့ကအမွေဆက်ခံခဲ့သလဲ.....၊ အကိုလဲသုံးနှစ်နီးပါး



www.burmeseclassic.com

www.burmeseclassic.com



လောက် ဆရာတော်လို ရွတ်ဖတ်ဟောကြားနေရတယ် မဟုတ်လား၊ မဟုတ်ကဟုတ်ကမျိုးစုံတွေပြောနေရတယ်၊ အခုကျတော့ ဒီလိုရေးလိုက်တယ်။ အရှုးချီးပန်းလျှောက် ရေးတာပဲ၊ ကျွန်တော်ကကော၊ ကျွန်တော့်ကိုများကြည့် စမ်းပါအုံး၊ ကျွန်တော့်မှာ အရာရာကို တင်းနိုင်လျှော့နိုင် တွေးတောလုပ်ကိုင်တတ်တဲ့ ပျော့ပျောင်းမှုတရား မရှိဘူး၊ သတ္တိမရှိဘူး၊ စိတ်ထားကောင်းတဲ့ လူတစ်ယောက်ရဲ့ သဘာဝတ္တမရှိဘူး၊ ကျွန်တော်ရှေ့တိုးလုပ်သမျှကိုကြောက် နေရတယ်၊ တစ်ယောက်ယောက်ကများရိုက်လေမလားလို့၊ ကျွန်တော့်မှာ ကျွန်တော့်ထက် စိတ်အားရော၊ စာရိတ္တအား ရော၊ နိမ့်ကျနေတာ၊ အမျိုးမျိုးသော အလကားအညတြ တွေ၊ အရှုးကောင်တွေ၊ လူ့ပေါက်ပန်းတွေရဲ့ရှေ့မှာ ကြောက်ဒူးတုန်နေရတယ်၊ ကျွန်တော့်မှာ လမ်းဘေး တံမြက်စည်းလှဲသမားတွေကြောက်နေရတယ်၊ ပစ္စည်း သယ်တဲ့ကူလီတွေ၊ ပုလိပ်တွေ၊ မြင်းစီးပုလိပ်တွေကြောက် နေရတယ်ဆိုပါတော့၊ လူတိုင်းကို ကြောက်နေရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အမြဲတမ်းညှင်းပမ်းခံရလို့ ကြောက် နေတဲ့အမျိုးသမီးက ကျွန်တော့်ကိုမွေးတာ၊ ဘာဖြစ်လို့လဲ ဆိုတော့ ငယ်ငယ်ကလေးဘဝထဲက သွေးကျအောင် အရိုက် ခံရတယ်၊ အနှိမ်ခံရတယ်၊ အကိုနဲ့ကျွန်တော်နဲ့ဟာ ကလေးတွေမရှိကြရင် သိပ်ကောင်းမှာ၊ ကျွန်တော်က





ဒီထင်ရှားကျော်စောတဲ့ ကုန်သည်မိသားစုဟာ နိဂုံးချုပ် သွားရင်ကောင်းမယ်ဗျာ၊ ဘုရားရှင်ကို အပ်လိုက်ချင် တယ်"

ဖြူကြာပွင့်သည် အခန်းထဲ ဝင်လာကာ၊ စားပွဲ၌ ထိုင်လိုက်သည်။

"အကိုတို့ အငြင်းအခုံလုပ်နေကြတယ်ထင်တယ်၊ ကျမလာတာ အနှောင့်အယှက် မဖြစ်ပါဘူးနော်"

စန်းဖေလှိုင်က "မဖြစ်ပါဘူး ညီမလေး၊ အကိုတို့ က သဘောထားမှုတွေကို ဆွေးနွေးနေကြတာပါ၊ ငါ့ညီက အခု ဒို့မိသားစုကို ရှုတ်ချလိုက်တာပဲ" ဟု သူ့ညီဘက် သို့ လှည့်ကာ ပြောလိုက်သည်။

"ဒါပေမယ့် ဒီမိသားစုက သန်းပေါင်းများစွာ တန်တဲ့ လုပ်ငန်းကြီးကို ထူထောင်ထားတယ် မဟုတ် လား။ ငါ့ညီ ဒါဟာ တစ်ခုခုတော့ တန်ဘိုးရှိတာပေါ့ကွာ"

"သိပ်အောင်မြင်ပြီးမြောက်တဲ့ စွမ်းဆောင်ချက် ကြီးပေါ့လေ၊ သန်းပေါင်းများစွာ တန်သော လုပ်ငန်းကြီး၊ ထူးကဲသော ဉာဏ်ရည်ဉာဏ်စွမ်းမရှိသော လူတစ်ယောက် ဟာ ဈေးဆိုင်ပိုင်ရှင်တစ်ယောက် ဖြစ်နိုင်တာပဲဗျ၊ နောက် ချမ်းသာလာမယ်၊ ပစ္စည်းတွေကို တစ်နေ့ပြီး တစ်နေ့ ရောင်းချနေတယ်၊ ဘာစနစ် ဘာရည်ရွယ်ချက်မှ မသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းတယ်၊ ငွေကြေးမနေတွေ စုပုံပေါ်များလာမှာ မကြိုးစားပဲကို ရောင်းနေမှာ၊ စက်ယန္တယားလည်ပတ်သလို ရောင်းချနေရင်းက ငွေတွေဟာ သူ့ဘက်က ကြိုးစားမှုမပါပဲ စီးဝင်တော့တာပဲ မဟုတ်လား၊ သူ့ဘဝတစ်ခုလုံး ဒီလုပ်ငန်းကြီးပဲ လုပ်နေတာပဲ၊ ဒီလုပ်ငန်းကို သူက ကြိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူက အလုပ်မှာ ဘုရင်၊ သူ့အလုပ်သမားတွေအပေါ် စိုးမိုးလို့ရတယ်၊ ဈေးဝယ်သူ ဖောက်သည်သမားတွေအပေါ် ကလိမ်ကျရတယ်၊ ဒီအခွင့်က ရနေတာကိုး၊ ဘုရားရှိခိုးကျောင်းမှာ လူကြီးလုပ်တယ်၊ သံပြိုင် ခမ္မတေးဆိုသူတွေအပေါ်မှာ စိုးမိုးချင်လို့၊ သူ့အလိုတိုင်း ခိုင်းချင်လို့ ....၊ ကျောင်းရဲ့နာယကလုပ်တယ်၊ ကျောင်းဆရာငွေ့ဟာ သူ့လက်အောက်ကဆိုတာ လိုချင်လို့၊ကုန်သည်ချစ်တာကလုပ်ငန်းမဟုတ်ဘူး၊ တန်ခိုးအာဏာဗျ၊ လူတွေအပေါ် စိုးမိုးချင်လို့ ကုန်လှောင်ရုံဆိုတာက အကိုရဲ့ လုပ်ငန်းဌာနမဟုတ်ဖူး၊ မှောင်ပိန်းနေသော အကျဉ်းထောင်၊ ကြေးတိုက်၊ ဟုတ်တယ်၊ အကို လို လုပ်ငန်းမျိုးအတွက် လိုအပ်တာက စကားပြန်မပြောတတ်တဲ့ အအ၊ ကြောက်တတ်တဲ့ စာရေးတွေ၊ အဲသလို စာရေးမျိုးရဘို့အတွက်က ငယ်စဉ်ကလေးဘဝကတဲက ထမင်းတစ်လုပ်အတွက် အတင်း ခါးညွတ်တတ်ဖို့ သင်ကြားပေးခဲ့ရတယ်၊ မဟုတ်လား။ အကိုတို့





ကို ကောင်းကျိုးပြုသူလို့ ထင်မှတ်အောင် သင်ပေးခဲ့ရတယ်မဟုတ်လား၊ အကိုရဲ့ ကုန်လှောင်ရုံမှာတက္ကသိုလ်က ဘွဲ့ရသူများကို ထားမှာ မဟုတ်ဘူး"

"တက္ကသိုလ်ကျောင်းတော်ကြီးက ဘွဲ့ရသူက အကိုတို့အလုပ်မျိုးနဲ့ ဘယ်သင့်လျော်ပါ့မလဲ"

ဝန်းငွေလှိုင်က "ဒါမမှန်ဘူး၊ ဒါလိမ်တာ"

"အကို့ကို ခွင့်လွှတ်ကွာ၊ ငါညီ ပြောနေပုံက ကိုယ့်အသိုက်အမြုံကို ကိုယ်ညစ်ထေးအောင် လုပ်နေတာ" ဟု စန်းဖေလှိုင်က ပြောကာ ငိုင်ရာမှ ထလိုက်သည်။

"ငါ့ညီက ဒို့လုပ်ငန်းတွေကို ရှုတ်ချတယ်၊ မုန်းတယ်၊ ဒါပေမယ့် ဒီကရတဲ့ အမြတ်တွေနဲ့ကတော့ နေနေရတယ်"

စန်းငွေလှိုင်သည် ခြောက်ခြောက်သွေ့သွေ့ ရယ်မောကာ၊ မျက်လုံးများဝင်းလာလျက်၊ "အဟား ... ဟုတ်လိုက်တာ၊ အဲဒါအချက်ပဲ၊ ဟုတ်တယ်အကို၊ ကျွန်တော်သာ အကိုတို့ရဲ့ထင်ရှားကျော်စောသောမိသားစုထဲက မဟုတ်ရင် ပြားတစ်စေ့လောက်၊ ကျွန်တော့်မှာ စိတ်အင်အားနဲ့ သတ္တိရှိရင် သည်လောက်ဝင်ငွေကို စွန့်ပြီး ကိုယ့်ဖာသာကိုယ့်ဘဝဝမ်းကျောင်းမိမှာပဲ၊ ဒါပေမယ့် အဲဒီလို အရည်အချင်းတို့ကို အကိုတို့ ကုန်လှောင်ရုံကြီး



www.burmeseclassic.com

www.burmeseclassic.com



က ဒမြတိုက်ယူလိုက်ပြီလေ၊ ကျွန်တော်ဟာ အကို့ညီ ဖြစ်လျက်ပါပဲ ....”

စန်းဖေလှိုင်သည် သူ၏နာရီကို လှမ်းကြည့်ကာ ပြန်ရန် အဆောတလျင် လုပ်သည်။

သူသည် ဖြူကြာပွင့်၏ လက်ကို ဆုပ်ကိုင်ကာ ထွက်သွားသည်။ သို့သော် ခန်းမကြီးထဲသို့ ဖြတ်သွားရမည့်အစား ဧည့်ခန်းသို့သွားသည်။ တဖန်အိမ်ခန်းဆီသို့ သွားသည်။

“ဟာ... အကိုတော့လမ်းမှားနေပြီ၊ ဘယ်လောက် ထူးဆန်းတဲ့ အိမ်ကြီးလဲကွယ်၊ ထူးဆန်းတဲ့ အိမ်ကြီး ဟုတ်တယ် မဟုတ်လား”

သူက စိတ်ပျက်လက်ပျက်နှင့် ပြောနေသည်။

သူသည် အပေါ်ရုံအင်္ကျီကို ဝတ်ရင်း၊ မျက်နှာမှာ ကြက်သေသေနေပုံရ၏။ သူ၏မျက်နှာပေါ်၌ စိတ်ခံစား နေရသော အရောင်သမ်းနေသည်။ စန်းငွေလှိုင်၏ ဒေါသ ကား အငွေ့ပျံထွက်သွားခဲ့ပေပြီ၊ အလုံးအခဲမရှိတော့။ သူသည် ကြောက်ရွံ့လာကာ၊ သူ၏အကို စန်းဖေလှိုင် အတွက် ဝမ်းနည်းလာမိသည်။ သူ၏အကိုအပေါ်နွေးထွေး စွာ ချစ်ခဲ့သော တကယ့်မေတ္တာသည်လွန်ခဲ့သောသုံးနှစ်က ခန်းခြောက် သေဆုံးခဲ့ရာမှ ယခုပြန်လည် နိုးထလာသည်။ ယင်းမေတ္တာကို တနည်းနည်းအားဖြင့် ဖော်ပြလိုသောဆန္ဒ





သည် လွှမ်းဝေလာသည်ဟု ခံစားမိသည်။

သူသည် သူ့အကို ပခုံးကို ဖက်လှဲတကင်း ပွတ် သပ်ကာ “အကို မနက်ဖြန်ကျရင် ကျွန်တော်တို့နဲ့ ညစာ ထမင်း အတူလာစား၊ လာမယ် မဟုတ်လား”

“လာမယ် .... လာမယ်ညီလေး၊ အကို့ကို ရေတစ်ခွက်လောက် တဆိတ်”

စန်းငွေလှိုင်သည် ထမင်းစားခန်းသို့ အပြေးသွား ကာ ရေခွက်ကို ယူလိုက်သည်။အီယာသောက်သော ဖန်ခွက်ကြီး။ ဖန်ခွက်ကြီးထဲတွင် ရေအပြည့်လောင်း ထည့်ကာ၊ သူ့အကိုထံ ယူလာသည်။ စန်းဖေလှိုင်သည် ရေငတ်စွာ ငမ်းငမ်းတက် သောက်သည်။ သို့သော် ဖန်ခွက် အနားကို ကိုက်မိကာ ကြိတ်သံထွက်လာသည်။ ထို့နောက် ငိုရှိုက်သံ။ ရေများသည် အပေါ်ရုံအင်္ကျီပေါ်သို့ ကျကုန်သည်။ စန်းငွေလှိုင်မှာ ယောကျ်ားရင့်မကြီး တစ်ယောက်ငိုကြွေးသည်ကို သည်တစ်ခါပဲ မြင်ဘူး၍ ထိတ်လန့်ကာ မှင်တက်မိသွားသည်။ ဖြူကြာပွင့်နှင့် အိမ်ဖော်မလေးတို့သည် စန်းဖေလှိုင်၏ အပေါ်ရုံအင်္ကျီကို ချွတ်ကာဧည့်ခန်းထဲသို့တွဲခေါ်သွားကြသည်။ စန်းငွေလှိုင် က အပြစ်ရှိသူကဲ့သို့ နောက်မှ လိုက်သွားသည်။

ဖြူကြာပွင့်သည် စန်းဖေလှိုင်အား ညောင်စောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်၌ လှဲစေပြီ၊ သူ၏ ဆေး၌ ဒူးထောက်ကာ ထိုင်ချလိုက်သည်။ ဖြူကြာပွင့်က နှစ်သိမ့်သော အသံဖြင့် ....

"ဘာမှဖြစ်တာ မဟုတ်ပါဘူး အကို နဲနဲ ပင်ပန်းသွားတာပါ"

စန်းငွေလှိုင်က –

"အကို သိပ်စိတ်ညစ်သွားတယ်ကွယ်၊ စိတ်မချမ်းသာပါဘူးကွယ်၊ အကို တစ်ချိန်လုံး ဖုံးကွယ်ထားခဲ့တာကို ..."

သူသည် ဖြူကြာပွင့်၏ လည်ပင်းကို ဖက်ကာ နားနားကပ်၍ အသံတိုးတိုးဖြင့် ....

"ညတိုင်းမှာ အကိုလေ မမလှိုင်ကို ညတိုင်း အိပ်မက်မက်နေတယ်၊ မမလှိုင်က အကို့အိပ်ရာဘေး လာပြီး ပက်လက်ကုလားထိုင်နဲ့ ထိုင်ထိုင်နေတယ်"

တစ်နာရီခန့်ကြာသောအခါ သူသည် အပေါ်အင်္ကျီကို ဝတ်ကာ ခန်းမလမ်း၌ ရောက်နေသည်။ ယခုအခါ သူသည် ပြုံးလျက်ရှိပေသည်။ သူသည် အိမ်ဖော်အမျိုးသမီးကို ရှက်နေသည်။ စန်းငွေလှိုင်က သူ့အကိုကို အိမ်အထိ လိုက်ပို့ပေးသည်။

မြောက်ပြင် စိန်မြရုံခြယ်လမ်းရှိ အိမ်သို့အသွား မြင်းရထားပေါ်၌ စန်းငွေလှိုင်က "မနက်ဖြန် အိမ်ကို ဆက်ဆက် ထမင်းလာစားနော်၊ ဝါကျွတ်ရင်ကျွန်တော်တို့





နိုင်ငံခြားသွားလည်ကြတာပေါ့မဟုတ်ဘူးလားအကို၊ အကို အဖို့ အပြောင်းအလဲလေးလိုတယ်၊ အကိုကအားကုန်နေတယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ သွားကြမယ်၊ ညီမလေးဖြူကြာပွင့်ကိုလဲ အကိုတို့နဲ့အတူ ခေါ်ခဲ့ရအောင်နော် ညီလေး"

အိမ်ပြန်ရောက်သောအခါ၌ကား ဖြူကြာပွင့် တုန်တုန်ရင်ရင် ဖြစ်နေသည်ကို စန်းငွေလှိုင် တွေ့ရလေသည်။ စန်းဖေလှိုင်သည်လိုဖြစ်သည်ကို မြင်ရ၍သူမသည် တုန်လှုပ်ချောက်ချားသွားရသည်။ သူမသည် မငိုပေ။ သို့သော် သူမ၏ မျက်နှာသည် ဖြူဖပ်ဖြူလျော်ဖြစ်ကာ အိပ်ရာထဲ၌ ဘယ်ပြန်ညာပြန် လူးလိမ့်ပြီးစောင်များ၊ ခေါင်းအုံးများကို ဖမ်းဆုပ်ထားသည်။ သူ့ယောကျ်ား၏ လက်ကိုလည်း အေးစက်သော ရေခဲလက်များဖြင့် ဆုပ်ညှစ်ထားသည်။ သူမ၏ မျက်လုံးများမှာ ပြူးကျယ်ပြီး ထိတ်လန့်နေသည်။

သူမက စန်းငွေလှိုင်အား တောင်းပန်နေသည်။

"အကိုစန်းရယ် ... ကျမအနားက မခွာပါနဲ့၊ ခွာမသွားနဲ့နော်၊ ဘာဖြစ်လို့ ကျမအခုတလော ဘုရားဆုမတောင်းဖြစ်ပါလိမ့်၊ ပြောစမ်းပါ၊ ကိုစန်းရယ်...၊ကျမ



www.burmeseclassic.com

www.burmeseclassic.com



ဘာသာတရား ကိုင်းရှိုင်းမှု ဘယ်လိုမျိုး ဖြစ်သွားပါလိမ့်၊ အကိုစန်းကလဲ ဘာဖြစ်လို့များ ကျမရှေ့မှာ ဘာသာရေး အကြောင်း သည်လောက်ပြောနေရတာလဲကွာ၊ အကိုစန်း က ကျမရော အကိုစန်းရော အကိုစန်းသူငယ်ချင်းတွေကို ရော အနှောင့်အယှက် လုပ်တာပဲ၊ ကျမရှေ့ရောက် ဘုရားမရှိခိုးတော့ဘူး"

သူသည် သူမ၏ နဖူးကို ရေနွေးပတ်ဖြင့်တင်ပေး သည်။ လက်များကို နွေးလာအောင် ပွတ်ပေးသည်။ ထို့ နောက် လက်ဖက်ရည်တိုက်သည်။ ဖြူကြာပွင့်မှာ ထိတ် လန့်စွာနှင့်ပင် သူ့ကို တွယ်ကပ်သွားသည်။

နောက်တစ်နေ့ နံနက်၌ကား သူမသည် မောကာ အိပ်ပျော်သွားပေသည်။ စန်းငွေလှိုင်က သူမအောနေကာ လက်များကိုကိုင်ထားသည်။ စန်းငွေလှိုင်ကား တစ်ညလုံး တစ်မှေးမှမရ။ နောက်တစ်နေ့၌ကား သူသည် ကိုယ်ရော စိတ်ရော ပင်ပန်းနွမ်းနယ်၍နေကာ၊ သူ၏အိမ်အကြောင်း ရည်ရွယ်ချက် ကင်းမဲ့စွာ တွေးတောကာ မော၍ နေသည်။ သူ၏အတွေးများကား ထုံထိုင်း၍ နေပေသည်။



(၁၆)

ဆရာဝန်များက စန်းဖေလှိုင်သည် စိတ်ဓာတ် အားဖြင့် မတည်မငြိမ်ဖြစ်နေပြီဟု ပြောကြသည်။ စန်းငွေလှိုင်မှာ စိန်မြရုံခြယ်လမ်း၌ဘာတွေဖြစ်နေသည်ကို မသိ။ မှုန်မှိုင်းသောကုန်လှောင်ရုံ၌ အဖိုးကြီးရော၊ စန်းဖေ လှိုင်ရော မရှိပဲ ဖြစ်နေသောအဖြစ်ကို သိကာ၊ ဂူလုပ်ရန် ကိုသာ တွေးတောသည်။ ဖြူကြာပွင့်က ကုန်လှောင်ရုံနှင့် စိန်မြရုံခြယ်အိမ်သို့ နေ့တိုင်းတစ်ခေါက်ရောက်သင့်သည် ဟု ပြောသောအခါ၊ စန်းငွေလှိုင်က ဘာမျှ ပြန်မပြော။ ဒါမှမဟုတ်ငယ်စဉ်ကလေးဘဝကအကြောင်းကိုဒေါသဖြင့် ပြောသည်။ အတိတ်အတွက် သူ့အဖေကို ခွင့်မလွှတ်နိုင်၊ ကုန်လှောင်ရုံနှင့် စိန်မြရုံခြယ် သွားရမှာကို မုန်းနေသည်။ စသည် .... စသည် .... ။

တနင်္ဂနွေနေ့ တနံနက်၌ကား ဖြူကြာပွင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် စိန်မြရုံခြယ်သို့သွားသည်။ သူမရောက်စ လက်ထပ် ဆုတောင်းပွဲ ကျင်းပသော ခန်းမကြီးထဲ၌ပင် အဖိုးကြီး ဦးခမ်းလှိုင်ကို တွေ့ရသည်။ အဖိုးကြီးသည် အဝတ်ကြမ်းအပေါ်အင်္ကျီကို ဝတ်ထားသည်။ ပက်လက် ကုလားထိုင်ထက်၌ မလှုပ်မယှက် ထိုင်ကာ မမြင်ရသော မျက်လုံးများကို ပေကလပ် ပေကလပ် လုပ်လျက်ရှိသည်။

ဖြူကြာပွင့်က သူ၏အပါးသို့ ကပ်သွားလျက် "ကျွမပါ .... သမီးလေ..... အဖေ့ချွေးမအငယ်ပါ၊ အဖေ ဆီလာတာပါ ..."

အဖိုးကြီးသည် လေးလေးပင်ပင် အသက်ရှူစပြုသည်။ ဝေဒနာခံစားရခြင်းနှင့် အဖော်မဲ့ခြင်းကြောင့် စိတ်ထိခိုက်လျက်ရှိသော အဖိုးကြီးသည် သူမလက်ကို ဆုပ်ကိုင်သည်။ ထို့နောက် မျက်နှာနှင့် ခေါင်းတို့ကိုစမ်းသပ်ကြည့်သည်။ သူ့ချွေးမ ဟုတ်မဟုတ်၊ ပြီးလျှင် လက်ယှက်ကာ ဆုတောင်းပေးသည်။

"ကျေးဇူးတင်တယ်၊ ကျေးဇူးသိပ်တင်တယ်သမီးရယ်၊ အဖေ့မျက်လုံးက ကွယ်ပြီ၊ သိတယ် မဟုတ်လား၊ ဘာမှကောင်းကောင်း မမြင်ရတော့ဘူး၊ ပြတင်းပေါက်နဲ့ မီးလျှံကို ရေးရေးပဲတွေ့ရတယ်၊ လူနဲ့အရာဝတ္ထုတွေကိုတော့ လုံးလုံး မမြင်ရတော့ဘူးကွယ်၊ ဟုတ်တယ် ကျုပ်





မျက်စိကွယ်ပါပြီ၊ အကြီးကောင် စန်းဖေလှိုင်လည်း နေမကောင်းဘူး၊ အဲဒီတော့ ကြည့်မယ့် ရှုမယ့်လူလဲ မရှိတော့ဘူး၊ တစ်ခုခုဖြစ်ရင် ဘယ်သူ့ကို တရားခံလို့ ပြောတော့မလဲ၊ အလုပ်သမားတွေကလဲ လွှတ်နေကြပြီ၊ စန်းဖေလှိုင်လဲ ဘာဖြစ်နေသလဲ မသိဘူး၊ အအေးများ မိသလား၊ ကျုပ်ကတော့ ကျုပ်တစ်သက်မှာ "တခါမှ မနာမကျန်း မဖြစ်ဖူးဘူး၊ ဆေးကုတယ်ဆိုတာလဲ မရှိခဲ့ဘူး၊ ဆရာဝန်ဆိုတာ ဝေလာဝေး ...."

ထုံးစံအတိုင်း အဖိုးကြီးသည် ကြွားမာန်ဝင့်နေတော့သည်။ ထိုအခိုက် အစေခံသည် အလျင်စလို စားပွဲလာခင်းသည်။ စားစရာသောက်စရာမျိုးစုံလာချသည်။ ပုလင်းဆယ်ပုလင်းလောက်ပါသည်။ ပုလင်းတစ်လုံးက ပဲရစ်မြို့က အီဖယ်မျှော်စင်ပုံ၊ ယာဂုနှင့် ငါးလည်း တွေ့ရသည်။

"သမီး ကျုပ်နဲ့အတူ စားမလား" ဟု အဖိုးကြီးက ပြောသည်။

သူမသည် အဖိုးကြီးကို လက်မောင်းမှ ကိုင်ကာ စားပွဲခုံသို့ ခေါ်သွားသည်။ ထည့်ပြုပေးသည်။

"ကျွမ မနက်ဖြန် လာခဲ့အုံးမယ်၊ အဖေ့မြေးကလေး ခင်ပိတောက်နဲ့ ခင်ကုံကော်လဲ ခေါ်ခဲ့မယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အဖိုးကို ကလေးတွေက တွေ့ချင်ကြတယ်"

"မခေါ်နဲ့၊ မခေါ်နဲ့ သူတို့က တရားမဝင်ဘူး"

"ဘာဖြစ်လို့ ဒီလိုပြောလိုက်တာလဲ အဖေ၊ သူတို့အဖေနဲ့အမေဟာ လက်ထပ်ယူကြတာပဲဟာ"

"လက်ထပ်ကြတာ ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်ခွင့်ပြုချက်မရပဲ လက်ထပ်ကြတာပဲ၊ ကျုပ်ဘာ ဆုတောင်းမှ မပေးခဲ့ဘူး၊ ကျုပ်နဲ့ မဆိုင်ပါဘူး၊ ဘုရားရှင် ကကြည့်ရှုပါလိမ့်မယ်"

"ဒီလိုလဲပြောလို့ ဘယ်ဖြစ်ပါ့မလဲ အဖေ" ဟု သူမက ပြောကာ၊ သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဓမ္မကျမ်းစာက ဆိုထားပါတယ်၊ ကလေးတို့ဟာ မိဘများကို လေးစားရမယ်၊ ကြောက်ကြရမယ်လို့ ..."

"ဒီလို မဆိုလိုပါဘူး၊ ဓမ္မကျမ်းစာက ဆိုတာက ရန်သူကို ခွင့်လွှတ်ရမယ်တဲ့ လို့သာ ဆိုတာပါ"

"ကျုပ်တို့လို လုပ်ငန်းတွေမှာ ခွင့်လွှတ်ရတာ မိမိ အပေါ်ကို အမှားပြုသူ၊ မကောင်းမှုပြုသူကိုပင်လျှင် ကြင်နာစကားဆိုရတာဟာ လုပ်ငန်းတစ်ခု သို့မဟုတ် ဉစ္စာဓနထက် အရေးကြီးပါတယ်"

ဖြူကြာပွင့်မှာ အဖိုးကြီး၏နှလုံးသားပျော့ပျောင်းနူးညံ့သွားစေချင်သည်။ သနားကြင်နာစိတ်၊ နောင်တရစိတ်များပေါ်ပေါက်လာအောင်လှုံ့ဆော်ချင်သည်။ သို့သော်





အဖိုးကြီးမှာသူမပြောသမျှ လူကြီးတစ်ယောက်ကို ကလေးငယ်က မပီကလာပီကလာပြောနေသည်ကို နားထောင်နေရသကဲ့သို့သာ။

သူမက ခိုင်မာစွာ ပြောနေသည်။

"အဖေက အိုနေပြီ၊ ဘုရားရှင်တော်က မကြာခင်ခေါ်တော့မှာ၊ ကိုယ်တော်က အဖေ့လုပ်ငန်းအကြောင်းမေးမှာမဟုတ်ဘူး၊ အဖေ့ကုန်လှောင်ရုံလုပ်ငန်းက ဘယ်လောက် မြတ်တယ် မမြတ်ဘူးဆိုတာမေးမှာ မဟုတ်ဘူး၊ သူမေးမှာက လူသားချင်းအပေါ်မှာ ဘယ်လောက်စေတနာရှိတယ်၊ မိမိထက် အားနည်းသူများအပေါ်မှာ ဘယ်လောက် တင်းမာခြင်း မရှိဘူးဆိုတာ၊ ဆိုပါတော့ အစေခံတွေအပေါ် စာရေးတွေအပေါ် "

"ကျုပ်က အမြဲတမ်း ကျုပ်အလုပ်သမားတွေရဲ့ ကောင်းကျိုးချမ်းသာမှုကို လုပ်ပေးခဲ့တာပဲ၊ သူတို့ ကျုပ်တို့လို အလုပ်ရှင်မျိုးကို ထာဝရပတ်လုံး ကျေးဇူးတင်နေရမှာပါ .."

အဖိုးကြီးက ယုံယုံကြည်ကြည် ပြောနေသည်။ ထိုအဖိုးကြီးသည် ဖြူကြာပွင့်၏ ချိုသာပျော့ပျောင်းသောလေသံကြောင့် စိတ်ထိခိုက်ကာ သူမစိတ်ကျေနပ်စေရန် ထပ်၍ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ.. မနက်ဖြန်ကော့ ကလေးမလေး တွေကို သိမ်းခဲ့ပါကောလေ၊ ကောင်းဆောင်ပစ္စည်းများ မှာထားလိုက်ပါ့မယ်ကွယ် ...."

အဖိုးကြီးမှာ မသေမသပ် ဝတ်ဆင်ထားသည်။ ရင်ဘတ်နှင့် ဒူးပေါ်၌ ဆေးလိပ်ပြာများ ပေကျံနေသည်ကို တွေ့ရသည်။ ဘယ်သူမှ အဖိုးကြီး၏ ဖိနပ်နှင့် အဝတ်အစားများကို သန့်ရှင်းမပေးသည်ကတော့ သေချာသည်။ ယာဂုမှာလည်း ကောင်းကောင်းချက်ထားသည် မဟုတ်။ ပစ်စလက်ခတ်။ စားပွဲခင်းမှာ ဟင်းစအနံ့ရနေ၏။ အစေခံများမှာ ခြေဆောင့်နင်း၍ သွားလာနေကြပေသည်။ အဖိုးကြီးနှင့် စိန်မြရုံခြယ် အိမ်ကြီးတစ်လုံးကို ဘယ်သူမှ ဂရုမစိုက်ကြ၊ ပစ်ထားကြဟန်ရှိသည်။ ဖြူကြာပွင့်မှာ သူမအတွက်ရော၊ သူမယောကျ်ားအတွက်ပါ ရှက်နေမိလေသည်။

"ကျွမ မနက်ဖြန် ဆက်ဆက် လာခဲ့ပါမယ်" ဟု သူမက ဆိုသည်။

သူမသည် အခန်းများကို လှည့်လည်ကြည့်ရှုကာ၊ အစေခံများအား အဖိုးကြီး၏ အိပ်ရာကို ကျကျနန ပြင်ဆင်ပေးဘို့ အခန်းထဲ၌ ဆီမီး ပူဇော်ထွန်းညှိထားဘို့ အမိန့်ပေးသည်။ စန်းဖေလှိုင်မှာ သူ၏ အခန်းထဲ၌ ထိုင်ကာ ဖွင့်ထားသောစာအုပ်ကို ကြောင်ကြောင်ကြီး ငေး





ကြည့်နေလျက်။ ဖြူကြာပွင့်က သူ့အား နှုတ်ဆက်စကား ပြောပြီးနောက် သူ၏အခန်းကိုလည်း ရှင်းလင်းရန် မှာကြားသည်။ ထို့နောက် သူမသည် စာရေးတန်းလျားသို့ သွားသည် ဆေးသုတ်ထားခြင်းမရှိသော ယက်မတို့က နိမ့်သော မျက်နှာကြက်ကိုထောက်ပံ့ထားသည်။ အခန်းလယ်၌ စာရေးများ ထမင်းစားကြသည်။ နံရံများမှာ အပေါ်စားပန်းစက္ကူတို့ဖြင့် ကပ်ထားကြသည်။ မီးဖိုချောင်မှာဟင်းနံ့တို့ဖြင့် မွမ်းကျပ်နေပေသည်။ တနင်္ဂနွေနေ့ ဖြစ်သည့်အတွက် စာရေးများသည် သူတို့ အိပ်ရာများ၌ ရှိကြကာ၊ ညနေစာ စောင့်နေကြသည်။ ဖြူကြာပွင့် ဝင်လာသောအခါ နေရာမှ ထလာကြကာ၊ သူမ မေးသမျှကို ကြောက်ရွံ့စွာ ဖြေကြားကြသည်။ သူမကို အကျဉ်းသမားများကဲ့သို့ မနှစ်မြို့သော မျက်နှာဖြင့် ကြည့်နေသည်။

သူမက လက်များကို ဆန့်ရင်း "ဒီနေရာက သိပ် ညစ်ပတ်တာပါပဲလားရှင်၊ ရှင်တို့ နေရထိုင်ရတာ ကျပ် မနေဘူးလား ...."

ဦးနန္ဒက "ကျွန်တော်တို့အနေနဲ့ ဘာမှ ပြောစရာ မရှိပါဘူးဗျာ၊ ခင်ဗျားကို ကျေးဇူးတင်ပါတယ်၊ ခင်ဗျားကို ဘုရားရှင်တော်က စောင့်ရှောက်ပါစေလို့ ဆုတောင်း လိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူ့ဘ၀ရဲ့ ဆက်ဆံမှု ကောင်းခြင်းနဲ့ ပုဂ္ဂလရေးရာကြီးမြင့်လာမှုပါဘဲ" ဟု ဦးမောင်ဘက အချုပ်စကားဖွင့်ဆိုသည်။

ဦးနန္ဒက "ကျွန်တော်တို့က လူရိုး တောသားတွေပါ ခင်ဗျာ၊ ကျွန်တော့်တို့အဆင့်နဲ့ ကိုက်ညီအောင် နေကြရပါတယ်" ဟုရှင်းပြသည်။

သူမသည် အလုပ်သင် တန်းလျားနှင့် မီးဖိုချောင်သို့ လှည့်လည်ကြည့်ရှုသည်။ အိမ်အစောင့်အကြပ်များနှင့် တွေ့ဆုံစကားပြောသည်။ သူမ တွေ့ရသမျှ စိတ်သိပ်ပျက်မိကာ ထွက်ခွာသွားလေသည်။

အိမ်ပြန်ရောက်သောအခါ သူမက သူမ၏ယောကျ်ားအား ...

"ကျွန်မတို့ စိန်မြရုံခြံယ်ကို အမြန်ဆုံး ပြောင်းရွှေ့ကြရမယ်၊ အကိုလဲ ကုန်လှောင်ရုံကို နေ့တိုင်းသွားသင့်တယ်"

သူတို့နှစ်ယောက်သည် စာကြည့်ခန်းထဲ၌ ဘေးချင်းယှဉ်ကာ အတော်ကြာထိုင်လျက်ရှိသည်။တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြ။ စန်းငွေလှိုင်မှာ စိတ်လေးလံလျက်ရှိသည်။ သူသည် စိန်မြရုံခြံယ်ကိုလည်းကောင်း၊ ကုန်လှောင်ရုံကိုလည်းကောင်း မသွားချင်ပေ၊ သို့သော်သူသည် သူ့မိန်းမစိတ်ထဲ၌ ဘာရှိနေသည်ကို





တွေးတောကာ သူမကို ဆန့်ကျင်ရန် ခွန်အားကား မရှိပေ။

သူသည် သူမ၏ ပါးကို မွတ်ပေးရင်း "ကိုယ်တော့ ကိုယ်တို့ဘ၀ဟာ ကျဆုံးနေပြီလို့ ခံစားနေရတယ်၊ တကယ်က တစ်၀က်တစ်ပျက် ပဲ တည်ရှိနေပြီး၊ ငြိုးငွေ့စရာ ထိုင်းမှိုင်းနေတယ်၊ အကိုစန်းဖေလှိုင် တစ်ယောက်သိပ်မမာနေဘူးဆိုတော့ ကိုယ် ငိုမိတယ်ကွာ၊ တကယ့်ပဲ အကိုနဲ့ ကိုယ်တို့ဟာ ငယ်စဉ်တောင်ကျေး ကလေးဘ၀ကတဲက အတူ ကြီးပြင်းလာခဲ့ကြတာ၊ မဟုတ်လား၊ အကိုစန်းက သူ့ကို သိပ်ချစ်ခဲ့ရတာ၊ တစ်ခါကပေါ့လေ။ အခုတော့ ပျက်စီးခြင်းမက ပျက်စီးသွားပါပြီလေ။ အကိုစန်းကတော့ အကိုစန်းတို့ရဲ့ အတိတ်နဲ့ရာသက်ပန်ခွဲခွာလိုက်ပြီလို့ ခံစားနေမိတယ်၊ အခု ဖြူဖြူက စိန်မြရုံခြံယ်ကိုပြောင်းရွှေ့ရမယ် ပြောတော့ အကျဉ်းထောင်ကို ပြောင်းရတော့မလိုဘဲ၊ အကိုစန်းမှာ အနာဂတ် မရှိတော့ဘူးလို့ခံစားမိတယ်ကွာ"

သူသည် ထလိုက်ကာ ပြတင်းပေါက်ဆီသို့ သွားသည်။ သူသည် လမ်းမဘက်သို့ ငေးကြည့်နေရင်း "ဟုတ်တယ် ဖြူလေး တစ်သက်လုံး ပျော်ရွှင်ချမ်းမြေ့မှုကို စွန့်လွှတ်လိုက်ရတော့မှာဘဲ၊ အဲဒီလိုမျိုးက အခုမရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အစကတော့ အဲဒီလိုဖြစ်လိမ့်မယ်လို့ သိလဲ မသိခဲ့ဘူး။ အဲဒါမျိုး တည်ရှိသေးသလား ဆိုတာလဲ အကိုစန်း သံသယရှိနေတယ်၊ အကိုစန်း တစ်သက်မှာ ပျော်ရွှင်ချမ်းမြေ့မှု ခံစားရတာ တစ်ခါဘဲ ကြုံခဲ့ရဘူးတယ်၊ အဲဒါ သိလား၊ ဖြူလေးရဲ့ ထီးကို ဖွင့်ပြီးဆောင်းကြည့်နေတဲ့ ညဘဲ၊ ဖြူလေး မှတ်မိသေးလား ... မမလှိုင့်အခန်းထဲမှာ ဖြူလေးထီး ကျန်ရစ်ခဲ့တာလေ"ဟု ဖြူကြာပွင့်ဘက် လှည့်ကာ ပြောနေသည်။

"အဲဒီတုန်းက မဖြူကြာပွင့်ကို သိပ်ချစ်နေခဲ့တာပေါ့၊ မှတ်မိသေးတယ်၊ အဲဒီ ပိုးထီးလေးအောက်မှာ တစ်ညလုံး ထိုင်နေမိတယ်လေ။ တကယ့်ကို ပြည့်ပြည့်ဝဝ စိတ် ချမ်းမြေ့မှုကို ခံစားရတဲ့ညပေါ့"

စာကြည့်ခန်းထဲရှိ စာအုပ်ဘီရိုဘေး၌ မဟော်ဂနီနှင့် ကြေးနီနှင့် လုပ်ထားသော သေတ္တာကြီးတစ်ခု ရှိသည်။ ယင်းသေတ္တာထဲ၌ အသုံးမကျတော့သော ပစ္စည်းတိုလီမိုလီများ ထည့်ထားသည်။ ယင်းသေတ္တာထဲ၌ ပိုးထီးလေး ရှိသည်။ သူသည် ပိုးထီးလေးကို ယူကာ သူ့မိန်းမလက်ထဲသို့ ပေးလိုက်သည်။ အပြာနုထဲမှ ငုဝါပွင့်။

"ဟောဒီမှာလေ" ဟု သူကပြောသည်။

ဖြူကြာပွင့်သည် ပိုးထီးလေးကို တစ်မိနစ်ခန့် ကြည့်နေမိသည်။ မှတ်မိတာပေါ့။ သိပ်မှတ်မိတာပေါ့၊





သူသည် ဝမ်းနည်းစွာ ပြုံးလျက် ရှိသည်။

"ဖြူလေး မှတ်မိပါတယ် အကိုစန်းရယ် ဖြူလေး ကို ချစ်ရေးဆိုတော့ အကိုစန်းက ဒီထီးလေးကို ကိုင်ထားတာပဲဟာ"

စန်းငွေလှိုင်ကအခန်းထဲမှထွက်မည်ပြုသောအခါ ဖြူကြာပွင့်က ... "အိမ်ကို စောစောပြန်ပါ၊ အကိုစန်းရယ် နော် ...၊အကိုစန်းမရှိရင် ဖြူလေးဟာခ်ယောက်တည်း သိပ်ပျင်းတာပဲကွာ"

သူမသည် အခန်းသို့ပြန်ကာ ပိုးထီးလေးကို အတန်ကြာ ငေးကြည့်လျက်။



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

သူတို့၏ စီးပွားရေးလုပ်ငန်းမှာ ကြီးကျယ်ပြီး ရှုပ်ထွေးသော်လည်း လိုင်သားအဖတို့သည် စာရင်းကိုင် ငှားမထားပေ။ စာရေးများ ရေးမှတ်ထားသော စာရင်းစာအုပ်များမှာလည်းဖတ်၍မရ။ ကုန်လှောင်ရုံသို့နေ့တိုင်း လာရောက်ကြသော ဂျာမဏီနှင့်အင်္ဂလိပ် စီးပွားရေးလုပ်ငန်း ကိုယ်စားလှယ်တို့မှာ စာရေးများနှင့် နိုင်ငံရေးဘာသာရေးများ ဆွေးနွေးကြသည်။မှန်မှန်လာရောက်သော ဧည့်သည် တစ်ယောက်မှာ အရက်မူးနေတတ်သော လူကြီးလူကောင်း တစ်ယောက်ဖြစ်သည်။ ကျန်းမာပုံမရ၍ သနားစရာသတ္တဝါဖြစ်သည်။ သူကနိုင်ငံခြားသို့ပေးသော စာများကို ဘာသာပြန်ပေးရသည်။ စာရေးများက သူ့ကို 'သောက်ပေါကြီး'ဟုခေါ်တတ်ကြသည်။ သူ့လက်ဖက်ရည်ထဲ၌ ဆားခတ်ထားတတ်သည်။ စန်းငွေလှိုင်က လုပ်ငန်းကြီးတစ်ခုလုံးကို အလကား ရယ်စရာကြီးဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်သည်။

ယခုအခါ စန်းငွေလှိုင်သည် ကုန်လှောင်ရုံသို့ နေ့တိုင်းသွားကာ အစစအရာရာ ပြောင်းလဲပစ်ရန် ကြိုးစားသည်။ သူက အလုပ်သင်ကလေးများကိုမရိုက်နှက်ရန်နှင့် ဈေးဝယ်သူဖောက်သည်များကို မလိမ်ရန် တားမြစ်သည်။ နယ်မှ ကုန်လာဝယ်သူများအား ရောင်းမရသော တိုက်ဆွေးပစ္စည်းအိုပစ္စည်းနာတို့ကိုဈေးကွက်၌ နောက်ဆုံးပေါ်အသစ်အဆန်းအဖြစ် အတင်းထိုးထည့် ရောင်းသည်ကို မိလျှင် သူသည် စာရေးများကို ဒေါသမထိန်းနိုင်တော့ပေ။ သို့သော် သူသည် ကုန်လှောင်ရုံကို အုပ်ချုပ်နေသော်လည်း တကယ်က သူပိုင် ပစ္စည်း၏ ပမာဏကို သူမသိပေ။ ဒါမှမဟုတ် လုပ်ငန်းကြီး ဘယ်လောက် စည်ပင် တိုးတက်နေသလဲ၊ သို့မဟုတ် စာရေးများ လခဘယ်လောက်ရသလဲဆိုတာလည်း သူမသိပေ။ ဦးမောင်ဘနှင့် ဦးနန္ဒက သူသည် ငယ်ရွယ်ပြီး အတွေ့အကြုံမရှိသေး၍ ကုမ္ပဏီ၏ လျှို့ဝှက်ချက်များကို အသိပေးလို့ မဖြစ်ဟု ယူဆထားကြသည်။ သူတို့သည် ညနေတိုင်း မျက်မမြင် ဖခင်ကြီးနှင့် ကြာသောင်းစွာ တိုးတိုးတိုင်ပင်လျက်ရှိနေကြသည်။

ဇွန်လ စောစော ရက်တစ်ရက်နေ့၌ စန်းငွေလှိုင်





နှင့် ဦးမောင်ဘတို့သည် လုပ်ငန်းအကြောင်း ဆွေးနွေးရင်း နတ်သုဒ္ဓါ ပျော်ပွဲစားရုံသို့ နေ့လယ်စာ အတူစားသောက်ကြသည်။ ဦးမောင်ဘမှာ လှိုင်သားအဖတို့နှင့် ရှစ်နှစ်သားကတည်းက အတူရှိနေခဲ့ပေသည်။ သူ့ကို အိမ်သားတစ်ယောက်ဟုပင် သဘောထားကာ ပို၍ ယုံစားခြင်းခံရသူ ဖြစ်သည်။ ကုန်လှောင်ရုံမှ ပြန်လျှင် သူသည် ယနေ့ လက်ခံရရှိသော ငွေရပြေစာများကို အံဆွဲထဲမှ သူ့အကျီအိတ်ထဲသို့ ထည့်ကာ ယူသွားမြဲ၊ သူသည် ကုန်လှောင်ရုံနှင့် အိမ်တွင်ပါ အကြီးအကဲ တစ်ယောက်ဖြစ်သည်။ ဒါတင်မက ဘုရားရှိခိုးကျောင်းတွင်လည်း လူကြီး၊ အဖိုးကြီး၏ ကိုယ်စား ဘာသာရေးကိစ္စများဆောင်ရွက်ရသူဖြစ်သည်။ အလုပ်သင်များအပေါ်ရက်စက်စွာ၊ ကြမ်းကြုတ်စွာ ပြုမူဆက်ဆံမှုကြောင့် သူ့မှာ 'ဘီလူးယက္ခ' ဟု အခေါ်ခံရသည်။

ပျော်ပွဲစားရုံအတွင်းသို့ ရောက်သောအခါ သူသည် စားပွဲထိုးကို ခေါ်ကာ 'ရတနာပွဲတစ်ဝက်နှင့် အနှောင့်အယှက် နှစ်ဆယ့်လေးခုယူခဲ့ဟေ့' ဟု မှာလိုက်သည်။ နဲနဲလေးကြာသောအခါ စားပွဲထိုးသည် လင်ဗန်းထဲ၌ ချိုရှခါးခေါင်ရည်ပုလင်းဝက်နှင့် ရေခဲစိမ် ဟင်းအမျိုးမျိုး ယူလာချသည်။

ဦးမောင်ဘက စာပွဲထိုးအား "နောက်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ့လူ၊ ဝန်တိုစွပ်စွဲခြင်းနဲ့ အမနာပ,တစ်ခြမ်းရယ်၊ အာလူး ချေထားတာရယ်ပေး"

စားပွဲထိုးမှာ စိတ်ရှုပ်ပြီး တစုံတစ်ရာ ပြန်ပြော မည်လုပ်သည်။ သို့သော် ဦးမောင်ဘက ဆက်လက်၍

"နောက်ပြီးတော့"

စားပွဲထိုးမှာ ခဏမျှ အတွေးရကျပ်နေပြီးနောက် သူ့ရဲဘော်များနှင့်တိုင်ပင်ရန်ထွက်သွားသည်။ နောက်ဆုံး၌ ပဟေဠိကိုဖြေရှင်းနိုင်ကာ ဟင်းလျာများ ယူလာသည်။

ခေါင်ရည် နှစ်ဖန်ခွက်နှင့် စားစရာများ တစ်တို့နှစ်တို့စားပြီးကြသောအခါ စန်းငွေလှိုင်က –

"ကျွန်တော့်ကို ပြောစမ်းပါ၊ ကျွန်တော်တို့ လုပ်ငန်း လွန်ခဲ့သော နှစ်အနည်းငယ်က ကျဆင်းနေတယ် ဆိုတာ အမှန်ပဲလား ခင်ဗျာ"

"သို့သော်ငြားလည်း မဟုတ်ပါဘူး"

"ပြောပါ .. ရှင်းရှင်း ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုး ပြောပါဗျာ၊ တဆိတ်ကျေးဇူးပြုပြီးတော့ .... ဝင်နေတာက ငွေဘယ်လောက်၊ အခုလက်ငင်းမှာ အရင်းငွေက ဘယ်လောက်၊ မှောင်ထဲမှာ စမ်းတဝါးဝါး လမ်းသွားနေတာမျိုး ကတော့ ဆက်လုပ်လို့မဖြစ်ဖူး၊ မကြာသေးခင်ကပဲ ကုန် လှောင်ရုံလစာ စာရင်းတွေကို စစ်ဆေးကြည့်တယ်၊ ပြောရ





မှာတော့ ဝမ်းနည်းတယ်၊ ကျွန်တော်သိဘို့မလိုဘူးဆိုပြီး တော့ လုပ်ထားကြတယ်၊ အဖေ့တစ်ယောက်ကိုသာ အမှန် ပြောမှာပေါ့၊ ဟုတ်တယ်မဟုတ်လား၊ ဦးမောင်ဘ ငယ်စဉ် ကတဲက ရှိလာတဲ့ ပေါ်လာစီပဲ၊ ဒီပေါ်လစီနဲ့ မဟုတ်ရင် မလုပ်တတ်တော့ဘူး၊ ဒါပေမယ့် အခုတော့ဒါကိုစွန့်လွှတ် ဖို့ အချိန်ကျနေပြီ၊ ကျွန်တော့်ကို ဘွင်းဘွင်းပြောချလိုက် စမ်းပါ ....၊ စာရင်းတွေက ဘယ်လိုလဲ ဦးမောင်ဘ ...."

ဦးမောင်ဘက ခဏစဉ်းစားပြီး "ဒါက အကြွေး ငန်းဖျားရောဂါပေါ်မှာ တည်နေတယ် မောင်စန်းငွေလှိုင်"

"အကြွေးငန်းဖျားရောဂါဆိုတာ ဘာလဲခင်ဗျာ"

ဦးမောင်ဘက ဆက်ရှင်းပြသည်။ သို့သော် စန်းငွေလှိုင်သည် အဓိပ္ပါယ်ရှာမရပေ။ ဒါနှင့် ဦးနန္ဒကို အခေါ်လွှတ်လိုက်ရသည်။ ဦးနန္ဒရောက်လာကာ ဘုရား စာရွတ်ပြီးနည်းနည်းပါးပါး စားသောက်သည်။ ထို့နောက် အသံသြသြ အောင်မြင်သော ဘယ်သံကြီးနှင့်၊ စာရေး များသည် ယခုလို ကောင်းကျိုးပြုသူများ ရှိသည့် အတွက် နေ့ရောညပါ ဘုရားရှင်တော်အား ကျေးဇူးတင်ကြောင်း၊ ရွတ်ဖတ်သင့်ကြောင်း ပြောသည်။

"ဒါကတော့ ကောင်းပါတယ်ဗျာ .... ၊ ဒါပေမယ့် ကျွန်တော့်ကို ခင်ဗျားတို့ရဲ့ ကောင်းကျိုးပြုသူအဖြစ်တော့ သဘောမထားပါနဲ့ ဆိုတာတော့ ပြောပါရစေ" ဟု



www.burmeseclassic.com

www.burmeseclassic.com



စန်းငွေလှိုင်က ပြောသည်။

"လူတိုင်းဟာ သူဟာဘယ်သူဆိုတာ၊ သူ့နေရာဟာ ဘယ်နေရာဆိုတာ သတိရရမှာပေါ့၊ ဘုရားရှင်တော်၏ ကျေးဇူးတော်ကြောင့် ခင်ဗျားဟာ ကျွန်တော်တို့ရဲ့ဖခင်၊ ကျွန်တော်တို့ကို ကောင်းကျိုးပြုသူ၊ ကျုပ်တို့ဟာ ခင်ဗျားရဲ့ ကျေးကျွန်တွေပဲ"

စန်းငွေလှိုင်က ဒေါသဖြင့် အော်လိုက်သည်။

"ဒါတွေ တော်ပါတော့ဗျာ ...၊ ဒါတွေကြောင့် ကျွန်တော်တော့ ဖျားချင်နေပြီ၊ ရင်လဲ လေးလှပါပြီ၊ ထားပါတော့ ခင်ဗျားဟာ ကျွန်တော်ရဲ့ ကောင်းကျိုးပြုသူ၊ လုပ်ငန်းအခြေအနေကိုသာ တစ်ခု ကျွန်တော့်ကို အသိပေးစမ်းပါ။ ဒီလိုသာ ကျွန်တော့်ကို ကလေးလေးလိုသဘောထားတာမဟုတ်ဖူးဆိုရင် မနက်ဖြန် ကုန်လှောင်ရုံကိုပိတ်လိုက်မယ်၊ ကျွန်တော့်အဖေဟာ မျက်စိကွယ်နေတယ်၊ ကျွန်တော့်အကိုကလဲ စိတ္တဇဆေးရုံရောက်နေတယ်၊ ကျွန်တော့်တူမလေးတွေက အသက်မပြည့်ကြသေးဘူး၊ ကျွန်တော်က ဒီစီးပွားရေးလုပ်ငန်းကို သိပ်ကိုမုန်းတာ၊ ဒီအလုပ်ကို ဝမ်းမြောက်ဝမ်းသာနဲ့ စွန့်လွှတ်လိုက်နိုင်တယ်၊ ဒါပေမယ့် ကျွန်တော့်နေရာ လာလုပ်မယ့်လူကရှိတာမဟုတ်ဖူး၊ ခင်ဗျားတို့လဲ အသိ ် မဟုတ်လား၊





အဲဒီတော့ ခင်ဗျားတို့ရဲ့ မိုက်မဲတဲ့ ပေါလစီကြီးကို စွန့်ပစ်လိုက်ပေတော့ ..."

သူတို့သည် ကုန်လှောင်ရုံသို့ သွားကြကာ စာရင်းများကို စစ်ဆေးကြသည်။ ညနေဘက်၌ကား အိမ်တွင် ဆက်လက်၍ လုပ်ကြသည်။ အဖိုးကြီးကလည်း ကူညီသည်။ သူ၏ စီးပွားရေးလျှို့ဝှက်ချက်များကို သားအားဖွင့်ဟပြောပြသော်၊ အဖိုးကြီး၏လေသံမှာ စီးပွားရေးလုပ်ငန်းမဟုတ်ပဲ၊ အောက်လမ်းအစီမ်းတိုက် မျက်လှည့်ပြပွဲ ခင်းသည်ဟု တပါးသူက ထင်ရပေသည်။ နှစ်စဉ် ဝင်ငွေသည် ဆယ်ပုံတပုံ တိုးပွားနေသည်ကို တွေ့ရပြီး၊ လှိုင်ကုမ္ပဏီသည် ငွေကြေးရော အာမခံ စာချုပ်များအပါအဝင် ရွှေအဒင်္ဂါးခြောက်သန်း တန်ဘိုးရှိပေသည်။

စန်းငွေလှိုင် အပြင်ထွက်၍ လေကောင်းလေသန့်ရှူသောအခါ ညသန်းခေါင်ပင်ကျော်နေလေပြီ။ သူ့မှာ ကိန်းဂဏန်းများ၏ခြောက်လှန့်ပြုစားခြင်းခံနေရဆဲ၊ ငြိမ်သက်၍အိုက်စပ်စပ် လရောင်ရွှန်းမြသောည၊ ရတနာပုံမြို့တော် အိမ်ယာတိုက်တာတို့၏ ဖြူဖွေးသော နံရံများ၊ သံချွန်များဖြင့် ခတ်ထားသော ဝင်းတံခါးကြီးများ၊ တိတ်ဆိတ်ခြင်းနှင့် အမှောင်ရိပ်များသည် မြို့ရိုးကြီးဟု ထင်မှတ်ရတော့သည်။ သေနတ်ကိုင် အစောင့်စစ်သားသာလျှင်လိုနေသည်။ စန်းငွေလှိုင်သည် ပန်းခြံလေးထဲသို့ဆင်းကာ

www.burmeseclassic.com



အခြားတဖက် အိမ်နီးချင်း၏ ခြံဝင်းနှင့် ခြားထားသော သူတို့၏ ခြံဝင်းအနီးရှိ ခုံရှည်ပေါ်၌ သွားထိုင်နေသည်။ ပတ္တမြား ချယ်ရီပန်းတို့က ပွင့်ဖူးထုံယစ်လျက်။ သူငယ်ငယ်က အတိုင်းပင် ပုံမပျက်ပန်းမပျက်။ ယခင်အတိုင်းပင် တွန့်လိမ်ခွေရစ်မြဲ။ တလက်မပင်အရပ်ရှည်မလာ။ ပန်းခြံနှင့်မြေကွက်လပ်၏ ထောင့်တိုင်းတို့သည် အဝေးတွင် ကျန်ရစ်ခဲ့သော အတိတ်ကို အမှတ်တရဖြစ်ပေါ်စေလျက်။ ယခုအခါကဲ့သို့ပင် ကျဲနေသော သစ်ပင်များအကြားမှ လ, ရောင်ရိုက်ဆင်ပြိုးပြက်ထားသော မြေကွက်လပ်ကို သတိရလာသည်။ အရိပ်တို့မှာလည်းမှောင်မြဲပင်။ လျှို့ဝှက်သဲဖို့စရာကောင်းသည့် ချွေးနက်တစ်ကောင်ကလည်း မြေကွက်လပ်၏ အလယ်ဗဟို၌ တွားဝပ်လျက်ရှိမြဲ။ စာရေးတန်းလျားရှိ ပြတင်းပေါက်တို့မှာလည်း အကျယ်ကြီးဖွင့်လျက်ရှိကြစမြဲ။ ဤရှုခင်းများကား စိတ်မှော်မွေ့ သာယာစရာ အမှတ်တရများကား မဟုတ်ကြ။

တစ်ဖက်ရှိခြံထဲမှ ဖြည်းညှင်းစွာ နင်းလာသော ခြေသံများကြားရသည်။

"ချစ်ချစ်ရယ် ... ချစ်ချစ်လေးရယ် ...." ဟူသော ယောကျ်ားတစ်ယောက်၏ တီးတိုးသံကို ကပ်လျက်ဝင်းထဲမှ ထွက်ပေါ်လာသည်။ စန်းငွေလှိုင် ထိုင်နေရာနှင့်ကပ်နေ





သဖြင့် သူတို့၏ အသက်ရှူသံကိုပင် အတိုင်းသား ကြားနေရပေသည်။ သူတို့ နမ်းလျက်ရှိကြပေသည်။

သူ အင်မတန် မုန်းတီးသော သန်းငွေကြေးနှင့် လုပ်ငန်းကြီးများ၊ သူ၏ဘဝကို ဖျက်ဆီးတော့မှာပါကလား။ ယင်းတို့၏ ကျေးကျွန်ဖြစ်ရတော့မှာပါတကား။ စန်းငွေလှိုင်က အသေအချာတွက်ထားသည်။ ဤနေရာ၊ ဤအလုပ်၌ နေရတာ တစတစနှင့် အံကျလာကာ တဖြည်းဖြည်း ဤစီးပွားရေးလုပ်ငန်း၏ အကြီးအကဲ ဌာနာရ အခန်းကဏ္ဍကို ရယူလာသည်။ ဒါနှင့် အိုမင်းရင့်ရော်လာမည်။ နောက်ဆုံးတော့ ဘာမှအသုံးမကျသည့် လူများလိုပင် သေခါနီး ဆိုက်ရောက်တော့မည်။ နောက်ဆုံးကျတော့ စိတ်ပျက်သနားစရာ၊ ဝမ်းနည်းကြေကွဲစရာ သူ့ပတ်ဝန်းကျင်အား ဝန်ထုတ်ဝန်ပိုး ကျရောက်စေလျက် သေဆုံးကွယ်လွန်သွားမည်။ ငယ်စဉ် ကလေးဘဝကတည်းက သည်လောက် မုန်းတီးရွံ့ရှာခဲ့ပေသောဤခြံနှင့်ဝင်းမှ ခွာ၍ ဤစီးပွားရေးလုပ်ငန်းကို ပစ်၍မသွားနိုင်အောင် ဘာကများ တားဆီးထားပေသနည်း။

ဝင်းခြံတဖက်မှ တီးတိုးသံ၊ နမ်းရှုပ်သံများသည် သူ့စိတ်ကို လှုပ်ရှားထကြွစေသည်။ သူသည် ဝင်း၏ အလယ်ဗဟိုဆီသို့ လျှောက်သွားကာ၊ လည်ပင်းကြယ်စေ့များကိုဖြုတ်သည်။ ထို့နောက် မတ်တတ်ရပ်ကာ လဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုငေးကြည့်နေသည်။ တခဏကြာလျှင် သံဝင်းတံခါးကြီးကိုဖွင့်ဘို့ အမိန့်ပေးကာ ဤဝင်းထဲမှ တခါထဲ အပြီးဘယ်တော့မှ ပြန်မလာတော့ပဲ ထွက်သွားလိုက်ချစ်စမ်းပါဘိ။ ဤလွတ်လပ်ရေးအတွေးကိုတွေးတောရင်း ရင်တဒိတ်ဒိတ်ခုန်လာပေသည်။ သူသည် ကျယ်လောင်စွာ ရယ်မောလိုက်သည်။ ဘယ်လောက်များ ဝင်းပဂုဏ်မြောက်လိုက်မလဲ။ ဘယ်လောက်များ စိတ်ကူးယဉ်လှပလိုက်မလဲ။ ဘဝသည် ဘယ်လောက်များ မြင့်မြတ်သန့်စင် ထွန်းပလိုက်မလဲလေ။

သို့သော် သူသည် ရပ်နေရာမှ တစက်မျှမရွေ့။ ငါကို ဘာကဒီမှာမြဲနေစေပါသနည်းဟု သူ့ကိုယ်သူ မေးခွန်းပုစ္ဆာထုတ်လိုက်သည်။ ထို့နောက် သူ့ကိုယ်သူ အပြစ်တင်ရှုတ်ချလိုက်သည်။ လွတ်လပ်၍ပျော်စရာအတိပြီးသော သစ်တောနှင့် လယ်ယာထဲသို့ ထွက်မပြေးပဲ ဤကျောက်ပြားကလေးပေါ်၌ လဲလျောင်းနေသော ခွေးနက်အားလည်း အပြစ်တင် ရှုတ်ချသည်။ သူနှင့် ဤခွေးသည် ဤနေရာမှ မခွဲခွာနိုင်သည်မှာအကြောင်းတစ်ခုတည်းပင် ဖြစ်ရမည်မှာ သေချာသည်။ ဤအကြောင်းကား၊ အနှောင်အဖွဲ့ခံနေလိုခြင်းနှင့် ကျေးကျွန်စိတ်သည် အကျင့်ဖြစ်နေခြင်းဖြစ်ပေသည်။





နောက်တစ်နေ့ နေ့လယ်၌ သူသည် စခန်းသာသို့ထွက်သွားသည်။ နွေရာသီနေထိုင်ရန်ဖြစ်သည်။အဖော်ရရန်ကိုကျွန္တာကို ခေါ်သွားသည်။ သူ့မိန်းမကို မတွေ့ရသည်မှာ ငါးရက်ရှိသွားပြီ။ သူတို့သည် ဘူတာရုံသို့အသွား၊ကိုကျွန္တာ ၏ သီးချင်းများဆိုကာ၊ ရာသီဥတုသာယာသည်ကို တလမ်းလုံး ချီးကျူးပြောဆိုလျက်ရှိပေသည်။ အိမ်ကြီးမှာ ကျယ်ဝန်းသောခြံကြီးအလယ်၌ တည်ရှိသည်။ ဖြန့်ဝေလျက်ရှိသော မိုးမခဖြူပင်ကြီးအောက်၌ ဖြူကြာပွင့်ကို တွေ့ရသည်။ ဤမိုးမခပင်မှပင်စ၍ ဝင်းတံခါးအနီးမှ သစ်ပင်တန်းရိပ်များ စတင်ရာဖြစ်လေသည်။ သူမသည် ဇာနားတပ်ထားသော နို့နှစ်ရောင် ပျော့ပျော့နနွေရာသီဝတ် အင်္ကျီလှလှကလေးကို ဆင်ယင်ထားပြီးဆောင်းနေကျ ပိုးထီးဟောင်း ငုဝါပွင့်အပြာနုကလေးကို ကိုင်ထားပေသည်။ ကိုကျွန္တာကနှုတ်ဆက်ပြီးနောက် အိမ်ကြီးဆီသို့လျှောက်သွားကြသည်။ အိမ်ထဲမှ ခင်ပိတောက်၊ ခင်ကုံကော်တို့၏ အသံများကြားရသည်။ စန်းငွေလှိုင်က သူ့ဇနီးအား စကားပြောရန် ထိုင်လိုက်သည်။

ဖြူကြာပွင့်က သူ၏လက်ကို ဆုပ်ကိုင်လျက် "အကိုစန်းရယ်၊ ဖြူဖြင့် နေ့တိုင်း ဒီမှာထိုင်ပြီး အကိုစန်းကို မျှော်နေလိုက်ရတာ၊ အကိုစန်းမရှိပဲ ဖြူမနေတတ်ဘူး၊ အကိုစန်းကို သိပ်လွမ်းတာပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ထကာ စန်းငွေလှိုင်၏ဆံပင်များကို သပ်ပေးရင်း၊ သူ၏မျက်နှာ၊ သူ၏ပခုံး၊ သူ၏ဦးထုပ်များကို စိုက်ကြည့်နေသည်။

"အကိုစန်းသိလား ...၊ အကိုစန်းကို ဖြူတော့ ချစ်နေပြီသိလားဟင် ...."

ဖြူကြာပွင့်၏ မျက်နှာသည် နီရဲသွားသည်။

"အကိုစန်း ဖြူ့အပေါ် သိပ်ချစ်တာကို သိပါပြီ၊ အခုအကိုစန်းရောက်လာတယ်၊ အကိုစန်းကို တွေ့နေရတယ်ဆိုတော့ ဖြူဖြင့် သိပ်ဝမ်းသာသွားတာပဲကွယ်၊ လာပါ စကားပြောရအောင်ပါ၊ တစ်ခုခုပြောစမ်းပါလားကွယ်"

သူသည် သူမက သူ့ကို ချစ်ကြောင်း ကြေငြာနေစဉ် လွန်ခဲ့သော ဆယ်နှစ်တာကပင် လက်ထပ်ခဲ့သလို ခံစားနေရပေသည်။ သူသည် နေ့လယ်စာ စားချင်လာသည်။ ဖြူကြာပွင့်သည် သူမ၏လက်မောင်းများကို ကွေးကာ၊ သူ့ကို လည်ပင်းမှ သိုင်းဖက်ထားသည်။ သူမဝတ်ထားသော ပိုးစာပန်းပွင့်နု အသားများက သူ၏ပါးပြင်ကို ကလိထိပါးနေကြသည်။ သူသည် အသာအယာအပွေ့ အဖက်ကို ခွါ၍ထလိုက်ကာ၊ လမ်းအတိုင်း အိမ်ကြီးရှိရာသို့ လျှောက်သွားသည်။ ကလေးများက သူ့ထံပြေးလာကြသည်။



သူတို့ကလေးတွေတောင် တော်တော် ကြီးလာနေကြပါကော။

ဟုတ်သားပဲ။ သုံးနှစ်အတွင်း အတော်ပြောင်းလဲမှုကြီးတွေဖြစ်ခဲ့ပေတာပဲ။ နောက်ထပ် ဆယ့်သုံးနှင့် ဒါမှမဟုတ်ရင်လဲ အနှစ်သုံးဆယ် နေရဦးတော့မှာပါကလား။ ဘယ်သူပြောနိုင်မလဲ၊ ဒီအတွင်း ဘာတွေဖြစ်ဦးမယ်ဆိုတာ။ ဟင်း .... စောင့်ကြည့်ရဦးမှာပဲလေ ...။

သူသည် ခင်ပိတောက်နှင့် ခင်ကဲ့ကော်ကို ပွေ့ဖက်လိုက်သည်။ ကလေးများက သူ့လည်ပင်းကို ခိုလိုက်ကြသည်။ သူက– "တူမတို့ကို ဖိုးဖိုးက သတိရကြောင်း မေတ္တာစကား ပါးလိုက်တယ်။ ဦးလေးစန်းဖေလှိုင်ကတော့ဆုံးတော့မယ်၊ ဦးလေးမှိုင်းဝေက အမေရိကန်ကနေ စာထည့်လိုက်တယ်၊ သူလဲပဲ ညည်းတို့ကို နှုတ်ဆက်လိုက်ကြောင်း စာထဲမှာ ပါတယ်၊ သူလဲပြပွဲတွေ သွားရတာမောလာပြီတဲ့၊ မကြာခင် ပြန်လာတော့မယ်၊ ကဲ ... လေးလေး စန်းငွေလှိုင်ကတော့ ဆာလှပြီဟေ့ ...."

ထို့နောက် စန်းငွေလှိုင်သည် လေကားထစ်အုတ်ခုံပေါ်သို့ထိုင်သည်။ သူ့ဇနီးသည်သည် ဗိုက်ကြီးဆီသို့ လမ်းကလေးတလျှောက် ဖြည်းညှင်းစွာလျှောက်လာနေသည်။ သူမကြည့်ရသည်မှာ အတွေးကြော၌ မျောနေပုံ

ယွန်းရွှေအိမ်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သူမ၏မျက်နှာ လှပစွာ ဝမ်းနည်းသလိုပေါ်နေသည်။ သူမသည် သွယ်သွယ်လျလျ၊ နုနုညံ့ညံ့၊ မျက်နှာဖြူရော်ရော်နှင့် ကောင်မလေးမဟုတ်တော့ပြီ။ ရင့်ကျက်သော၊ သန့်စွမ်းသော ချောမောသော အမျိုးသမီးဖြစ်နေပေပြီ။ ကိုလ္လနှာ သူမထံလာနေစဉ် သူ၏ကသက်သာ၌ သူမအား သည်တခါသာ ပထမအကြိမ်မြင်ဘူးသည့်အလား၊ ကိုလ္လနှာ၏ညှို့မိသော၊ ဝမ်းနည်းဟန်တသောမျက်နှာပေါ်၌ ဖနီးသည်၏ အလှအပသစ်သည့် ရောင်ပြန် ထင်ဟပ်လျက်ရှိသည်ကို စန်းငွေလှိုင်သည် သတိထားမိလိုက်ပေသည်။

သူတို့သည် လှေကားထစ် ဒုတ်ခုံပေါ်၌ ထမင်းစားနေကြစဉ်၊ ရှက်၍ ကြည်ရွှန်းသော အပြုံးသည် ဖြူကြာပွင့်နှင့် သူမ၏ ကျက်သရေရှိသော လည်တံကို ငေးစိုက်ကြည့်နေသောကိုလ္လနှာ၏ နှုတ်ခမ်းပေါ်တွင် ဝင်းလက်သွားလေသည်။ စန်းငွေလှိုင်က ကိုလ္လနှာကို မကြည့်ပဲမနေနိုင်။ ရှေ့တွင် တွေ့ကြုံလာရဦးမည့် နောက်ထပ်တစ်ဆယ့်သုံးနှစ်၊ သို့မဟုတ်၊ အနှစ်သုံးဆယ် အရေးကို တွေးတောလျက် ရှိနေပေသည်။ ဤအချိန်ကာလအတွင်း





အများကြီး အဖြစ်အပျက်တွေ ဖြစ်ပျက်နိုင်သေးသည် မဟုတ်လား။ အတိတ်ကို ဘယ်သူသည်သိနိုင်ပါအံ့နည်း။

အော် ... စောင့်ကြည့်ရဦးမှာဘဲလေ ....။

(Anton Chekhov ၏ ' Three Years' မှ)

ဒဂုန်တာရာ

(ရှုမဝမဂ္ဂဇင်း ၁၉၇၈၊ နိုဝင်ဘာမှ ၁၉၇၉ ဖေဖော်ဝါရီ)



www.burmeseclassic.com